

ကုလသမဂ္ဂ
ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု
အဖွဲ့အစည်း

သတင်းအတတ်ပညာသင်ကြားရေးအတွက် ယူနက်စကိုထုတ်ဝေမှု

# ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် သတင်းအတတ်ပညာ သင်ကြားခြင်း

သင်ရိုးမာတိကာအသစ်များ

**Livelihoods and Food Security Trust Fund**

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရံပုံငွေ၏ပံ့ပိုးမှုဖြင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - မြန်မာ)က "ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအတွက် သတင်းအတတ်ပညာသင်ကြားခြင်း - သင်ရိုးမာတိကာအသစ်များ" စာအုပ်ကို မြန်မာဘာသာစကားသို့ ပြန်ဆိုပုံနှိပ်ခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့် - © UNESCO
ဘာသာပြန် - မိုးသီတာထွေး၊ နော်ခူဝါး
တည်းဖြတ် - သတင်းအတတ်ပညာဌာန (အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်) နှင့် နိုင်နိုင်အေး (ယူနက်စကို - မြန်မာ)
စာစီစာရိုက် - မဟာဆွေပုံနှိပ်တိုက်
ဘာသာပြန်ဆိုသည့်နှစ် - ၂၀၁၆ခုနှစ်

*ဤစာအုပ်တွင် ပါဝင်သော ရာထူးအမည်များနှင့်အကြောင်းအရာများသည် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေ၏ တရားဝင်အဆင့် သို့မဟုတ် ၎င်း၏အာဏာပိုင်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေမဆို၏နယ်နိမိတ်သတ်မှတ်ခြင်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ၏ ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်းမဟုတ်ပါ။*

*ဤစာအုပ်ပါ ရှုထောင့်အမြင်များ၊ ဖော်ပြထားသည့် အချက်အလက်များနှင့် အကြံဉာဏ်များသည် စာရေးသူများ၏ အချက်အလက်များနှင့် အကြံဉာဏ်များသာဖြစ်ကြပါသည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ၏ ရပ်တည်ချက်များကို ထင်ဟပ်ထားခြင်းမဟုတ်သောကြောင့် UNESCO နှင့်သက်ဆိုင်ခြင်း မရှိပါ။*

# ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး အတွက် သတင်းအတတ်ပညာ သင်ကြားခြင်း

သင်ရိုးမာတိကာအသစ်များ

တည်းဖြတ်ခြင်းနှင့် မိတ်ဆက်ခြင်း -
ဖက်ဆန်ဘန်ဒါ (Fackson Banda)

Published in 2015 by the United Nations Educational, Scientific and Cultural Organization, 7, place de Fontenoy, 75352 Paris 07SP, France
©UNESCO2015

ISBN978-92-3-100118-5

This publication is available in Open Access under the Attribution-ShareAlike 3.0IGO(CC-BY-SA3.0IGO) license (http://creativecommons.org/licenses/by-sa/3.0/igo/). By using the content of this publication, the users accept to be bound by the terms of use of the UNESCO Open Access Repository (http://www.unesco.org/open-access/terms-use-ccbysa-en).

The designations employed and the presentation of material throughout this publication do not implythe expression of any opinion what so ever on the part of UNESCO concerning the legal status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries.

The ideas and opinions expressed in this publication are those of the authors; they are notnecessarily those of UNESCO and do not commit the Organization.

Credits:
Cover: © UNPhoto/KibaePark

Graphic design : UNESCO
Cover design : UNESCO Typeset : UNESCO
Printed by UNESCO

# မာတိကာ


အတိုမှတ်နှင့် ဝေါဟာရစာရင်း--------------------------------------------------၅
အမှာစကား ----------------------------------------------------------------၇

**၁။ နိဒါန်း-မီဒီယာ၏ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် အယူအဆဆိုင်ရာ မူဘောင်များ** ---------------------------------------------------------------၈

**၂။ အသုံးပြုသူအတွက်လမ်းညွှန်**------------------------------------------------၂၅

**၃။ သင်ရိုးမာတိကာများ (Syllabi)**--------------------------------------------၃၀

သတင်းအတတ်ပညာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု------------------------------------၃၁
ဂေဟဗေဒဆိုင်ရာ သတင်းအတတ်ပညာ(ဂေဟသတင်းအတတ်ပညာ)----------------------၄၄
ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာသတင်း ရေးသားပေးပို့ခြင်း-----------------၅၈
ဒုက္ခသည်များကိုအဓိကထား၍ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာသတင်း ရေးသားပေးပို့ခြင်း-----၈၈
ကျင့်ဝတ်နှင့်ကိုက်ညီသော စုံစမ်းဖော်ထုတ်ရေးသားသည့် သတင်းအတတ်ပညာ------------၁၀၆
ဒစ်ဂျစ်တယ်မီဒီယာ၊ လူမှုကွန်ရက်များနှင့် ပြောင်းလဲနေသောသတင်းအတတ်ပညာ၏ မျက်နှာစာ-------------------------------------------------------------------၁၁၉
စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာ-ပါဝင်ခြင်း၊ ကိုယ်စားပြုခြင်းနှင့် အသိုက်အဝန်း-----------------------------------------------------------------၁၄၁
နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက် သတင်းရေးသားပေးပို့ခြင်း----------------------------၁၆၈

**၄။နောက်ဆက်တွဲများ**---------------------------------------------------------၁၈၃

**နောက်ဆက်တွဲ ၁**-၂၀၁၅ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အသုံးဝင်သော အခြေခံမှတ်တမ်းမှတ်ရာများ----------------------------၁၈၃

**နောက်ဆက်တွဲ ၂**-ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် မီဒီယာဆိုင်ရာကိစ္စရပ်များကို စည်းရုံးလှုံ့ဆော်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ဆန်ခါတင်စာရင်း-------------------------------------------------------------၁၈၄

**၅။ပါဝင်ရေးသားသူများ** ------------------------------------------------------၁၈၅

သင်ရိုးစာအုပ် ရေးသူများစာရင်း--------------------------------------------------၁၈၅
သင်ရိုးစာအုပ်ကို သုံးသပ်သူများစာရင်း-----------------------------------------------၁၈၆
ယူနက်စကိုဝန်ထမ်းစာရင်း-------------------------------------------------------၁၈၇

# အတိုကောက်စာလုံးများစာရင်း

| | |
|---|---|
| AIEST | နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ သိပ္ပံကျွမ်းကျင်မှုပညာရှင်များအဖွဲ့<br>International Association of Scientific Expertsin Tourism |
| COP | သက်ဆိုင်ရာအဖွဲ့အစည်းများ ညီလာခံများ<br>Conferences of the Parties |
| CPJ | သတင်းပညာရှင်များအား အကာအကွယ်ပေးရေး ကော်မတီ<br>Committee to Protect Journalists |
| CSR | ကုမ္ပဏီအဖွဲ့အစည်းများ၏ လူမှုရေးဆိုင်ရာဝတ္တရား<br>Corporate Social Responsibility |
| FOI | သတင်းလွတ်လပ်မှု<br>Freedom of Information |
| GFMD | မီဒီယာဖွံ့ဖြိုးမှု ကမ္ဘာ့ဖိုရမ်<br>Global Forum for Media Development |
| GMMP | ကမ္ဘာ့မီဒီယာစောင့်ကြည့်ရေး စီမံချက်<br>Global Media Monitoring Project |
| IPDC | (ယူနက်စကို) ပြန်ကြားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအစီအစဉ်<br>(UNESCO) International Programme for the Development of Communication |
| MDGs | ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ<br>Millennium Development Goals |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း<br>Non-governmental organization |
| ODA | နိုင်ငံရပ်ခြားဖွံ့ဖြိုးမှုအကူအညီ<br>Overseas Development Assistance |
| OWG | ပွင့်လင်းသောလုပ်ငန်းအဖွဲ့ (ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက်)<br>Open Working Group (for Sustainable Development) |
| PSB | အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်း<br>Public Service Broadcasting |
| SDGs | ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုပန်းတိုင်များ<br>Sustainable Development Goals |

| | |
|---|---|
| SDSN | ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဖြေရှင်းချက်များ ကွန်ရက်<br>Sustainable Development Solutions Network |
| SEO | Search Engine အား အကောင်းဆုံးဖြစ်စေခြင်း<br>Search Engine Optimisation |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း<br>Universal Declaration of Human Rights |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်<br>United Nations Development Programme |
| UNEP | ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်<br>United Nations Environment Programme |
| UNWTO | ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း<br>United Nations World Tourism Organization |
| UGC | အသုံးပြုသူက ထုတ်လုပ်လိုက်သောအချက်အလက်<br>User-Generated Content |
| WAN/IFRA | သတင်းစာများနှင့် သတင်းထုတ်ဝေသူများ ကမ္ဘာ့အဖွဲ့အစည်း<br>World Association of Newspapers and News Publishers |

# အမှာစကား

ဤစာအုပ်သည် သတင်းအတတ်ပညာသင်ကြားရေးအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)၏စံပြသင်ရိုးညွှန်းတမ်း (UNESCO Model Curricula for Journalism Education)အား တိုးချဲ့ရန် ရည်ရွယ်ပါသည်။ ဤကဲ့သို့တိုးချဲ့ရာ၌ သတင်းအတတ်ပညာသင်ကြားရေးတွင် အသစ်ထွက်ပေါ်လာသော သို့မဟုတ် ထူးထူးခြားခြားစပ်ဆိုင်သောအကြောင်းအရာများ (themes) ပါဝင်သည့် သင်ရိုးသစ်များ ပါဝင်ပါမည်။ သတင်းအတတ်ပညာရှင်များနှင့် သင်ကြားရေးဆရာများ ရင်ဆိုင်နေရသော အခက်အခဲပြဿနာသစ်များကို ထိရောက်စွာဖြေရှင်းနိုင်ရေးအတွက် စံပြသင်ရိုးညွှန်းတမ်းအပြင် ယူနက်စကို၏နောက်ဆက်တွဲထုတ်ဝေမှုဖြစ်သည့် သင်ရိုးသစ်များပေါင်းချုပ် (A Compendium of New Syllabi) အပေါ်တွင်လည်း အခြေခံထားပါသည်။

ဤစာအုပ်သည် လာမည့်၁၅နှစ်အတွင်း ရင်ဆိုင်ရမည့်အဓိကဖွံ့ဖြိုးမှုဆိုင်ရာစိန်ခေါ်မှုအားတုံ့ပြန်ရန် အခွင့်ကောင်းတစ်ခုဖြစ်သည်။ ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ (MDGs) ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် ၎င်းတို့နေရာတွင် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးပန်းတိုင်များ(SDGs) အစားထိုးဝင်ရောက်လာတော့မည်ဖြစ်ရာ ရေရှည်သင်ကြားရေးမဟာဗျူဟာတစ်ရပ် လိုအပ်လာပြီဖြစ်သည်။ ယင်းမဟာဗျူဟာက လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သည့် မီဒီယာစနစ်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ခုလုံးတို့အကြား အပြန်အလှန်ဆက်နွယ်မှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အဆိုပါ နောက်ခံအကြောင်းရာများနှင့်အတူ ဤစာအုပ်တွင်ပါဝင်သော သင်ရိုးအကြောင်းအရာများအားလုံးကို လူသားများဖွံ့ဖြိုးရေးအကြောင်းအရာများဖြင့် ကူညီအားဖြည့်ထားပါသည်။ ကမ္ဘာတစ်လွှားတွင် သတင်းအတတ်ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ ကောင်းသောအလေ့အကျင့်များနှင့် အစီအစဉ်ချထားခြင်းများကို မြှင့်တင်ရာတွင် ယူနက်စကို၏တစ်မူထူးခြားပြီး စံထားလောက်သောအခန်းကဏ္ဍကို ယင်းသင်ရိုးအကြောင်းအရာများက ညွှန်ပြလျက်ရှိပါသည်။ ဤစာအုပ်သည် သတင်းအတတ်ပညာအား သီအိုရီအရ နားလည်ထားမှုကို ပြန်လည်တုံ့ပြန်တတ်သော၊ လျင်မြန်သော၊ တဖြည်းဖြည်းပြောင်းလဲလာသော အလေ့အကျင့်တစ်ခုအဖြစ် သိနားလည်ရန် ကူညီပေးပါသည်။

သို့ဖြစ်၍ ၂၀၀၇ခုနှစ်တွင် ကနဦး ထုတ်ဝေခဲ့သော စံပြသင်ရိုးညွှန်းတမ်းကို ကျော်လွန်သော ထူးခြားသည့်ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။ ဤသို့ရေးသားပြုစုရာတွင် နိုင်ငံတကာမှ သတင်းအတတ်ပညာဆိုင်ရာကျွမ်းကျင်သူအမျိုးမျိုးကို ပါဝင်စေ ရုံသာမက၊ သတင်းအတတ်ပညာသင်ကြားရေးတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဟူသောအကြံဉာဏ်ကိုပါ ထည့်သွင်းပေးခြင်းအားဖြင့် ထူးခြားသောစွဲဆောင်မှုကိုဖြစ်စေပါသည်။

**ဂက်တာချူးအင်ဒီဂါ (Getachew Engida)**

ဒုတိယညွှန်ကြားရေးမှူးချုပ်

(ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး၊ ယူနက်စကို)

# ၁။နိဒါန်း - မီဒီယာ၏ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် အယူအဆဆိုင်ရာ မူဘောင်များ

ထောင်စုနှစ်ဖွံ့ဖြိုးမှုဆိုင်ရာပန်းတိုင်များ (MGDs) ကို ၂၀၁၅ခုနှစ်တွင် ပြန်လည်သုံးသပ်လာကြပြီးနောက် ၂၀၁၅ ခုနှစ်နောက်ပိုင်း ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) အတွက် ရှင်းလင်းသည့် ရည်မှန်းချက်များနှင့်ဦးတည်ချက်များထားရှိရန်အတွက် ကမ္ဘာကြီးအနေဖြင့် အခွင့်အလမ်းအသစ်တစ်ခု ရှိလာခဲ့ပြီဖြစ်သည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များသည် နောင်လာမည့် ၁၅နှစ်ကာလအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမူဝါဒမူဘောင်များ (policy frameworks) ကို များစွာပုံဖော်ပေးလိမ့်မည် ဖြစ်ပြီး အစိုးရများ၊ ဖောင်ဒေးရှင်းများ၊ ဖွံ့ဖြိုးရေးဘဏ်များ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ တက္ကသိုလ်များအတွက် ရည်ညွှန်းမှတ်တစ်ခုဖြစ်လာပေလိမ့်မည်။ ယင်းရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်များသည် လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်များနှင့်ပတ်သက် သည်သာမက ထိုနယ်ပယ်၃ရပ်လုံးတွင် ရေရှည်တည်တံ့မှုရှိစေရန်အတွက် အလေးထားသည်။ ထိုပန်းတိုင်များအား ဖွံ့ဖြိုးတိုးတက်ပြီး သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံတိုင်းနှင့်စပ်ဆိုင်စေရန် ပုံစံပြုရေးဆွဲထားသည်ဖြစ်ရာ နေရာဒေသအသီးသီးတွင် တိုးတက်မှုဖြစ်စေနိုင်သည်ကို မီးမောင်းထိုးပြ ထားပါသည်။

ဤအခြေအနေသည် လွတ်လပ်၍အမျိုးအခိုကင်းသောလူမျိုးစုံပါဝင်သည့်မီဒီယာအနေဖြင့် ဖွံ့ဖြိုးမှုအား ကူညီဖြစ်စေမှုကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးလျက်ရှိပြီး ထိုမှတစ်ဆင့် SDG အစီအစဉ်သစ်တွင် အသိအမှတ်ပြုပါဝင်လာစေသည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအတွက် သတင်းမီဒီယာသည် စရိုက် လက္ခဏာများ ပြောင်းလဲလာစေခြင်းနှင့် သတင်းအတတ်ပညာသင်ကြားခြင်းတို့အပေါ် ထူးခြားသော သက်ရောက်မှုများရှိသည်။

အမှန်စင်စစ်အားဖြင့် သတင်းအတတ်ပညာသင်ကြားခြင်းသည် အဓိကကျသောနယ်ပယ်များတွင်တစ်ခု အပါအဝင်ဖြစ်ပြီး ယင်းနယ်ပယ်တွင် အသိဉာဏ်ဗဟုသုတကို ရယူ/သုံးသပ်မှုနည်းလမ်း (episte-mologycal) နှင့် သင်ကြားမှုနည်းလမ်း (pedagogical) တို့ဆက်နွယ်မှုကို လွတ်လပ်၍ အမျိုးအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာနှင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုတို့အကြား ထည့်သွင်းနိုင်သည်။ ထိုသင်ကြားမှု နည်းလမ်းသည် ကျယ်ပြန့်သော အဆို ၃ ရပ်ပေါ်တွင် တည်မှီသည်။ ထိုအဆိုသုံးရပ်မှာ -

(၁) လွတ်လပ်၍အမျိုးအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအား စောင့်ကြည့် ခြင်း၊ ဦးစားပေးမှုသတ်မှတ်ခြင်းတို့အကြား တဖြည်းဖြည်း ပြောင်းလဲဖြစ်ပေါ်လာသော လက်တွေ့ကျသည့် အပြန်အလှန်မှီခိုဆက်နွယ်မှု

(၂) ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သည့် အုပ်ချုပ်မှု (governance) ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် နှောင်ကြိုးမဲ့သောမီဒီယာကို အတိတ်နှင့် လက်ရှိကာလတို့တွင် အသိအမှတ်ပြုခြင်း

(၃) ရေရှည်တည်တံ့ခိုင်မြဲမှုအား စံအဖြစ်သတ်မှတ်သင်ကြားခြင်းနှင့်ပတ်သက်၍ လွတ်လပ်၍ အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာစံနစ်၏စံထားလောက်သော လုပ်ငန်းရပ်များအပေါ် တစ်ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်

ဤမိတ်ဆက်အခန်းတွင် လက်တွေ့ကျသော၊ ထိန်းချုပ်မှုပါသော၊ စံထားလောက်သော အဆိုများအား အကျဉ်းချုံးတင်ပြထားသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုအား ပြည်သူများပါဝင်မှုနှင့် အစိုးရနှင့် အစိုးရမဟုတ်သောပါဝင်လှုပ်ရှားသူများ အပြန်အလှန်ပူးပေါင်းခြင်းတို့အပေါ်တွင် အခြေခံထားသည်ဟု လည်းကောင်း၊ ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များအတွက် ဖွံ့ဖြိုးမှုရလဒ်များသည်အကောင်းဆုံးအနေအထားဟု လည်းကောင်း အသိအမှတ်ပြုသည်။

## လွတ်လပ်သောမီဒီယာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုတို့အကြား အပြန်အလှန်ဆက်နွယ်မှုကို လက်တွေ့သရုပ်ပြခြင်း

လွတ်လပ်၍အမှီအခိုကင်းသောမီဒီယာသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် အဓိကကျကြောင်း အထောက်အထား အခြေခံရှာဖွေရာတွင် သဘောတရားဆိုင်ရာနှင့် လက်တွေ့ဆိုင်ရာနှစ်မျိုးစလုံး ပါဝင်သည်။ သဘောတရားအားဖြင့် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုတို့အကြား ဆက်နွယ်မှုကို ဆွေးနွေးရာတွင် ရှင်းလင်းသောမူဘောင်တစ်ခု လိုအပ်သည်။ သဘောတရားမူဘောင်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု၏ တစ်မူထူးခြားသောအခြေအနေတို့ -ကိုက်ညီမှု- ရှိနေခြင်းကို လက်တွေ့အားဖြင့်အထောက်အထားပြရန် လိုအပ်သည်။
ထိုအချက်သည် သမားရိုးကျအငြင်းပွားမှုဖြစ်သော်လည်း မျက်မှောက်ခေတ်တွင် ထိရောက်မှုရှိခြင်းကို သုတေသနပြုလုပ်ချက်အသစ်များအရ တွေ့ရှိရသည်။ ယင်းသုတေသနပြုချက်များက သတင်းမီဒီယာ၏အခန်းကဏ္ဍကို လူ့ဘောင်အသိုင်းအဝိုင်းအမျိုးမျိုးတွင် အမြင်သစ်များရရှိစေသည်။ ယင်းသုတေသနပြုချက်များအရ သိသာထင်ရှားသည်မှာ လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာသည် ဒီမိုကရေစီ နှင့်ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အရေးများကိုရရှိရန်နှင့် ၎င်းတို့ကြား အပြန်အလှန်ဆက်နွယ်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုအချက်ကို ရှုထောင့်တစ်ခုစီမှ သရုပ်ခွဲသုံးသပ်နိုင်သည်။

- မီဒီယာလွတ်လပ်ခွင့် (media freedom) ဆိုသည်မှာ လူ့အသိုင်းအဝိုင်းလုံခြုံရေးနှင့် ပြည်သူနှင့်ဆိုင်သော မူဝါဒရေးဆွဲရာတွင် လွတ်လပ်စွာပြောဆိုပိုင်ခွင့်ရှိရေးတို့ပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများဖြစ်သည့် အကျင့်ပျက်ခြစားမှုနှင့် လူ့အခွင့်အရေးအလွဲ သုံးစားမှုများကို ကြောက်ရွံ့ခြင်းကင်းစွာဖြင့် မီးမောင်းထိုးတင်ပြနိုင်ရန်ဖြစ်သည်။ ဤအမျိုးအစားအရ မီဒီယာသည် ယင်း၏စောင့်ကြည့်ရသောလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်သည်။ သတင်းလွတ်လပ်ခြင်းနှင့် ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းတို့ အပြန်အလှန်ဆက်နွယ်မှု၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် လူသားဖွံ့ဖြိုးတိုးတက်မှုတို့၏ အပြန်အလှန်ဆက်နွယ်မှုများကို ကိန်းဂဏန်းစာရင်းဇယားများဖြင့် ရေးသားထားသော ပစ်ပါနောရစ်စ် (Pippa Norris) ၏စာအုပ်သည် အထောက်အထားကို

အခြေခံရေးထားသည့် အရေးကြီးသော စာအုပ်တစ်အုပ်ဖြစ်ပြီး လွတ်လပ်သောမီဒီယာနှင့် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ထွန်းမှုတို့ကို ချိတ်ဆက်ပေးသည်။ [၁] သတင်းအချက်အလက်များ ကင်းမဲ့ခြင်းသည် နိုင်ငံရေးနှင့်စီးပွားရေးတို့အပေါ်တွင် ဆိုးဝါးသောသက်ရောက်မှုများဖြစ်စေသည်ဟု အသိအမှတ်ပြုထားသော နိုဘယ်လ်ဆုရှင် ဂျိုးဇက်စတစ်ဂလစ်ဇ် (Joseph Stiglitz) ကဲ့သို့သော တခြားပုဂ္ဂိုလ်များက ၎င်းကိုအားပေးထောက်ခံသည်။ စီးပွားရေးဖွံ့ဖြိုးမှုအတွက် မီဒီယာ၏အခန်းကဏ္ဍအကြောင်း ရေးထားသည့် ကမ္ဘာ့ဘဏ်မှထုတ်ဝေသောစာအုပ်တစ်အုပ်တွင် ပိုမိုကောင်းမွန်၍ အချိန်နှင့် တစ်ပြေးညီရရှိသောသတင်းအချက်အလက်များသည် ပိုမိုကောင်းမွန်၍ ပိုမိုထိရောက်သောအရင်းအမြစ်ခွဲဝေမှုကိုဖြစ်စေပြီး ၎င်းလွတ်လပ်ပြီး ဆန်းစစ်ဝေဖန်သော မီဒီယာသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း စတစ်ဂလစ်ဇ်နှင့် တခြားသောသူများက ဆိုထားသည်။ [၂] အလားတူပင် လွတ်လပ်သော ပုံနှိပ်ထုတ်ဝေခွင့်နှင့် အုပ်ချုပ်မှုညွှန်းကိန်းများ (governance indicators) သည် တစ်ခုနှင့်တစ်ခု နီးစပ်စွာ ဆက်နွယ်နေကြောင်း ယူနက်စကိုမှ ထုတ်ပြန်သောအစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။ တိုင်းပြည်တစ်ပြည်တွင် သတင်းလွတ်လပ်ခွင့်ရှိပါက ထိုတိုင်းပြည်သည် နိုင်ငံရေးတည်ငြိမ်မှု၊ စွမ်းဆောင်ရည်ပိုရှိပြီး အကျင့်ပျက်မှုနည်းသောအရာရှိများ၊ ပိုမိုတောင့်တင်း၍ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပိုမိုခိုင်မာသောတရားဥပဒေစိုးမိုးမှုများရှိမည်ဖြစ်သည်။ [၃]

- အမှီအခိုကင်းသည် (independence) ဆိုသည်မှာ မီဒီယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့ကိုယ်တိုင် ထိန်းကျောင်းသည့်အခြေအနေကို ဆိုလိုပြီး ထိုမှတစ်ဆင့် လူထုအကျိုးအတွက် မြင့်မားသောကျင့်ဝတ်များကို စောင့်ထိန်းရန်တာဝန်ရှိခြင်းပင် ဖြစ်သည်။ ၎င်းကျင့်ဝတ်များကို ၎င်းတို့၏ဆန္ဒသဘောအရ လိုက်နာခြင်းဖြစ်သည်။ ဤအမျိုးအစားအရ မီဒီယာသည် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တိကျမှုတစွာ လုပ်ဆောင်စေသည်။ ယင်းအပြင် အခွင့်အရေးများကို ချိုးဖောက်ခြင်း သို့မဟုတ် အမုန်းတရားကို အားပေးခြင်းစသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အလွဲသုံးစားလုပ်မှုများကိုတားဆီးပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် အရေးပါသောအချက်များဖြစ်သည့် ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးကို အားပေးသည်။ မီဒီယာလွတ်လပ်ခွင့် ခိုင်မာသေချာရှိသည့် လူ့အဖွဲ့အစည်းများတွင် သတင်းစာဆရာများသည် ဖိအားအမျိုးမျိုးကြားမှ သတင်းမီဒီယာကျင့်ဝတ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာစံနှုန်းများကို ကိုင်စွဲထားကြောင်း ပြသပြီးဖြစ်သည်။ သို့မဟုတ်ပါက ပြည်သူ့အကျိုးပြုသတင်းများ၏စံများသည် ပုံစံပျက်ယွင်းသွားလိမ့်မည်ဖြစ်သည်။ [၄]

---

၁ Norris, P. 2006. The role of the free press in promoting democratization, good governance, and human development. Paper presented at the Midwest Political Science Association Annual Meeting, 20-22 April, 2006, Chicago, Palmer House.

၂ For an expanded discussion, refer to Clapp-Itnyre, Alisa, Roumeen Islam & Caralee McLiesh (eds). 2002. The right to tell: the role of mass media in economic development.Washington, D.C. : The World Bank.

၃ UNESCO-CPHS Research Project. 2006. Press freedom and poverty-ananalysis of the correlations between the freedom of the press and various aspects of human security,poverty and governance.. Available:http://gem.sciences-po.fr/content/publications/pdf/novel_press freedom_poverty150606.pdf.Accessed on 11 February 2013.

၄ See, for example, Coyne, Christopher. J & Peter T. Leeson. 2004. Read all about it! Understanding the role of media in economic development. KYKLOS, Vol. 57 : 21 - 44. Available:http://www.peterleeson.com/ Kyklos--Media.pdf.Accessed 24/02/2014.

► လူမျိုးစုံပါဝင်သောသတင်းမီဒီယာ (media pluralism) သည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအတွက်လည်းကောင်း ယင်းတို့နှစ်ခုကြား အပြန်အလှန်ဆက်နွယ်မှုအတွက်လည်းကောင်း အထူးပင်အရေးပါသည်။ ယူနက်စကိုအတွက် media pluralism ဆိုသည်မှာ ဖွဲ့စည်းပုံနှင့် ပိုင်ဆိုင်မှုပုံစံ၊ အခန်းကဏ္ဍတို့ အမျိုးမျိုးရှိသော မီဒီယာမြင်ကွင်းတစ်ခုပင် ဖြစ်သည်။ အထူးသဖြင့် အများပိုင် (public)၊ ပုဂ္ဂလိကပိုင် (private)နှင့် ရပ်ရွာပိုင် (community) မီဒီယာများနှင့် ယင်းတို့၏ သက်ဆိုင်ရာလုပ်ငန်းများပင်ဖြစ်သည်။ အများပိုင်သတင်းဌာနသည် လူအားလုံးအတွက် အရေးပါသော နိုင်ငံသားဝန်ဆောင်မှုကို ဆင်းရဲချမ်းသာမရွေး၊ ကြီး-ငယ်မရွေး၊ ဘာသာစကားမရွေး၊ နေရာဒေသမရွေး ပေးသည်။ ပုဂ္ဂလိကပိုင်မီဒီယာသည် မီဒီယာကဏ္ဍကို စီးပွားရေးအရကြီးထွားစေပြီး အလုပ်အကိုင်များပေးသည်၊ ရောင်းသူနှင့် ဝယ်သူတို့အား ကြော်ငြာများမှတစ်ဆင့် ချိတ်ဆက်ပေးသည်။ ရပ်ရွာပိုင်သတင်းဌာနသည် အများပါဝင်သောဆက်သွယ်ရေးအတွက် ပလက်ဖောင်းကိုပေးပြီး နိုင်ငံသားများလုပ်ပိုင်ခွင့်ရရှိခြင်းသည် အဓိကဖြစ်သည်။ အမျိုးမျိုးသောသူများ ပါဝင်သဖြင့် အမျိုးမျိုးသောအသံများကို ကိုယ်စားပြုသည်။ ဖွံ့ဖြိုးဖို့အတွက် ပြည်သူအားအသိပေးသော ရွေးချယ်စရာများဖြစ်စေသည်။ ၅

ပို၍ကျယ်ပြန့်စွာဆိုရပါက မီဒီယာ၏လက်တွေ့ကျသောအလုပ်နှင့် ဖွံ့ဖြိုးမှုတို့ဆုံတွေ့လာခြင်းက ပဋိပက္ခ၊ ဆင်းရဲခြင်းနှင့် အကျင့်ပျက်ခြစားခြင်း ပြဿနာများကဲ့သို့သော နောက်ဆက်တွဲဆက်နွယ်မှုများကို ဖော်ထုတ်ပေးသည်။ ပဋိပက္ခဖြေရှင်းရာတွင် ကွိုင် (Coyne) နှင့် လီဆင် (Leeson) တို့က မီဒီယာသည် တိုင်းပြည်အချို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့အကူအညီဖြစ်စေခဲ့သည်ကို လက်တွေ့ကျကျ သရုပ်ခွဲသုံးသပ်ခဲ့သည်။ ဤကဲ့သို့အကူအညီဖြစ်စေရာတွင် မီဒီယာသည် ညှိနှိုင်းမှုကို တိုးမြှင့်စေသော ဖြစ်စဉ်၌ ပါဝင်ခဲ့သည်။ ယင်းဖြစ်စဉ်က ပဋိပက္ခအခြေအနေများအား နိုင်ငံရေးသမားများနှင့် လူထုအကြား ညှိနှိုင်းမှုကို ဖြစ်စေခဲ့သည်။ တစ်ချိန်တည်းတွင် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း ထူးခြားမှုဖြစ်စေခဲ့သည်။ ၆

လူမှုရေးပဋိပက္ခနှင့် လူအဖွဲ့အစည်း ပြိုကွဲလွယ်မှုတို့သည် ဖွံ့ဖြိုးရေးအတွက် သီးသန့်ညွှန်းကိန်းတစ်ခုဖြစ်သည်ဟုမှတ်ယူလျက် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာ၏ပတ်သက်ဆက်နွယ်မှုကို ဖော်ထုတ်ခဲ့သော သုတေသနတစ်ရပ်ရှိခဲ့သည်။ ပဋိပက္ခဖြစ်ပွားမှု မြင့်မားလာနေသော၊ အုပ်ချုပ်မှုအဖွဲ့အစည်းများ အားနည်းနေပြီး အုပ်ချုပ်မှုမရှိသကဲ့သို့ဖြစ်သောတိုင်းပြည်အချို့တွင် မီဒီယာများသည် အမျိုးမျိုးသော လူမှုအသိုင်းအဝိုင်းများအကြား နှစ်ဖက်စကားပြောနိုင်သည့်အခြေအနေကို တိုးတက်စေသည်။ သံသယဖြစ်မှုများနှင့် အယုံအကြည်ကင်းမဲ့မှုတို့ကို လျော့ပါးစေသည်။ ထိုမှတစ်ဆင့် ပဋိပက္ခဖြစ်ပေါ်နိုင်ချေနည်းပါးသည့် အခြေအနေကို ဖြစ်စေပြီး၊ ၇ နိုင်ငံသားနှင့်ဆိုင်သောသတ္တိနှင့် နိုင်ငံရေးတွင် ပါဝင်ခြင်းကို ပိုမိုအားပေးသည်။ ထိုကဲ့သို့သောအခြေအနေများက ဖွံ့ဖြိုးမှုများ ရှေ့ဆက်ဖြစ်လာရန်

---

၅ See, for example, Besley, Timothy & Burgess, Robin. 2001. Political agency, government responsiveness and the role of the media. European Economic Review 45 (4-6)

၆ Coyne, Christopher. J & Peter T. Leeson. Op cit: 43.

၇ Deane,James.2013.How do we get to abetter evidence base on media and conflict? Availa-ble:http://www.bbc.co.uk/blogs/bbcmediaaction/posts/How-do-we-get-to-a-better-evidence-base-on-media-and-conflict-.Accessed 11/02/2014

အတွက် တည်ငြိမ်မှု သို့မဟုတ် အခြေတည်မှုကိုပြသည်။ နိုင်ငံရေးအရ အရဲစွန့်မှုများသောတိုင်းပြည်များသည် ယင်းတို့၏မီဒီယာအခန်းကဏ္ဍကို ပိုမိုထိရောက်အောင်လုပ်ခြင်းဖြင့် တည်ငြိမ်မှုပိုမိုရစေမည်ဟု စီးပွားရေးဆိုင်ရာလေ့လာချက်တစ်ခုက ဆိုသည်။ သတင်းကဏ္ဍကို ပိုမိုခိုင်မာလာစေခြင်းက နိုင်ငံရေးတည်ငြိမ်မှုမရှိသောနိုင်ငံများအတွက် မျှော်လင့်ချက်ပေးသည်။ [၈] အခြားတစ်ဖက်တွင်လည်း သတင်းလောက လွတ်လပ်မှုမရှိသော တိုင်းပြည်များတွင် စစ်ဘက်ခေါင်းဆောင်များနှင့် အခြားလူတို့သည်ကောလာဟလနှင့် ယုံကြည်မှုကင်းမဲ့သောပတ်ဝန်းကျင်တွင် မုန်းတီးမှုများနှင့် အကြမ်းဖက်မှုများကို အားပေးသည့်ထွက်ပေါက်များကို ချုပ်ကိုင်လျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှုနှင့်သတင်းမီဒီယာတို့နှင့်ပတ်သက်၍ ဗန်စတာဗီရန် (Van Staveren) နှင့် ဝက်ဘင့် (Webbink) တို့က အပြန်အလှန်ဆက်နွယ်မှုလေ့လာချက်တစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ထိုလေ့လာချက်အရ - ပိုမိုခိုင်မာတောင့်တင်းသောလူ့အဖွဲ့အစည်းသည် ဆင်းရဲမှုလျှော့ချခြင်းနှင့် ဒီမိုကရေစီဖြစ်ထွန်းခြင်းကိုဖြစ်စေသည်- ဟူသောထင်မြင်ယူဆချက် (hypothesis) ကို ပိုမိုခိုင်မာစေသည်။ [၉] ထိုလေ့လာချက်သည် လူမှုရေးစံများ၊ အသင်းအဖွဲ့များနှင့် လက်တွေ့ဆောင်ရွက်ချက်များပါဝင်သော လူ့အသိုင်းအဝိုင်းကို ပြောင်းလဲစေသောအရာများအပေါ်တွင် အာရုံစူးစိုက်ထားပြီး ၎င်းအရာများက ပြည်သူ့မူဝါဒများနှင့်ဆုံးဖြတ်ချက်များတွင် ပြည်သူများလွယ်လင့်တကူပါဝင်လာစေသည်။ ထို့အပြင် မီဒီယာနှင့်ပတ်သက်သောအချက်အလက်များ၊ ဆန္ဒပြခြင်းများနှင့် အသနားခံခြင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများပေါ်များလာခြင်းတို့နှင့်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ထိုပုဂ္ဂိုလ်များ၏အပြုသဘောတွေ့ရှိချက်များအား အခြေခံသောအကြံပြုချက်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

> . . . အိုဒီအေ (နိုင်ငံခြားရပ်ခြားဖွံ့ဖြိုးမှုအကူအညီ) သည် အရပ်ဘက်တက်ကြွလှုပ်ရှားမှု (Civic Activism) ကို လှုံ့ဆော်ပေးသည့်အခါတွင် ဆင်းရဲနွမ်းပါးမှုကို ပို၍လျှော့ချပေးလာနိုင်သည်။ ပြည်သူများက နိုင်ငံရေးနှင့် ကမ္ဘာတွင်ဖြစ်ပျက်နေသည်များကို သတင်းစာများ၊ ရေဒီယိုနှင့် အင်တာနက်တို့မှတစ်ဆင့် သတင်းစုဆောင်းနိုင်စေရန်အတွက် အထူးသဖြင့်လွတ်လပ်သော မီဒီယာအား အကူအညီအထောက်အပံ့ပေးခြင်းကို ဆိုလိုသည်။
> (အမှီအခိုကင်းသောသတင်းမီဒီယာအား ရရှိအသုံးပြုနိုင်မှုနှင့် ဆန္ဒပြခြင်း၊ အသနားခံခြင်းတို့တွင် ပါဝင်ခြင်းတို့သည် အစိုးရမူဝါဒနှင့် ငွေကြေးကဏ္ဍတို့တွင် တာဝန်ခံမှုရှိလာခြင်းများ ရှိလာစေသည်။ ထို့အတူ အသုံးစရိတ်များ ပိုမိုညီမျှစွာမျှဝေနိုင်ခြင်းနှင့် ပိုမိုခေတ်မီကောင်းမွန်သောအခွန်စနစ်များအတွက် ပြည်သူလူထုကဖိအားပေးနိုင်သည်။ ထိုအချက်အလက်သည် ဆင်းရဲမှုကို တခြားနိုင်ငံများထက်သော်လည်းကောင်း လုံးဝသော်လည်းကောင်း လျှော့ချနိုင်ရေးအတွက် အထောက်အကူဖြစ်စေသည်။ [၁၀]

---

၈ Roy, Sanjukta. Media development and politicalstability: ananalysis of sub-Saharan Africa.. Available : http://www.mediamapresource.org/wp-content/uploads/2011/04/Media-Development-and-Political-Stability-FINAL.pdf.Accessed 03/03/2014

၉ Ministry of Foreign Affairs of the Netherlands. 2012. Civil society, aid, and development: across-country analysis. Study carried out by-Prof. dr Irene van Staveren and Ellen Webbink, International Institute of Social Studies, Erasmus University Rotterdam, for the Policy and Operations Evaluation Department Ministry of Foreign Affairs.

၁၀ Ibid: 40.

ဤကောက်ချက်က လူ့အသိုင်းအဝိုင်းအားလုံးရှိ ဆင်းရဲမှုအနေအထားအဆင့်ဆင့်အပေါ်တွင် အကျင့်ပျက်ခြစားမှု၏ဆိုးကျိုးသက်ရောက်မှုကို ဆက်စပ်စဉ်းစားသည့်အခါ ပိုမိုပြတ်သားသောရှုထောင့်ကိုပေးသည်။ အဂတိလိုက်စားမှုမြင့်မားနေခြင်းက ဝင်ငွေမညီမျှမှုနှင့်ဆင်းရဲခြင်းတို့ကို ပိုမိုဖြစ်စေ သည်ဟု ဂုတ်ပတား (Gupta) ၊ ဒါဗူဒီ (Davoodi) နှင့် ရိုဆာအလွန်စိုတာမီ (Rosa Alonso-Terme) တို့က ယင်းတို့၏အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ (IMF) စာတမ်းတွင် ပြဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အခွန်စနစ်ဖြစ်ပေါ်တိုးတက်မှုနှင့် လူမှုရေး အသုံးစရိတ်ပမာဏနှင့် ထိရောက်မှုတို့ကိုလျော့ကျစေကာ အရင်းအနှီးပိုင်ဆိုင်မှုများမညီမျှခြင်း၊ ပညာသင်ယူခွင့်ရရှိမှုမညီမျှခြင်းများအား တာရှည်စေသောကြောင့်ဖြစ်သည်။ အဆိုပါလေ့လာတွေ့ရှိချက်များသည် နိုင်ငံများ၏ဖွံ့ဖြိုးမှုအတွေ့အကြုံချင်းမတူညီခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့်မတူညီခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ [၁၁]

(အရပ်ဘက်အဖွဲ့အစည်းများ တက်ကြွလှုပ်ရှားမှုနှင့်အတူ) လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်ရှိခြင်းသည် အကျင့်ပျက်ခြစားခြင်းအား တန်ပြန်ဟန်ချက်ညီစေသည်။ လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာသည် မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို အကျင့်ပျက်ခြစားမှုကို လျှော့ချနိုင်သည့်အကြောင်းများမှာ(၁) မှန်ကန်သောပြည်သူ့အကျိုးပြုသတင်းများပေးခြင်း (၂) ပြည်သူလူထု၏အစီအစဉ်တွင် လူထုအသံနှင့်ပြဿနာများကိုဖော်ပြခြင်း (၃) နိုင်ငံဖွံ့ဖြိုးမှုမူဝါဒများကို ပြည်သူလူထုက စိစစ်နိုင်မှုကို မြှင့်တင်ပေးခြင်းတို့ ဖြစ်သည်။ ဤအချက်ကိုလည်း လက်တွေ့သုတေသနပြုလုပ်ပြီး ဖြစ်သည်။ [၁၂]

ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုတွင် မီဒီယာ၏အခန်းကဏ္ဍနှင့်ပတ်သက်သောအထောက်အထားများကို အခြားသောလေ့လာချက်များမှ ရယူနိုင်သည်။ မီဒီယာသည်ဖွံ့ဖြိုးမှု၏အခြားသောညွှန်းကိန်းများ (indicators) ရရှိဖို့အတွက် မည်ကဲ့သို့ပတ်သက်ဆက်နွယ်နေသည်ကို ထိုလေ့လာချက်များက ပြသည်။ အခြားသောညွှန်းကိန်းများတွင်ကလေးငယ်များ ကျန်းမာပျော်ရွှင်မှု၊ ကျား-မ တန်းတူညီမျှမှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်သည်။ [၁၃] တိုင်းတာနိုင်သောဖွံ့ဖြိုးရေးအညွှန်းကိန်းများနှင့်ပတ်သက်သောအချက်အလက်များအား စာရင်းကောက်ယူခြင်း၊ သုံးသပ်ခြင်းနှင့် အချောသတ်ခြင်းတို့တွင် ဤပတ်သက်ဆက်နွယ်မှုက ထူးခြားစွာပါဝင်သည်။ ပြည်သူများ ထံရောက်ရှိသောအချက်အလက်များ၏အရေအတွက်နှင့် အရည်အသွေးရှိမှုသည် မီဒီယာ၏ ထိရောက်သောလုပ်ဆောင်ချက်တစ်စိတ်တစ်ဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များ (SGDs) အား ပုံဖော်ရာတွင် မှီခိုအားထားနိုင်သောကိန်းဂဏန်းအချက်အလက်များ

၁၁ Gupta, Sanjeev, HamidR. Davoodi and Rosa Alonso-Terme. 2002. 'Does corruption affect income inequality and poverty? Economics of Governance 3(1):23-45.

၁၂ See, for example, Daniel Kaufmann's presentation entitled On Media Development: An unorthodix empirical view. Available : http://cima.ned.org/sites/default/files/Kaufmann%20presentation%20for%20CIMA% 20site.pdf.Accessed 03/03/2014. See also Mary Myers's ummary of what academics say about the relationship between media and governance. Available : http://panos.org.uk/2012/07/26/media-and-governance-what-the-academics-say/. Accessed 03/03/2014.

၁၃ The Media Map Project, funded by the Bill and Melinda Gates Foundation and implemented by Internews has produced studies aimed at establishing the empirical basis for media development. See, for example, Sanjukta Roy's synthesis of such empirical research and the methodological approaches emerging for analysing the relationships between media and development. 2011. Overview Report: Measuring Media Development. Available : http://www.mediamapresource.org/wp-content/uploads/2011/04/MeasuringMediaDev.MediaMap.pdf. Accessed 03/03/2014.

အရေးပါပုံကို ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များ အဆင့်မြင့်အဖွဲ့ (High-Level Panel of Eminent Persons) က ၎င်း၏အစီရင်ခံစာတွင်တင်ပြထားသည်။ ယင်းအစီရင်ခံစာအား ၂၀၁၅ ခုနှစ်နောက်ပိုင်းဖွံ့ဖြိုးရေးအစီအစဉ် (post-2015 Development Agenda) ပေါ်တွင် အခြေခံထားပြီး "ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် ကိန်းဂဏန်းအချက်အလက်တော်လှန်ရေး (ရုတ်ခြည်းပြောင်းလဲရေး)" (A data revolution for sustainable development) ပြုလုပ်ရန် တိုက်တွန်းထားသည်။ ၁၄ အချုပ်အားဖြင့်ဆိုရလျှင် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာသည် ၎င်းဆောင်ရွက်ရသည့်အခန်းကဏ္ဍအမျိုးမျိုးကြောင့် ထူးခြားမှုရှိနေခြင်းကို သက်သေပြလျက်ရှိသည်။

## လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာအား ထောက်ပံ့ကူညီခြင်းသည် ပြည်သူများပါဝင်သောနိုင်ငံရေးနှင့်အုပ်ချုပ်ရေးစရိုက်လက္ခဏာအား ပြောင်းလဲရာတွင် အဓိကကျသည်ဟု အသိအမှတ်ပြုမှုတိုးမြင့်လာခြင်း

ဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်မှု (governance) တို့အတွက် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာသည်အရေးပါကြောင်းအသိအမှတ်ပြုပြီးဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် မီဒီယာ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြုသော်လည်း ၎င်း၏အမျိုးမျိုးအဖုံဖုံဖြစ်နေသည့်သဘောသဘာဝကိုမူ အငြင်းပွားဆဲဖြစ်သည်။ ၁၅ လက်ရှိကာလ၏သိသာသောခြားနားချက်မှာ မီဒီယာ၏လုပ်ငန်းကျယ်ပြန့်မှုသည်သိသိသာသာပြောင်းလဲလာခြင်းဖြစ်သည်။ အထူးသဖြင့် မီဒီယာအားအသုံးပြုမှု၊ မီဒီယာနှင့်ထိတွေ့မှုတို့ကိုတိုးမြင့်ပေးသ ည့်အင်တာနက်နှင့်မိုဘိုင်းဖုန်းဆက်သွယ်ရေးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူထုတက်ကြွမှု (civic activism) ကို ဖြစ်စေသည်။ ၁၆

ထိုပြောင်းလဲမှုများက ဖွံ့ဖြိုးတိုးတက်မှု၏သဘောသဘာဝနှင့် နိုင်ငံသားများ၏အခန်းကဏ္ဍတို့တွင် အင်တာနက်မီဒီယာနှင့် သမားရိုးကျမီဒီယာတို့၏ပါဝင်ပတ်သက်မှုကို ပိုမိုကျယ်ပြန့်စေသည်။ ထိုပြောင်းလဲမှုများကြောင့် နိုင်ငံရေးစရိုက်လက္ခဏာ၊ မူဝါဒချမှတ်ခြင်းနှင့်နိုင်ငံရေးအရ စည်းရုံးလုပ်ဆောင်မှုများသည်လည်းပြောင်းလဲလာပြီး ပြည်သူ့အကျိုးကို ပိုမိုလုပ်ဆောင်စေသည်။ ထိုအချက်မှာ မောရစ်ရှနိုင်ငံ၏သမ္မတဟောင်းဖြစ်သော ကတ်ဆမ်ယူတင်းမ် (Cassam Uteem) ၏ "မျှတသောလူ့အသိုင်းအဝိုင်း" (shared society) ဟူသော အမြင်နှင့် ထပ်တူကျသည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအတွက် ကုလသမဂ္ဂ၏ပွင့်လင်းသောလုပ်ငန်းအဖွဲ့ (UN Open Working Group for Sustainable Development – OWG) သို့ တင်သွင်းသောစာတွင် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်း

---

၁၄ Report of the Secretary-General's High-level Panel of Eminent Personson the Post-2015 Development Agenda. Available: http://www.un.org/sg/management/beyond2015.shtml. Accessed 05/02/2014: 21.

၁၅ See, for example, such works as: Rogers, EM. 1962. Diffusion of innovations. New York: Free Press; Shramm, W. 1964. Mass media and national development: the role of information in the developing countries. Stanford: Standord University Press; and Mowlana, H & Wilson, H. 1987. Communication and devel-opment: a global assessment. Paris: UNESCO. More recent works in this area could include Susman- Peña,Tara.2012.Making media development more effective.Washington, DC: Center for International Media Assistance (CIMA); Tettey,Wisdom J. 2006. The politics of media accountability in Africa : an examination of mecha-nisms and institutions. International Communication Gazette 68(3):229-248 and Gupta, Sanjeev, Hamid R. Davoodi and Rosa Alonso-Terme. 2002.' Does corruption affect income inequality and poverty? Economics of Governance 3(1): 23-45.

၁၆ Hoffman, David. 2013. Citizens rising : independent journalism and the spread of democracy. New York: Cuny Journalism Press.

တိုင်များ (SGDs) အောင်မြင်မှုရရေးအတွက် "လူ့အဖွဲ့အစည်းအတွင်းမှ လူအားလုံးကိုစောင့်ရှောက်တန်ဖိုးထားသည့် တုံ့ပြန်မှုမြန်ဆန်ပြီး လူထုပါဝင်သောအုပ်ချုပ်မှု" ကို ထင်ဟပ်ရန် လိုအပ်ကြောင်း ၎င်းကသုံးသပ်ထားသည်။ ပါဝင်မှုနှင့်ဆွေးနွေးမှုများအား SGD ဦးတည်ချက်အဖြစ်ထားရန်လည်း တိုက်တွန်းထားသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ရန်အတွက် ကောင်းမွန်သောသတင်းအချက်အလက်များလိုအပ်ကြောင်း ပြောဆိုခဲ့သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များသည် လူ့အသိုက်အဝန်းတစ်ခုလုံးသို့ ရောက်၊ မရောက်သိရှိနိုင်ရန်အတွက် မူဝါဒများ၏ကွဲပြားသောရလဒ်များကိုပြသသည့် ကိန်းဂဏန်းအချက်အလက်များလိုကြောင်း အကြံပေးထားသည်။

ထိုကဲ့သို့သော အာဏာအပ်နှင်းထားသည့်အသိုင်းအဝိုင်းကို လက်လှမ်းမီရန်အလှမ်းမဝေးပေ။ ဆက်သွယ်ရေးကိရိယာများနေရာအနှံ့တွင်ရှိခြင်းနှင့် သတင်းလုပ်ငန်းများတွင် ယင်းတို့ကိုအသုံးပြုရန် အရေးပါလာခြင်းဖြင့်မီဒီယာသည်လူ့အသိုက်အဝန်းအတွင်း၊ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်းသို့ ပေါင်းစည်းဝင်ရောက်လာပြီဖြစ်သည်။ မီဒီယာနည်းလမ်းအမျိုးမျိုးတွင် လွတ်လပ်သော၊ လူမျိုးစုံပါဝင်သော၊ အမှီအခိုကင်းသော သတင်းမီဒီယာ၏အခန်းကဏ္ဍ တည်ရှိလာပြီဖြစ်သည်။ မီဒီယာတွင် အသစ်ပါဝင်လာသူများ/ဖြစ်ထွန်းမှုများ (ဥပမာ - ဘလော့ဂ်၊ အွန်လိုင်းမီဒီယာ) သည် သမားရိုးကျမီဒီယာများက ဆောင်ရွက်နေသောသတင်းအတတ်ပညာအခန်းကဏ္ဍတွင် ဖြည့်ဆည်းလာကြသည်။ ယင်းဖြစ်စဉ်က နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် မီဒီယာ၏ထင်ရှားသောအခန်းကဏ္ဍကို ပိုမိုတောင့်တင်းခိုင်မာစေသည်။

လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာကိုအခြေခံသည့် မူဝါဒများကို ကြေညာလက်ခံထားမှုအားနိုင်ငံရေးအရအာရုံစူးစိုက်မှုမှာ ဤထင်ရှားသောအခန်းကဏ္ဍတွင် ယခင်ကတည်းက ပါဝင်ပြီးဖြစ်သည်။ နိုင်ငံအတော်များများ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများက တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီအုပ်ချုပ်ရေး၏အခြေခံအဖြစ် လွတ်လပ်စွာပြောဆိုခွင့်အားအတိုင်းအတာအမျိုးမျိုးဖြင့် အသိအမှတ်ပြုထားကြသည်။ ဒေသဆိုင်ရာအစိုးရများကလည်း ၎င်းတို့၏ညီလာခံများတွင် ဤအချက်ကို လက်ခံထားကြပြီး ဖြစ်သည်။ လွတ်လပ်စွာပြောဆိုခွင့်အား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အခြေခံလူ့အခွင့်အရေးအဖြစ်အသိအမှတ်ပြုထားသည့်အပြင် ဥရောပလူ့အခွင့်အရေးသဘောတူညီချက် (European Convention on Human Rights)၊ အမေရိကန် လူ့အခွင့်အရေးသဘောတူညီချက် (American Convention on Human Rights) နှင့် အာဖရိကတိုက်လူသားနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်း (African Charter on Human Rights and Peoples' Rights) တို့တွင်လည်း နိုင်ငံရေးအရ ဖော်ပြထားသည်။ ဤနည်းအားဖြင့် လွတ်လပ်စွာပြောဆိုခွင့်သည် နိုင်ငံတကာနိုင်ငံရေးအသိအမှတ်ပြုခြင်းနှင့်လက်တွေ့အသုံးချခြင်း အခြေအနေသို့ရောက်လာသည်။

ထိုကြေညာထားသောမူဝါဒများသည် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုရရှိရန်အတွက် ဆွေးနွေးချက်များဖြစ်သကဲ့သို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အဖွဲ့ဝင် ၂၇ဦးပါဝင်သောထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များအဆင့်မြင့်အဖွဲ့ (High-Level Panel of Eminent Persons)၏ ၂၀၁၅ ခုနှစ်နောက်ပိုင်းဖွံ့ဖြိုးမှုအစီအစဉ်ကို အခြေခံသည့် ၂၀၁၃ ခုနှစ် အစီရင်ခံစာတွင် နိုင်ငံရေးအရ ရှင်းလင်းစွာ

ဖော်ပြထားသည်။ ထိုအစီရင်ခံစာက "ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်စွမ်းဆောင်ရည်ရှိသောအဖွဲ့အစည်းများ" ကို ဂရုပြုမိစေသည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာဆန္ဒပြခွင့်နှင့် အမှီအခိုကင်းသောမီဒီယာနှင့်သတင်းများရရှိခွင့်၊ နိုင်ငံရေးဖြစ်စဉ်များတွင် အများပြည်သူ ပိုမိုပူးပေါင်းဆောင်ရွက်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်နှင့် အစိုးရကိန်းဂဏန်းအချက်အလက်များကိုသိရှိခွင့်၊ လာဘ်စားမှုနှင့်အကျင့်ပျက်မှုကိုလျှော့ချခြင်းနှင့်အစိုးရအရာရှိများ တာဝန်ယူတတ်မှုတို့ကဲ့သို့သော ဒီမိုကရေစီအခြေခံများကို ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ဆက်နွယ်ပြထားသည်။ [၁၇]

သတင်းမီဒီယာဖွံ့ဖြိုးမှုကျွမ်းကျင်ပညာရှင် ဂျိမ်းစ်ဒင်းန် (James Deane) ၏အဆိုအရ ထိုအစီရင်ခံစာသည် "ကြီးမားသောဖွံ့ဖြိုးမှုဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရန်အတွက် ကျယ်ပြန့်သောအခြေခံမူဘောင်ကိုပေးသည့် သစ်လွင်သော၊ ရည်မှန်းချက်ကြီးသောအစီအစဉ်ကို တင်ပြသည်။ မီဒီယာလွတ်လပ်ခွင့်အပါအဝင် အုပ်ချုပ်ရေးနှင့်အခွင့်အရေးကိစ္စရပ်များအား အစွန်အဖျားတွင်မဟုတ်ဘဲ အလယ်ဗဟိုချက်တွင်ထားသည်။ ယခင်က ထိုကဲ့သို့အခြေအနေမျိုးမဖြစ်ခဲ့" ဟု ဆိုသည်။ [၁၈] ထိုအစီရင်ခံစာအားဖြင့် မီဒီယာပြဿနာများအား ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအကြောင်း အကျယ်တဝင့်ရေးသားချက်တွင် တရားဝင်မူဘောင်တစ်ခုအနေနှင့်ပါဝင်စေသည်။ အထူးသဖြင့် အမှီအခိုကင်းသောမီဒီယာနှင့်သတင်းများရရှိရေးသည်ဦးတည်မှတ်ဖြစ်လာသည်။ လွတ်လပ်၍အမှီအခိုကင်းသောမီဒီယာတည်ရှိမှုအပေါ် အာရုံစူးစိုက်ခြင်းမှာ ပြည်သူတို့လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့်သတင်းများရရှိနိုင်ရေးတို့နှင့် ဆက်စပ်လျက်ရှိသောကြောင့်ဖြစ်သည်ဟု ဒင်းန်က သိမြင်သည်။ [၁၉]

ကောင်းမွန်သောအုပ်ချုပ်ခြင်းနှင့်ဆက်နွယ်၍ "မူဝါဒဘောင်ပြုလုပ်ခြင်း (framing) အတွက် ရွေးချယ်စရာများပြားစွာထွက်ပေါ်လာခဲ့သည်။ သာမန်အားဖြင့် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာအပါအဝင်ပြဿနာများနှင့် ရေရှည်တည့်တံ့သောဖွံ့ဖြိုးမှုတို့အား မည်ကဲ့သို့ဆက်နွယ်ရမည်ဟူသောရွေးချယ်မှုများ ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ၎င်း၏အဆင့်မြင့်အဖွဲ့၏အစီရင်ခံစာကို လက်ခံစဉ်အခါက ပြည်သူများ ပါဝင်သောနည်းလမ်းနှင့် ကျယ်ပြန့်သောညှိနှိုင်းဆွေးနွေးမှုကိုချီးမွမ်းကာ ကောင်းမွန်သောအုပ်ချုပ်မှုအတွက် အဓိကကျသည့် ပွင့်လင်းမှုအကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ [၂၀] ပွင့်လင်းမှု၊ ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့အား အုပ်ချုပ်မှုအတွက် လိုအပ်သည့်စည်းကမ်းချက်များအဖြစ် သတ်မှတ်သည့်အခါတွင်လည်း ၎င်းတို့အား လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာမှသီးခြားဆွဲထုတ်၍မရလောက်အောင် အခြေခံထားသည်။ ကုလသမဂ္ဂပွင့်လင်းသောလုပ်ငန်းအဖွဲ့၏ တွဲဖက်ဥက္ကဋ္ဌ ဆီစာဘာကိုရိုစီ (Csaba Korösi, Co-Chair of UN Open Working Group)က အဖွဲ့၏လုပ်ငန်းများကို သုံးသပ်ချက်

---

၁၇ United Nations. 2013. A New Global Partnership : Eradicate Poverty and Transform Economies through Sustainable Development: The Report of the High-Level Panel of Eminent Personson the Post - 2015 Development Agenda. New York : UN Publications. Available : http://www.un.org/sg/management/pdf/HLP_ P2015_Report.pdf. Accessed 05/02/2014.

၁၈ Deane, James. 2013. What would a post-2015 development goal on free media mean? http://www.bbc.co.uk/blogs/bbcmediaaction/posts/What-would-a-post-2015-development-goal-on-free-media-mean- Accessed 05/02/2014.

၁၉ Ibid.

၂၀ Report of the Secretary-General's High-level Panel of Eminent Personson the Post - 2015 Development Agenda. Available : http://www.un.org/sg/management/beyond2015.shtml.Accessed 05/02/2014.

များအား အကျဉ်းချုံးပြောရာတွင် ရေရှည်တည့်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များသည် ကောင်းမွန်သော အုပ်ချုပ်ရေး၏အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ယင်းကိုအကောင်အထည်ဖော်ရန်မှာ အုပ်ချုပ်ရေး ပေါ်တွင်မူတည်ကြောင်းပြောဆိုခဲ့သည်။ ပွင့်လင်းမြင်သာမှုသည်အုပ်ချုပ်ရေး၏ အဓိကအစိတ်အပိုင်း တစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအတွက်မျှတသောဖြစ်စဉ်များသာမက တရားမျှတသောရလဒ်များ ပေါ်တွင် အာရုံစိုက်သင့်ကြောင်း ပြောဆိုခဲ့သည်။ [၂၁]

အုပ်ချုပ်ရေးကို ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်ဖြစ်ပြောင်းလဲရာတွင် နောက်ထပ်စည်းကမ်းချက် များကို ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များအဆင့်မြင့်အဖွဲ့က ရေးဆွဲသည်။ [၂၂] ထိုပန်းတိုင်တွင် ရည်မှန်း ချက်များစွာပါဝင်ပြီး တရားဥပဒေစိုးမိုးမှုသည်တစ်ခုအပါအဝင်ဖြစ်သည်။ ဤအချက်သည် အညွှန်းကိန်း တစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကုလသမဂ္ဂဆုံးဖြတ်ချက်အရ အသိအမှတ်ပြုထားသော သတင်းထောက်များ၏လုံခြုံရေးနှင့် သတင်းထောက်များအပေါ်ကျူးလွန်သောပြစ်မှုများမှ လွတ်မြောက် နေခြင်းအား တိုက်ဖျက်သည့်ဖြစ်ရပ်တွင် တွေ့မြင်နိုင်သည်။ [၂၃] ကုလသမဂ္ဂ၏ပွင့်လင်းသောလုပ်ငန်းအဖွဲ့ (OWG) သည်လူ့အခွင့်အရေး၊ လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ခွင့်၊ ပဋိပက္ခတားဆီးခွင့်၊ ပဋိပက္ခပြီးနောက် ငြိမ်း ချမ်းမှုတည်ဆောက်ရေးနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးမြှင့်တင်ခြင်းတို့နှင့် အုပ်ချုပ်မှုအား ဆက်နွယ်ထားသည်။ [၂၄] OWG က အုပ်ချုပ်ရေးနှင့်အတူ ကျား-မ အကဲဆတ်မှုကိုလည်း ထောက်ပြ ထားသည်။ ဤကဲ့သို့ထောက်ပြရာတွင်လူမှုရေးညီမျှမှု၊ ကျား-မ ညီမျှမှုနှင့် အမျိုးသမီးများလုပ်ပိုင်ခွင့်ရရှိ ရေးတို့အပါအဝင် ညီမျှမှုအားမြှင့်တင်ခြင်းကို မီးမောင်းထိုးပြခဲ့သည်။ ဒွိုက်ချာဝဲလားအကယ်ဒမီ (Deutsche Welle Akademie) ၏ဆွေးနွေးချက်စာတမ်းက ဖြစ်ဖွယ်ရာရှိသော အုပ်ချုပ်ရေးညွှန်းကိန်း များစာရင်းတွင် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများကို လွတ်လပ်မှုနှင့် အပြန်အလှန် တာဝန်ခံမှုနှင့် အတူ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းကာ ပါဝင်စေသည်။ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်း များ ဆိုသည်မှာ နိုင်ငံရေးပါတီများ၊ လွှတ်တော် (ပါလီမန်)၊ တရားစီရင်ရေးအဖွဲ့၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် အထူး သဖြင့် မီဒီယာတို့ကို ဆိုလိုခြင်းဖြစ်သည်။[၂၅]

အုပ်ချုပ်ရေးနှင့် မီဒီယာတို့သည် အချင်းချင်းအပြန်အလှန်ဆက်နွယ်နေကြသည်။ အကျိုးတရားအားဖြင့် မီဒီယာနှင့်ဆက်နွယ်၍ အုပ်ချုပ်ရေးမူဘောင် သတ်မှတ်ခြင်းသည်အကျိုးအကြောင်းဆီလျော်ကြောင်း ဆွေးနွေးချက်များက ထောက်ပြသည်။ လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာဖြစ်ခြင်း မှာ ပန်းတိုင်တစ်ခုမဟုတ်ဘဲ အုပ်ချုပ်ရေးဖွံ့ဖြိုးစေသောနည်းလမ်းတစ်ခုသာဖြစ်သည်။ လူ့အခွင့်အရေး

---

၂၁ Eighth Session of the Open Working Group (OWG) of the UN General Assembly (UNGA) on Sustainable Development Goals (SDGs).3-7 February 2014|UN Headquarters,New York, United States of America. Availabe : http://www.iisd.ca/sdgs/owg8/. Accessed 11/02/2014.

၂၂ See, for example, Leadership Council of the Sustainable Development Solutions Network. 2013. An Action Agenda for Sustainable Development : Report for the UN Secretary-General. Available : http://unsdsn.org/wp-content/uploads/2014/02/An-Action-Agenda-for-Sustainable-Development.pdf.Accessed25/02/2014,in addition to the Progress report of the Open Working Group of the General Assembly on Sustainable Development-Goals. Available : http://sustainabledevelopment.un.org/content/documents/3238summaryallowg.pdf. Accessed 24/02/2014.

၂၃ Resolution on safety of journalists and the issue of impunity, adopted at the UN General Assembly, 68th Session on 18 December 2013

၂၄ Progress report of the Open Working Group of the General Assembly on Sustainable Development-Goals. Available : http://sustainable development.un.org/content/documents/3238summaryallowg.pdf. Accessed 24/02/2014

၂၅ Lublinski, Jan, Deselaers, Peter & Berner, Petra. 2013. Post - 2015 MDGs : Freedom of Expression and the Media : Discussion Paper. Available: http://www.dw.de/popups/pdf/29438701/post-2015-mdgs-freedom-of-expression-and-the-media-pdf.pdf. Accessed 05/03/2014.

မြှင့်တင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခွင့်ကိုတိုးမြှင့်ခြင်းနှင့် အုပ်ချုပ်မှုအားခိုင်ခန့်စေခြင်း စသည့်ကဏ္ဍများတွင်ပါဝင်သော မီဒီယာ၏အခန်းကဏ္ဍကို ရွေးကောက်ပွဲကာလအတွင်း ၎င်းတို့၏ အရေးကြီးသောကဏ္ဍတွင် ပါဝင်ခဲ့မှုကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ သတင်းထောက်များဘေးကင်း လုံခြုံခြင်းကိုတိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ပဋိပက္ခတားဆီးခြင်း၊ ပဋိပက္ခပြီးနောက် ငြိမ်းချမ်းရေးတည် ဆောက်ခြင်း စသည်တို့တွင်အထောက်အကူရရှိမည်ဖြစ်သည်။နိုင်ငံရေးတွင်ပါဝင်ခြင်းနှင့် ကျား-မ ဆိုင်ရာကိစ္စရပ်များသည် သတင်းမီဒီယာများနှင့် ဆက်စပ်နေကာ ယင်းတို့သည်အနှောင်အဖွဲ့ကင်းသော လူမှုအဖွဲ့အစည်းများ၏ကိစ္စရပ်များလည်းဖြစ်သည်။

ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်အတွက် အုပ်ချုပ်ရေးသည်မူဘောင်တစ်ခုဖြစ်ပြီး လွတ်လပ်၍ အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာဖြစ်ပေါ်တိုးတက်စေရန် တိုက်ရိုက်ဆက်စပ်နေသည်။ အထူးသဖြင့် သတင်းမီဒီယာ၏အရေးပါပုံ အဓိပ္ပာယ်သတ်မှတ်ချက်ကျယ်ပြန့်လာသောအချိန်အခါတွင် ဖြစ်သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအကြောင်းအရာတွင်ပါဝင်သော လွတ်လပ်၍အမှီ အခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာအတွက် လိုအပ်သည့်စည်းမျဉ်းဆိုင်ရာ၊ လုပ်ဆောင်မှုဆိုင်ရာ၊ မီဒီယာနှင့် နိုင်ငံသားများဆက်ဆံရေးစက်ဝန်းဆိုင်ရာတို့အား ဖြေရှင်းနိုင်မည့်အုပ်ချုပ်မှုဆိုင်ရာ ရေရှည် တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်ကိုဖော်ထုတ်သတ်မှတ်ရန်ဖြစ်ဖွယ်ရာရှိလာသည်။

ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များအဆင့်မြင့်အဖွဲ့ (High-Level Panel of Eminent Persons) ၏ ၂၀၁၅ခုနှစ်နောက်ပိုင်းဖွံ့ဖြိုးမှုအစီအစဉ်ကိုအခြေခံသည့်အစီရင်ခံစာ အပိုဒ် ၁၉ တွင်နိုင်ငံဖွံ့ဖြိုးရေး အတွက် သတင်းလွတ်လပ်ခြင်း၏အဓိကကျမှုနှင့်စပ်ဆိုင်သော အဆို ၃ ခုကို တင်ပြခဲ့သည်။ ယင်းက အောက်ပါအချက်အလက်များကို မီးမောင်းထိုးပြသည်။

- သတင်းအချက်အလက်အခွင့်အရေးအပေါ်ဦးတည်ချက်ပြတ်ပြတ်သားသားရှိခြင်းသည် ပြုပြင် ပြောင်းလဲမှုကို လွယ်ကူစေသည်။ ပြည်သူများပါဝင်မှုကို မြှင့်တင်ပေးသည်။ လူအားလုံး ၎င်းတို့၏ အခွင့်အရေးများကိုကျင့်သုံးနိုင်ပြီး ၎င်းတို့တိုးတက်ရန်အတွက် စိန်ခေါ်မှုများကိုဖြေရှင်းရန် လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်သည်။ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ ကောင်းမွန်သော အုပ်ချုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်များရရှိစေခြင်းတို့ ဖြစ်ပေါ်တိုးတက်မှုကို မြှင့်တင်နိုင်စေရန် နည်းလမ်းပေးသည်။
- သတင်းများအား အရည်အသွေးကောင်းကောင်းအချက်အလက်များများ ရရှိခြင်းသည် အရင်း အမြစ်များကိုပိုမိုကောင်းမွန်သော နည်းလမ်းဖြင့်အသုံးပြုနိုင်စေပြီး အစိုးရများ၊ လူ့အဖွဲ့အစည်း များနှင့် ပုဂ္ဂလိကကဏ္ဍ တို့အားပညာသားပါသောဆုံးဖြတ်ချက်ချနိုင်ခြင်းတို့ကို ဖြစ်စေမည်။
- ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကိန်းဂဏန်းအချက်အလက်များနှင့် သတင်းများကို အစိုးရနှင့်ပြည်သူများ ရရှိနိုင်ရန်၊ စုစည်းနိုင်ရန်၊ အခြေခံတည်ဆောက်ရန်နှင့် နားလည်နိုင်စေ ရန် သတင်းကြားခံများဖြစ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ လွှတ်တော် အမတ်များနှင့် စာကြည့်တိုက်များက ကူညီကြရမည်။ [၂၆]

[၂၆] Article 19. 2013. Accesstoinformationcentraltothepost-2015developmentagenda. Available: http://www.article19.org/resources.php/resource/37393/en/access-to-information-central-to-the-post-2015-development-agenda. Accessed 05/02/2014.

တစ်ချိန်တည်းမှာပင် ပွင့်လင်းသောအုပ်ချုပ်ရေးသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ရန်အတွက် နောက်ခံဖြစ်ရပ်တစ်ခုဖြစ်သည်ဟု လူမှုအဖွဲ့အစည်းများမှ အသိအမှတ်ပြုထားကြသော်လည်း ၎င်းသည် ပွင့်လင်းသောလုပ်ငန်းအဖွဲ့ (OWG) ၏ "ရည်မှန်းချက်နယ်ပယ်များ မှတ်တမ်းမှတ်ရာ" (Focus Areas Document) တွင် လျော့ရဲသွားသည်။ OWG က အသိအမှတ်ပြုထားသော "စွမ်းဆောင်နိုင်သောအသင်းအဖွဲ့များသည် ရေရှည်တည်တံ့သော လူသားဖွံ့ဖြိုးမှုကိုရရှိရန်အတွက် အထောက်အပံ့ပေးရာတွင် မရှိမဖြစ်လိုအပ်သည်" ဆိုသောအချက်ကို ကြိုဆိုသကဲ့သို့ ထိုအဖွဲ့အစည်းများက နိုင်ငံတွင်း၊ နိုင်ငံပြင်ပနှင့် အပြည်ပြည်ဆိုင်ရာအဆင့်တွင် တာဝန်ခံသော၊ ပွင့်လင်းသော ပြည်သူများပါဝင်သောအုပ်ချုပ်ရေးဖြစ်ရန်အတွက် တစ်ခုတည်းသောပန်းတိုင်လိုအပ်ကြောင်းကို တိုက်တွန်းခဲ့သည်။ [၂၇] ထိုအချက်သည် ထင်ရှားကျော်ကြားသာ ပုဂ္ဂိုလ်များအဆင့်မြင့်အဖွဲ့နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုရရှိရန် ဖြေရှင်းချက်များ ကွန်ရက် (Sustainable Development Solutions Network - SDSN) တို့၏ထောက်ခံချက်များနှင့်လည်း ကိုက်ညီသည်။

ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင် (SDG) စာမူကြမ်းကိုရေးသည့်အချိန် (၂၀၁၅ ခုနှစ်၊ ဇွန်လ) တွင်အောက်ပါအချက်များကိုထည့်သွင်းခဲ့သည်။ "အဆိုပြုထားသောပန်းတိုင် ၁၆ - ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက်ငြိမ်းချမ်းပြီး၊ အများပါဝင်သော လူမှုအသိုင်းအဝိုင်းများကိုမြှင့်တင်ရန်၊ လူသားအားလုံးအတွက် တရားမျှတမှုရရှိစေရန်နှင့်အဆင့်အမျိုးမျိုးတွင် ထိရောက်သော၊ တာဝန်ခံမှုရှိသော၊ အားလုံးပါဝင်နိုင်သောအသင်းအဖွဲ့များကိုဖွဲ့စည်းတည်ထောင်ကြရန်တို့ဖြစ်သည်။" ထိုမူဘောင်နှင့် အတူရည်မှန်းချက် ၁၆-၁၀ က ရည်ညွှန်းသည်မှာ "လူထုများအတွက်သတင်းအချက်အလက်များ ရရှိစေရန်နှင့် အခြေခံလွတ်လပ်ခြင်းများကိုကာကွယ်ရန်လုပ်ဆောင်နေကြသော နိုင်ငံအားလုံးသည် နိုင်ငံတော်ဥပဒေပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ လုပ်ဆောင်ကြရန် ဖြစ်သည်။" သို့ရာတွင် ထိုစကားလုံးများသည် အများကထောက်ခံခဲ့သလောက် များစွာအရာမရောက်ခဲ့သော်ငြားလည်း သတင်းရရှိမှု၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်အပါအဝင် အခြေခံအခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ဆက်နွယ်မှုကိုအသိအမှတ်ပြုကြောင်း ညွှန်ပြခဲ့သည်။ သတင်းထောက်များ ဘေးကင်းလုံခြုံခြင်းနှင့် ကျား-မ ဆိုင်ရာ သာတူညီမျှရှိရေးတို့ပါဝင်သည့် လွတ်လပ်၍လူမျိုးစုံပါဝင်ပြီး အမှီအခိုကင်းသည့် မီဒီယာသည် ၂၀၁၅ ခုနှစ် ယူနက်စကိုလေ့လာချက်တွင် ဖော်ပြထားသည့် "လွတ်လပ်စွာပြောဆိုဖော်ပြခွင့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုတွင် ကမ္ဘာကြီး၏ဦးတည်ရာလမ်းကြောင်းများ" (World Trends in Freedom of Expression and Media Development) တွင် ဖော်ပြထားသည့်အတိုင်း လွတ်လပ်စွာပြောဆိုခွင့်ကို သရုပ်သကန်ဖော်ပြထားခြင်း ဖြစ်သည်။ [၂၈]

---

၂၇ Beyond2015.2014. Beyond 2015 reaction to the Open Working Group's' Focus Areas Document'.Available : http://www.beyond2015.org/sites/default/files/Beyond%202015%20reaction%20to%20the%20Open%20Working%20Group%20final%203%20March%202014.pdf. Accessed 06/03/2014.

၂၈ UNESCO. 2014. World trends in freedom of expression and media development. Paris: UNESCO Publishing Charter of the United Nations. Available: http://www.un.org/en/documents/charter/chapter1. shtml. Ac-cessed 05/02/2014

## လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သော မီဒီယာများသည် ဖွံ့ဖြိုးမှုစံနှုန်းများ အတွက် ကမ္ဘာ့စံသတ်မှတ်ချက်တစ်ခုဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သောစံများ၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာထုတ်ဝေခွင့်နှင့်ပတ်သက်သောစံများကို သွယ်ဝိုက်၍သော်လည်းကောင်း၊ သိသိသာသာ သော်လည်းကောင်း၊ အချိန်ကာလအမျိုးမျိုးတွင်အသိအမှတ်ပြုလာခဲ့ပြီးဖြစ်သည်။ ထိုနယ်ပယ်နှစ်ခု တစ်ခုနှင့်တစ်ခုဆက်နွှယ်မှုမှာဖွံ့ဖြိုးရန်အတွက် စိန်ခေါ်မှုများကို ဖြေရှင်းလျက်ရှိသည့် ဗဟုသုတပြည့်ဝပြီး ပြည်သူ့အသွင်ဖြင့် ပါဝင်သည့် ပြည်သူလူထုတစ်ရပ်ပင်ဖြစ်သည်။

ကုလသမဂ္ဂစနစ်အတွင်းတွင် ကမ္ဘာ့ကုလသမဂ္ဂကို စတင်တည်ထောင်သည့် ၁၉၄၅ ခုနှစ်နှင့် ယူနက်စကို အား အထူးအေဂျင်စီအဖြစ် ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းသည့်အချိန်မှ နောက်ပိုင်းတွင် ငြိမ်းချမ်းမှုနှင့် တရားမျှတသောကမ္ဘာကြီးဖြစ်လာစေသောသတင်းမီဒီယာ၏အခန်းကဏ္ဍသည် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လက်တွေ့ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ ကုလသမဂ္ဂ၏ပဋိညာဉ်စာချုပ်အပိုဒ် ၁ (၃)တွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် လူသားချင်းစာနာမှုဆိုင်ရာနိုင်ငံတကာပြဿနာ များ ကိစ္စရပ်များကိုဖြေရှင်းရာတွင် "လူ့အခွင့်အရေးများနှင့်လူသားအားလုံးအတွက် အခြေခံ လွတ်လပ်ခွင့်များကိုမြှင့်တင်ရန်၊ လေးစားရန်ဖော်ပြထားသည်။ ထိုအခြေခံလွတ်လပ်ခွင့်များတွင် လွတ် လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ၎င်း၏ဆက်နွှယ်နေသောအချက်များဖြစ်သည့်သတင်းရရှိမှုနှင့် သတင်းစာလွတ်လပ်ခွင့်တို့အထိ ပါဝင်သည်။ ထိုလွတ်လပ်ခွင့်များသည် "စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုသို့မဟုတ် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာပြဿနာများ ကိစ္စရပ်များကို ဖြေရှင်းရာ တွင်" လူအများတက်ကြွစွာပါဝင်လာစေရန်အတွက် အဓိကသော့ချက်ပင်ဖြစ်သည်။ [၂၉] ထိုလူ့အခွင့်အရေး များ၊ အခြေခံလွတ်လပ်ခွင့်များနှင့် နိုင်ငံသားများပါဝင်မှုတို့ဆက်နွှယ်မှုအား ၁၉၄၈ ခုနှစ် အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသည်။

> လူသားတိုင်း လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောကြားပိုင်ခွင့်ရှိသည်။ ထိုလွတ်လပ်ခွင့် တွင် မိမိအယူအဆကိုအနှောင့်အယှက်ကင်းစွာဖြင့်ဆုပ်ကိုင်ထားနိုင်ပြီး နယ်နိမိတ်ကန့်သတ်မှု မရှိဘဲ သတင်းများကို ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် ပြန်လည်မျှဝေပိုင်ခွင့်တို့ ပါဝင်သည်။ [၃၀]

ယင်းကြေညာစာတမ်း၏သဘောထားကို ယူနက်စကို၏ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကြိုတင်ပုံဖော်ထားပြီးဖြစ်သည်။ "မီဒီယာနည်းလမ်းအားလုံးကို အသုံးပြုလျက် အပြန်အလှန်သိရှိမှုနှင့် တခြားနိုင်ငံသားများအား နားလည်မှုများကိုမြှင့်တင်ရာတွင် ပူးပေါင်းလုပ်ဆောင်ရန်၊ အတွေးအခေါ် များကိုစာဖြင့်ဖြစ်စေ၊ ရုပ်ပုံများဖြင့်ဖြစ်စေ လွတ်လပ်စွာစီးဆင်းနိုင်စေရန် လိုအပ်သည့်နိုင်ငံတကာဥပဒေ များအား ထောက်ခံအကြံပေးရန်" ယင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားသည်။ [၃၁]

---

၂၉ Charter of the United Nations. Available : http://www.un.org/en/documents/charter/chapter1.shtml. Accessed 05/02/2014.

၃၀ Annex1: Universal Declaration of Human Rights (1948). Available : http://www.ohchr.org/Documents/ Publications/ABCannexesen.pdf. Accessed 05/02/2014.

၃၁ UNESCO.2004.Constitution of the United Nations Educational, Scientificand Cultural Organization, in United Nations Educational, Scientific and Cultural Organization: Basic Texts. Paris : UNESCO:7-21.

နောက်ထပ်မှတ်သားသင့်သည်မှာ ထိုသဘောထားများအား နှစ်ပေါင်းအတော်ကြာ အသေးစိတ် ရှင်းလင်းရန်ဖြစ်သည်။ အထူးသဖြင့် ၁၉၉၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများက ဝင်းဟိုခ်ကြေညာချက် (Windhoek Declaration) ကို အတည်ပြုခဲ့ကြသည်။ ထိုကြေညာချက်က လွတ်လပ်၍လူမျိုးစုံပါဝင်ပြီး အမှီအခိုကင်းသော (အာဖရိက) သတင်းမီဒီယာ၏စံသတ်မှတ်ချက်ကို လွတ်လပ်စွာဖော်ပြခွင့်ကိုပြသခြင်းတစ်ခုအနေဖြင့်သော်လည်းကောင်း၊ စာဖြင့်ဖြစ်စေ၊ ရုပ်ပုံအားဖြင့် အတွေးအခေါ်များ လွတ်လပ်စွာစီးဆင်းမှုအတွက် အရေးကြီးသောနည်းလမ်းတစ်ခုအနေဖြင့်သော်လည်းကောင်း အသိအမှတ်ပြုခဲ့သည်။ "မည်သည့်ကြားခံဆက်သွယ်မှုနည်းလမ်းမဆို" ဆိုသည်မှာ အင်တာနက်မီဒီယာနှင့် သမားရိုးကျမီဒီယာတို့ကိုပါ ထည့်သွင်းရန် အသိအမှတ်ပြုခြင်းဖြစ်သည်ဟု ၂၀၁၃ ခုနှစ် ယူနက်စကို အထွေထွေညီလာခံ၏ ၃၇ ကြိမ်မြောက်အစည်းအဝေးတွင် အသိပေးကြေငြာခဲ့သည်။ [၃၂]

ယင်းတို့သည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုစံများဖြစ်ပေါ်လာမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ယင်းရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုသည်မှာ ကွဲပြားခြားနား၍မကြာခဏဆိုသလိုအပြိုင်အဆိုင်ဖြစ်သည့် "ကျွန်ုပ်တို့လူ့ဘောင်တွင် တွေ့ကြုံရသောပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကို သိရှိရန်လိုအပ်သည့်အရာများကို ချိန်ညှိရန် လိုအပ်ချက်များအဖြစ်" ရှုမြင်ထားသည်။ [၃၃] အကြွင်းမဲ့ဖွံ့ဖြိုးမှုဖြစ်လာစေရန်အတွက် ရွေးချယ်မှုနည်းလမ်းများသည် မူဝါဒများချမှတ်ရာတွင် အဓိကစဉ်းစားစရာတစ်ခုဖြစ်လာပြီးအစိုးရများအား ရေရှည်အမြင်တစ်ခုရရှိစေသည်။ ထိုရေရှည်အမြင်က လက်ရှိနှင့်အနာဂတ်အသိုက်အဝိုင်းများတွင် လူများ၏ "ကျယ်ပြန့်သောလိုအပ်ချက်များကိုပြည့်မီစေသည်၊ ပုဂ္ဂလိကကောင်းစားမှု၊ လူမှုရေးစုစည်းမှုနှင့် ပါဝင်မှုများကိုမြှင့်တင်ပေးသည်၊ ညီမျှသောအခွင့်အလမ်းများကိုဖြစ်ပေါ်စေသည်။"[၃၄] ဖွံ့ဖြိုးမှုအတွက် ရေရှည်တည်တံ့မှုမရှိသောရည်မှန်းချက်အား ခေတ်နှင့် လျော်ညီသော စဉ်းစားမှုများမှ ပယ်ထုတ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် စီးပွားရေးဖွံ့ဖြိုးမှုအထူးသဖြင့် ဆင်းရဲမှုကိုလျော့ကျစေသောဖွံ့ဖြိုးမှု၊ လူထုလှုပ်ရှားမှုကိုဖြစ်စေသောဖွံ့ဖြိုးမှုတို့ကို ထိခိုက်စေသည့် မညီမျှမှုကိုဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ လေ့လာတွေ့ရှိထားချက်များအရ ထိုကဲ့သို့သော မညီမျှမှုများသည် လူမှုရေးစံအရ စည်းလုံးမှုကို လျော့ပါးစေသည်။ နောက်ဆက်တွဲအနေဖြင့် နိုင်ငံရေးနှင့် လူမှုရေးတင်းမာမှုများ မြင့်တက်စေကာအချို့သောအခြေအနေများတွင် ပဋိပက္ခနှင့်မတည်ငြိမ်မှုဖြစ်စေရန် တွန်းအားပေးသည်။ [၃၅]

နိုင်ငံတကာမီဒီယာစံများနှင့် ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အဆင့်တူစံ (counterpart norm) များသည် ၎င်းတို့အချင်းချင်း (ယင်းဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အဆင့်တူစံများအား ကာလရှည်၊ တာရှည် တည်တံ့ပြီး လူသားဗဟိုပြုဖြစ်စဉ်တစ်ခုအဖြစ် မှတ်ယူပါက) သဟဇာတဖြစ်သည်။ ထိုကဲ့သို့သော

---

၃၂ This was in Resolution 52" Internet related issues : including accesstoin formation and knowledge, freedom of expression, privacy and ethical dimensions of the information society" ,and it in turn reinforced Resolution L13 on" The Promotion, Pro-tection and Enjoyment of Human Rights on the Internet", adopted by the Human Rights Councilin 2012.

၃၃ The Sustainable Development Commission. 2011. What is sustainable development? Available : http://www.sd-commission.org.uk/pages/what-is-sustainable-development.html. Accessed 11/02/2014.

၃၄ Ibid.

၃၅ UNDP. 2013. Humanity Divided : Confronting Inequality in Developing Countries. New York : United Nations Development Programme Bureau for Development Policy.

လူသားဖွံ့ဖြိုးမှုဖြစ်စဉ်သည် တိကျကျယ်ပြန့်ပြီးသုံးသပ်မှုနှင့် ကြိုတင်ခန့်မှန်းမှုပါသော သတင်းအကြောင်းအရာများ လိုအပ်သည်။ လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာ စနစ်က မူဝါဒချမှတ်သူများအား ထိုသို့သောသတင်းအကြောင်းအရာများရစေရန် အကူအညီပေးနိုင်သည်။ ထိုမှတစ်ဆင့် လူ့ဘောင်နှင့်ဖွံ့ဖြိုးရေးပြဿနာများအား ညှိနိုင်းပေးသည်။
ယူနက်စကိုနှင့် ဆက်နွယ်သောညီလာခံများ၏ဖော်ပြချက်များတွင် အောက်ပါအချက်များအား အလေးအနက်ထားသည်။

- ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့နှင့်ပတ်သက်သော ပြင်သစ်ကြေညာစာတမ်း- "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ၎င်းနှင့်ဆက်စပ်နေသော စာနယ်ဇင်းလွတ်လပ်ခွင့်၊ သတင်းများ ရပိုင်ခွင့်တို့သည် အခြေခံအခွင့်အရေးများဖြစ်ကြသကဲ့သို့ ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးမှုအစီအစဉ်၏ရည်မှန်းချက်များအား ပြည့်မီစေသောအရာများလည်း ဖြစ်ကြသည်။"
- ၂၀၁၅ ခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့နှင့်ပတ်သက်သော ရီဂါ (Riga) ကြေညာစာတမ်း- "သတင်းအတတ်ပညာသည် တရားဥပဒေစိုးမိုးမှု၊ အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်သတိရှိမှု၊ မူဝါဒဆွေးနွေးပွဲများကို တိုးမြှင့်ကျင်းပမှု၊ လူ့ဘောင်အတွင်း ပွင့်လင်းမြင်သာမှုကို နက်ရှိုင်းစေမှုနှင့် နိုင်ငံသားများအား အသိရှိရှိဖြင့် ဆုံးဖြတ်ချက်များတို့ကိုဖြစ်စေပြီး ပြည်သူတို့၏ အရေးကိစ္စရပ်များတွင် တက်ကြွစွာပါဝင်လာစေသည်. . . သတင်းထောက်များ၏လုံခြုံရေးနှင့် ယင်းတို့အား တိုက်ခိုက်သူများ ပြစ်ဒဏ်မှကင်းလွတ်ခြင်းကိစ္စရပ်တို့သည် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုပန်းတိုင် ၁၆ အား အကောင်အထည်ဖော်ရေးနှင့်လည်းကောင်း၊ အထူးသဖြင့် အခြေခံလွတ်လပ်ခွင့်များ၊ သတင်းရရှိခွင့်နှင့် တရားဥပဒေစိုးမိုးမှုတို့နှင့်လည်းကောင်း စပ်ဆိုင်သည်။"
- ဘာလီလမ်းပြမြေပုံ (Bali Road Map)၊ လူသားအားလုံးအတွက် ကျွန်ုပ်တို့ အလိုရှိသော အနာဂတ်ဖြစ်ပေါ်လာရေးတွင် မီဒီယာများ၏အခန်းကဏ္ဍများ (၂၀၁၄) - "ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုတို့သည် ဗဟုသုတကြွယ်ဝသောလူများ၏ပူးပေါင်းပါဝင်မှုအပေါ်တွင် မူတည်သည်ကို အသိအမှတ်ပြုခြင်း၊ ထိုသို့ဖြစ်ပေါ်စေရန် သတင်းများနှင့် ဗဟုသုတများ လွတ်လပ်စွာစီးဆင်းမှုလိုအပ်ပြီး အပြန်အလှန်အားဖြင့် မီဒီယာပလက်ဖောင်းအမျိုးမျိုးပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်အပေါ်တွင်လည်း မူတည်သည်။"

> ". . . နိုင်ငံတစ်နိုင်ငံသည်ဖွံ့ဖြိုးမှုကို မည်ကဲ့သို့ပုံဖော်သည်၊ အတွေးအကြံများနှင့် ဆန်းသစ်တီထွင်မှုများအား မည်ကဲ့သို့မျှဝေသည်၊ ဩဇာကိတ္တိမကြီးသူများအား မည်ကဲ့သို့ စည်းရုံးထားသည်စသည်တို့ကိုအခြေခံလျက် မီဒီယာ၏အလားအလာရှိသော အခန်းကဏ္ဍကို အခိုင်အမာသတ်မှတ်ခြင်း၊ မီဒီယာသည်လွတ်လပ်၍ လူမျိုးစုံပါဝင်ပြီး အမှီအခိုကင်းမှသာ၊ သတင်းနှင့်သတင်းသမားများ လုံခြုံမှုရှိမှသာ ထိုရည်မှန်းချက်များအကောင်အထည်ပေါ်လာမည်ဖြစ်ခြင်း . . .
>
> "အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်ပြည်သူတို့သည် မီဒီယာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် အဓိကကျသောပါဝင်သူများဟုလည်းကောင်း၊ မီဒီယာနှင့်ဖွံ့ဖြိုးမှုဖြစ်စဉ်များတွင်

ၚင်းတို့ပါဝင်ရန်လိုအပ်သည်ဟုလည်းကောင်း အသိအမှတ်ပြုခြင်း . . .
“လုပ်ရှားပါဝင်သူများ၏ ဖွံ့ဖြိုးမှုအလားအလာများ အကောင်အထည်ပေါ်လာရေး ကြိုးပမ်းမှုတွင် မီဒီယာ၏အရည်အချင်းသည် ပြည်သူလူထုအနေဖြင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ (ICTs)၊ သတင်းအကြောင်းများနှင့်ဗဟုသုတများရရှိမှုပေါ်တွင် မူတည်သည်ဟု အသိအမှတ်ပြုခြင်း။”

နိုင်ငံတကာစံအချက်များပါဝင်သော ထိုနယ်ပယ်များအချင်းချင်း ဆက်စပ်မှုအား အရပ်ဘက်လူမှုအဖွဲ့အစည်းက ထပ်မံအားဖြည့်ပေးထားသည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလက အရပ်ဖက် လူမှုအဖွဲ့အစည်း ၂၀၀ ခန့် စုရုံးခဲ့ကြပြီးကုလသမဂ္ဂပွင့်လင်းသောလုပ်ငန်းအဖွဲ့ (UNOWG) အား နောင်ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုမူဘောင်အစည်းအဝေးတွင် အစိုးရ၏တာဝန်ခံမှုနှင့် အမှီအခိုကင်းသောမီဒီယာအကြောင်းများကို အဓိကထားဆွေးနွေးရန် တွန်းအားပေးခဲ့ကြသည်။ အပိုဒ် ၁၉ နှင့် ကမ္ဘာလုံးဆိုင်ရာမီဒီယာဖွံ့ဖြိုးမှုဖိုရမ် (GFMD) တို့ကို ညှိနှိုင်းဆွေးနွေးပြီး ထုတ်ပြန်ခဲ့သောပူးတွဲကြေငြာချက်တွင် အနာဂတ်ဖွံ့ဖြိုးမှုအတွက် သတင်းအချက်အလက်များရရှိခြင်းနှင့် လွတ်လပ်သောမီဒီယာသည် အရေးပါသောအချက်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးတိုးတက်လာမှု၊ လူမှုရေးညီမျှမှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက် ယင်းတို့က အရေးပါခြင်းကြောင့်ဖြစ်သည်ဟု ရှေ့နေအသင်းအဖွဲ့များက ငြင်းဆိုကြသည်။[၃၆] နိုင်ငံတကာစံနှုန်းများနှင့်ပတ်သက်သော ကမ္ဘာလုံးဆိုင်ရာလူမှုလှုပ်ရှားမှုများကြီးထွားလာခြင်းသည် လွတ်လပ်၍အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာအားဖွံ့ဖြိုးမှုများသာတူညီမျှစေရန်အတွက် အရေးပါသောအချက်တစ်ခုအဖြစ် အသိအမှတ်ပြုကာ မဟာဗျူဟာကျစွာ အရှိန်အဟုန်မြှင့်လာခြင်းကို ကိုယ်စားပြုသည်။

## သင်ကြားရေးဆိုင်ရာပတ်သက်မှုများ

လူသားများဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်ဆက်စပ်နေသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သင်ကြားခြင်းသည် လွတ်လပ်၍လူမျိုးစုံပါဝင်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာ၏တန်ဖိုးကို ပိုမိုသိရှိလာစေသည်ဟု ဤအခန်းတွင် ဆိုထားသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်များတွင် သတင်းမီဒီယာသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်မှုများနှင့်ပတ်သက်၍ လက်တွေ့မျက်မြင်ကိုအခြေခံသော၊ အုပ်ချုပ်ရေးဆိုင်ရာနှင့်စံပြုခြင်းဆိုင်ရာ အခြေခံရှိထားပြီးဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး လိုအပ်သောအဆင့်အတန်းနှင့် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ထိရောက်စွာရရှိရေးအတွက် သတင်းမီဒီယာက ဆောင်ရွက်ပေးနိုင်ကြောင်း အစမ်းသပ်ခံနိုင်သည်။ အဆိုပါ သတင်းမီဒီယာနှင့် သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှုသည် ကမ္ဘာ့ကုလသမဂ္ဂကစည်းမျဉ်းအဖြစ် သတ်မှတ်ထားပြီး အများ၏ထောက်ခံချက်အရရရှိထားသော လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ဖြစ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး ပိုမိုတိုးတက်

[၃၆] 200 campaigners demand a UN development plant that makes governments more accountable. GFMD Newsletter. 4 February 2014.

ရန်ဆောင်ရွက်ချက်များကို အားဖြည့်ပေးရာရောက်ပါသည်။ ယင်းမူဘောင်များနှင့်အတူ သတင်းအတတ်ပညာ သင်ကြားရေးနှင့်စပ်လျဉ်း၍ ထောက်ခံအကြံပြုချက် ၅ ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- သတင်းအတတ်ပညာသင်ကြားနေသောဆရာများသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို အုပ်ချုပ်ရေးဆိုင်ရာကြိုးပမ်းမှုများဖြင့် အခြေခံထားသော အပြန်အလှန်ဆက်နွယ်နေသောဖွံ့ဖြိုးမှုစနစ်တစ်ခုအဖြစ် မှတ်ယူနိုင်သည်။ ထိုအုပ်ချုပ်ရေးဆိုင်ရာကြိုးပမ်းမှုများသည် သတင်းမီဒီယာ အခင်းအကျင်း ပြောင်းလဲဖြစ်ပေါ်နေသည့် လူမှုလမ်းကြောင်းများပေါ်တွင် အဓိကသက်ရောက်မှုရှိသည်။
- အထက်ပါအချက်ကို ထည့်သွင်းစဉ်းစားလျက် သတင်းအတတ်ပညာဆရာများသည် လွတ်လပ်၍ အမှီအခိုကင်းပြီး လူမျိုးစုံပါဝင်သောမီဒီယာစနစ်သည် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုအတွက် အုပ်ချုပ်မှုစနစ်၏ အဓိကအစိတ်အပိုင်းဖြစ်သည်ဟူသော အယူအဆအား ၎င်းတို့၏သင်ရိုးညွှန်းတမ်းများ နှင့်သင်ကြားရေးအစီအစဉ်များတွင် အကျိုးရှိစွာပေါင်းစပ်ထည့်သွင်းနိုင်သည်။ ယင်းသို့ ပေါင်းစပ်ထည့်သွင်းရာတွင် ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များ အဆင့်မြင့်အဖွဲ့ (High-Level Panel of Eminent Persons) က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အား အကြံပေးသည့်ပုံစံအတိုင်း ပြုလုပ်ရမည်။
- ထို့အပြင် သတင်းအတတ်ပညာသင်ကြားသော ဆရာများအနေဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုအကြောင်းအရာများ သင်ကြားမှုအနေဖြင့် စာသင်ခန်းများကိုကျော်လွန်၍ ပိုမိုကြီးမားသောဖွံ့ဖြိုးတိုးတက်မှုများနှင့် မီဒီယာဖွံ့ဖြိုးမှုဖြစ်စေနိုင်သည်ဟူသော ယုံကြည်မှုကို ခံစားနိုင်သည်။
- သတင်းအတတ်ပညာသင်ကြားရေးသည် သတင်းအတတ်ပညာနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများအပေါ် လွတ်လပ်၍လူမျိုးစုံပါဝင်ပြီးအမှီအခိုကင်းသောမီဒီယာဖွံ့ဖြိုးမှု၏အကျိုးသက်ရောက်မှုတို့အား ဆက်နွယ်ပေးသည်။
- သတင်းအတတ်ပညာ သင်ကြားမှုသည် သင်ယူသူများ၏သုတ၊ သဘောထားနှင့် ကျွမ်းကျင်မှုတို့အတွက် ထူးခြားသည့် ကမ္ဘာလုံးဆိုင်ရာမူဘောင်နှင့်အဓိပ္ပာယ်ကို ပေးသည်။

သတင်းအတတ်ပညာသင်ကြားရေးသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ အဘက်ဘက်တွင် "တတ်မြောက်မှုများ"ကို တိုးတက်ဖြစ်ပေါ်စေသည်။ သတင်းအတတ်ပညာသင်ကြားသူများနှင့် အသိဉာဏ်ဗဟုသုတတိုးပွားအောင်လုပ်ဆောင်နေသော သတင်းအတတ်ပညာရှင်များအတွက် ဤစာအုပ်သည် ယင်းရှုထောင့်အမျိုးမျိုးမှ ချဉ်းကပ်နိုင်သောသင်ရိုးများအတွက် အရင်းအမြစ်တစ်ခုဖြစ်သည်။

## ၂။အသုံးပြုသူအတွက် လမ်းညွှန်

ဤသင်ရိုးအကြောင်းအရာများကို မည်ကဲ့သို့အသုံးပြုမည်နည်း။ သင်ယူသူများက အတွေ့အကြုံများကို မိမိတို့ဘာသာရှာဖွေသင်ယူသောနည်းလမ်း (heuristic) ဖြင့် ဤသင်ရိုးများကိုအသုံးချနိုင်သည်။ သင်ရိုးမာတိကာသစ်များပေါင်းချုပ် (Compedium of New Syllabi) နှင့် ယူနက်စကို၏စံပြသင်ရိုးများ (UNESCO Model Curricula) အပါအဝင် ယင်းအထူးပြုသင်ရိုးမာတိကာများသည် ပြဋ္ဌာန်းချက်များ မဟုတ်ပါ။ သင်ကြား၊ သင်ယူရာတွင် ၎င်းတို့ကိုနိုင်ငံအလိုက်နှင့်/သို့မဟုတ် ကျောင်းအလိုက် အကြောင်းအရာများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်အသုံးပြုနိုင်သည်။ ၎င်းတို့ကို နိုင်ငံတကာ အဆင့်အထိဆွဲဆောင်မှုရှိအောင်ကြိုးပမ်းပြုစုထားသော်လည်း အားနည်းချက်များရှိနေသေးသည်။ အောက်တွင် ဤသင်ရိုးအကြောင်းများအား အသုံးပြုနိုင်မည့်အချက်များကို ဖော်ပြလိုက်ပါသည်။

- လက်ရှိသင်ကြားနေသောဘာသာရပ်တွင် ဖြည့်စွက်နိုင်မည့် သင်ကြားရေးအရင်းအမြစ်တစ်ခုအနေဖြင့် - တချို့သောသင်ကြားရေးဌာနများတွင် ဤသင်ရိုးမာတိကာတွင် ဖော်ပြထားသည့် ဘာသာရပ်များနှင့်ပတ်သက်သောသင်ရိုးများ (courses) နှင့်/ သို့မဟုတ် သီးခြားသင်ခန်းစာများ (modules) အဆင်သင့်ရှိပြီးဖြစ်သည်။ ဤအခြေအနေဆိုပါက ဤစာအုပ်အား နောက်ထပ် အရင်းအမြစ်တစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။ လက်ရှိဘာသာများအတွက် ဖတ်သင့်သော စာအုပ်များကို အလွယ်တကူထောက်ခံပြောနိုင်မည်။
- သင်တန်းအစီအစဉ်တစ်ခုအတွက် သီးခြားသင်ခန်းစာအသစ်တစ်ခုအနေဖြင့်-ယင်းအကြောင်းအရာများမရှိသေးပါက ဤသင်ရိုးများထဲမှတစ်ခုခုအား ဘာသာရပ်အသစ်အနေဖြင့် မိတ်ဆက် သင်ကြားနိုင်သည်။ သို့မဟုတ် လက်ရှိသင်ကြားမှုအစီအစဉ်များထဲသို့ ပေါင်းထည့်နိုင်သည်။ ဤသို့ပေါင်းထည့်ခြင်းဖြင့် ကျောင်းသားများ၏သိကျွမ်းမှုနှင့် တတ်ကျွမ်းမှုများကို တိုးပွားစေမည်။
- သင်တန်းလက်စွဲတစ်ခုအနေဖြင့်- မည်သည့်သင်တန်းဆရာမဆို ဤသင်ရိုးအကြောင်းများအား ၎င်းတို့၏ရည်ရွယ်ချက်များပြည့်မီရန် ပေးထားသည့်ဖတ်သင့်သောစာအုပ်များစာရင်းကို အသုံးချ၍ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်သည်။
- လက်ရှိသတင်းထောက်များအတွက် ဖတ်စရာအရင်းအမြစ်တစ်ခုအနေဖြင့်- လက်ရှိသတင်းထောက်များအနေဖြင့် ဤစာအုပ်တွင်စာရင်းပြုစုထားသည့် ဖတ်စရာစာအုပ်များ အထူးသဖြင့်အင်တာနက်မှ အလွယ်တကူရှာဖွေတွေ့ရှိနိုင်မည့်စာအုပ်များသည် ၎င်းတို့အသိဉာဏ်ကြွယ်ဝရန်အတွက်နှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် လက်တွေ့အသုံးချရန်အတွက် အလွန်အသုံးဝင်ကြောင်း တွေ့ရှိရနိုင်သည်။

ပိုမိုအရေးကြီးသည်မှာ ဤသင်ရိုးမာတိကာများတွင် အသုံးပြုသူများအတွက် ရွေးချယ်စရာများ ပိုမိုပါဝင်သည့်အပြင် အကြံပြုထားသည့်အသုံးချနည်းလမ်းများကိုလည်း ထည့်သွင်းပေးထားပါသည်။ မိမိတို့အနေဖြင့် ဆွေးနွေးမှုများပြုလုပ်လိုပါကပြုလုပ်နိုင်ရန်အတွက် စာအုပ်နောက်ဆုံးတွင် ပါဝင်ရေးသားသူများစာရင်းကို အီးမေးလ်လိပ်စာများနှင့်အတူ ပြုစုထားပါသည်။

ဤသင်ရိုးမာတိကာများကို စာသင်ခန်းများတွင် လက်တွေ့အသုံးချပါက ထူးခြားသောသင်ကြားရေး မဟာဗျူဟာတစ်ခု ဖြစ်နိုင်သည်။ ဤသင်ရိုးမာတိကာများတွင် အထူးလေ့လာလိုက်စားရသော ဗဟုသုတ များများ ပါဝင်သည်ဆိုပါစို့၊ ကျောင်းသားများအား အခြေခံအားဖြင့် ရှုပ်ထွေးသည့် သတင်းဇာတ်လမ်း များကို ထိထိရောက်ရောက် ဖောင်းပေးကာ အဖိအဖော့များနှင့် ရေးသားတတ်အောင် မည်ကဲ့သို့ သင်မည်နည်း။ အခြေခံကျကျပြောရလျှင် ဤသင်ရိုးမာတိကာများကို သင်ကြားပို့ချသောအခါ သတင်း တစ်ပုဒ်ကိုကိုင်တွယ်ရာတွင် သီးသန့်အခြေခံမှုများကိုထည့်သွင်းသင်ကြားပေးရမည်။ ယင်းအခြေခံမှု များက သတင်းစုဆောင်းရခြင်း၏ အဓိကတန်ဖိုး (core value) ကိုပြသည်။ သဘာဝ ပတ်ဝန်းကျင် ကဲ့သို့သော အထူးပြုနယ်ပယ်တစ်ခု၏ ရှုပ်ထွေးမှုကိုပြသည်။

ထိုသို့ပြုလုပ်ရာတွင် ကျောင်းသားများအတွက် သတင်းခန်းအခြေအနေမျိုးတွင် မိမိတို့၏အယ်ဒီတာ များနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်အောင်ပြင်ဆင်လေ့ကျင့်ပေးရန်အတွက် အဓိက ကျသည့် အခြေခံသဘောတရား ၇ ချက်ကို ဆီလျော်အောင်ပြင်ဆင်ခြင်း၊ အသုံးပြုခြင်းတို့ကို ဆောင်ရွက် နိုင်သည်။ [၇၇] သတင်းတည်ဆောက်မှုအခြေပြုရေးသားသည့်နည်း၏ အရေးပါပုံဖြင့် အယ်ဒီတာများအား ဆွဲဆောင်ရန် လိုအပ်သည်။ ထိုသို့ပြုလုပ်ရန်နည်းလမ်းများစွာ ရှိနိုင်သည်။ အကူအညီပေးနိုင်သော ဤအခြေခံမှုများမှာ

- **ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် အလွန်အရေးကြီးသော ငွေကြေးဆိုင်ရာရှုထောင့်များ ပါဝင်သည် -** မည်သည့်ရေရှည်တည်တံ့ဖွံ့ဖြိုးမှုဆိုင်ရာသတင်းမဆို ဒေါ်လာဘီလီယံ ရာပေါင်း များစွာနှင့်ပတ်သက်သည့်သတင်းတစ်ပုဒ် ပါဝင်သည်။ ဥပမာ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော ညီထွေမှုရှိအောင်နေထိုင်ရေးနှင့် လျော့ချရေးအတွက် ငွေကြေးဘယ်မှာရှိမည်နည်း။ ထိုငွေကို မည်သူက ထိန်းချုပ်သနည်း။ မည်သူက အသုံးချသနည်း။ ရည်မှန်းသည့်အတိုင်း ဆောင်ရွက်ရန် မည်သူကကြပ်မတ်သနည်း။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမားများကို မည်သူက ရံပုံငွေထောက်ပံ့သနည်း။ ရာသီဥတုပြောင်းလဲမှုပြဿနာဖြေရှင်းရန် လှုပ်ရှားမှုများမှ မည်သည့်ကုမ္ပဏီများက အကျိုးအမြတ်ခံစားရသနည်း။ မည်သည့်ကုမ္ပဏီများက အရှုံးနှင့် ရင်ဆိုင်ရသနည်း။ ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာဆောင်ရွက်မှုများအတွက် ရံပုံငွေထောက်ပံ့ပေးမည်ဟူသောကတိကို တည်-မတည်၊ ထောက်ပံ့ငွေမှာ အမှန်တကယ်အသစ်ဖြစ်-မဖြစ်၊ လက်ရှိ အကူအညီငွေများမှမဟုတ်ဘဲ နောက်ဆက်တွဲရံပုံငွေဟုတ်-မဟုတ် စသည့်အကြောင်းအရာများမှာ သတင်းမီဒီယာများအတွက် အာရုံစိုက်စရာနယ်ပယ်တစ်ခုဖြစ်လေသည်။ ရာသီဥတုရံပုံငွေမည်မျှကို လူထုရံပုံငွေမှ ရယူသင့် သည်၊ မည်မျှကိုပုဂ္ဂလိကကဏ္ဍမှ ရယူသင့်သည် ဆိုသည်များနှင့်ပတ်သက်၍လည်း ကြီးမား သော အငြင်းပွားမှုဖြစ်ပေါ်နိုင်သည်။ ငွေကြေးအကြောင်းသာစုံစမ်းပါ။ သတင်းကောင်းတစ်ပုဒ် အတွက် လိုအပ်ချက်များအားလုံး သင်တွေ့ပါလိမ့်မည်။

---

[၇၇] These reporting tips are adapted from Shanahan, M., Shubert, W., Scherer, C. & Corcoran, T. 2013. Climate Change in Africa: A Guidebook for Journalists edited by Fackson Banda. Paris: UNESCO. Available: http://unesdoc.unesco.org/images/0022/002254/225451e.pdf.

- **ကမ္ဘာ့အရေးကိုဒေသနှင့်ဆက်စပ်စေခြင်း** - ဒေသခံပရိသတ်များနှင့်သက်ဆိုင်မှုကို မီးမောင်းထိုးပြနိုင်ရေးအတွက် ရှာဖွေတွေ့ရှိနိုင်သောရှုထောင့်တစ်ခု အမြဲရှိသည်။ ဤသင်ရိုးမာတိကာများတွင် တင်ပြထားသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု၏ လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များအားလုံးသည် သိပ္ပံပညာရှင်များ၏ သုတေသနသစ်တွေ့ရှိချက်စာအုပ်များ၊ မူဝါဒချမှတ်သူများ၏ကြေငြာချက်အသစ်များ၊ တက်ကြွလှုပ်ရှားသူများမှ တောင်းဆိုမှုအသစ်များ ထုတ်ပြန်ခြင်း စသည်တို့ ပါဝင်ပတ်သက်သည်။ ယင်းအကြောင်းအရာများသည် အဝေးတစ်နေရာတွင်ဖြစ်ပွားလျှင်ပင် ထူးချွန်သောသတင်းထောက်များသည် အဆိုပါသတင်းများကို ယင်းတို့၏ဒေသအခြေအနေနှင့် ၎င်းဒေသခံပရိသတ်နှင့်ဆက်စပ်မည့်နည်းလမ်းများကို ရှာဖွေနိုင်ကြသည်။ ကမ္ဘာတစ်လွှားရှိအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် သိပ္ပံပညာနှင့်ဆိုင်သောဂျာနယ်များသည် ဤသင်ရိုးမာတိကာများတွင် ထည့်သွင်းထားသည့်ကိစ္စရပ်အချို့အကြောင်း သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်သည်။ ဒေသအလိုက် မူဝါဒချမှတ်ခြင်းအပေါ် နည်းပညာသစ်များ၏အကျိုးသက်ရောက်မှုကဲ့သို့သော အကြောင်းအရာများဖြစ်သည်။ သတင်းထုတ်ပြန်ရေးအရာရှိများနှင့်ဆက်သွယ်ခြင်းအားဖြင့်လည်းကောင်း၊ ယင်းတို့၏အီးမေးလ်နှင့် ချိတ်ဆက်ထားခြင်းဖြင့်လည်းကောင်း၊ ယင်းတို့ထံမှသတင်း အကြံဉာဏ်များနှင့် ကမ္ဘာတစ်ဝှမ်းတွင် နောက်ဆုံးဖြစ်ပျက်သမျှ သိနေအောင်လုပ်ထားသင့်သည်။
- **ရှုထောင့်သစ်များမှ သတင်းရေးသားခြင်း** - မူဝါဒအသစ်တိုင်း၊ တီထွင်မှုအသစ်တိုင်း၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကိုတိုးမြှင့်ရန် ရည်ရွယ်သည့်အရာတိုင်းအတွက် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် အသွင်အပြင်တစ်ခုနှင့်တစ်ခု အပြန်အလှန်သက်ရောက်မှုရှိစေသောနည်းလမ်းများကိုဆုံးဖြတ်ပါ။ ဤနည်းအားဖြင့် ကျောင်းသားများသည် သတင်းတင်ပြရန်အတွက် ရှုထောင့်သစ်များကို တွေ့မြင်နိုင်ပါသည်။ ထိုရှုထောင့်များတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ နည်းပညာ၊ အစားအစာ၊ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်း၊ ဘာသာရေးနှင့် နိုင်ငံရေးတို့ပါဝင်ပြီး အမှန်အားဖြင့် အားလုံးနီးပါး ပါဝင်သည်။
- **အများနည်းတူလုပ်ဆောင်ခြင်း** - အယ်ဒီတာတစ်ဦးထံသတင်းတစ်ပုဒ်ရောင်းရန် အကောင်းဆုံးနည်းလမ်းများအနက်တစ်ခုမှာ အကြောင်းအရာနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးဖြစ်ခြင်းနှင့် လူ့အသိုင်းအဝိုင်းအတွက် ယင်း၏အရေးပါမှုကို သိရှိခြင်းဖြစ်သည်။ ကျောင်းသားများသည် တခြားသတင်းထောက်များ၏သတင်းများကိုဖတ်ခြင်းဖြင့် ပညာရပ်နယ်ပယ်တစ်ခုတွင် ဗဟုသုတအားဖြင့် ထက်မြက်သူများအဖြစ် ဆက်လက်တည်ရှိနိုင်သည်။ သင်သည် ဥပမာအားဖြင့် အိုင်ပီအက်စ် (IPS)၊ ရိုက်တာအလာ့နက် (Reuters AlertNet)၊ ဂါးဒီးယန်း (The Guardian)၊ နယူးယောက်တိုင်းမ် (New York Times) နှင့် ဘီဘီစီ (BBC) တို့တွင် နိုင်ငံတကာ သတင်းကောင်းတချို့ကိုတွေ့နိုင်သည်။ သို့သော် ကမ္ဘာတစ်လွှားတွင် မိမိတို့၏အမျိုးသားသတင်းဌာနများအတွက် အထူးပြုသတင်းများကို ရယူတင်ပြနေသည့် သတင်းထောက်ကောင်းများလည်း များစွာရှိသည်။ ဥပမာအားဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု၏အသွင်အပြင်တစ်ခုအတွက် လူအများမည်သည့် အကြောင်းအရာ ပြောဆိုနေကြသည်ကိုသိရန်အတွက် ဖေ့စ်ဘွတ် (Facebook) သို့မဟုတ်

တွစ်တာ (Twitter) ကဲ့သို့သော လူမှုမီဒီယာများကို သုံးပါ။

- **အီးမေးလ်စာရင်းများတွင် ပါဝင်ချိတ်ဆက်ထားခြင်း -** အထူးပြုနယ်ပယ်တစ်ခုအတွင်း နောက်ဆုံးဖြစ်ပေါ်သည့် ဗဟုသုတများရရှိနေစေရန် ထိုဘာသာရပ်၏ဝက်ဆိုဒ်လိပ်စာတွင် ပါရှိသည့် အီးမေးလ်စာရင်းနှင့်ချိတ်ဆက်ထားရန် အရေးကြီးသည်။ ဥပမာ ရာသီဥတုပြောင်းလဲခြင်းအတွက် Climate-L (http://www.iisd.ca/email/subscribe. htm) ကဲ့သို့သော ၎င်းနယ်ပယ်နှင့်ပတ်သက်သည့်ဝက်ဘ်ဆိုက်လိပ်စာနှင့် ချိတ်ဆက်ထားခြင်းမျိုးဖြစ်သည်။ ထောင်ပေါင်းများစွာသောရာသီဥတုပညာရှင်များသည် ဖြစ်ပျက်မှုများနှင့်ပတ်သက်၍ ယင်းတို့၏နောက်ဆုံး အစီရင်ခံစာများနှင့် သတင်းအချက်အလက်များကို မျှဝေကြသည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညှိနှိုင်းမှုများအတွက် သတင်းထောက်များသည် "ကမ္ဘာမြေကြီးဆိုင်ရာဆွေးနွေးမှုများ သတင်းလွှာ" (http://www.iisd.ca/process/climate_atm.htm) သို့ စာရင်းသွင်း မှာယူနိုင်သည်။ သတင်းနှိုးဆော်ချက် news alert နှင့်သတင်းပေးပို့မှု news feeds တို့ကို အသုံးပြုခြင်းသည် ဆွဲဆောင်မှုကောင်းသောကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်လာရေးအတွက် နောက်ထပ်နည်းစနစ်တစ်ခုပင် ဖြစ်သည်။
- **ဂျာနယ်များဖတ်ခြင်း-** ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုအကြောင်း အထူးပြုထုတ်ဝေသော အထင်ကရဂျာနယ်များကို မှာယူထားခြင်းဖြင့် သုတေသနအသစ်များအကြောင်း မျက်ခြည်မပြတ်လေ့လာနိုင်ကြောင်း ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။ ရာသီဥတုပြောင်းလဲမှုပြဿနာများအတွက် အောက်ပါမေးလ်စာရင်းများသည် အသုံးဝင်သည်။ ၎င်းတို့မှာ EurekAlertနှင့် AlphaGalileo သတင်းထုတ်ပြန်ရေးဝန်ဆောင်မှုတို့ ဖြစ်သည်။ ဂျာနယ်စာစောင်များအား ငွေပေးမှာယူထားသည့်သူများသာ ရနိုင်သော်လည်း သတင်းထောက်များသည် ဂျာနယ်မိတ္တူများ၏ PDF ဖိုင်ကို Google Scholar (http://scholar.google.com) တွင် ရှာဖွေခြင်းဖြင့်လည်းကောင်း သို့မဟုတ် စာတမ်းကို ဂျာနယ်၏ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်သည်။ အဆိုပါဝက်ဘ်ဆိုက်သည် သတင်းထောက်များအား စာစောင်မိတ္တူကိုလည်း ဝေမျှပေးလိုကာ မေးလာသည့်မေးခွန်းများကိုပါ ဖြေပေးလိုသော ပင်တိုင်စာရေးဆရာ၏အီးမေးလ်လိပ်စာကို ဖော်ပြလေ့ရှိသည်။ ကျွမ်းကျင်ပညာရှင်များ၏အဆက်အသွယ်စာအုပ်ပြုစုထားရန် နောက်ထပ်နည်းလမ်းတစ်ခုမှာ သီးခြားအကြောင်းအရာတစ်ခုကိုဖော်ပြထားသော မကြာသေးမီက ထုတ်ဝေထားသည့် သတင်းစာများကို အင်တာနက်တွင် ရှာဖွေခြင်းဖြစ်သည်။ (ဂူဂဲလ်စကော်လာ [Google Scholar]သည် သတင်းစာတစ်စောင်အား နောင်လေ့လာသူများက အကြိမ်မည်မျှ ကိုးကားထားကြောင်း၊ သုတေသနသည် မည်မျှအရေးပါကြောင်း ဖော်ပြထားသည့်အတွက် ကောင်းမွန်သောကိရိယာတစ်ခုဖြစ်သည်။)
- **ချိတ်ဆက်ခြင်း -** သတင်းထောက်တစ်ဦးသည်မည်သည့်အခါမျှ သတင်းအရင်းအမြစ်များစွာ မရှိနိုင်ပါ။ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအကြောင်း တင်ပြထားသည့် မည်သည့်သတင်းမဆို ဘဝ၏ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အသွင်အပြင်များနှင့်ပတ်သက်သည်ကို သတိမူလျက် သတင်းထောက်များသည် နိုင်ငံအတွင်း၊ နိုင်ငံပြင်ပရှိသည့် ကျယ်ပြန့်သောကဏ္ဍအမျိုးမျိုးမှ

အရင်းအမြစ်များ၏အဆက်အသွယ်စာရင်းကို ပြုစုထားနိုင်သည်။ ယင်းတို့တွင် မူဝါဒချမှတ်သူများ၊ အစိုးရချင်းဆက်သွယ်သည့်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် သုတေသနဌာနများပါဝင်သည်။ အကောင်းဆုံး အရင်းအမြစ်တချို့မှာ အဖွဲ့အစည်းများမှမဟုတ်ဘဲ လယ်သမားများနှင့် ရေလုပ်သားများ၊ တရားဟောဆရာများနှင့် အသေးစားလုပ်ငန်းရှင်များကဲ့သို့သော သာမန်လူထုထဲမှပုဂ္ဂိုလ်များ ပါဝင်သည်။

ခြုံငုံကြည့်ပါက ဤအခြေခံမှုများအားလုံးကိုစာသင်ခန်းများတွင် အသုံးပြုနိုင်သည်။ ကျောင်းသားတစ်ဦးသည် မိမိ၏သတင်းတစ်ပုဒ်ကို အယ်ဒီတာမှ မည်ကဲ့သို့ပိုမိုစိတ်ပါဝင်စားအောင် ဆွဲဆောင်နိုင်မည်ကို စာသင်ခန်းတွင်း လက်တွေ့လေ့ကျင့်နိုင်မည် ဖြစ်သည်။

# ၃။ သင်ရိုးမာတိကာ

အောက်ပါတို့သည် ဒေသနှင့် နိုင်ငံအခြေအနေများနှင့် လိုက်လျောညီထွေအောင် ပြင်ဆင်အသုံးပြုနိုင်ကြစေရန်မျှော်လင့်လျက် ဖော်ပြပေးထားသည့် နမူနာသင်ရိုးမာတိကာများဖြစ်ကြသည်။ သင်ရိုးမာတိကာတစ်ခုစီတွင် အခြားဆရာများနှင့် စီမံချက်ချသူများအတွက် စိတ်အားတက်စေမည့် အကြံဉာဏ်များ၊ နည်းလမ်းများနှင့်ကုန်ကြမ်းများ ပါဝင်သည်။ ဤနေရာတွင်ဖော်ပြထားသည့် သင်ရိုးမာတိကာများသည် အောက်ပါအကြောင်းအရာများနှင့် သက်ဆိုင်သည်။ ထိုအကြောင်းအရာများအားလုံးတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် ရှင်းလင်းပြီးလက်တွေ့ပြနိုင်သောချိတ်ဆက်မှု ရှိသည်။-

- သတင်းအတတ်ပညာနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှု
- ဂေဟဗေဒဆိုင်ရာ သတင်းအတတ်ပညာ (ဂေဟသတင်းအတတ်ပညာ)
- ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းရေးသားပေးပို့ခြင်း
- ဒုက္ခသည်များကို အဓိကထား၍ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ သတင်းရေးသားပေးပို့ခြင်း
- ကျင့်ဝတ်နှင့်ကိုက်ညီသော စုံစမ်းဖော်ထုတ်ရေးသားသည့် သတင်းအတတ်ပညာ
- ဒစ်ဂျစ်တယ်မီဒီယာ၊ လူမှုကွန်ရက်များနှင့် ပြောင်းလဲနေသော သတင်းအတတ်ပညာ၏ မျက်နှာစာ
- စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာ - ပါဝင်ခြင်း၊ ကိုယ်စားပြုခြင်းနှင့် အသိုက်အဝန်း
- နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သတင်းရေးသားပေးပို့ခြင်း

# သတင်းအတတ်ပညာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု

ရက်ဒီကာမစ်တဲလ် (Radhika Mittal)

ဂေဟဗေဒဆိုင်ရာ ဟန်ချက်မညီမျှမှုများကို မှန်ကန်အောင် ပြန်လည်ပြုလုပ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းပြဿနာများကို သင့်တင့်လျောက်ပတ်စွာတုံ့ပြန်ခြင်းတို့တွင် စားနပ်ရိက္ခာ၊ ရေ၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးနှင့်လိုက်လျောညီထွေမဖြစ်သေးသည့် အခြားသောကဏ္ဍများကို လက်လှမ်းမီရန် ကျယ်ပြန့်သည့်သဘောထားပြောင်းလဲမှုများ လိုအပ်သည်။ ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြဿနာများကို သတင်းရေးသားတင်ပြသည့်အခါ မကြာခဏပင်သဘာဝပတ်ဝန်းကျင်ရှုထောင့်သည် ပျောက်ဆုံးနေသည့်အတွက် ပြည်သူများအား လွဲမှားလမ်းညွှန်၊ လွဲမှားသိမြင်မှုများဖြစ်စေသည်။ ဤသင်ရိုးသည် ပညာဗဟုသုတကွာခြားမှုများကိုဖြည့်စွက်ရန်၊ ယင်းတို့အနေဖြင့်အခြေခံအဖြစ် အသုံးပြု နိုင်သည့်လူမှု-သိပ္ပံသုတေသနအဖွဲ့နှင့် သတင်းထောက်များထိတွေ့မှုရှိစေရန်၊ ကြာရှည်ခံ၍ ကိုယ်ကျင့်သိက္ခာရှိသောဇာတ်လမ်းများဖန်တီးရာတွင် အထောက်အကူပြုရန်၊ ထိုသို့ဆောင်ရွက်စဉ်တွင် ရေရှည်တည်တံ့မှု၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ ပြည်သူများအား ဆွေးနွေးပညာပေးမှုများတွင်ဘာသာရပ်များ တစ်ခုနှင့်တစ်ခုဆက်နွယ်မှုကိုဖြေရှင်းရန် ရည်ရွယ်သည်။

**ဘာသာရပ်အဆင့် -** ဤသင်ရိုးအား သတင်းအတတ်ပညာဘွဲ့ (bachelor's degree) သင်ကြားရေး အစီအစဉ်၏ ပင်မအစိတ်အပိုင်းအဖြစ်သော်လည်းကောင်း သတင်းအတတ်ပညာမဟာဘွဲ့ (master's degree) သင်ကြားရေးတွင် သီးခြားသင်ခန်းစာ (module) တစ်ခုအဖြစ်သော်လည်းကောင်း သင်ကြားနိုင်သည်။

**ဘာသာရပ်အားဖော်ပြခြင်း -** ဤသင်ရိုးက ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သတင်းရေးသားနိုင်စေရန် သတ်မှတ်ချက်များ (parameters) နှင့်အကြောင်းအရာများ (themes) ကို သတ်မှတ်ပေးသည်။ ထောင်စုနှစ်ပန်းတိုင်များ (MDGs) နေရာတွင် အစားထိုးဝင်ရောက်လာသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) တွင် တူညီသောယှက်နွယ်မှုများရှိသည်။ ရာသီဥတုအပြောင်းအလဲနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ဆက်စပ်နေပြီး အဓိကအားဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် မှန်ကန်သောလုပ်ရှားမှုကို လိုအပ်လျက်ရှိသည်။ ဤသင်ရိုးအကြောင်းအရာများတွင် အရင်းအမြစ်များ အပေါ်မူတည်၍ဖွံ့ဖြိုးမှုနှင့် သာတူညီမျှမှု စသည့်အတွေးအခေါ်များပါဝင်သည်။ ယင်းတို့ကို အစားအစာ၊ ရေ၊ စွမ်းအင်၊ ဇီဝကွဲပြားမှုအစရှိသော ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများအားဖြင့် ဆွေးနွေးမည်ဖြစ်သည်။ ကျောင်းသားများသည် ပိုမိုအဓိပ္ပါယ်ပြည့်စုံပြီး အချက်အလက်ကြွယ်ဝသည့် သတင်းရေးနိုင်ရန်အတွက် ထိုအကြောင်းအရာများကို နက်နက်ရှိုင်းရှိုင်းလေ့လာကာ အသင်းအဖွဲ့နှင့် ပြည်သူ့အုပ်ချုပ်ရေးတို့ကြား လက်ရှိဆက်စပ်မှုကို ရှာဖွေရမည်ဖြစ်သည်။

**သင်ယူမှုရလဒ်များ -** ဤသင်ရိုးသည် ကျောင်းသားများအား အောက်ပါအချက်အလက်များနှင့် ပြည့်စုံလာစေရန် ရည်ရွယ်သည်။

- ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနယ်ပယ်တွင် အဓိကကျသည့်စိန်ခေါ်မှုများနှင့် ဖြေရှင်းချက်များ ဆိုင်ရာ သိမြင်တွေးခေါ်မှုနှင့် သဘောတရားရေးရာဗဟုသုတများ (conceptual and theoretical knowledge)
- သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများကို သတင်းရေးသားတင်ပြရာတွင် အတားအဆီးဖြစ်စေသည့်အားနည်းချက်များအား နားလည်ပြီး လက်တွေ့ကျကျရှင်းလင်း သိမြင်ခြင်း
- သရုပ်ခွဲသုံးသပ်သော၊ ဝေဖန်ပိုင်းခြားမှုပါသောသုံးသပ်မှုစွမ်းရည်များ၊ အသုံးချသုတေသန နှင့် ပိုမိုကျယ်ပြန့်သောလူမှု-သိပ္ပံဆိုင်ရာအသိအမြင်များ

**သင်ကြားမှုချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း -** ပို့ချချက်များ၊ ရှင်းလင်းတင်ပြချက်များ (presentations)၊ စာအုပ်များဖတ်ပြီးဆွေးနွေးခြင်း၊ ဖြစ်ရပ်များလေ့လာခြင်း (case studies)၊ လက်တွေ့လေ့ကျင့်ခန်းများ (practical assignments)

**အဆင့်သတ်မှတ်ခြင်း (Grading)**

အပတ်စဉ်လေ့ကျင့်ခန်းများ--------------------၅၀%
အုပ်စုလိုက်ရှင်းလင်းတင်ပြချက်များ------------၂၀%
စာတမ်းတို----------------------------------၂၀%
စာသင်ခန်းတွင်ပါဝင်မှု-----------------------၁၀%

## သင်ခန်းစာအနှစ်ချုပ်

အောက်တွင်ဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ဖတ်ရှုရန်စာအုပ်များသည် ယခုဘာသာရပ်အပေါ် ကမ္ဘာလုံးဆိုင်ရာရှုထောင့်များနှင့် သဘောတရားရေးရာထုတ်ဖော်မှုများကို တင်ပြထားသည်။ အပတ်စဉ် လက်တွေ့ရေးသားရသည့်လေ့ကျင့်ခန်းများပြုလုပ်နိုင်စေရန်နှင့် အကြောင်းအရာသီးသန့်ဗဟုသုတ (context-specific knowledge) များရရှိနိုင်စေရန် ဆရာများအနေဖြင့် ဖတ်ရှုရမည့်စာအုပ်များစာရင်းမှ လိုအပ်သလိုရွေးချယ်ခြင်းနှင့် နိုင်ငံ၊ ဒေသ အထူးပြုဖြစ်ရပ်လေ့လာချက်များ (country/region-specific case studies) များအတွက် နောက်ထပ်ဖတ်ရမည့်စာအုပ်များကိုပါ သတ်မှတ်ရန်တိုက်တွန်းရမည်။

---

## ပထမပတ် - ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု

- ▶ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့်လူမှုအဖွဲ့စည်းတို့နှင့်စပ်လျဉ်းသည့် အတွေးအမြင်များ ဖွံ့ဖြိုးမှု
- ▶ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပန်းတိုင်များ၊ ကျယ်ပြန့်သော ချဉ်းကပ်နည်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို နားလည်သဘောပေါက်ခြင်း
- ▶ ဝေဖန်ရေးသားမှုများနှင့် ရှေ့သို့ဆက်လှမ်းမှု

### အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Daly, H. E. 1990. Toward some operational principles of sustainable development. Ecological economics, 2(1), pp.1-6.

Elliott,J.2012.An introduction to sustainable development. Abingdon, United-Kingdom, Routledge. Giddings, B., Hopwood, B.,&O'Brien, G.2002. Environment, economy and society : fittingthem together into sustainable development. Sustainable Development, 10(4), pp.187-196.

Hopwood, B.,Mellor, M., &O'Brien, G.2005.Sustainable development: mapping different approaches. Sustainable Development,13(1), pp.38-52.

Redclift, M. 2005. Sustainable development (1987-2005): an oxymoron comesofage. Sustainable development,13(4), pp. 212-227.

UNESCO. 2015. Mediain Support of Sustainable Development and a Culture of Peace http://www.unesco.org/new/fileadmin/MULTIMEDIA/FIELD/San-Jose/pdf/Book_UNESCO_Media_and_Development_May_2015_01. pdf.

Young, O.R., Underdal, A., Kanie, N., Andresen,S.,Bernstein,S.,Biermann, F.,&Stevens,C.2014.Earth System Challenges and AMulti-layered Approach for the Sustainable Development Goals.United Nations University Institute for the Advanced Study of Sustainability. Policy Brief

## ဒုတိယပတ်နှင့် တတိယပတ်-

### အပိုင်း၁၊ မီဒီယာ၊ အစီအစဉ်သတ်မှတ်ခြင်း၊ ပြည်သူများအားဆွေးနွေးတင်ပြခြင်း

- သတင်းဖော်ပြမှုသည် အဘယ်ကြောင့်အရေးကြီးသနည်း - အစီအစဉ်သတ်မှတ်ခြင်း၊ ကန့်သတ်ပုံစံချခြင်း၊ လူထုမူဝါဒအတွက် လမ်းညွှန်ခြင်း
- သတင်းဖော်ပြမှုအခြေအနေ - ကမ္ဘာ့ရာသီဥတုပြောင်းလဲရေးဆိုင်ရာဆွေးနွေးမှု အကြောင်းအရာများ

### အပိုင်း၂၊ ပြည်သူများသိမြင်မှု

- ပြည်သူ့သဘောထား၊ ပြည်သူများသိရှိထားသည်များကို အသေးစိတ်သိအောင်လုပ်ခြင်း

### အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Allan, S., Adam, B., & Carter, C. (eds.). 2000. Environmental risks and the media. London and New York, Routledge.

Boykoff, M. T. 2011. Who speaks for the climate?: making sense of media reporting on climate change. Cam-bridge, Cambridge University Press.

Boykoff, M. T., & Roberts, J. T. 2007. Media coverage of climate change: Current trends, strengths, weaknesses. Human Development Report, 2008, 3.

Engle-Friedman, M., Lee, E., Furman, G., Maculaitis, M., & Cho, K. W. 2010. What Affects Attitudes and Behaviors Regarding Environmental Sustainability? The International Journal of Environmental, Cultural, Economic and Social Sustainability, 6(6), pp. 41-58.

Holt, D., &Barkemeyer, R. 2012. Media coverage of sustainable develop ment issues-attention cycles or punc-tuated equilibrium? Sustain-able Development, 20(1), pp. 1-17.

Lakoff, G. 2010. Why it matters how we frame the environment. Environ mental Communication, 4(1), pp. 7081.

Leiserowitz, A. 2006. Climate change risk perception and policy preferences: the role of affect, imagery, and values. Climatic Change, 77(1-2), pp. 45-72.

Leiserowitz, A. A., Kates, R. W., & Parris, T. M. 2006. Sustainability values, attitudes, and behaviors: A review of multinational and global trends. Annual Review of Environment and Resources, 31, pp. 413-444.

Leiserowitz, A., &Thaker, J. 2013. Climate change in the Indian mind. Yale University and George Mason University. New Haven, CT, Yale Project on Climate Change.

Lewis, J., & Boyce, T. 2009. Climate change and the media: The scale of the challenge. Climate change and the media. New York, NY, Peter Lang.

Marquart-Pyatt, S. T., Shwom, R. L., Dietz, T., Dunlap, R. E., Kaplowitz, S. A., McCright, A. M., &Zahran, S. 2011. Understanding public opinion on climate change: a call for research. Environment: Science and Policy for Sustainable Development, 53(4), pp. 38-42.

Nisbet, M.B. 2010. Communicating climate change: Why frames matter for public engagement. Environment: Science and Policy for Sustainable Development, 51(2), pp. 12-23.

## စတုတ္ထပတ် - စားနပ်ရိက္ခာလုံလောက်ခြင်း၊ စားသုံးပုံအလေ့အထများ

- ကမ္ဘာ့စားနပ်ရိက္ခာဝယ်လိုအားပြည့်မီခြင်း - အရင်းအမြစ်ရရှိနိုင်စွမ်းနှင့် စားသုံးမှုတို့အကြား ကွဲပြားခြားနားမှု
- တည်တံ့မျှတရေးအတွက် ထုတ်လုပ်မှုနှင့်စားသုံးမှုအလေ့အကျင့်များအကြား ညှိနှိုင်းခြင်း
- စားနပ်ရိက္ခာဆိုင်ရာ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုကြောင့် စားသောက်ပုံများပြောင်းလဲလာခြင်း၏သက်ရောက်မှုများ

### အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Badgley, C., & Perfecto, I. 2007. Can organic agriculture feed the world? Renewable Agriculture and Food Systems, 22, pp. 80-86.

Clay, J. 2011. Freeze the footprint of food. Nature, 475(7356), pp. 287-289.

de Boer, J., Schösler, H., &Boersema, J. J. 2013. Climate change and meat eating: An inconvenient couple? Journal of Environmental Psychology, 33, pp. 1-8.

De Geus, M. 2009. Sustainable Hedonism: The Pleasures of Living within environmental Limits. In Soper, K., Ryle, M. & Lyn, T. (eds.), The Pleasures and Politics of Consuming Differently. London, Palgrave MacMillan., pp. 113-129.

Delgado, C. 2003. Rising consumption of meat and milk in developing coun tries has created a new food revolution. The Journal of Nutrition, 133, pp. 3907S-391OS.

Di Falco, S., Veronesi, M., &Yesuf, M. 2011. Does adaptation to climate change provide food security? A micro-perspective from Ethiopia. American Journal of Agricultural Economics, 93(3), pp. 829-846.

Fischer, G., Shah, M., Tubiello, F. N., & Van Velhuizen, H. 2005. Socio-eco nomic and climate change impacts on agriculture: an integrated as sessment, 1990-2080. Philosophical Transactions of the Royal Soci ety B: Biological Sciences, 360(1463), pp. 2067-2083.

Green, L., Costello, L., & Dare, J. 2010. Veganism, health expectancy, and the communication of sustainability. Australian Journal of Communication, 37(3), pp. 51.

Hanjra, Munir A, and Qureshi, M Ejaz. 2010. Global water crisis and future food security in an era of climate change, Food Policy, pp. 1-13.

Parry, M, et al. 2009. Executive Summary, Climate Change and Hunger: Responding to the Challenge. Division of Communications and Public Policy, World Food Program, pp. 8-16.

Seo, K., & Rodriguez, N. 2012. Land grab, food security and climate change: A vicious circle in the Global South. Human and Social Dimensions of Climate Change. Open Access: InTech, pp. 165-80.

Thøgersen, J., & Schrader, U. 2012. From knowledge to action- new paths towards sustainable consumption. Journal of Consumer Policy, 35(1), pp. 1-5.

Vermeulen, S., Campbell, B. M., & Ingram, J. S. 2012. Climate Change and Food Systems. Annual Review of Environment and Resources, 37(1),pp. 195-222.

Wackernagel, M., & Rees, W.E. 1996. Our ecological footprint: reducing human impact on the earth. B.C., Gabriola Press New Society Publishing.

Ziervogel, G. &Ericksen, P. J. 2010. Adapting to climate change to sustain food security. Wiley Interdisciplinary Reviews: Climate Change,1(4), pp. 525-540.

## ပဉ္စမပတ် - ရေနှင့်စွမ်းအင်

- ရေနှင့်စွမ်းအင်ဆိုင်ရာလူ့ကျင့်ဝတ်များ၊ စီးပွားရေးနှင့် နိုင်ငံရေး
- ပြန်လည်အသုံးချနိုင်သော၊ ရေရှည်တည်တံ့သောစွမ်းအင်လမ်းကြောင်းများ
- ရေနှင့် စွမ်းအင်တို့၏အနာဂတ်

### အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Chu, S.,& Majumdar, A.2012. Opportunities and challenges for a sustainable energy future. Nature, 488(7411), pp. 294-303.

Hall, J., &Vredenburg, H.2012. The challenges of innovating for sustainable development. MITS loan Management Review,45(1).

Kaygusuz, K.2012. Energy for sustainable development: Acase of developing countries. Renewable and Sustainable Energy Reviews, 16(2), pp.1116-1126.

Sultana, F., &Loftus, A.(eds.). 2013. The right to water: Politics, governance and social struggles. Abingdon, United Kingdom, Routledge.

United Nations World Water Development Report. 2003. Water for People, Water for Life.

Urry, John. 2008. Climate change, travel and complex futures, British Jour nal of Sociology, 59(2), pp.261-279.

Vanderheiden, S.(ed.) .2013. The Politics of Energy: Challenges for a Sustainable Future. Routledge.

Wei, J., Wei, Y., Western, A., Skinner, D., &Lyle, C.2014. Evolution of news paper coverage of water issues in Australia during 1843-2011. Ambio, pp. 1-13.


## ဆဋ္ဌမပတ် - မျိုးစိတ်များနှင့်ဇီဝမျိုးကွဲများပျက်စီးခြင်း

- သဘာဝအရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ပျက်စီးခြင်း
- ရာသီဥတုပြောင်းလဲမှုကြောင့် လူသားများနှင့် အခြားမျိုးစိတ်များတွင် လိုက်လျောညီထွေပြုပြင်နိုင်သောနည်းလမ်းများနှင့် အဆင့်ဆင့်ပြောင်းလဲခြင်း

## အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Cardinale, B. J., Duffy, J.E., Gonzalez, A., Hooper, D.U., Perrings, C., Venail, P., &Naeem, S.2012. Biodiversity loss and its impact on humanity. Nature, 486(7401),pp.59-67.

DeFries, R.S., Ellis, E.C., Chapin, F.S., Matson, P.A., Turner, B.L., Agrawal, A.,&Syvitski,J.2012. Planetary opportunities: asocial contract for global change science to contribute to asustainable future. BioScience, 62(6),pp.603-606.

Haines,A.,Kovats,R.S.,Campbell-Lendrum,D.,&Corvalán, C.2006. Climate change and human health: Impacts, vulnerability and public health. Public Health, 120(7),pp.585-596.

Hoffmann, A. A., &Sgrò, C.M.2011. Climate change and evolutionary adaptation. Nature, 470(7335),pp.479-485.

Mc Michael, A.J., Wood ruff, R.E.,& Hales, S.2006. Climate change and human health: present and future risks.The Lancet, 367(9513),pp.859-869.

McShane, T.O., Hirsch, P.D., Trung, T.C., Songorwa, A.N., Kinzig, A., Monteferri, B.,&O'Connor, S.2011. Hard choices: Making trade-offs between biodiversity conservation and human well-being. Biological Conservation, 144(3),pp.966-972.

Wood,A.,Stedman-Edwards, P.,&Mang, J.2013. The root causes of biodiversity loss. New York, Routledge


## သတ္တမပတ် - စီးပွားရေးဖွံ့ဖြိုးမှု၊ မျှတမှုနှင့်စီးပွားရေးလုပ်ငန်းစိန်ခေါ်မှုများ

- စီးပွားရေးလုပ်ငန်းအလေ့အကျင့်များက ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် သက်ရောက်မှု၊ ရေရှည်တည်တံ့ရေးအတွက်ကုမ္ပဏီများက ပါဝင်လုပ်ဆောင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း
- သာတူညီမျှတိုးတက်ခြင်း၊ ကြွယ်ဝမှုမျှဝေခြင်းနှင့် လူအများရွှေ့ပြောင်းသွားလာခြင်းအပေါ် စဉ်းစားဆင်ခြင်သည့် အနာဂတ်အခြေအနေများ

## အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Barkemeyer, R., Holt, D., Preuss, L., &Tsang, S.2011. What happened to the 'development' in sustainable development? Business guidelines two decades after Brundtland. Sustainable Development 22(1) pp. 15-32.

Biermann, Fand BoasI. 2008.Protecting Climate Refugees: The Case for a Global Protocol, Environment, 50(6),pp.8-16.

Houdet, J., Trommetter, M., &Weber, J.2012. Understanding changes in business strategies regarding biodiversity and ecosystem services. Ecological Economics,73,pp.37-46.

Mendelsohn, R., Dinar, A., &Williams, L.2006. The distributional impact of climate change on rich and poor countries. Environment and Development Economics,11(02),pp.159-178.

Moon, J.2007. The contribution of corporate social responsibility to sustainable development. Sustainable Development,15(5),pp.296-306.

O'Neill, B. C., Kriegler, E., Riahi, K., Ebi, K. L., Hallegatte, S., Carter,T. R., &van Vuuren, D. P. 2014.Anew scenarioframework for climate change research: The concept of shared socioeconomic pathways. Climatic Change, 122(3),pp.387-400.

Schoenherr, T.2012. The role of environmental management in sustainable business development:amulti-country investigation. International Journal of Production Economics,140(1),pp.116-128.

Shiva, V.2011. Equity: the shortest way  to global sustainability. In European Research on Sustainable Development. Springer Berlin Heidelberg, pp.23-27.

Welford, R.(ed.). 2013. Hijacking environmentalism: Corporate responses to sustainable development. London, Routledge.

Wheeler, S.M.2013. Planning for sustainability: creating livable, equitable and ecological communities. Abingdon, United Kingdom, Routledge.

## အဋ္ဌမပတ် - အုပ်ချုပ်မှု၊ ကျင့်ဝတ်များနှင့်ပြည်သူအများပါဝင်မှု

- ရေရှည်တည်တံ့သောတိုးတက်မှုအတွက် နိုင်ငံရေး၊ မူဝါဒရေးရာဖိအားပေးမှုများနှင့် အတားအဆီးများကို ညှိနှိုင်းဆွေးနွေးခြင်း
- ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများဖြစ်သည့် ကျား-မခွဲခြားမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို စီမံခန့်ခွဲခြင်း
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ၊ စာရိတ္တပိုင်းဆိုင်ရာ အရေးပါသောအရာများ

### အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ


Albrizio, S.,etal. 2014, Do Environmental Policies Matter for Productivity Growth?: Insights from New Cross-Country Measures of Environmental Policies, OECD Economics Department Working Papers,No. 1176, OECD Publishing.

Attfield, R.2014. Environmental Ethics: An Overview for the Twenty-First Century. Cambridge, John Wiley& Sons.

Das Gupta, M., Bongaarts, J., &Cleland, J.2011. Population, poverty, and sustainable development: A review of the evidence.World Bank.

Dubash,N. (ed.).2012. AH and book of Climate Change and India: Development, Politics and Governance. Abingdon, United Kingdom, Routledge.

Kensicki, L.J.2004. Nocure for what ails us:The media-constructed disconect between societal problems and possible solutions. Journalism & Mass Communication Quarterly, 81(1),pp.53-73.

Meadowcroft, J., &Steurer, R.2013. Assessment Practices in the Policy and Politics Cycles: A Contribution to Reflexive Governance for Sustainable Development?. Journal of Environmental Policy & Planning, (ahead-of-print), pp.1-23.

Resurrección, B.P.2013. Persistent women and environment linkages inclimate change and sustainable development agendas. In Women's Studies International Forum(40). Pergamon,pp.33-43.

Ryghaug, M.2011. Obstacles to sustainable development: the destabilization of climate change knowledge. Sustainable Development, 19(3), pp. 157-166.

Sheth, J.N., Sethia, N.K., &Srinivas, S.2011. Mindful consumption: a customer-centric approach to sustainability. Journal of the Academy of Market ing Science,39(1),pp.21-39.

## နဝမပတ်နှင့် ဒသမပတ် -

**အပိုင်း ၁။ အလုပ်ဖြစ်မည့်သတင်းများနှင့် နည်းလမ်းများရှာဖွေခြင်း**

- ▸ စားသုံးမှုဝါဒ (consumerism) ကိုမြှင့်တင်စေနိုင်သည့် ကြားဝင်စေ့စပ်ခြင်းနှင့် လူထုဆက်သွယ်ရေးဖွံ့ဖြိုးမှုများ
- ▸ ဖြစ်နိုင်ခြေရှိသည့် အခြားသောဆွေးနွေးအသိပေးသည့်နည်းလမ်းများနှင့် လူ့အဖွဲ့အစည်းဆိုင်ရာလှုံ့ဆော်မှုအတွက် မူဘောင်များ၊
- ▸ ပြဿနာရှိသော ဂေဟနယ်ပယ်အတွက်အသစ်သော ပိုမိုကောင်းမွန်သောတန်ဖိုးများရှာဖွေခြင်း

**အပိုင်း ၂။ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုအကြောင်းသတင်းရေးခြင်းအတွက် လမ်းညွှန်ချက်များ**

- ▸ သတင်းအတတ်ပညာဆိုင်ရာ အလေ့အကျင့်များကို ပြန်လည်တွေးတောဆင်ခြင်ခြင်း၊ အန္တရာယ်အဓိပ္ပါယ်ကို နားလည်ခြင်း
- ▸ (စာသင်ခန်းအတွင်း ပါဝင်ခြင်း၊ ဧည့်သည်များ၏နှီးနှောဖလှယ်ပွဲများနှင့် တက်ရောက်သူများ၏ ပါဝင်ဆွေးနွေးခြင်းကိုအခြေခံ၍) အတတ်ပညာရှင်၏အမြင်များနှင့် ဒေသအထူးပြုဖြစ်ရပ်လေ့လာခြင်းများ

**အကြံပြုသည့်ဖတ်ရှုရမည့်စာအုပ်များ**


Anderson, A.2003. Environmental Activism and News Media, News, Public Relations and Power, In Cottle, S. (ed.). Sage Publications, London, pp.117-132.

Boykoff, M.T., &Goodman, M.K.2009. Conspicuous redemption? Reflections on the promises and perilsof the 'celebritization' ofclimate change. Geoforum, 40(3), pp. 395-406.

Doyle, J.2011. Mediating climate change. Ashgate Publishing.

Gess, H.2012. Climate change and the possibility of 'slowjournalism'. Ecquid Novi: African Journalism Studies, 33(1), pp. 54-65.

Gunn, A.&Jackson, F.2005. American mass media and sustainable development. The International Journal of Environmental, Cultural, Economic & Social Sustainability, 1(4), pp. 51-55.

Hill, S.2010. Models of online activism and their implications for democracy and climate change. Foundation for Democracy and Sustainable Development, draftdiscussion paper.

Leiserowitz, A.A., &Fernandez, L.O.2008. Toward a new consciousness: Values to sustain human and natural communities. Environment: Science and Policy for Sustainable Development, 50(5), pp.62-69.

Myers, T.A., Nisbet, M.C., Maibach, E.W., &Leiserowitz, A.A.2012. A public health frame arouses hopeful emotions about climate change. Climatic Change,113(3-4),pp.1105-1112.

O'Neill,S., &Nicholson-Cole,S.2009." Fear Won't Do It "Promoting Positive Engagement With Climate Change Through Visual and Iconic Representations. Science Communication, 30(3), pp. 355-379.

Shiva, V.2013. Makingpeace with the earth. Pluto Press.

Smith,Joe.2005. Dangerous News: Media Decision Making about Climate Change Risk, Risk Analysis, (25)6, pp. 1471-1482.

## နောက်ဆက်တွဲ အင်တာနက်ပေါ်မှ ရင်းမြစ်များစာရင်း

- ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် ဖြေရှင်းချက်များကွန်ရက် https://www.sdsnedu.org/ home
- ရာသီဥတုစီးပွားရေးအသစ်၊ http://newclimateeconomy.report/
- ပတ်ဝန်းကျင်ဆိုင်ရာဆုံးဖြတ်ချက်များအပေါ် သုတေသနပြုလုပ်ရန် ဗဟိုဌာန၊ http://cred.columbia.edu/

[မှတ်ချက်၊ ဤသင်ရိုးပါအကြောင်းအရာများအား စာရေးသူ၏ ဩစတြေးလျနိုင်ငံ၊ မက်ကွာရီ တက္ကသိုလ် (Macquarie University, Australia) တွင် သင်ယူ၊သင်ကြားခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ရေးသားထားခြင်းဖြစ်ပါသည်။]

# ဂေဟဗေဒဆိုင်ရာသတင်းအတတ်ပညာ (ဂေဟသတင်းအတတ်ပညာ)

ဆူဂတ်မဟင်ဒါဆဲနာရက် (Sugath Mahinda Senarath)

ဤသင်ရိုးတွင် သတင်းအတတ်ပညာ၏ဘာသာခွဲတစ်ခုဖြစ်သော "ဂေဟသတင်းအတတ်ပညာ" နှင့်ပတ်သက်သည့် အဓိကပြဿနာများအကြောင်းပါဝင်စေရန် ရည်ရွယ်ထားသည်။ ခေတ်မီခြင်းတွင် ပြဿနာတစ်ရပ်ရှိကြောင်း ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များကဖြစ်ရပ်မှန်များအရသော်လည်းကောင်း၊ တွေးခေါ်ကြည့်ခြင်းအားဖြင့်သော်လည်းကောင်း လက်ခံစပြုလာပြီဖြစ်သည်။ ဂေဟဆိုင်ရာကောင်းကျိုးကိစ္စသည် အချေအတင်ပြောနေရသည့်နယ်ပယ်တစ်ခုဖြစ်သည်။ ထို့ကြောင့်ဂေဟဆိုင်ရာပြဿနာများသည် ယနေ့ခေတ်မီဒီယာများ ရှာဖွေ၊ စူးစမ်းရန် ထိပ်တန်းတွင်ရှိသောနယ်ပယ်တစ်ခုဖြစ်သည်။

## ဘာသာရပ်အဆင့်

ဤသင်ရိုးအား သတင်းအတတ်ပညာဘွဲ့ (bachelor’s degree) သို့မဟုတ် သတင်း အတတ်ပညာမဟာဘွဲ့ (master’s degree) သင်ကြားရေးအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် ဒုတိယနှစ်အဆင့် သို့မဟုတ် ယင်းအထက်အတွက် ရည်ရွယ်ပါသည်။

**ဘာသာရပ်အားဖော်ပြခြင်း** - ဤသင်ရိုး၏ရည်ရွယ်ချက်မှာ ခေတ်ပြိုင်ဂေဟသတင်းအတတ်ပညာ၏ ခြေခြေမြစ်မြစ်အကြောင်းအရာများကိုဖော်ပြ၊ သရုပ်ခွဲရန်နှင့် ပြည်တွင်း၊ ပြည်ပအဆင့် ဂေဟဗေဒပြဿနာများကို အာရုံစူးစိုက်ကာစုံစမ်းထောက်လှမ်းရေးသားသော သတင်းအတတ်ပညာ၏လက်တွေ့ကျွမ်းကျင်မှုများကို မျှဝေပေးရန်ဖြစ်သည်။ ယင်း၏အမြင့်မားဆုံးသင်ကြားရေး ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ဂေဟသတင်းအတတ်ပညာ၏သီအိုရီသဘောနှင့် လက်တွေ့အသွင်အပြင်များကို နားလည်တတ်မြောက်စေရန်ဖြစ်သည်။

**သင်ကြားမှုပုံစံ (mode)** - ပို့ချချက်များ၊ ဖြစ်ရပ်လေ့လာမှုများ (case studies)၊ အုပ်စုလိုက်ရှင်းလင်းတင်ပြမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဧည့်ပညာရှင်များ

**တစ်ပတ်လျှင်နာရီပေါင်း** - တစ်ပတ်လျှင် စာသင်ခန်းအချိန်စုစုပေါင်း ၃ နာရီနှင့် ၂ နာရီအကြာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနအချိန်များ

**အဆင့်သတ်မှတ်ခြင်း (Grading) နှင့် အကဲဖြတ်စည်းမျဉ်းများ (Assessment protocols)**

ဆွေးနွေးပွဲ (seminar) နှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခြင်း--------------၂၀%

စာသင်ခန်းလေ့ကျင့်ခန်းများ-----------------------------------------------၃၀%

နောက်ဆုံးစာမေးပွဲ-------------------------------------------------------၅၀%

**လိုအပ်သောအရင်းအမြစ်များ**- ရုပ်-သံအထောက်အကူပစ္စည်းများ၊ အင်တာနက်အသုံးပြုနိုင်သောကွန်ပျူတာနှင့် သင်ရိုးလက်စွဲစာအုပ်

**သင်ကြားမှုနည်းလမ်း** - ဤသင်ရိုး၏ရည်ရွယ်ချက်မှာ ကျောင်းသားများအား ဂေဟသတင်းအတတ်ပညာအား ဘက်ပေါင်းစုံမှနားလည်မှုနှင့် လက်တွေ့အတွေ့အကြုံများ ကောင်းစွာရရှိစေရန်ဖြစ်သည်။ သင်ကြားချိန် ၁၅ ပတ် ကြာမြင့်မည်။ ပို့ချချက်များအတွင်း တစ်နာရီအကြာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုနှင့်အတူ တစ်ပတ်လျှင် ပို့ချချိန် ၃နာရီ ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာသင်ခန်းပတ်ဝန်းကျင်နှင့်အလုပ်ခွင်များတွင် လက်တွေ့အတွေ့အကြုံများနှင့်အတူ ဂေဟစနစ်ဆိုင်ရာဗဟုသုတများကိုရယူကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ လေ့ကျင့်ခန်းအနေဖြင့် ကျောင်းသားများသည် အတန်းတွင်းကြိုတင်ဆွေးနွေး၊ ရွေးချယ်ထားသည့် ဂေဟစနစ်ဆိုင်ရာ စိတ်ဝင်စားစရာနေရာများနှင့်ပြဿနာဖြစ်နေသည့်နေရာများကို သွားရောက်လည်ပတ်ရမည်။ ယင်းတို့အနေဖြင့် ဤအခြေအနေများအတွက် သတင်းရေးသားဖြေရှင်းမှုများကိုရှာဖွေပြီး လေ့ကျင့်

ခန်းများနှင့်ပတ်သက်သည့် အစီရင်ခံစာများကို စာသင်ခန်းတွင် တင်ရမည်။

## သင်ယူခြင်းရလဒ်များ၊ ဤသင်ရိုးအဆုံးတွင်ကျောင်းသားများသည်

- ယေဘုယျဂေဟဆိုင်ရာပြဿနာများအား စစ်ဆေး၊ သတင်းပို့နိုင်ရန် သီအိုရီအသိနှင့် လက်တွေ့အတွေ့အကြုံများ ရရှိပြီး ဖြစ်ရမည်။
  - ရပ်ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့်နှင့် ကမ္ဘာ့အဆင့်များတွင် ဖြစ်ပျက်နေသော ဂေဟဆိုင်ရာပြဿနာများကိုဖြေရှင်းရန် လိုအပ်သည့်ချဉ်းကပ်မှုများနှင့် နည်းလမ်းများကို နားလည်ထားရန်
  - ဂေဟဆိုင်ရာပြဿနာများအကြောင်း သတင်းတင်ပြမှုကို ပိုမိုကောင်းစွာနားလည်လာမည်။ ဂေဟသတင်းအတတ်ပညာတွင် ၎င်းတို့၏ဖန်တီးနိုင်သော၊ ခံစားမှုပါသော ကျွမ်းကျင်မှုများကို အသုံးချရမည်။
  - အမျိုးမျိုးသောအဖွဲ့များက အဆင့်ဆင့်တွင်ရှိသော ဂေဟဆိုင်ရာပြဿနာများအား မည်ကဲ့သို့ ခြယ်လှယ်၊ ကြားဝင်၊ ပုံပျက်စေသည်တို့နှင့်စပ်လျဉ်း၍ အကဲဆတ်မှုမြင့်မားလာစေရန်။
  - ဂေဟ-မီဒီယာမက်ဆေ့ချ်များကို ရေးသားရာတွင် လက်တွေ့အတွေ့အကြုံရရှိရမည်။

## သင်ခန်းစာအနှစ်ချုပ်

### ပထမပတ် - ဂျေဟာသတင်းအတတ်ပညာနှင့်မိတ်ဆက်

**အကြောင်းအရာများ** - ဤအပိုင်းတွင် ဂျေဟာသတင်းအတတ်ပညာ၏ပုံစံများ (models) နှင့် ပရိသတ်များအပေါ် မီဒီယာ၏သက်ရောက်မှုတို့နှင့်အတူ ဂျေဟာသတင်းအတတ်ပညာ၏သီအိုရီဆိုင်ရာနှင့် အတွေးအမြင်ဆိုင်ရာမူဘောင် (theoretical and conceptual framework) အား ရှင်းလင်းပြရန် ရည်ရွယ်သည့်ပို့ချချက်များ ပါဝင်သည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးခြင်း** - အောက်ပါတို့ကိုအဖြေရှာမည်။

- ဂျေဟာသတင်းအတတ်ပညာ၏ အရေးကြီးမှုက ဘာလဲ။
- ဂျေဟာသတင်းထောက်/သတင်းစာဆရာကို ဘယ်လိုသိမည်နည်း။
- မီဒီယာက ပရိသတ်များအပေါ် ဘယ်လိုအလုပ်လုပ်သနည်း။

### ဒုတိယပတ် - ဂျေဟာသတင်းအတတ်ပညာ၏ နောက်ခံသမိုင်းကြောင်း

**အကြောင်းအရာများ**- ဤပို့ချချက်များအရဂျေဟာသတင်းအတတ်ပညာ၏ အတွေးအခေါ်ပိုင်းဆိုင်ရာများ တိုးတက်လာမှုကို လေ့လာဆန်းစစ်ရမည်။ ပို့ချသူ (ကထိက)က အရှေ့တိုင်းနှင့် အခြားသောပညာရှင်များ (educationists) ၏ ဂျေဟာဆိုင်ရာအသိများ သမိုင်းကြောင်းကို ဆွေးနွေးမည်။ ထိုပို့ချချက်များအရ ခေတ်ပြိုင်လူ့အသိုင်းအဝိုင်းများတွင် ဂျေဟာသတင်းပညာရှင်များ၏အခန်းကဏ္ဍကို ပိုမိုအလေးထားသင်ကြားမည်။

**ကျောင်းသားများ အဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု-**

- ဂျေဟာသတင်းတင်ပြခြင်း၏ သမိုင်းနှင့်ပတ်သက်သောအကြောင်းအရာများ ရှာဖွေခြင်း
- ဂျေဟာသတင်းတင်ပြခြင်းတွင် အသုံးပြုသော ဆက်သွယ်ရေးစနစ် (medium) နှင့် နည်းလမ်းများ
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ဂျေဟာစနစ်ဆိုင်ရာကိစ္စများကို အစောပိုင်းမျိုးဆက်များက နားလည်ပုံလေ့ကျင့်ခန်း၊ ဦးတည်ထားသောခေတ်အပိုင်းအခြားတစ်ခု၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့်၊ ပြဿနာများအတွက်ဖြေရှင်းချက်များကို ရေးသားရန်

## တတိယပတ် - သဘာဝ၏အမျိုးမျိုးကွဲပြားမှုများ

**အကြောင်းအရာများ** - ဤပို့ချချက်များက သဘာဝပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးနှင့် လူသားများအတွင်း ကွဲပြားခြားနားမှုအမျိုးမျိုးကို ဆွေးနွေးမည်။ ဤအကြောင်းအရာကို လေ့လာခြင်းဖြင့် လူများ၏ အန္တရာယ်အကျိုးဆက်များနှင့် ရောနှောလိုမှုနှင့်ပတ်သက်သော မတူညီသည့်အတွေးအမြင် ၂ ခု ကိုသိရှိလာလိမ့်မည်။ ပထမသိမြင်မှုတွင် သဘာဝ၏ကွဲပြားမှုများ (သဘာဝတွင် ဇီဝစုံလင်မှုနှင့် လူသားများတွင်ယဉ်ကျေးမှုစုံလင်မှု) နှင့်ဒုတိယသိမြင်မှုတွင် လူမှုရေးကွဲပြားမှုများ (လူ့အတန်းအစား၊ ဇာတ်ခွဲခြားခြင်း၊ ကျား၊ မ ခွဲခြားခြင်းစသည်ဖြင့်) တို့ဖြစ်ကြသည်။ နောက်ဆုံးတွင် ကျောင်းသားများသည် သဘာဝနှင့် လူသားကမ္ဘာတို့တွင် အမျိုးမျိုးကွဲပြားမှုများကို သဘောပေါက်၊ အသိအမှတ်ပြုလာလိမ့်မည်။ လူမှုရေးကွဲပြားမှုများအပေါ် ဆန်းစစ်ဝေဖန်လာလိမ့်မည်။ ဤနည်းအားဖြင့် မီဒီယာ၏သမားရိုးကျပုံစံများကြောင့် ပေါ်ထွက်လာသောလူမှုရေးကြောက်စိတ်လွန်ကဲမှု (social phobia) အပေါ် ဆန်းစစ်၊ ဝေဖန်၊ နားလည်နိုင်မှု ဖြစ်ပေါ်လာလိမ့်မည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု-**

- ကမ္ဘာပေါ်တွင်ကြုံတွေ့ကြရသည့် ကွဲပြားမှုများကား အဘယ်နည်း။
- ထိုကွဲပြားမှုများကို ကျွန်ုပ်တို့ မည်ကဲ့သို့နားလည်သနည်း။
- မတူညီမှုများကင်းမဲ့သည့်ကမ္ဘာတစ်ခုကို သင်စိတ်ကူးကြည့်ပါ။ လူတို့သည် အဘယ်ကြောင့် သဘာဝ၏ကွဲပြားခြားနားမှုများနှင့် လူမှုရေးအရတည်ဆောက်ခဲ့ကြသည့် ကွဲပြားမှုများကို ရောထွေးပစ်ကြသနည်း။
- ဂေဟသတင်းထောက်တစ်ဦးအတွက် ထိုပြဿနာများကို နားလည်ခြင်းက မည်သို့အကျိုးခံစားမှုများရှိသနည်း။

**လေ့ကျင့်ခန်း-** သဘာဝနှင့်လူ့အသိုင်းအဝိုင်း၏ အမျိုးမျိုးသောကွဲပြားမှုများနှင့် ပတ်သက်၍ ရေးသားပါ။ သို့မဟုတ် လူများက မတူညီမှုများ (differences) အား ကွဲလွဲမှုများ (divisions) အဖြစ် မည်ကဲ့သို့ပြောင်းလဲသည့်အကြောင်းနှင့် ပဋိပက္ခများနှင့်အကြမ်းဖက်မှုများအား မည်သို့ဖန်တီးသည့်အကြောင်းများကို ရေးပါ။

## စတုတ္ထပတ် - သဘာဝနှင့်လူ့အသိုင်းအဝိုင်း

**အကြောင်းအရာများ** - ပို့ချသူ (ကထိက)က သဘာဝတရားနှင့် လူသားတို့အကြား ဇီဝကို အခြေခံ၍ဆက်နွယ်မှုများ (organic relationship) ကို ဆွေးနွေးလိမ့်မည်။ ပို့ချသူက ဇီဝသိပ္ပံ (life science) ဟုခေါ်သော ဇီဝဗေဒ၊ ရုက္ခဗေဒပညာရပ်များအတွင်း “ဖွဲ့စည်းမှုစနစ်သီအိုရီ-” (systems theory) ဟုခေါ်သော အသစ်ထွက်ပေါ်လာသည့်နယ်ပယ်ကို အခြေခံကျသော အသုံးအနှုန်းများ အသုံးပြု၍ မိတ်ဆက်ပေးမည်။ (ဤအချက်က သိပ္ပံဆိုင်ရာအတွေးအခေါ်နှင့် ပတ်သက်သောစံနမူနာ (paradigm) ပြောင်းလဲခြင်းကိုပြသည်။) ဖွဲ့စည်းမှုစနစ် (system) ဆိုသည်မှာ အဆက်အစပ်မရှိသောအစိတ်အပိုင်းကလေးများကို စုစည်းထားရုံသာမဟုတ်ဘဲ ထိုအစိတ်အပိုင်းကလေးများအချင်းချင်း တုံ့ပြန်မှုများဖြင့် အနုစိတ်ဖွဲ့စည်းထားသောအဖွဲ့အစည်း တစ်ခုဖြစ်သည်။ လွတ်လပ်သောလူသားများသည် လူ့ဘဝအသွင်အပြင်အမျိုးမျိုးတွင် သဘာဝ ပတ်ဝန်းကျင်နှင့် မည်ကဲ့သို့ဆက်နွယ်နေသည်ကို လေ့လာသည်။ နောက်ဆုံးတွင် ပို့ချသူက ဒေသတွင်းအဆင့်မှ ကမ္ဘာ့ဆင့်အထိ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုက အသက်ရှင်သန်မှုကို မည်ကဲ့သို့ခြိမ်းခြောက်နေသည်ကို ခိုင်မာသောသက်သေများနှင့်ဆွေးနွေးမည်။ ဖွံ့ဖြိုးတိုးတက် စေရန်ခေတ်နှင့်အညီ လုပ်ဆောင်လိုသည့်အတွေးအခေါ်များ၊ အမြစ်တွယ်နေသော လောဘ တရားနှင့်များများထုတ်၊ များများသုံးဝါဒတို့နှင့် မကြာခဏဆက်နွယ်နေသည့် စက်မှုထွန်းကား သည့်ယဉ်ကျေးမှုတို့ကဲ့သို့သော ပတ်ဝန်းကျင်ပျက်စီးမှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်းကို ရှင်းပြမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့်လုပ်ဆောင်မှု** -

- ကျောင်းသားများသည်သဘာဝပတ်ဝန်းကျင်နှင့် ၎င်းတို့၏ဆက်နွယ်မှုကို ဆန်းစစ်ကြမည်။
- လူနှင့်ပတ်ဝန်းကျင်တို့အကြား ဆက်နွယ်မှုကို ကိုင်တွယ်ဖြေရှင်းကာ ယင်းတို့၏ရှုထောင့်နှင့် အမြင်များကို တင်ပြကြမည်ဖြစ်သည်။
- ထိုဆက်နွယ်မှုပြိုကွဲသွားသည့်အခါ ဖြစ်ပေါ်လာနိုင်သည့်ပြဿနာများနှင့် အကြောင်းခြင်းရာ များကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများသည် လူနှင့်သဘာဝတို့အကြား ဆက်နွယ်မှုကို ဂေဟပြဿနာ တစ်ခုက ခြိမ်းခြောက်ခံရသောအခါ မည်ကဲ့သို့ဖြစ်ပျက်မည်ကို ရေးသားရမည်။

## ပဥ္စမပတ် - ဂေဟာသတင်းအတတ်ပညာကျွမ်းကျင်မှုများ၏အခြေခံမူများနှင့် နည်းလမ်းများ

**အကြောင်းအရာများ** - အသက်ရှင်သန်မှုအားတာရှည်တည်တံ့စေသော ကမ္ဘာတစ်ခုကို ဖန်တီးရာတွင် ၂၁ရာစုနှစ်၏အဓိကစိန်ခေါ်မှုများတွင် တစ်ခုအဖြစ်ပါဝင်နေသည်မှာ ဗိုလ်ကျစီးမိုးသော ထုတ်လုပ်ရောင်းဝယ်မှုအတွေးအခေါ် (hegemonic consumerism ideology) ကို ဖျက်သိမ်းပြီး ဂေဟာအတွေးအခေါ် (eco-ideology) ကို ဖန်တီးရန်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ဂေဟာသတင်းပညာရှင်တစ်ဦးအနေဖြင့် ထိုကဲ့သို့သောအမြင်နှင့်ဗဟုသုတများရှိနေရုံမျှမက ပညာပါသော၊ ဖန်တီးမှုပါသောကျွမ်းကျင်မှုများ ရှိထားရန်ဖြစ်သည်။

### ကျောင်းသားများ အဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု -

- ကျောင်းသားများသည် စာသင်ခန်းအတွင်း အုပ်စုဆွေးနွေးပွဲများတွင်ပါဝင်ကာ ဂေဟာသတင်းအတတ်နှင့်ဆိုင်သောကျွမ်းကျင်မှုများနှင့် ပတ်သက်ပြီး ၎င်းတို့တွေ့ရှိထားသည်များကို ရှင်းလင်းတင်ပြရန်ဖြစ်သည်။
- ကျောင်းသားများသည် ဂေဟာသတင်းအတတ်ပညာနယ်ပယ်တွင်ရှိသည့် မီဒီယာပညာရှင်များနှင့် သုတေသနပညာရှင်များကကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပါဝင်ရမည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများသည် ဂေဟာသတင်းထောက်တစ်ဦးအနေဖြင့် ယင်းတို့၏ လုပ်ဆောင်နိုင်မှုများ (capacities) ကို ဖွံ့ဖြိုးအောင်လုပ်ရာတွင် ယင်းတို့တွေ့ရှိထားသည့် ကျွမ်းကျင်မှုများအကြောင်း ဆောင်းပါးရေးရမည်။

## ဆဌမပတ် - တခြားသောသတင်းအတတ်ပညာပုံစံများနှင့် ဆက်နွယ်သော ဂေဟာသတင်းအတတ်ပညာ၏ကဏ္ဍ

**အကြောင်းအရာများ** - ပို့ချသူများက ခေတ်ပြိုင်မီဒီယာပတ်ဝန်းကျင် (ဥပမာ၊ စုံစမ်းထောက်လှမ်းသောသတင်းအတတ်ပညာ၊ သတင်းအတတ်ပညာအသစ် (new journalism) အဝါရောင်စာနယ်ဇင်းအတတ်ပညာ (yellow journalism) စသည်ဖြင့်)တွင် မတူညီသည့်သတင်းအတတ်ပညာအမျိုးအစားများကကိုယ်စားပြုသည့် လူမှုရေးဆိုင်ရာကိစ္စများကို ဆွေးနွေးရမည်။ ဂေဟာသတင်းအတတ်ပညာအတွက် အခန်းကဏ္ဍကို ရှာဖွေထုတ်ဖော်ရမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့်လုပ်ဆောင်မှု -**

- ကျောင်းသားများက သတင်းအတတ်ပညာပုံစံအမျိုးမျိုးကို ဖော်ထုတ်လျက် မိမိတို့အကြား ကွဲပြားမှုများ၊ ဆင်တူမှုများကို ဆွေးနွေးရမည်။ နှိုင်းယှဉ်မှုများတွင် ဂေဟသတင်းအတတ်ပညာနှင့်ဆက်နွယ်သည့်ပါဝင်သောအကြောင်းအရာ၊ နည်းလမ်းများနှင့် လူမှုရေးအလုပ်များ ပါဝင်သည်။
- ကျောင်းသားများက မီဒီယာကတင်ပြသောအကြောင်းအရာများနှင့်ပတ်သက်၍ လက်တွေ့ပြုလုပ်ပြီး စာသင်ခန်းအတွင်း အခြားသူများ၏အကြံဉာဏ်များရရန် ရှင်းလင်းတင်ပြမှု ပြုလုပ်ရမည်။ အဖွဲ့ကပြုလုပ်ထားသော ကွင်းဆင်းသုတေသနကိုအခြေခံ၍ မီဒီယာနှင့်ဆိုင်သောအကြောင်းအရာများကို အခြားကျောင်းသားများက တင်ပြနိုင်သည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများသည် အခြားသောသတင်းအတတ်ပညာအလေ့အထများ/ကျင့်သုံးပုံများနှင့်နှိုင်းယှဉ်လျှင် ဂေဟသတင်းအတတ်ပညာကို မည်ကဲ့သို့နားလည်ကြောင်း ရေးသားရမည်။

---

## သတ္တမပတ် - မတူညီသောအဆင့်များတွင်ရှိသည့်ဂေဟသတင်းအတတ်ပညာ

**အကြောင်းအရာများ** - ဤရက်သတ္တပတ်အတွင်း ပို့ချသူက ရပ်ရွာ၊ ဒေသ၊ နိုင်ငံနှင့် ကမ္ဘာ့အဆင့်များတွင် ဂေဟသတင်းအတတ်ပညာက မည်ကဲ့သို့အလုပ်လုပ်သည်ကို ရှင်းလင်းပြမည်။ သဘာဝနှင့်ဂေဟပြဿနာများသည် အောက်ခြေ (micro) အဆင့်မှ အထက် (macro) အဆင့်သို့အမျိုးမျိုးပြောင်းလဲသွားသည်ကိုနားလည်ရန် အရေးကြီးသည်။ ဂေဟပြဿနာတစ်ခုတွင် ဆက်နွယ်နေသော နယ်ပယ်၊ ဦးတည်အုပ်စုများကို မျက်ခြည်မပြတ် ကြည့်ရှုလေ့လာရမည်။ သက်ဆိုင်ရာအဆင့်တစ်ခုတွင်အသုံးပြုရမည့် မီဒီယာပုံစံများ နှင့် (ယင်းတို့နှင့်ပေါင်းစပ်မှုများ)ကို ရှာဖွေရမည်။ ထို့နောက် သမားရိုးကျမီဒီယာ၊ ခေတ်သစ်မီဒီယာ သို့မဟုတ် မီဒီယာအသစ်များ၏လုပ်ငန်းတာဝန်များကို ရေးဆွဲရမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့်လုပ်ဆောင်မှု-**

- ကျောင်းသားများက မိမိတို့၏ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ဂေဟဗေဒပြဿနာများကိုရှာဖွေရမည်။ ထို့မှတစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် အကြောင်းအရာများကို တိုးချဲ့ဆွေးနွေးရမည်။ ဤသို့ပြုလုပ်ရာတွင် ဂေဟသတင်းထောက်တစ်ဦးအနေဖြင့် ပြဿနာများအား မည်ကဲ့သို့ဖြေရှင်းရမည်ကို ရှာဖွေရန်ဖြစ်သည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများအနေဖြင့် ရပ်ရွာ၊ ဒေသ၊ နိုင်ငံနှင့် ကမ္ဘာအဆင့်များတွင် တွေ့ရှိ ရသော ဂေဟစနစ်ဆိုင်ရာပြဿနာများအကြောင်း ရေးသားရမည်။ ဤသို့ရေးသားရာတွင် ၎င်း ပြဿနာများသည် အချင်းချင်းကိုယ်အင်္ဂါအစိတ်အပိုင်းစံနစ်တစ်ခု (organic system) အဖြစ် မည်ကဲ့သို့ ဆက်နွယ်မှုရှိကြောင်း သုံးသပ်ရမည်ကို ဂရုပြုပါ။

---

## အဌမပတ် - လူသားများနှင့်ဂေဟသတင်းအတတ်ပညာတို့၏အနာဂတ်

**အကြောင်းအရာများ** - ဤရက်သတ္တပတ်အတွင်း ပို့ချသူက ကမ္ဘာပေါ်တွင် အန္တရာယ်များ ခြိမ်းခြောက်နေခြင်း၊ ဝင်ရိုးစွန်းများတွင် ရေခဲများအရည်ပျော်ခြင်း၊ အိုဇုန်းလွှာပျက်သုဉ်းခြင်း၊ ရာသီဥတုများလွန်ကဲခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အဆိပ်ဓာတ်ငွေ့များ၊ အခြားသောဂေဟစနစ် ကို ပျက်စီးစေသည့်အရာများအပါအဝင် ဂေဟပြဿနာများအကြောင်းကို ကမ္ဘာ့အမြင်မှဆန်းစစ် မည်။ အဓိကပေးလိုသည့်အချက်မှာ လက်ရှိကမ္ဘာကြီးအားတူညီလာအောင် ပြုလုပ်ရန် တွန်းအား ဖြစ်ခဲ့သည့် ခေတ်ဟောင်းမှလူမှုရေးဖြေရှင်းမှုပုံစံသို့ နောက်ပြန်ကျရောက်မသွားအောင် လူသားများ အနေနှင့် မည်သို့တားဆီးနိုင်မည်ဆိုသည့်အချက် ဖြစ်သည်။

**ကျောင်းသားများအုပ်စုလိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု -**

- ကျောင်းသားများက အုပ်စုငယ်များခွဲ၍ ကမ္ဘာ့အဆင့် ဂေဟစနစ်ပြဿနာတစ်ခုကို ရွေးချယ် ကာ ထိုပြဿနာ၏သဘောသဘာဝ၊ ဖြစ်ရသည့်အကြောင်းရင်းနှင့် လူသားများ နှင့် တခြားမျိုးစိတ်များအပေါ် ၎င်း၏သက်ရောက်မှုတို့နှင့်ပတ်သက်ပြီး အချက်အလက် များ ရနိုင်သလောက်ရှာဖွေရန်နှင့် စာသင်ခန်းအတွင်း ရှင်းလင်းတင်ပြရန်ဖြစ်သည်။
- တွေ့ရှိထားသည့်အန္တရာယ်များနှင့်အကျပ်အတည်းများအား ကျော်လွှားနိုင်ရန် သိပ္ပံပညာရှင် များနှင့် တွေးခေါ်သူများရှာဖွေနေသည့်ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအကြောင်း ကျောင်းသားများကဆွေးနွေးရမည်၊ ယင်းပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ဂေဟသတင်းထောက် များ၏ကဏ္ဍကို အဓိကထားမည်။

**လေ့ကျင့်ခန်း** - ကျောင်းသားအုပ်စုတစ်စုစီကရွေးချယ်ထားသော ကမ္ဘာ့အဆင့်ဂေဟပြဿနာ တစ်ခုနှင့်ပတ်သက်၍ ရေးသားတင်ပြရမည်။ ဤသို့ရေးသားရာတွင် ကမ္ဘာဂြိုလ်ရှင်သန်မှု (planetary survival) နှင့် လူနှင့်ကမ္ဘာ့ပတ်ဝန်းကျင်တို့ သဟဇာတဖြစ်သည့် ခေတ်အမြင် (ecozoic vision) တို့နှင့်ပတ်သက်၍ ဆွေးနွေးပညာပေးမှုကို အဓိကထားမည်။

## နဝမပတ် - ဂေဟသတင်းအတတ်ပညာနှင့်လူသားဝါဒ

**အကြောင်းအရာများ** - ပို့ချသူက လူသားများနှင့်သဘာဝတို့အကြား ဆက်နွယ်မှုပျက်ယွင်းသွားပုံ၊ လက်ရှိစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဟန်ချက်ပျက်သွားပုံများအား ဆွေးနွေးမည်။ လူသားများဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အစားထိုးပညာပေးဆွေးနွေးမှုအသစ်များကို အာရုံစူးစိုက်ရမည်။ လူသားများ၏ စိတ်ခံစားရေးရာဖွံ့ဖြိုးမှု၏ အရေးကြီးပုံကိုဆွေးနွေးမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု** -

- ကျောင်းသားများက သဘာဝတရားနှင့် လူသားများအကြား ဆက်နွယ်မှုသမိုင်းကြောင်းနှင့် ၎င်းဆက်နွယ်မှုအပြောင်းအလဲကို ဖော်ဆောင်သည့် လုံးလုံးလျားလျား ပြောင်းလဲမှုများကို လေ့လာဆန်းစစ်ကြရမည်။
- ကျောင်းသားများသည် လူသားဝါဒနှင့်ပတ်သက်သည့် ပညာပေးဆွေးနွေးမှုအသစ်လိုအပ်မှု၊ ၎င်းဆွေးနွေးမှုနှင့်အတူ "ကမ္ဘာဂြိုလ်နှင့်ဆိုင်သောအသိ"နှင့် ၎င်းကို ဂေဟသတင်းအတတ်ပညာဖြင့် မည်ကဲ့သို့မြှင့်တင်ရမည်ကို ဆွေးနွေးမည်။

**လေ့ကျင့်ခန်း**- ကျောင်းသားများက ဂေဟသတင်းအတတ်ပညာဖြင့် ကမ္ဘာဂြိုလ်နှင့်ဆိုင်သောအသိအားမြှင့်တင်ခြင်းအကြောင်းကို အချေအတင်ဆွေးနွေးမည်။ လူသားများဖွံ့ဖြိုးမှု အပေါ်ခြုံငုံကြည့်ရှုသောအမြင်နှင့်ပတ်သက်၍ ဆောင်းပါးရေးရမည်။

## ဒသမပတ် - ဂေဟသတင်းအတတ်ပညာဆိုင်ရာကျင့်ဝတ်များ

**အကြောင်းအရာများ** - ပို့ချသူက ၎င်းကမ္ဘာဂြိုဟ်ပေါ်တွင်ရှိသမျှသော သက်ရှိများအား အကာအကွယ်ပေးရန်နှင့် ကမ္ဘာဂြိုဟ်ရှင်သန်မှုတို့အတွက် စိန်ခေါ်မှုများနှင့် ဆက်နွယ်နေသောကျင့်ဝတ်ပိုင်းဆိုင်ရာ အရေးကြီးမှုများကို ဆွေးနွေးမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု** - ကျောင်းသားများသည် မျက်မှောက်ခေတ်ဂေဟဆိုင်ရာစိန်ခေါ်မှုများ၊ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များနှင့် ဆက်နွယ်သော ကျင့်ဝတ်ပိုင်းဆိုင်ရာအရေးကြီးမှုများနှင့် ဂေဟသတင်းအတတ်ပညာကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သည့်သတင်းစာဆရာတစ်ဦးအတွက် လိုက်နာရန်ကျင့်ဝတ်များကို ဆွေးနွေးမည်။

**လေ့ကျင့်ခန်း** - ဂေဟသတင်းအတတ်ပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့်ဖြစ်နိုင်သောကျင့်ဝတ်များကို တင်ပြရမည်။

## ဧကာဒသမပတ် - ဂျေဟာသတင်းအတတ်ပညာ၏ဥပဒေရေးရာအသွင်အပြင်များ

**အကြောင်းအရာ** - ဤအပတ်အတွင်း ပို့ချသူက လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအတွင်း ပြဌာန်းချက်များနှင့်သဘာဝပတ်ဝန်းကျင်အားကာကွယ်ရန်ရည်ရွယ်သည့် နိုင်ငံတကာဥပဒေနှင့်စပ်လျဉ်းပြီး ဥပဒေနည်းလမ်းများကို ဝေဖန်ပိုင်းခြားမှုဖြင့် ဆွေးနွေးမည်။

**ကျောင်းသားများအုပ်စုလိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု** -

- ကျောင်းသားများအား အုပ်စုများခွဲ၍ သဘာဝပတ်ဝန်းကျင်အား ကာကွယ်ခြင်းနှင့် ပတ်သက်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် ဥပဒေဆိုင်ရာ အကြောင်းအရာ (issue) တစ်ခုကို ရွေးချယ်ရမည်။ စာသင်ခန်းအတွင်း တင်ပြနိုင်ရန် ၎င်းပြဿနာအား ဝေဖန်ပိုင်းခြားသောသုံးသပ်မှုပြုလုပ်ရန် သတိထားရမည်။
- သဘာဝပတ်ဝန်းကျင်ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့က ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ကျောင်းသားများ ပါဝင်ဆွေးနွေးရမည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများသည် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် ဒေသတွင်း အကြောင်းအရာတစ်ခုအပေါ် ဥပဒေဆိုင်ရာရှုထောင့်များပါသော ဝေဖန်ဆန်းစစ်သည့် ဆောင်းပါးတစ်ပုဒ် ရေးရမည်။

## ဒွါဒသမပတ် - ဂျေဟာသတင်းအတတ်ပညာဆိုင်ရာသုတေသနပြုလုပ်ခြင်း

**အကြောင်းအရာ** - ကျောင်းသားများသည် ပြန်ကြားဆက်သွယ်ရေးသုတေသန၏အခြေခံများ (fundamentals) ဖြစ်သည့် လေ့လာဆန်းစစ်မှုများ၊ သတင်းအကြောင်းအရာကို သရုပ်ခွဲသုံးသပ်ခြင်းများ (content analysis) ဖြစ်ရပ်လေ့လာမှုများ (case studies) ကို ကျောင်းသားများအား ရှင်းပြရမည်။ ထို့နောက် ပြည်သူလူထုအား အစီရင်ခံစာတစ်ခုတင်ပြမည်။

**ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု** -

- ကျောင်းသားများအနေဖြင့် ပတ်ဝန်းကျင်ပြဿနာများအား ယေဘုယျစနစ်သီအိုရီ (general systems theory) နှင့်ပတ်သက်သောအမြင်များဖြင့် ဆန်းစစ်ရမည်။
- ကျောင်းသားများသည် ရွေးချယ်ထားသော ဂျာနယ်သုတေသနစာတမ်းများကို ဖတ်ရမည်။ ထို့နောက် တွေ့ရှိချက်များကို ပြည်သူလူထုအားအသိပေးရန်အတွက် သတင်းများ (media messages) ပြင်ဆင်ရမည်။

### လေ့ကျင့်ခန်း

- ► ကျောင်းသားများသည် အုပ်စုများခွဲကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရာ တစ်ခုကို သုတေသနပြုလုပ်ရန် ရွေးချယ်ရမည်။ တွေ့ရှိချက်များကို စာသင်ခန်းအတွင်း တင်ပြရမည်။
- ► ကျောင်းသားများက ဂေဟဗေဒပြဿနာတစ်ခုနှင့်ပတ်သက်၍ မီဒီယာနည်းလမ်းတစ်ခုကို ရွေးချယ်ရမည်။ ပါဝင်သည့်အချက်များကို သရုပ်ခွဲသုံးသပ်ရမည်။

---

## တေရသမပတ် - ဂေဟသတင်းအတတ်ပညာတွင်စီမံခန့်ခွဲမှု

**အကြောင်းအရာ** - ပို့ချသူက ယေဘုယျမီဒီယာစီမံခန့်ခွဲမှုနှင့် ပတ်သက်သောကိစ္စများကို ဆွေးနွေးမည်။ ကမ္ဘာနှင့်အဝှမ်း လက်ရှိ မီဒီယာအကျပ်အတည်းနှင့်ပတ်သက်သော ဖွဲ့စည်းပုံဆိုင်ရာနှင့်ယဉ်ကျေးမှုဆိုင်ရာအတိုင်းအတာများ (structural and cultural dimensions) ကို ဆွေးနွေးမည်။ (ဤသို့ဆွေးနွေးရာတွင် နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်၍ သီးသန့်သာဓကများ ပေးရမည်။) ဂေဟသတင်းအတတ်ပညာကို မြှင့်တင်ပေးမည့် ပြည်သူ့အကျိုးပြုအသံလွှင့်စနစ်များ နှင့်သက်ဆိုင်သော ငွေကြေးထောက်ပံ့ပေးခြင်းနှင့် ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများအပါအဝင် စီမံခန့်ခွဲရေးကိစ္စများကိုလည်း ဆွေးနွေးမည်။

### ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု-

- ► ကျောင်းသားများက အုပ်စုများဖွဲ့၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုမြှင့်တင်ရန် လူထုဆက်သွယ်ရေးလှုပ်ရှားမှုတစ်ခုကို စီစဉ်ရမည်။
- ► အတန်းတွင်းသတ်မှတ်ထားသည့် စီမံအုပ်ချုပ်မှုအခြေခံမူများနှင့် လူထုအခြေပြုမီဒီယာအတွက် စီမံခန့်ခွဲမှုစွမ်းရည်များကို စာရင်းပြုစု၍ တင်ပြရမည်။
- ► ယင်းတို့တွေ့ရှိထားသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအကြောင်း ကြော်ငြာများနှင့် လူမှုကြော်ငြာများကို ပြုလုပ်ရမည်။

### လေ့ကျင့်ခန်း

ကျောင်းသားများသည် အောင်မြင်သောရပ်ရွာအခြေပြုရေဒီယို သို့မဟုတ် နိုင်ငံအတွင်း သို့မဟုတ် ဒေသအတွင်းထုတ်လွှင့်နေသည့် (ဂေဟသတင်းအတတ်ပညာကို လူသိများအောင်ပြုလုပ်သည့်) အများပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်သော ဖြစ်ရပ်လေ့လာမှု (case study) တစ်ခုပြုလုပ်ပြီး ယင်းအကြောင်းဆောင်းပါးတစ်ပုဒ် ရေးသားရမည်။

## စတုဒ္ဒသပတ် - ဂေဟသတင်းအတတ်ပညာ၏ရသ

**အကြောင်းအရာ** - သင်ရိုးပို့ချသူသည် လူနှင့်ကမ္ဘာ့ပတ်ဝန်းကျင်သဟဇာတဖြစ်သည့် ခေတ်ရှုထောင့်သစ်နှင့်ဆိုင်သော အခြေခံရသမူဝါဒများအကြောင်း ဆွေးနွေးမည်ဖြစ်ပြီး သတင်းမှတ်တမ်း၊ ထုတ်လွှင့်ချိန်အတွက် ဖြည့်စွက်သည့်အစီအစဉ်၊ ရုပ်ရှင်ဇာတ်လမ်းတို၊ လူမှုကြော်ငြာနှင့် မီဒီယာအမျိုးအစားတစ်ခုထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အခြေခံနည်းပညာဆိုင်ရာနှင့် တီထွင်ဖန်တီးမှုအကြောင်းများလည်း ပါဝင်မည်။

### ကျောင်းသားများအဖွဲ့လိုက်ဆွေးနွေးချက်နှင့် လုပ်ဆောင်မှု-

- ► ကျောင်းသားများသည် စာသင်ခန်းအတွင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများမှ မီဒီယာသတင်းများနှင့်ပတ်သက်၍ လက်တွေ့ဗဟုသုတတစ်ချို့ ရရှိမည်။
- ► ကျောင်းသားများသည် (အလုပ်သင်ကာလအစိတ်အပိုင်းတစ်ခုအဖြစ်) မီဒီယာဌာနများသို့ သွားရောက်လေ့လာရမည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများသည် မီဒီယာဌာနများသို့သွားရောက်လေ့လာစဉ် ရရှိခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ ဆောင်းပါးတစ်ပုဒ် ရေးရမည်။

### နောက်ဆက်တွဲရည်ညွှန်းစာအုပ်များနှင့် ဖတ်ရန်စာအုပ်များစာရင်း


Mody, B.2003.I nternational and Development Communication: A21st century perspective.Thous and Oaks, Calif.: Sage.

World Commissionon Environmentand Development.1987. Our Common Future. Oxford, Oxford University Press.

Hamelink, C.J.2004. Human Rights for Communicators. Michigan, Hampton Press.

Brown, L.R.etal (eds.) 1996. State of the world; a world watch institute reporton progress to ward a sustainable society. NY, World Watch Institute.

Macy, J.&BrownM. 1998. Coming Back to Life: Practices to Reconnect Our Lives,Our World.British Columbia,Canada,New Society Publishers.

O'Sullivan, E.1999. Transformative learning: educational vision for the 21st century. Toronto, University of Toron to Press.

Fox, W. 1990. To ward Transpersonal Ecology. Boston, Shambala.

Giddens, A. 1990. The Consequences of Modernity. Stanford,Stanford University Press.

Henderson, H. 1996. Creating Alternative Futures: The End of Economics (Kumarian Press Books for a world that works). West Hartford CT, Kumarian Press.

Herman, E.&Chomsky, N. 1988. Manufacturing Consent. New York, Pantheon Books.

Shiva, V. 1995. Monocultures of the Mind: Perspectiveson Biodiversity and Biotechnology. London, Zed books..

# ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းရေးသားပေးပို့ခြင်း

ဖီးလစ်(ပ်)ဗီယယ်လွန် (Philippe Viallon)

"ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း" အကြောင်း သင်ကြားရာတွင်အတွေးအခေါ်ပိုင်းနှင့် ကွင်းဆင်းလေ့လာမှုအပိုင်းတို့ကို ပေါင်းစပ်ထားသည့်နည်းလမ်း လိုအပ်သည်။ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် ခေတ်စားနေသောအယူအဆတစ်ခုနှင့် ဆယ်စုနှစ်များစွာ သက်တမ်းရင့်နေသောအမှန်တရား (decades-old reality)၊ လုပ်ငန်းဆောင်ပုဒ် (business sologan) နှင့် တကယ့်ဘဝအတွေ့အကြုံတို့နှင့် ကမ္ဘာ့မြောက်ပိုင်းနှင့်တောင်ပိုင်းတို့၏ဆန့်ကျင်ဘက်အမြင်တို့အကြား တည်ရှိနေသည်။ ၎င်းသည်သတင်းစာဆရာများမှတစ်ဆင့် ပြည်သူလူထုအား ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုပုံစံတစ်မျိုး လိုအပ်နေသည်ကို သိရှိစေသည်။ ထိုရေရှည်တည်တံ့ဖွံ့ဖြိုးမှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏အမြင်များကို ရောင်ပြန်ဟပ်ပြခြင်းထက် ဒေသခံရပ်ရွာလူထု၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

**ဘာသာရပ်အဆင့်** - ဤဘာသာရပ်အား သတင်းအတတ်ပညာဘွဲ့ (bachelor’s degree) ရရှိပြီး သတင်းအတတ်ပညာမဟာဘွဲ့ (master’s degree) ပထမနှစ်ကျောင်းသားများအတွက် ရေးဆွဲထားသည်။ လူသားများ အဓိကအားဖြင့်လုပ်ဆောင်သည့် ခရီးသွားလုပ်ငန်း၊ ပိုမိုတိကျစွာ ပြောရလျှင် အသစ်ပေါ်ပေါက်လာသောဘာသာခွဲများအနက် တစ်ခုဖြစ်သည့် ရေရှည်တည်တံ့သော ခရီးသွားလာခြင်းကိုဆွေးနွေးရာတွင် အခြေခံများချပေးရန် ရည်ရွယ်သည်။ ဤဘာသာရပ်က သတင်းစာဆရာဖြစ်လာကြမည့်သူများအား ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူသားများအရေးစိန်ခေါ်မှုများကိုနားလည်စေမည်။ ကမ္ဘာသူ၊ ကမ္ဘာသားများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပိုမိုကြွယ်ဝစေမည်။

**ဘာသာရပ်အားဖော်ပြခြင်း** - ဤဘာသာရပ်သည် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းကို သတင်းအတတ်ပညာရှင်များ နားလည်စေရန်ရည်ရွယ်သည်။ ဤဘာသာရပ်သည် သဘောတရားအားဖြင့် ခေတ်စားနေသောအယူအဆတစ်ခုနှင့် ဆယ်စုနှစ်များစွာ သက်တမ်းရင့်နေသော အမှန်တရား (decades-old reality) အကြား၊ လုပ်ငန်းဆောင်ပုဒ် (business sologan) နှင့် တကယ့်ဘဝအတွေ့အကြုံ) အကြားနှင့် ကမ္ဘာ့မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏ဆန့်ကျင်ဘက်အမြင်များတို့အကြား ရှုပ်ထွေးစွာတည်ရှိနေသည့်အတွက် ယင်းဘာသာရပ်ကိုသင်ရာတွင် အတွေးအခေါ်ပိုင်းနှင့် လက်တွေ့ကွင်းဆင်းလေ့လာမှုတို့ကို ပေါင်းစပ်ထားသည့်နည်းလမ်းကိုသုံးရန် လိုအပ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ရှုထောင့်များကို ရောင်ပြန်ဟပ်ပြသည်ထက် ဒေသခံရပ်ရွာများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတစ်ခုလိုအပ်ကြောင်း စာဖတ်ပရိသတ်များ သိရှိစေရန် လိုအပ်သည်။

**သင်ကြားရေးချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း** - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအကြောင်း ဆွေးနွေးသည်မှာ လွယ်ကူသကဲ့သို့ ခက်ခဲသည်ဟုလည်း ပြော၍ရသည်။လွယ်ကူသည်ဟုဆိုနိုင်သည်မှာ ဤရာစုနှစ်အစပိုင်းမှစ၍ ဤစကားလုံးကိုခရီးသွားလုပ်ငန်းများ၊ အများပိုင်နှင့်အများတစ်ဝက်ပိုင်အဖွဲ့အစည်းများအကြားတွင် ပို၍ပို၍သုံးစွဲလာသောကြောင့်ဖြစ်သည်။ ခက်ခဲသည်ဟုဆိုရခြင်းမှာ ဤဘာသာရပ်၏အယူအဆမှာ ပင်ကိုယ်အားဖြင့် ဒွိဟဖြစ်စေသောကြောင့်ဖြစ်သည်။ (ရေရှည်တည်တံ့သောဟုဆိုရာတွင် ခရီးသွားလုပ်ငန်း၏စီးပွားရေးအသွင်အပြင်နှင့် ယင်း၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာရှုထောင့်များကိုပါ ညွှန်းဆိုသည်။) ထို့အပြင် ယင်း၏ဝိသေသများ၊ နာမဝိသေသနများကို ၎င်းနှင့်ပေါင်းစပ်၍လည်းကောင်း၊ ယင်းအစားသော်လည်းကောင်း အသုံးပြုနေသဖြင့် မည်သည့်အကြောင်းအရာနှင့်ပတ်သက်သည်၊ ယင်းတို့အချင်းချင်းမည်ကဲ့သို့ကွဲပြားသည်ကို မသိနိုင်ဘဲ ရှင်းလင်းမှုမရှိပါ။ ယင်းဝိသေသများမှာ စည်းလုံးညီညွတ်မှု၊ ဂေဟဗေဒဆိုင်ရာ၊ စိမ်းစိုသော၊ တရားမျှတသောကုန်သွယ်မှု၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝတရားနှင့်ဆိုင်သော၊ တာဝန်ရှိသော၊ ကျင့်ဝတ်နှင့်ဆိုင်သော စသည်တို့ဖြစ်သည်။ ယင်းအသုံးအနှုန်းများကို အခြားဘာသာစကားများဖြင့်ဘာသာပြန်သော်လည်း အလွယ်တကူနားလည်နိုင်

စေမည်မဟုတ်။ အင်္ဂလိပ်ဘာသာဖြင့် sustainable နှင့် စပိန်ဘာသာဖြင့် sostenible တို့သည် ပြင်သစ်စကားလုံး durable နှင့် အလေ့အကျင့်အားဖြင့် ကွဲပြားသည်။ ထိုစကားလုံးများကို ထိုနိုင်ငံများ၏ဓလေ့ထုံးစံအသီးသီးဖြင့်၊ ယင်းနိုင်ငံများ၏ယဉ်ကျေးမှုများအရ မတူညီသော သဘာဝပတ်ဝန်းကျင်၏အရေးပါပုံများကို အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။

အဘယ်ကြောင့် ဤအယူအဆသည် ဤနည်းဖြင့်ပွားများသည်ကိုနားလည်ရန် လိုအပ်သည်။ ပထမဆုံးအချက်မှာ ကမ္ဘာတစ်ဝှမ်း သိသာထင်ရှားစွာဖွံ့ဖြိုးတိုးတက်လာသည့် ခရီးသွားလုပ်ငန်းဖြစ်သည်။ ၁၈ရာစုနှစ်များအတွင်း အလယ်အလတ်တန်းလွှာများနှင့်မတူညီလိုသော နိုင်ငံရေးအာဏာ[၃၈] ရယူခဲ့ကြသည့် အင်္ဂလိပ်အစိုးရအရာရှိကြီးများက တီထွင်ခဲ့သည့် ခရီးသွားလုပ်ငန်းသည် လူတန်းစားအလွှာတစ်ခုနှင့်တစ်ခုအတုယူကြရာမှ ဥရောပတစ်ခွင်ပျံ့နှံ့ခဲ့သည်။ ခရီးသွားလုပ်ငန်း အလေ့အကျင့်နောက်မှနေရာဒေသများ တီထွင်လာသည်။ ဥပမာ ပြင်သစ်ရီဗီရာ (Riviera) သည် မူလက ယင်း၏ သိပ်မအေးလွန်းသောရာသီဥတုကြောင့် ဆောင်းရာသီတွင် လူကြိုက်များခဲ့သော်လည်း နောက်ပိုင်းတွင် ၂၀-ရာစု၏ဖက်ရှင်တစ်ခုဖြစ်သည့် နေပူဆာလှုံခြင်းကြောင့် နွေရာသီတွင် လူကြိုက်များလာသည်။ ကမ္ဘာစစ်ကြီးနှစ်ခုက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေခဲ့သည်။ သို့ရာတွင် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းနှင့် အမျိုးမျိုးသောလူတန်းစားများက ခရီးသွားလုပ်ငန်းတွင် ပိုမိုများပြားသော အသွင်သဏ္ဍာန်ဖြင့် ပါဝင်လာခြင်းကြောင့် လုံးဝရပ်တန့်သွားခြင်းမရှိပါ။ ဒုတိယကမ္ဘာစစ်အပြီး နှစ်သုံးဆယ်အကြာတွင် ခရီးသွားလုပ်ငန်း အရှိန်ရလာပြီး နိုင်ငံသစ်အများအပြားသို့ ပျံ့နှံ့သွားသည်။ ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) ၏ စာရင်းဇယားများအရ[၃၉] ခရီးသွားလုပ်ငန်းသည် ပုံမှန်နီးပါးတိုးမြင့်လာကာ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာကမ္ဘာလှည့်ခရီးသွားအရေအတွက်မှာ တစ်ဘီလီယံနီးပါး ရှိခဲ့သည်။ အကယ်၍ ပြည်တွင်းခရီးသွားအရေအတွက်ကို ထည့်ပေါင်းပါက ခရီးသွားလုပ်ငန်းသည် အမြင့်ဆုံးအလွှာအတွက်သာမဟုတ်တော့ဘဲ ယေဘုယျအားဖြင့် လူအများလက်လှမ်းမီလာသောအရာဖြစ်ကြောင်း သိသာထင်ရှားသည်။ လူမှုရေးပညာရှင်များက လူသားတို့သည် အခြေခံလိုအပ်ချက်များ ပြည့်စုံလာပြီးနောက် ၎င်းတို့နောက်ထပ်လိုအပ်သောအရာမှာ မော်တော်ကားနှင့်ခရီးသွားခြင်း တို့ဖြစ်ကြောင်း ပြသခဲ့ကြသည်။[၄၀] ဤဖွံ့ဖြိုးတိုးတက်မှုသည် ရပ်တံ့သွားမည်မဟုတ်ဟူသည့်အချက်ကို ပညာရှင်များက ယခုအခါ သဘောတူလာကြသည်။[၄၁] အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် လူလတ်တန်းစားအလွှာသစ်ပေါ်ထွန်းလာခြင်းက ကမ္ဘာလှည့်ခရီးသွားများ တိုးလာစေရန် တစ်စိတ်တစ်ဒေသပါဝင်သည်။ ယင်းကဲ့သို့ အရေအတွက်များစွာ သွားလာမှုက စီးပွားရေးအရ အကျိုးသက်ရောက်မှုထင်ရှားစွာဖြစ်ပေါ်စေသည်။ ကမ္ဘာ့မြောက်ပိုင်းနှင့် တောင်ပိုင်းနှစ်ခုလုံးရှိ နိုင်ငံ

---

၃၈ BoyerandViallon(1994).

၃၉ UNWTO (2014)

၄၀ Boyer (1972) and (1999), McCabbek (1976), Cohen (1972)

၄၁ UNWTO (2014), Duhamel and Kadri (2011), Ghimire (2001)

အများစုတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏အသားတင်ထုတ်ကုန်တန်ဖိုး (GDP) ရရှိစေသည့် ထိပ်တန်းလုပ်ဆောင်ချက် ၅ ရပ်တွင် ပါဝင်သည်။ [၄၂] ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အသားတင် ထုတ်ကုန်တန်ဖိုး (GDP) ၏ ၉% ရှိသည်။ ကမ္ဘာတစ်ဝှမ်း လူဦးရေသန်း ၂၀၀ နီးပါးသည် ခရီးသွား လုပ်ငန်းမှ တိုက်ရိုက်ဝင်ငွေရကြကြောင်း UNWTO က မှတ်ချက်ပြုထားသည်။ [၄၃] ထို့ကြောင့် စီးပွားရေးအမြတ်အစွန်းလည်း အလွန်များသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံ အများအပြားအတွက် နိုင်ငံခြားဝင်ငွေ ရှာပေးသည့် အရေးပါသောနည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံအများအပြားတွင် ခရီးသွားလုပ်ငန်းကိုခေတ်မီ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသောလမ်းကြောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ [၄၄] ဤစီးပွားရေးအသွင်အပြင်က လူမှုရေးနှင့် နိုင်ငံရေးရှုထောင့်များကို ဖြစ်ပေါ်စေသည်။ ခရီးသွားများအား ဆွဲဆောင်ရန် အကောင်းဆုံးသောမူဝါဒမှာ အဘယ်နည်း။ အိမ်ရှင်များနှင့် ခရီးသွားများအကြား ဆက်ဆံရေးကို မည်သို့စီမံထိန်းသင့်သနည်း။ ခရီးသွားလုပ်ငန်းမှ အမြတ်အစွန်းများကို လူထုအတွင်း မည်သို့ခွဲဝေ သင့်သနည်း။ ခရီးသွားလုပ်ငန်းကို ခေတ်ပေါ်ကိုလိုနီဝါဒအသစ်တစ်ခု ဖြစ်မလာအောင် မည် သို့ကာကွယ်တားဆီးနိုင်သနည်း။ ယေဘုယျအားဖြင့်ဆိုရလျှင် ပြည်သူများအား မည်သို့စီမံခန့်ခွဲမည် နည်းစသည်တို့ဖြစ်သည်။

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအကြောင်းကို နားလည်နိုင်ရန် ဒုတိယအရေးကြီးသော အချက်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်ဖြစ်သည်။ ရာစုနှစ်များစွာပင် လူ့အသိုင်းအဝိုင်း သည် မိမိတို့လုပ်ဆောင်မှုများ၏ သဘာဝပတ်ဝန်းကျင်အပေါ် ဂယက်ရိုက်မှုများအတွက် စိုးရိမ်ရန် မလိုဘဲ ဖွံ့ဖြိုးတိုးတက်နိုင်ခဲ့ကြသည်။ ၁၉ ရာစု နှင့် ၂၀ ရာစုတွင် စက်မှုထွန်းကားလာခြင်းက လူသားများကို နယ်ပယ်အများအပြားတွင် သိသာထင်ရှားစွာတိုးတက်မှုများ ရရှိစေခဲ့သော်လည်း ယင်းတို့၏ပတ်ဝန်းကျင်ကို ဖျက်ဆီးနိုင်စွမ်းလည်း မြင့်တက်လာခဲ့သည်။ ယခင်က အချိန်နှင့်နေရာ အကန့်အသတ်ရှိသောပြဿနာများသည် ယခုအခါ ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်လျက်ရှိပြီး ကာလကြာ ရှည်သည်။ ကမ္ဘာကြီးပူနွေးလာမှု [၄၅] နှင့်ပတ်သက်သည့် ငြင်းခုန်မှုများအားလုံးက ကမ္ဘာတစ်ဝှမ်း ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ် (globalization) နှင့် ကြာမြင့်ချိန်ဟူသော အချက်နှစ်ချက်သည် ယခုအခါ နီးကပ်စွာဆက်နွှယ်နေကြောင်း ပြသလျက်ရှိသည်။ ပါဝင်ပတ်သက်သူများ (ခရီးသွား လုပ်ငန်းများ၊ အစိုးရများနှင့် လူထု) တို့သည်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်ကို ဆက် လက်လျစ်လျူရှု၍မရတော့။ ကုမ္ပဏီများ၏လူမှုရေးတာဝန် (CSR) ကဲ့သို့သော ခံယူချက်တစ်ရပ် ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ [၄၆] ယခုအခါ ယင်းလူမှုရေး တာဝန်များတွင် သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေထည့်သွင်းစဉ်းစားရမည့်အခြေအနေသို့

---

၄၂ UNWTO (2014)

၄၃ Ibid

၄၄ Coëffé,PébartheandViolier(2007),p.90.

၄၅ For further information see http://www.ipcc.ch

၄၆ H.Bowen introducedtheconceptof'socialresponsibilitiesof thebusinessman'in1953

ရောက်ရှိနေပြီဖြစ်ရာ ပတ်ဝန်းကျင်အားထည့်သွင်းစဉ်းစားခြင်းသည် ပြည်သူနှင့်ပုဂ္ဂလိက ဘဝများသို့ တိုင်အောင် ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ရာစုအစောပိုင်းတို့တွင်ရှိနေသော ပင်မရေစီးနှစ်ခုတို့၏ ပထမဦးဆုံးသောပေါင်းဆုံရာ ဖြစ်လာခဲ့သည်။ ယင်းတို့မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအရရော၊လူသားနှင့် စိတ်ပညာအရပါ ထင်ရှားသော လူမှုရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်ခြင်းနှင့် လူသားတို့၏လုပ်ဆောင်ချက်များက ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်နေကြောင်း အသိရှိခြင်းတို့ဖြစ်သည်။ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအယူအဆသည် အင်္ဂလိပ်စကားပြောသော ကမ္ဘာ့နိုင်ငံများတွင် ဘရန့်တ်လန်း ၏အစီရင်ခံစာ (Bruntlantland's Report) [၄၇] ဟု လူသိများသည့် ကျွန်ုပ်တို့၏ဘုံအနာဂတ် (Our Common Future) (၁၉၈၇) နှင့် ပြင်သစ်စကားပြောနိုင်ငံများတွင် ရီယိုထိပ်သီးစည်းဝေး (Rio Summit) (၁၉၉၂) မှ စတင်ခဲ့သည်။ နေရာတိုင်းလိုလိုပင် လူသားတို့ လုပ်ဆောင်ချက်ကြောင့် သဘာဝတရားအပေါ် သက်ရောက်မှုကိုလျှော့ချရန် စဉ်းစားခဲ့ကြသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည်လည်း ထိုသက်ရောက်မှုကိုခံနေခဲ့ရသည်မှာ နားလည်ပေးနိုင်စရာဖြစ်သည်။ ယင်းမှာ ကမ္ဘာလှည့်ခရီးသွားများအတွက် လိုအပ်သည့်အထောက်အပံ့ပစ္စည်း၊ အဆောက်အအုံများအတွက် လိုအပ်သည့်မြေနေရာ၊ ကမ္ဘာလှည့်ခရီးသွားများအားပို့ဆောင်ပေးရသောကြောင့် ထွက်ပေါ်လာသည့် ကာဗွန်ခြေရာများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ထွက်ပေါ်လာသောစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုတို့သည် ရင်ဆိုင်ဖြေရှင်းရမည့်ပြဿနာများထဲမှ ဥပမာတစ်ချို့ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်အရေအတွက်များလာသည်နှင့်အမျှ ဤပြဿနာများ များပြားလာသည်။ သုတေသနနှင့်ပတ်သက်၍ ဘာကလီ (Buckley) သည် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း [၄၈] အကြောင်း ရေးသားသည့်စာအုပ်၊ စာစောင် ၅၀၀၀ ထက်မနည်းကို သုံးသပ်ခဲ့သည်။ ဤအကြောင်းကိုသာ သီးသန့်ဖော်ပြသည့်ဂျာနယ်တစ်စောင် (ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဂျာနယ်) [၄၉] ရှိသည်။

ဤသမိုင်းနောက်ခံအကြောင်းကရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းစတင်ဖြစ်ပေါ်လာပုံကို ရှင်းပြသော်လည်း အဓိပ္ပာယ်သတ်မှတ်ရန် ခက်ခဲသည်။ "ခရီးသွားလုပ်ငန်း"၏အယူအဆကို ရှင်းလင်း ဖော်ပြရန်အတွက်တွဲဖက်ဖော်ပြသည့်နာမ်များ၊ နာမဝိသေသနများသည် ပိုမိုရှုပ်ထွေးခြင်းကိုသာ ဖြစ်စေသည်။ ကိစ္စရပ်များပိုမိုရှင်းလင်းစေရန် အဓိကအခြေခံသဘောနှစ်ခုအကြောင်းကိုသာ စဉ်းစားကြည့်ပါက တစ်ဘက်တွင် သဘာဝတရားနှင့် အခြားတစ်ဘက်တွင် ဧည့်သည်နှင့် အိမ်ရှင်အကြားဆက်ဆံရေးတို့ဖြစ်သည်။ ပထမအခြေခံသဘောနှင့်ပတ်သက်၍ "အစိမ်းရောင်ခရီးသွားလုပ်ငန်း" (green tourism)၊ "ဂေဟဗေဒဆိုင်ရာခရီးသွားလုပ်ငန်း" (eco-

---

[၄၇] From the UN World Commission on Environment and Development (WCED)

[၄၈] Buckley (2012), p. 529

[၄၉] Bramwell (1993) and (2012)

logical tourism)၊ "သဘာဝတရားနှင့်ဆိုင်သော/သဘာဝခရီးသွားလုပ်ငန်း" (natural / nature tourism)နှင့် "ဂေဟခရီးသွားလုပ်ငန်း" (ecotourism) ဟူသည့်အသုံးအနှုန်းများသည် လူနှင့် သဘာဝအကြား ဆက်နွယ်မှုပြောင်းလဲလာခြင်းသို့ဦးတည်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းကြောင်းကို ထင်ဟပ်သည်။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနည်းနိုင်သမျှ အနည်းဆုံး ဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ကို အလေးထားသောသူများသည် ယင်းတို့၏စားသောက် မှုပုံစံများ၊ ပတ်ဝန်းကျင်များနှင့် လူနေမှုပုံစံများ ကိုသာမက ယင်းတို့၏ခရီးသွားပုံအလေ့အထကိုပါ ပြောင်းလဲရန် လိုအပ်သည်။ ဒုတိယအခြေခံသဘောတွင် မတူညီသောအကြောင်းအရာတစ်ခု အပေါ် အဓိကထားသည်။ စုစည်းခိုင်မာမှု၊ တရားမျှတသောကုန်သွယ်မှု၊ ကျင့်ဝတ်နှင့်ဆိုင်သော၊ လူမှုရေးနှင့်ဆိုင်သော သို့မဟုတ် တာဝန်ရှိသောခရီးသွားလုပ်ငန်းသည် လူသားများ၏အမြင်များ အပေါ်အဓိကထားသည်။ ဤနေရာတွင် ခရီးသွားလုပ်ငန်းသည်ဆက်ဆံရေးမှတစ်ဆင့် ကမ္ဘာလှည့် ခရီးသွားနှင့် အိမ်ရှင်ပါ အကျိုးအမြတ်ရရှိစေရန်အတွက် တစ်ဦးနှင့်တစ်ဦးအကြား စည်းကမ်းချက် များကို ဖလှယ်ခြင်းဖြစ်သည်။ အမှန်တကယ်တွင် ထိုအခြေခံသဘောတရားနှစ်ခုသည် တစ်စိတ် တစ်ဒေသအားဖြင့် တူညီကြသဖြင့် အဓိပ္ပါယ်ဝေဝါးစေသည်။ တစ်ဘက်တွင် သဘာဝကိုမှီတင်း နေထိုင်ကြသောလူသားများ မပါဘဲနှင့် သဘာဝအကြောင်း မည်သို့တွေးတောမည်နည်း။ အခြားတစ်ဘက်တွင် ခရီးသွားလုပ်ငန်း၏အဓိကမောင်းနှင်အားဖြစ်သည့် ပတ်ဝန်းကျင်မပါဘဲနှင့် လူသားများ၏ဆက်ဆံရေးများကို မည်သို့တွေးကြည့်မည်နည်း။ ရေရှည်တည်တံ့သောခရီးသွား လုပ်ငန်းဟူသော အယူအဆကို တည်ဆောက်ရာတွင် ထိုအသုံးအနှုန်းနှစ်ခု၏ကွဲပြားခြားနားမှုက အဓိကပြဿနာတစ်ခု ဖြစ်သည်။ ထိုအခြေခံသဘောနှစ်ခု၏တူညီမှုကိုမူ ယေဘုယျအားဖြင့်ပြော ဆိုခြင်းမရှိကြ။ အကယ်၍ ခရီးသွားလုပ်ငန်းအား နာမဝိသေသနများဖြင့်တိုးမြှင့်အထူးပြုနေပါက ယင်းက ခရီးသွားလုပ်ငန်း၏အထူးပုံစံတစ်ခုဖြစ်သည့် အုပ်စုလိုက်ခရီးသွားခြင်းလုပ်ငန်း (mass tourism) နှင့်ပတ်သက်ပြီး အနှုတ်သဘောဆောင်သည့်အနက် ရှိလာသည်။ ယင်းအုပ်စုလိုက် ခရီးသွားလုပ်ငန်းသည် ပတ်ဝန်းကျင်နှင့်ရပ်ရွာကိုပျက်စီးစေပြီး "ခရီးသွား" ဟူသောစကားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ၅၀ ခရီးသွားလုပ်ငန်းအမျိုးအစားသတ်မှတ်ခြင်းသည် ယင်း၏ပုံရိပ်ကို ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းသည် ပင်ကိုယ်အားဖြင့် မဆိုးဝါးကြောင်း အမူအကျင့် များ ပြောင်းလဲခြင်းဖြင့်ပြသရန် ရည်ရွယ်သည်။ ဤသို့ဖြင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း သည် အငြင်းပွားဖွယ်ရာဘာသာရပ်တစ်ခု ဖြစ်လာသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းအကြောင်း ရေးသားသော စာရေးဆရာများက ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းမွေတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းအတွက် သင့်တော်သည်ဟူသောအချက်နှင့် ယင်းကိုကျင့်သုံးခြင်းဖြင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှဖြစ်ပေါ်လာသည့် အပျက်သဘောဆောင်သောပြဿနာများကို ဖြေရှင်း နိုင်လိမ့်မည်ဟူသောအချက်ကို ချွင်းချက်မရှိ လက်ခံလာကြပုံရသည်။ ၅၁

---

၅၀ Cohen (1978), Cazes (2006), Parent, Klein and Jolin (2009)

၅၁ Butler (1999), p. 8

ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင် မမှန်ကန်သည့်အချက်များလည်း ပါဝင်ပတ်သက်နေသည်။ [၁၂] ယင်းမှာ အမွေအနှစ်နှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအကြား အလိုအလျောက်ဆက်နွယ်မှုကဲ့သို့သော သုတေသနပညာရှင်များက မေးခွန်းထုတ်လိုသည့်အချက်ဖြစ်သည်။ [၁၃] ဤပြဿနာကို နားလည်နိုင်ရန်မှာ လက်တွေ့ဖြစ်ပျက်နေသည့် ယေဘုယျအခြေအနေကို မစဉ်းစားမီ၊ ပိုမိုလေးနက်သောနည်းလမ်းကို အဆိုမပြုမီ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏တရားဝင်နှင့်တရားမဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့ကို ဦးစွာကြည့်ရန်အရေးကြီးသည်။ ၎င်းအငြင်းပွားမှုအားဖြေရှင်းရန်အတွက် ခြုံငုံကြည့်သောအမြင်နှင့်အကြံပေးချက်များကို နိဂုံးချုပ်တွင် ဖော်ပြထားသည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတို့သည် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန် ပေါင်းစည်းခဲ့ကြသည်။ ယင်းတို့မှာ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) နှင့် ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) တို့ဖြစ်သည်။ထိုအဖွဲ့အစည်းနှစ်ခု၏ကျွမ်းကျင်မှုများကို ပတ်ဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် အသုံးပြုလျှက်ရှိပြီး ခရီးသွားလုပ်ငန်းတွင် သိပ္ပံဆိုင်ရာကျွမ်းကျင်သူများ၏နိုင်ငံတကာအဖွဲ့ (International Association of Scientific Experts in Tourism - AIEST) မှ အဖွဲ့ဝင်များအပါအဝင် ပညာရှင်များစွာ ပါဝင်လာခဲ့ကြသည်။ နိုင်ငံတကာခရီးသွားလုပ်ငန်းများသည် ပင်ကိုသဘာဝအားဖြင့်ပင်နိုင်ငံအများအပြားအပေါ် သက်ရောက်မှုရှိသဖြင့် အစိုးရအချင်းချင်းအဆင့်သည်သာ သင့်လျော်သည်။ ခရီးသွားလုပ်ငန်းကို လုံးဝငြင်းပယ်သောနိုင်ငံ အနည်းငယ်သာရှိသည်။ သဘာဝပတ်ဝန်းကျင်ပြဿနာများသည် နိုင်ငံများ၏နယ်နိမိတ်များကို ကျော်လွန်သည်။ သို့ရာတွင် ထိုပြဿနာကိုသက်ဆိုင်ရာနိုင်ငံအစိုးရနှင့် လူမှုအဖွဲ့အစည်းများက မဖြေရှင်းနိုင်ဟု မဆိုလိုပါ။ အောက်တွင်ဆက်လက်ဖော်ပြထားပါသည်။

UNEP နှင့် UNWTO တို့အတွက် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဆိုသည်မှာ “ခရီးသွားများ၊ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် အိမ်ရှင်ရပ်ရွာလူထု၏ လိုအပ်ချက်များကိုဖြေရှင်းပေးလျက် လက်ရှိနှင့် အနာဂတ်စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများအပေါ် အပြည့်အဝတာဝန်ယူသော ခရီးသွားလုပ်ငန်း”တစ်ခုဖြစ်သည်။ [၁၄]

ပတ်ဝန်းကျင်အတွက် မည်သူကကိုယ်စားပြုပြောဆိုမည်ကို မေးခွန်းထုတ်လာနိုင်ပြီး ယင်းက “ပါဝင်လုပ်ကိုင်သူအားလုံးဖြစ်သည့် ကျန်အဖွဲ့သုံးဖွဲ့တို့သည် ပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကိုယ်ပိုင်အမြင်အသီးသီးရှိကြလိမ့်မည်” ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်၏ အားနည်းချက်တစ်ရပ်ဖြစ်သည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို အောက်ပါသတင်းအချက်အလက်များက ဖြည့်စွက်ပေးသည်။

ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုလမ်းညွှန်ချက်များနှင့် စီမံခန့်ခွဲမှု အလေ့အထ

---

၁၂ Liu (2003)

၁၃ Garat, Gravari-Barbas and Veschambre (2995); Bramwell and Lane (2000)

၁၄ UNEP and UNWTO (2005), p.12

များသည် အုပ်စုလိုက်နှင့် စီးပွားရေးအခွင့်အလမ်းအပါအဝင် ခရီးသွားများ လည်ပတ်ကြသည့်နေရာ အမျိုးအစားအားလုံးရှိ ခရီးသွားလုပ်ငန်းအမျိုးအစားအားလုံးအတွက် အသုံးပြုနိုင်သည်။ ရေရှည်တည်တံ့မှုအခြေခံမူများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၏ ပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသွင်လက္ခဏာအားလုံးကို ရည်ညွှန်းသည်။ ရေရှည်တည်တံ့မှုကို အာမခံနိုင်ရန်အတွက် ယင်းရှုထောင့်သုံးခုအတွင်း သင့်တော်သောမျှခြေတစ်ခုကို တည်ဆောက်ရမည်။

ထို့ကြောင့်ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည်

- ► မရှိမဖြစ်လိုအပ်သောသဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကိုထိန်းသိမ်းပြီး သဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရာတွင် ကူညီရမည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုတွင် ပါဝင်သည့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို အကောင်းဆုံးအသုံးချရမည်။
- ► အိမ်ရှင်ရပ်ရွာလူထု၏ စစ်မှန်သော လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံတို့ကို လေးစားပါ။ ယင်းတို့တည်ဆောက်ခဲ့သော၊သက်ဝင်ဆဲဖြစ်သော ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးစံတို့၏တန်ဖိုးများကို ထိန်းသိမ်းပါ။ ယဉ်ကျေးမှုအချင်းချင်း နားလည်မှုနှင့် သည်းခံမှုရှိပါ။
- ► အိမ်ရှင်ရပ်ရွာလူထုအား တည်ငြိမ်သောအလုပ်အကိုင်၊ ဝင်ငွေရရှိရေး အခွင့်အလမ်းများနှင့် လူမှုရေးဝန်ဆောင်မှုများပေးခြင်းအပါအဝင် ပါဝင်ပတ်သက်သူအားလုံးအတွက် တရားမျှတစွာခွဲဝေထားသော လူမှုစီးပွားရေးအကျိုးအမြတ်များပေးလျှက်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ထည့်ဝင်ခြင်းအားဖြင့်လည်းကောင်း အလားအလာကောင်းသောရေရှည်စီးပွားရေးကို သေချာအောင်လုပ်ပါ။ [၁၁]

ယင်းအချက်များသည် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏ ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်ကို အသားပေးဖော်ပြလျှက်ရှိရာ လူသားတို့၏ဆောင်ရွက်ချက်များတွင် ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍကို ထင်ဟပ်လျှက်ရှိသည်။ ဤချဉ်းကပ်ပုံနည်းလမ်းကို ဥပမာအားဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်များစာရင်းတွင်ပါရှိရန် ဒေသများနှင့်အလေ့အထများကို စာရင်းသွင်းရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းဒေသများနှင့် အလေ့အထများသည်လည်း ခရီးသွားလုပ်ငန်းတွင် လွန်စွာအရေးပါသည်။ သို့ရာတွင် အချို့သောသုတေသီများက ဤကမ္ဘာလုံးဆိုင်ရာ သွင်ပြင်လက္ခဏာသည်တစ်ခုတည်းသောပုံစံကို ဦးတည်သည့်အတွက် မတူကွဲပြားမှုများကို လျော့ကျစေသဖြင့် ၎င်း၏မူလရည်ရွယ်ချက်ကိုဆန့်ကျင်နေကြောင်းပြသခဲ့ကြသည်။ [၁၆] UNEP/UNWTO လမ်းညွှန်ချက်တွင် ဖော်ပြထားသော ထပ်မံဖြည့်စွက်ထားသည့်သတင်းအချက်အလက်များသည်

---

၁၁ Ibid. p.11

၁၆ Sofield (2003), Lanfant (2004)

အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါရှိသည့်အချက်များ၏ ရှေ့နောက်အစဉ်လိုက်ကို ဝေဖန်ထောက်ပြစရာ အကွက်မရှိအောင်လည်း ကြိုတင်ဟန့်တားထားသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်မှာ “စီးပွားရေးဖြင့် အစပြုခြင်းသည် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရာတွင် လိုအပ်ချက်များအကြောင်း အများသိအောင်လုပ်ဆောင်ရာတွင် အကောင်းဆုံးနည်းလမ်းမဖြစ်နိုင်ပါ။” ဟူ၍ဖြစ်သည်။ ဤအပိုင်းတွင် စီးပွားရေးကို ပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးပြဿနာများအပြီး နောက်ဆုံးတွင်ထားခြင်းက အတိုင်းအတာတစ်ခုအထိ အခြေအနေကိုပြန်လည်မျှတစေသည်။

ဤစာအုပ်တွင် အလေးအနက်ထားသည်မှာ

> ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှုရှိရန်နှင့်သဘောတူညီမှုတည်ဆောက်ရန်အတွက် ပါဝင်ဆောင်ရွက်သူအားလုံး၏ ဗဟုသုတနှင့် နိုင်ငံရေးအရ ခိုင်မာသောခေါင်းဆောင်မှုကို လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း ဖြစ်လာစေရန် ဆက်တိုက်လုပ်ရမည်။ တားဆီးမှု၊ ပြုပြင်မှုနည်းလမ်းများအား လိုအပ်သလိုကျင့်သုံးလျက် သက်ရောက်မှုများအား အမြဲစောင့်ကြည့်ရမည်။

ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင် ခရီးသွားများစိတ်ကျေနပ်မှုကို အမြင့်ဆုံးအဆင့်တွင် ထိန်းထားရမည်။ ခရီးသွားများအား ရေရှည်တည်တံ့မှုနှင့်ပတ်သက်သော သိမြင်မှုများ၊ ရေရှည်တည်တံ့သောခရီးသွားအလေ့အကျင့်များ မြှင့်တင်ပေးလျက် အဓိပ္ပာယ်ရှိသော အတွေ့အကြုံများ ပေးရမည်။ [၅၉]

အထက်ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် ကိုင်တွယ်ဖြေရှင်းသည့် အခြားအကြောင်းအရာများတွင် အားကောင်းသောနိုင်ငံရေးခေါင်းဆောင်မှုနှင့် သဘောတူညီမှုတည်ဆောက်ခြင်းကဲ့သို့သော ဒွိဟဖြစ်စရာအချက်များ ပါဝင်သည်။ ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအမျိုးမျိုးတို့၏ စိတ်ဝင်စားမှုများသည် လွန်စွာကွဲပြားနိုင်သောကြောင့် ယင်းတို့ကို နိုင်ငံရေးဆုံးဖြတ်ချက်ဖြင့် ဖြေရှင်းရမည်။ အခြားသောအဓိကကျသည့်ကဏ္ဍမှာ ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ကျေနပ်မှုဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများသည် အမှန်တကယ်စားသုံးသူများဖြစ်သောကြောင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏မိတ်ဆွေစစ်များရော TripAdvisor နှင့် facebook ပေါ်မှ မိတ်ဆွေများပါ စိတ်ကျေနပ်မှသာလျှင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် သေချာပေါက်တည်တံ့နိုင်မည်ဖြစ်သည်။

ဤအချက်များသည် နိုင်ငံတကာအဆင့်တွင် ကာလရှည်ကြာစွာ ဆွေးနွေးခဲ့ခြင်း၏ရလဒ်ဖြစ်သည်။ သို့သော် အမျိုးသားအဆင့်အတွက်ကား အဘယ်နည်း။ ဤကမ္ဘာလုံးဆိုင်ရာအချက်သည် အမျိုးသားအဆင့် အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ်ရော ထင်ဟပ်မှုရှိပါသလား။ ၂၀၁၂ ခုနှစ်က

---

[၅၉] UNEP and UNWTO (2006), p. 11

နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည် ၈၃ သန်းဝင်ရောက်ခဲ့ပြီး [၅၈] ကမ္ဘာလှည့်ခရီးသွားဒေသများ စာရင်းတွင် ထိပ်ဆုံးရောက်ရှိခဲ့သည့် ပြင်သစ်နိုင်ငံဖြစ်စဉ်ကိုလေ့လာကြပါစို့။ ပြင်သစ်နိုင်ငံမှ ခရီးသွားများစွာ နိုင်ငံရပ်ခြားသို့လည်းပတ်ခဲ့ကြသည်။ (၂၀၁၂ ခုနှစ်တွင် ၂၁ သန်းရှိပြီး ကမ္ဘာ့အဆင့် ၆ ဖြစ်ခဲ့သည်။) [၅၉] ယင်းက ပြင်သစ်နိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်ရော အိမ်ရှင်၏ အမြင်များနှင့် ရင်းနှီးကြောင်း ပြသလျက်ရှိသည်။ ပြင်သစ်သည် ရေရှည်တည်တံ့သောခရီးသွား လုပ်ငန်းကို အောက်ပါအတိုင်းအဓိပ္ပါယ်ဖွင့်ဆိုသည်။

ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့မှု၏စံနှုန်းကို အခြေခံရမည်။ ယင်းသည် ရေရှည်တွင်ပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည်ရှိရမည်။ စီးပွားရေးအရ အလားအလာကောင်းရမည်။ ဒေသခံရပ်ရွာလူထုအတွက် လူမှုရေးအရ၊ ကျင့်ဝတ်အရ မျှတမှုရှိရမည်။ ထို့ကြောင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည်

- မရှိမဖြစ်လိုအပ်သောသဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကိုထိန်းသိမ်းရင်း သဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းရာတွင်ကူညီကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို အကောင်းဆုံး အသုံးချရမည်။
- အိမ်ရှင်ရပ်ရွာလူထု၏ စစ်မှန်သောလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံတို့ကို လေးစားပါ။ ယင်းတို့တည်ဆောက်ခဲ့သော၊ သက်ဝင်ဆဲဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များနှင့်ဓလေ့ထုံးစံတို့၏တန်ဖိုးများကို ထိန်းသိမ်းပါ။ ယဉ်ကျေးမှုအချင်းချင်း နားလည်မှုနှင့် သည်းခံမှုရှိပါ။
- အိမ်ရှင်ရပ်ရွာလူထုအား တည်ငြိမ်သောအလုပ်အကိုင်၊ ဝင်ငွေရရှိရေးအခွင့်အလမ်းများနှင့် လူမှုရေးဝန်ဆောင်မှုများပေးခြင်းအပါအဝင် ပါဝင်ပတ်သက်သူအားလုံးအတွက် တရားမျှတစွာ ခွဲဝေထားသော လူမှုစီးပွားရေးအကျိုးအမြတ်များပေးလျှက်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ထည့်ဝင်ခြင်းအားဖြင့်လည်းကောင်း အလားအလာကောင်းသော ရေရှည်စီးပွားရေးကို သေချာအောင်လုပ်ပါ။ [၆၀]

ဤစာသားနှစ်ခုသည်လွန်စွာတူညီမှုရှိသည်ကိုတွေ့မြင်နိုင်သည်။ အမှန်တကယ်ပင်. . . ကျင့်ဝတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုအချင်းချင်းကဏ္ဍနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးစသည့် အယူအဆသစ်များပါရှိသော်လည်း ယင်းတို့ကို UNEP/UNWTO လမ်းညွှန်စာအုပ်တွင်လည်း ဖော်ပြပါရှိသည်။ နောက်ပိုင်းတွင် ပြင်သစ်စာသားတွင် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်လျှက်ရှိသည့် သဘာဝခရီးသွားလုပ်ငန်းနှင့် နှီးနွယ်သည့်အယူအဆများကို ရှင်းလင်းဖော်ပြသည်။

---

၅၈ Ministry for Crafts, Trade and Tourism, Key facts on tourism, DGCIS, 2013

၅၉ Ibid.

၆၀ French Ministry for Ecology, Sustainable Development and Energy, http://www.developpement-durable.gouv.fr/Le-tourisme-durable-definitions.html (Frenchonly), Accessed 10 July2014.

မျှတသော ကုန်သွယ်မှုခရီးသွားလုပ်ငန်းတွင် ဒေသခံရပ်ရွာလူထုအားဝင်ငွေ၏အစုတစ်စုကို ပေးရမည်ဟူသော အယူအဆ၊ ပူးပေါင်းပါဝင်သောခရီးသွားလုပ်ငန်းတွင် ကမ္ဘာလှည့်ခရီးသွားများအား ကမ္ဘာလှည့်ခရီးသွားမဟုတ်သည့်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်စေခြင်းဖြင့် ဆက်လက်ဆောင်ရွယ်လျက်ရှိသည်။ လူမှုခရီးသွားလုပ်ငန်းတွင် လူတိုင်းကို ကမ္ဘာလှည့်ခရီးသွားတစ်ဦးဖြစ်ခွင့် ဖန်တီးပေးထားသည်။ ထိုအချက်များကို စာမျက်နှာ ၂၂၂ မျက်နှာရှိသော လမ်းညွှန်စာအုပ်တွင် အကျယ်တဝင့် ဖော်ပြထားသည်။ နိုင်ငံအသီးသီး (ဩစတြေးလျ၊ မက္ကဆီကို၊ ရိုမေးနီးယား၊ ဆီနီဂေါ၊ ထိုင်း) တို့၏တရားဝင်ဝက်ဘ်ဆိုက်များ၏ အကျဉ်းချုပ်သုံးသပ်ချက်များတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ယင်းတို့ကိုးကားထားသည့် UNEP/UNWTO လမ်းညွှန်စာအုပ်မှစာသားနှင့် လွန်စွာတူညီပြီး တိုက်ရိုက်ပင်ယူထားကြောင်း ဖော်ပြထားသည်။

ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်များကို လက်တွေ့ဘဝတွင်အသုံးချခြင်းဖြင့် ယင်းတို့ရယူနိုင်သည့်ပုံစံအမျိုးမျိုးနှင့် ခရီးစဉ်တစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ရေရှည်တည်တံ့မှု ရှိ၊ မရှိ ဆန်းစစ်ရန် ထူထောင်ထားသည့်စနစ်များအကြောင်း သိလာရသည်။ ဤနေရာတွင် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးမှတ်တမ်းမှတ်ရာများအနက်မှ တစ်ခုမှာ UNWTO က ၁၉၉၉ ခုနှစ်တွင် မူကြမ်းရေးဆွဲခဲ့သည့်သဘောတူညီချက်အဟောင်းဖြစ်ပြီး ယင်းကို ကုလသမဂ္ဂက နောင် ၂ နှစ်အကြာတွင် အတည်ပြုခဲ့သည်။ ခရီးသွားလုပ်ငန်းအတွက် ကမ္ဘာ့ကျင့်ထုံးများ(၁၉၉၉) ( The Global Code of Ethics for Tourism -1999) ဖြစ်သည်။ ယင်း၏ရေရှည်တည်တံ့ခြင်းနှင့် ကျင့်ဝတ်တို့၏အယူအဆများနီးစပ်မှုသည် စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ယင်းသည် ခရီးသွားလုပ်ငန်း၏စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးယဉ်ကျေးမှုကဏ္ဍများကို လွှမ်းခြုံသည့် အခြေခံမူဝါဒ ၁၀ ခုကို တင်ပြထားသည်။ ပထမအခြေခံမူသည် ဧည့်သည်များနှင့် အိမ်ရှင်များအကြားအပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့နှင့်သက်ဆိုင်ပြီး ဒုတိယအခြေခံမူတွင် တစ်ဦးချင်းစီနှင့်ပူးပေါင်းဖြည့်ဆည့်ပေးခြင်းတို့နှင့် သက်ဆိုင်သည်။ တတိယအချက်သည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု၏အကြောင်းတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည်။ ဤသို့ဆိုရာတွင် ဘတ်တ်လာ (၁၉၉၉) က ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုနှင့် ရောထွေးခြင်းမပြုသင့်ကြောင်း ထောက်ပြသည်။ စတုတ္ထအခြေခံမူသည် ခရီးသွားလုပ်ငန်းနှင့် လူသားတို့၏ယဉ်ကျေးမှုအမွေအနှစ်ကြား ဆက်စပ်မှုကို ဖော်ညွှန်းသည်။ ပဉ္စမအခြေခံမူသည် ခရီးသွားလုပ်ငန်းသည် အိမ်ရှင်နိုင်ငံများနှင့်ရပ်ရွာလူထုတို့ကို အကျိုးပြုရမည်ဆိုသည့် အချက်ကို ဖော်ညွှန်းသည်။ ဆဋ္ဌမအချက်က ပါဝင်ပတ်သက်သူအားလုံးတို့သည် ခရီးသွားလုပ်ငန်းတိုးတက်အောင် ကူညီရမည်ဟု ထောက်ပြသည်။ သတ္တမမြောက်နှင့် အဋ္ဌမမြောက် အခြေခံမူဝါဒတို့တွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများသည် လွတ်လပ်စွာလှုပ်ရှားခွင့်ရှိရမည်ဟုဖော်ပြထားသည်။ နဝမအခြေခံမူဝါဒသည် ခရီးသွားလုပ်ငန်းတွင်လုပ်ကိုင်လျှက်ရှိသည့် အလုပ်သမားများ၊ အလုပ်ရှင်များနှင့် ပတ်သက်သည်။ ဒသမအခြေခံမူဝါဒက ထိုအခြေခံမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသည်။ ထိုကျင့်ဝတ်သည်အနှောင်အဖွဲ့မဟုတ်။ သို့ရာတွင် ပါဝင်ပတ်သက်သူ

များသည် ၎င်းနှင့်သက်ဆိုင်သောကိစ္စရပ်များကို ကမ္ဘာ့ခရီးသွားလုပ်ငန်းများကျင့်ဝတ်ကော်မတီသို့ ရည်ညွှန်းပြောဆိုနိုင်သည်။

သို့ရာတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသို့ဦးတည်သည့်လမ်းကို တရားဝင်ဖွင့်ပေးနိုင်သည့် စာချုပ်စာတမ်းသည် ၂၀၀၄ ခုနှစ်တွင် ပေါ်ထွက်လာသည်။ ခရီးသွားလုပ်ငန်းအား ပိုမိုရေရှည်တည်တံ့အောင်လုပ်ဆောင်ခြင်း မူဝါဒချမှတ်သူများအတွက် လမ်းညွှန်စာအုပ် (Making Tourism More Sustainable: A Guide for Policy Makers) ဖြစ်သည်။ [၆၁]

ယင်း၏စာမျက်နှာပေါင်း ၂၂၂ မျက်နှာသည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ရှုထောင့်များအပါအဝင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၏ကဏ္ဍများစွာကို အသေးစိတ်စူးစမ်းလေ့လာဖော်ပြထားသည်။ ယင်းစာချုပ်တွင် ညွှန်းကိန်းများနှင့်ယင်းတို့ကို မည်သို့ဖော်ပြရမည်ကို၊ အမိန့်ပေးထိမ်းချုပ်သည့်စာချုပ်စာတမ်းများ၊ အခြားသောစီးပွားရေး၊ လုပ်အားပေးမှုနှင့် အထောက်အကူပြုစာချုပ်စာတမ်းများကို အကျယ်တဝင့်ဖော်ပြထားသည်။ ယင်း နောက်ကမ္ဘာတစ်ဝှမ်းရှိ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏မတူညီသောဥပဒေများကို ပုံခိုင်းထားသည့် အမှုလေ့လာခြင်း ၁၀ ခု ပြုလုပ်ခဲ့သည်။ ဤစာချုပ်စာတမ်းသည် ဝေဖန်မှုများကို နှိုးဆွပေးသည်။ အရေးမကြီးသောစည်းကမ်းချက်များဖြင့် ခရီးသွားလုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသည်။ ခရီးသွားလုပ်ငန်းအား အစည်းအတားမရှိ လွှတ်ပေးထားသည်ဟု ဝေဖန်ခြင်းခံနေရသည်။

နိုင်ငံတကာက ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းကို လက်တွေ့ကျသောစာသားများဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိုးပမ်းမှုများရှိခဲ့သည်သာမဟုတ်၊ အဖွဲ့အစည်းများစွာအနက် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းမဟာမိတ်အဖွဲ့ (Sustainable Tourism Alliance) [၆၂] နှင့် Agir pour un tourisme responsable (ATR) ကဲ့သို့သောအဖွဲ့အစည်းနှစ်ခုက ပဋိညာဉ်ရေးသားခဲ့ကြသည်။[၆၃] Accor [၆၄] နှင့် TUI [၆၅] ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများသည် အဆိုပါနည်းလမ်းအတိုင်း အသုံးပြုခဲ့ကြပြီး အထူးညွှေ့လမ်းညွှန်များကို [၆၆] မွေးထုတ်ပေးခြင်းသို့မဟုတ် လက်ရှိညွှေ့လမ်းညွှန်များအား ခရီးသွားလုပ်ငန်း၏ရေရှည်ဖွံ့ဖြိုးမှုကဏ္ဍကို အလေးထားသင်ကြားပေးခြင်းများဆောင်ရွက်ကြသည်။ [၆၇] ဥရောပသဘာဝခရီးသွားလုပ်ငန်း အမှတ်တံဆိပ်တပ်ခြင်းစံ (European Ecotourism Labelling Standard – EETLS) နှင့်တရားမျှတသောကုန်သွယ်မှုခရီးသွားလုပ်ငန်း (Fair Trade Tourism – FTT) တို့ကဲ့သို့သော အသိအမှတ်ပြုလက်မှတ်များကိုလည်း စတင်ထုတ်ပေးလာခဲ့ကြသည်။ ယင်းသို့သော ဆောင်ရွက်မှုများစွာကြားမှ တစ်ဘက်တွင်

---

၆၁ Published by UNEP and UNWTO

၆၂ http://www.sustainabletourismalliance.co.za,withtheslogan'Isyourholiday green-orjust greenwash?'

၆၃ Lamic (2009)

၆၄ Guillon (2004)

၆၅ Sigala (2008)

၆၆ The Guide duroutard dutourisme durable('Backpacker's guideto sustainabletourism') cameout in 2008and was produced in association with Ademe, the French Environment and Energy Management Agency.

၆၇ http://www.lonelyplanet.com/about/responsible-travel/

စစ်မှန်ပြီး အနည်းနှင့်အများမူအရ ကတိပေးပြီးသော အလုပ်နှင့်အခြားတစ်ဘက်တွင် အဖွဲ့အစည်းတစ်ခု၏ လူထုပုံရိပ်ကိုတိုးတက်စေနိုင်သော စီးပွားရေးအမြတ်အစွန်းတစ်ခုအကြား ခြားနားချက်တို့ရှိနေပြီး ထိုအဖွဲ့အစည်းသည်အသင်းအဖွဲ့တစ်ခုလား သို့မဟုတ် နိုင်ငံတကာအဖွဲ့ကြီးတစ်ခုဖြစ်လေမလားဆိုသည်ကို ပြောရန်ခက်ခဲသည်။ အဆိုးမြင်ဝါဒီများက ယင်းကိုပတ်ဝန်းကျင်စိမ်းလန်းမှုကိုပပျောက်စေခြင်းဟုမြင်ပြီး အကောင်းမြင်ဝါဒီများက ခရီးသွားလုပ်ငန်းမူဝါဒအားပတ်ဝန်းကျင်နှင့်အသားကျအောင်ပြန် လုပ်ပေးခြင်းဟုမြင်ကာလက်တွေ့သမားများက ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည်သဘောတရားဖြစ်စဉ်အရ တိုးတက်ဖြစ်ပေါ်နေသော်လည်းလောလောဆယ်တွင်အကျိုးသက်ရောက်မှုလွန်စွာနည်းသေးသည်ဟု မြင်ကြသည်။[၆၈] သုတေသနပြုမှုက ဒေသခံရပ်ရွာလူထုအပေါ်ခရီးသွားလုပ်ငန်းကြောင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့်စိတ်ဓာတ်ရေးရာ သက်ရောက်မှုအပေါ်သရုပ်ခွဲရန်နည်းလမ်းများကို ဖော်ထုတ်ပေးခဲ့သည်။ ဘာကလီက အကဲဖြတ်ခြင်းမူဘောင်အတွက် "လူဦးရေ၊ ငြိမ်းချမ်းရေး၊ ကြီးပွားတိုးတက်မှု၊ ညစ်ညမ်းမှုနှင့် ကာကွယ်ခြင်းစသည့် ခေါင်းစဉ် ၅ ခုကို အဆိုပြုခဲ့သည်။ (Camus) နှင့်အခြားသူများက ခရီးသွားလုပ်ငန်းထုတ်ကုန် သို့မဟုတ် အလေ့အထတစ်ခု၏ရေရှည်တည်တံ့မှုကိုစနစ်ကျသောချဉ်းကပ်ပုံနည်းလမ်းဖြင့်သာ အကဲဖြတ်နိုင်မည်ဟု ယုံကြည်သည်။[၆၉]

တရားဝင်အဖွဲ့အစည်းများရော လုပ်အားပေးအသင်းအဖွဲ့များ၏အစီရင်ခံစာများသည် လွန်စွာအားရဖွယ်ကောင်းသည်ဟုဆိုရမည်။ သုတေသီများမှ အကောင်းမြင်လွန်းခြင်းနှင့် အဆိုးမြင်လွန်းခြင်းတို့ပါဝင်သည့် ပိုမိုရှုပ်ထွေးသည့်ရလဒ်များ ပေးကြသည်။ ပထမအမျိုးအစားတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ထိန်းချုပ်ရန် များစွာအာရုံစိုက်သော၊ တောင်ပေါ်ခရီးသွားပုံစံတစ်ခုကို ဖော်ပြရာတွင် အမှန်တကယ်အသုံးပြုရန်မှာ ရေရှည်တည်တံ့သောဆိုသည့်စကားအပြင်အခြားမရှိ ကဲ့သို့သော ထင်မြင်ယူဆချက်ပါဝင်သည်။ ယင်းတောင်ပေါ်ခရီးသွားလုပ်ငန်းက ဇဝရက်၊ အန်နာပူနာနှင့် လန်တန်တောင်တို့တွင် နေထိုင်သူများအား နှစ်ပေါင်း ၅၀ ကျော်အတွင်း အနီးဝန်းကျင်မှသူများ အားကျရလောက်အောင်ဖွံ့ဖြိုးတိုးတက်မှု အဆင့်တစ်ခုကို ပေးနိုင်ခဲ့သည်။[၇၀] ဒုတိယအမျိုးအစားတွင် သို့ရာတွင်ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအကြောင်း ငြင်းခုံဆွေးနွေးခြင်းသည် ဟာကွက်များရှိနေပြီး ကျိုးကြောင်းဆီလျော်မှုမရှိမှားယွင်းသောကောက်ချက်များနှင့် ငြင်းခုံမှုများရှိသည်ဟု ရေးသားထားသည်ကို တွေ့ရသည်။[၇၁] အခြားသုတေသီများက ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသို့ကူးပြောင်းရာတွင် စီမံခန့်ခွဲရာတွင်ကျင့်သုံးသည့်စံနစ်မျိုးစုံကို လေ့လာဖော်ထုတ်ထားသည်။[၇၂]

---

၆၈ Responsible tourismis estimated  to account for 3 to 4% of total tourism in France.Source : http://www. mescoursespourlapla-nete.com/medias/pdf/Chiffres2013web44HD.pdf.

၆၉ Camus et al (2012)

၇၀ Sacareau (2009)

၇၁ Liu (2003), p. 459

၇၂ Gösslingetal.(2012).

သို့သော်လည်း ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင် ဈေးကွက်ပြဿနာရှိနေသည်။ ဝယ်လိုအားရှိသလား၊ ဝယ်လိုအားကိုဖန်တီးနိုင်သလား၊ စားသုံးသူအမျိုးအစားတွေက ဘာတွေလဲ၊ ရောင်းလိုအားအလုံအလောက်ရှိသလား၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှသလား။ ရောင်းလိုအားနှင့် ဝယ်လိုအားသည် ကွဲပြားခြားနားသော အဝန်းအဝိုင်းအတွင်း တစ်ခုကို တစ်ခု မြှင့်တင်ပေးသည်။ သုတေသီများကလက်ခံထားသည်မှာ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဟူသော အယူအဆကို ခရီးသွားများက လက်ခံကြသော်လည်းလက်တွေ့ကျင့်သုံးရန်မှာ ပိုမိုခက်ခဲသည်ဟူသော အချက်ဖြစ်သည်။ ခရီးသွားတိုင်းက သက်သောင့်သက်သာရှိမှုကို စွန့်လွှတ်ခြင်း၊ တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းနှင့် ခရီးသွားရန်အသင့်ဖြစ်ခြင်း၊ ဒေသခံတို့၏အရင်းအမြစ်များကို အမြင့်မားဆုံးဝိုင်းဝန်းထိန်းသိမ်းခြင်း၊ လွန်စွာဝေးဝေးမသွားရန်သဘောတူခြင်းနှင့် နောက်ဆုံးအချက်အနေနှင့် သွားလာလည်ပတ်သောနေရာများ၏ သဘာဝနှင့်ယဉ်ကျေးမှုမြို့တော်များကို ထိန်းသိမ်းခြင်း စသည့်သဘောတရားများကိုလက်ခံရန် ဆန္ဒရှိသည်မဟုတ်။[၄၃] အနာဂတ်တွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို လုပ်ဆောင်နိုင်ခြေရှိသော ကမ္ဘာလှည့်ခရီးသွားအရေအတွက်ကို အကဲဖြတ်ရန် မူဘောင်ရေးဆွဲခဲ့ကြပြီး ဖြစ်သည်။ ကိန်းဂဏန်းအရ ၅၀% ကို တွက်ချက်ပြီးဖြစ်ကာ[၄၄] အလားအလာရှိသော ကမ္ဘာလှည့်ခရီးသွားများ၏ခံစားချက်များကိုနားလည်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## သင်ရိုး၏ရည်ရွယ်ချက်များ

ဤသင်ရိုးသည် သတင်းအတတ်ပညာကျောင်းသားများအား ယေဘုယျအားဖြင့် ခရီးသွားလုပ်ငန်းအကြောင်း၊ အထူးသဖြင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအကြောင်း ထက်မြက်စွာဆန်းစစ်ဝေဖန်နိုင်ရန် ရည်ရွယ်လျက် လိုအပ်သည့်ဗဟုသုတနှင့် စွမ်းရည်များ ဖြည့်ဆည်းပေးနိုင်စွမ်းရှိရမည်။

- **ခရီးသွားလုပ်ငန်း၏ မပြတ်သားသည့်အယူအဆကို နားလည်သဘောပေါက်ခြင်း -** “ပူးပေါင်းခရီးသွားလုပ်ငန်းနယ်ပယ်တွင် အများလက်ခံကျင့်သုံးသည့် မူဘောင်တစ်သမတ်တည်းမရှိသဖြင့် လက်တွေ့သုတေသနများ များပြားသကဲ့သို့ အယူအဆများလည်း များပုံရသည်။[၄၅] ဤစာတမ်းအစတွင် ဖော်ပြထားသည့် ဤဝိသေသလက္ခဏာတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအတွက် လက်မခံနိုင်သော ဆိုးဝါးသည့်သက်ရောက်မှုများရှိသည်။ အထက်တွင်ညွှန်းခဲ့သည့်တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် အနှောင်အဖွဲ့ကင်းခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းများလည်း ကျယ်ပြန့်မှုမရှိသေးခြင်းတို့ကြောင့် မည်သည့်အဖွဲ့အစည်းမဆို ယင်း၏ထုတ်ကုန်များအား ရေရှည်တည်တံ့သည်ဟု ဆိုနိုင်သည်။ ပြဿနာသုံးခုရှိသည်။ ပထမအချက်အနေနှင့် နိုင်ငံတကာ ရှုထောင့်ရှိသည်။

၄၃ François-Lecompte and Prim-Allaz (2009), p.323.

၄၄ François-Lecompte and Prim-Allaz( 2009), p. 319

၄၅ Bellia and Richez-Battisti (2004), pp. 9-10

စံနှုန်းများရှိသည့်နေရာများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံကွဲပြားသည်။ နည်းပညာ စွမ်းပကားများလည်း အလားတူကွဲပြားသည်။ ကြီးမားသည့်ရေသန့်စင်စက်ရုံများရှိသည့်အတွက် ကမ္ဘာ့မြောက်ခြမ်းရှိ မြို့ကြီးများတွင် ထောင်နှင့်ချီသော ကမ္ဘာလှည့်ခရီးသွားများအား နေရာပေးရန် ပြဿနာမရှိ။ သို့ရာတွင် ထိုကဲ့သို့သောစက်ကြီးများလည်း မရှိ၊ ရေကို ချွေတာသုံးစွဲနေရသော ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ကျေးရွာများတွင်အခြေအနေများစွာ ကွာဟသည်။ ဒုတိယအချက်အနေနှင့် ကြိုက်နှစ်သက်မှုကို ကြိုက်နှစ်သက်မှုနှင့်သာ နှိုင်းယှဉ်ရမည်။ ဝန်ဆောင်ခ ပုတ်ပြတ်နှုန်းနှင့် ပို့ဆောင်၊ တည်းခို၊ စားသောက်မှုတို့ကို တာဝန်ယူသော အပန်းဖြေခရီးလုပ်ကိုင်သူများအတွက် ပေးသောဝန်ဆောင်မှုအားလုံး၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုတွက်ချက်ရန်မှာ အတော်ကလေးလွယ်ကူသည်။ ဤအမျိုးအစားသည် ၁၉၇၀ပြည့်လွန်နှစ်များအထိ နိုင်ငံတကာခရီးစဉ်များစွာတွင် ထည့်သွင်းစဉ်းစားခြင်းခံရသော်လည်း တစ်ဦးချင်းသွားလာသည့်ရွေးချယ်ချက်ကို ပိုမိုပြုလုပ်လာကြသဖြင့် ယင်း၏ရှယ်ယာများသည် ထိုစဉ်ကတည်းကစ၍ ကျဆင်းလာသည်။[၇၆] သို့ရာတွင် နောက်ဖြစ်စဉ်တွင် ကမ္ဘာလှည့်ခရီးသွားများသည် ဝန်ဆောင်မှုပေးသူအမျိုးမျိုးထံမှ ဝယ်ယူသော မတူညီသည့်ဝန်ဆောင်မှုအားလုံး၏ သက်ရောက်မှုကိုနားလည်ရန် လိုအပ်သည်။ တတိယအချက်မှာ အကြောင်းအရာအပေါ် တိုင်းတာမှုစံနစ်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် အရေးကြီးသောအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ သို့သော် ယင်းတစ်ခုသာရှိသည်လား။ စွန့်ပစ်အမှိုက်များနှင့် ရေတို၊ ရေရှည်သက်ရောက်မှုများကို မည်သို့တိုင်းတာနိုင်မည်နည်း။ သို့သော် အသိချင်ဆုံးအရာကား လူသားတို့၏ပတ်ဝန်းကျင်အခြေအနေ ရေရှည်တည်တံ့မှုကို မည်သို့ဆုံးဖြတ်နိုင်သနည်းဖြစ်သည်။[၇၇] လေထုညစ်ညမ်းမှုအများဆုံးဖြစ်ပေါ်စေသောလုပ်ငန်းများဖြစ်သည့် လေကြောင်းကုမ္ပဏီများနှင့်[၇၈] ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများသည် ယင်းတို့၏ဖောက်သည်များအား ဝယ်ယူရကျိုးနပ်စေသည့် ရွေးချယ်စရာအခွင့်အလမ်းပေးရန်အသင့်ရှိနေပုံရသည်။ ယင်းသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၏လူထုပုံရိပ်ကိုပိုမိုကောင်းမွန်အောင်လုပ်ရာတွင်လည်းကောင်း၊ ဖောက်သည်များကအထောက်အပံ့ပေးသူများဖြစ်ခြင်းကြောင့် [၇၉] အသင်းအဖွဲ့နှင့်ဆိုင်သော အထောက်အပံ့ကိုဈေးသက်သာစွာနှင့်ပေးရာတွင်လည်းကောင်း အဆင်ပြေသောနည်းလမ်းတစ်ခုဖြစ်သည်။ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် အဖျက်စွမ်းအားရှိသော ခရီးသွားလုပ်ငန်း၏ လက်ခံနိုင်ဖွယ်ရှိသောမျက်နှာစာ ဖြစ်ပုံရသည်။

- **ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၏ ကိုယ်တိုင်ရှေ့နောက်မညီသောကဏ္ဍကို အကဲဖြတ်ခြင်း** - ခရီးသွားလုပ်ငန်းတည်ရှိသည့်နေရာအပေါ် သက်ရောက်မှုမရှိသော

---

၇၆ Violier (2003)

၇၇ Butler (1999), p.14

၇၈ Francois-Lecompte and Prim-Allaz (2009): '89% of tourism-related greenhouse gases are due to travel be-tween home and destination", p. 9

၇၉ Sacareau (2007), p. 9

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုပုံစံ လုံးဝနီးပါးမရှိနိုင်ဟု ဘာတလာက ဆိုသည်။[၁၀] အုပ်စုလိုက် ခရီးသွားလုပ်ငန်း၏ နမူနာအားလုံးသည် ရေရှည်တည်တံ့မှုမရှိဟူသော အချက်ကိုမူ သက်သေမပြနိုင်သေးကြောင်း ယင်းက ထပ်လောင်းပြောကြားခဲ့သည်။[၁၁] ထို့ကြောင့် ကျွန်ုပ်တို့သည် အောက်ပါအငြင်းပွားမှုကို ရင်ဆိုင်ရသည်။ ပတ်ဝန်းကျင်အပေါ် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိသဖြင့် အုပ်စုလိုက် ခရီးသွားလုပ်ငန်းသည် ယင်း၏ ပင်ကို သဘာဝအရပင် ရေရှည်တည်တံ့နိုင်မှုမရှိ။ ကမ္ဘာလှည့်ခရီးသွားအရေအတွက် အနည်းငယ် သာပါရှိပြီး ခရီးသွားလုပ်ငန်း၏ရလဒ်အလုံးစုံကို ပြောင်းလဲစေခြင်းမရှိသည့် စီးပွားရေး ကိစ္စဖြင့်သွားသော ခရီးသွားလုပ်ငန်းသည်သာ တစ်ခုတည်းသော ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းပုံစံဖြစ်သည်။ ထို့ကြောင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း အယူအဆ သည် အဓိပ္ပါယ်မရှိဟူ၍ဖြစ်သည်။ ထိုအငြင်းပွားမှုသည် ၁၉၉၂ ခုနှစ်က ဥရောပတွင် ယာဉ်များ မှ ကာဗွန်ထုတ်လွှတ်မှုစံနှုန်းကိုစတင်ခြင်းနှင့်အတူ ဖြစ်ပေါ်ခဲ့သည့် သဘာဝဖြစ်စဉ်တစ်ခုကို လျစ်လျူရှုသွားသည်။ ထိုစဉ်က ထိုကဲ့သို့လုပ်ဆောင်မှုများသည် အကျိုးမရှိဟု ပြောဆိုခဲ့ကြ သည်။ သို့ရာတွင် နောင်အနှစ် ၂၀ ကျော်အကြာတွင် ထွက်ပေါ်လာသည့် နောက်ဆုံးသော စံနှုန်း (Euro-6) ကြောင့် ဥရောပရှိမော်တော်ယာဉ်များသည် လေထုညစ်ညမ်းမှုကို လျော့နည်း စေပြီး သဘာဝအားဖြင့်လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေသည့် ဆလွန်းကားကြီးများ ထုတ်လုပ်သည့်ကုမ္ပဏီများပင်လျှင် ကာဗွန်သုံးစွဲမှုနှင့် ထုတ်လွှတ်မှု နည်းပါးလာစေရန် အာရုံစိုက်လာကြသည်။ အကျိုးဆက်အနေနှင့် သဘောထားပြောင်းလဲမှု နှေးကွေးသည်။ သို့သော် မူဝါဒချမှတ်သူများက မက်လုံးများပေးခြင်းနှင့်အတူ/ သို့မဟုတ် ဆောင်ရွက်ချက် များ ပေါင်းစည်းခြင်းအားဖြင့် တဖြည်းဖြည်းချင်းစတင်သင့်သည်။ ထိုသို့ပြုပါက တဖြည်းဖြည်း လူထု၏စိတ်ထဲတွင် နေရာယူလာလိမ့်မည်ဖြစ်သည်။

- **စီးပွားရေးရှုယ်ယာတန်ဖိုး၏မတည်သောကတိအပေါ် သရုပ်ခွဲခြင်း** - ခရီးသွားလုပ်ငန်း နယ်ပယ်တွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မည်သည့်စီးပွားရေးလုပ်ငန်းမဆို စီးပွားရေး အရ အလားအလာကောင်းရမည်မှာ ထင်ရှားသည်။ သို့မဟုတ်ပါက စီမံကိန်းတစ်ခုကို ရည်ရွယ်ချက်များ ကောင်းရုံမျှဖြင့်ရေရှည်တွင် ဆက်လက်လုပ်ဆောင်သွားရန် မလုံလောက် ပါက ယင်းကုမ္ပဏီ၏တည်တံ့မှုကို သံသယဖြစ်လာနိုင်သည်။ ကမ္ဘာလှည့်ခရီးသွားများ သွားလာသည့် နေရာများနှင့် ခရီးသွားလုပ်ငန်းများ၏ အလားအလာကောင်းခြင်းနှင့် ယှဉ်ပြိုင် နိုင်စွမ်းရှိမှုကို သေချာစေရမည်။ ထိုအခါယင်းတို့သည် ရေရှည်တွင် ဆက်လက်ကြီးပွား ပြီး အမြတ်အစွန်းများကို ကတိထားသည့်အတိုင်းပေးအပ်နိုင်မည်[၁၂] ဆိုသည့် ဤရည်ရွယ်ချက် ကို အထက်ကညွှန်းခဲ့သည့် UNEP/UNWTO လမ်းညွှန်စာအုပ်တွင် ရှင်းလင်းစွာ ဖော်ပြ ထားသည်။ ယခုဝေဖန်မှုသည် အကျိုးအမြတ်များကိုကတိထားသည့်အတိုင်း ပေးအပ်ခြင်းနှင့်

---

၁၀ Butler (1999), p. 12

၁၁ Ibid., p. 13

၁၂ UNEP and UNWTO (2005), p. 18

သက်ဆိုင်သည်။ ထူးခြားသော လုပ်ငန်းအနည်းငယ်မှလွဲ၍ ခရီးသွားလုပ်ငန်းသည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများကိုအလေးဂရုပြုလျက်၊ ဥပဒေရေးရာ လေးစားလိုက်နာခြင်း၊ နိုင်ငံရေးအကွက်ဆင်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း၊ လူထုဆက်သွယ်ရေးဘောင်များ အတွင်းမှ စီးပွားရေးကဏ္ဍကို အခိုင်အမာအာရုံစိုက်သည်။ နိဂုံးချုပ်တွင် ဘာတလီက ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့မှုနှင့်မနီးစပ်သေးပါဟု ဆိုသည်။ [၈၃] နိုင်ငံမျိုးစုံတွင် အခြေစိုက်သောကုမ္ပဏီကြီးများသည် တစ်ဘက်မှပေးသည်ဟု ထင်ရသောအရာကို ကျန်လက်တစ်ဘက်ဖြင့် သိမ်းကျုံးယူငင်သွားသည်ဟု အစွပ်စွဲခံကြရသည်။ ၎င်းတို့အတွက် အမြင့်မားဆုံးသော အကျိုးအမြတ်ကို ရှာဖွေချိန်တွင် ရလဒ်က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခရီးသွားလုပ်ငန်းပိုင်ရှင်များ ပုံမှန်အားနည်းလာခြင်းဖြစ်သည်။ အကြောင်းမှာ ကမ္ဘာ့ခရီးသွားလုပ်ငန်းကုမ္ပဏီများက ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရီးစဉ်နေရာများကို ရုတ်တရက်ချန်လှပ်ခြင်း၊ လူထုကဏ္ဍထောက်ပံ့သူများ၊ အမျိုးသားဈေးကွက်ရှာသည့်ကုမ္ပဏီများနှင့် ပေးသွင်းသူများက လက်လွှတ်လိုက်ခြင်းတို့ကြောင့်ဖြစ်သည်။[၈၄] အချို့သောသုတေသီများက တရားမျှတသော ကုန်သွယ်မှုပြုသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ကမ္ဘာလှည့်ခရီးသွားများနှင့် ဒေသခံများအကြား ဖြန်ဖြေပေးသူအဖြစ်အရေးပါပြီး [၈၅] ဒေသခံခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း[၈၆] အတွက် သင့်တော်သောပုံစံတစ်ခုဖြစ်သည်ဟု ယုံကြည်နေချိန်တွင် အခြားသုတေသီများက ပူးပေါင်းခရီးသွားလုပ်ငန်းများသည် ဒေသခံကုမ္ပဏီများနှင့်ညှိနှိုင်းရာတွင် အခြားလုပ်ငန်းများထက် ပွင့်လင်းမြင်သာမှုပိုရှိသည်မှာ မသေချာဟု ဆုံးဖြတ်ကြသည်။ [၈၇] လူမှုစီးပွားရှုထောင့်မှ ကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ကုန်သွယ်ရေး၏ဝိသေသများဖြစ်ကြသော ဒေသခံဖြန်ဖြေပေးသူများ၏အရေးပါမှုကို ဂရုပြုရန် အရေးကြီးသည်။ နိုင်ငံမျိုးစုံတွင် အခြေစိုက်သော ကုမ္ပဏီကြီးများသည် မကြာခဏပင် ထိုသူတို့ကိုလျှော့ချလေ့ရှိသည်။ ထို့အပြင် ထိုကုမ္ပဏီများတို့သည် ဈေးအနည်းဆုံးရအောင်ညှိနှိုင်းပြီး ကမ္ဘာပေါ်တွင်ယှဉ်ပြိုင်မှုအများဆုံးပြုလုပ်ရင်း လျှော့ဈေးများရရှိသော်လည်း ခရီးသွားများကမူ ထိုအခွင့်အရေးမခံစားရပေ။ ထပ်မံ၍ စီးပွားရေးရှုထောင့်မှကြည့်လျှင် ရေရှည်တည်တံ့သည်ဖြစ်စေ၊ မတည်တံ့သည်ဖြစ်စေ၊ ခရီးသွားလုပ်ငန်းသည် အိမ်ရှင်နိုင်ငံများအား ကတိပြုထားသည့်အတိုင်း ဝင်ငွေကို ခွဲဝေပေးခြင်းမရှိဟု ဝေဖန်ခံနေရသည်။ ဒေသနိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာပိုင်များသည် လက်တွေ့လုပ်ဆောင်နေသည့်ကုမ္ပဏီများထက် အကျိုးအမြတ်များစွာ ပိုမိုရရှိသည်ဟု ဆိုသည်။ ထို့အပြင် နိုင်ငံမျိုးစုံတွင် အခြေစိုက်သောကုမ္ပဏီကြီးများသည် ကမ္ဘာလှည့်ခရီး

---

၈၃ Buckley (2012), p. 535 and p. 528

၈၄ Cazes (2006), p. 16

၈၅ Sacareau (2007), p. 13

၈၆ Blangy and Laurent (2007), p. 10

၈၇ Sacareau (2007), p. 10

သွားများပေါ်ထွက်ရာနိုင်ငံများမှလာခြင်းဖြစ်သဖြင့် အမြတ်အစွန်းများသည် ထိုနိုင်ငံများသို့သာ ပြန်လည်ရောက်ရှိသွားသည်။[၈၈] ဤအကြောင်းအရာအားလုံးက ရေရှည်ဖွံ့ဖြိုးသော ခရီးသွားလုပ်ငန်းထုတ်ကုန်များကိုထုတ်လုပ်ရာတွင်အခြားခရီးသွားလုပ်ငန်း ထုတ်ကုန်များထက် ပွတ်ကာသီကာသာဈေးကြီးသည့် ဝိရောဓိကို ဖြစ်ပေါ်စေသည်။ အချို့သော ကမ္ဘာလှည့်ခရီးသွားများသည် ရေရှည်တည်တံ့သောဝန်ဆောင်မှုတစ်ခုအတွက် ငွေပိုပေးရန်ပြင်ဆင်ထားကြသဖြင့် အမြတ်အစွန်းအသာရသည့်ပမာဏသည် ရေရှည်တည်တံ့သော ထုတ်ကုန်များတွင် စံထုတ်ကုန်များထက် ပိုများသည်။ ရေရှည်ဖွံ့ဖြိုးသော ခရီးသွားလုပ်ငန်းက ဤဝေဖန်မှုကိုတုန့်ပြန်သည်မှာ ထုတ်ကုန်အရေအတွက်တိုးမြှင့်ခြင်းဖြင့် စရိတ်သက်သာစေပြီး ယင်းကို အပိုရရှိသည့်အမြတ်ငွေနှင့် ခုနှိမ်နိုင်သဖြင့် ဈေးကွက်တွင် နှစ်ဦးနှစ်ဘက်အကျိုးရှိသောအနေအထား ဖြစ်ပေါ်စေသည်။ ယင်းက အမူအကျင့်များကို ပြောင်းရန်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟူ၍ ဖြစ်သည်။ ဟိုတယ်များတွင် ယခုအခါ ဧည့်သည်များအား မျက်နှာသုတ်ပဝါများကို နေ့စဉ်လဲမပေးကြောင်း ပြောနေခြင်းသည် ဤနည်းလမ်းကိုအသုံးပြုနေခြင်းဖြစ်သည်။

- **ကမ္ဘာတစ်ဝှမ်း ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်၏ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအပေါ်သက်ရောက်မှုကို အကဲဖြတ်ခြင်း -** အချို့သောသုတေသီများက ဒေသခံရပ်ရွာလူထုများသည် ကမ္ဘာတစ်ဝှမ်းဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်၏ ကမ္ဘာလုံးအတိုင်းအတာ၊ နိုင်ငံနှင့်ချီသောအတိုင်းအတာတွင်လည်းကောင်း ထောက်ခံသူများနှင့်ဗဟိုအစိုးရ[၈၉] တို့၏ ပြည်တွင်းနှင့် ဒေသတွင်းအတိုင်းအတာတွင်လည်းကောင်း အတိုက်ခိုက်ခံနေရသည်။ ယေဘုယျအားဖြင့် ပြည်တွင်းနှင့် ဒေသတွင်းအာဏာပိုင်များသည် အုပ်စုလိုက်ခရီးသွားလုပ်ငန်းကြောင့် အားနည်းလာသည်ဟု ထင်မြင်ယူဆကြသည်။ ထိုသုတေသီများက ကမ္ဘာတစ်ဝှမ်းဆက်စပ်ပြောင်းလဲမှုဖြစ်စဉ် (globalization) သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ခေတ်မီကမ္ဘာသို့ဖွင့်လှစ်ထားသည့်လမ်းတစ်ခုအဖြစ် မှတ်ယူထားသည့်၊ နိုင်ငံတစ်နိုင်ငံစီက ဆက်လက်လုပ်ဆောင်လျက်ရှိသည့်၊ မဖြစ်မနေလုပ်ဆောင် နေရသည့်အရာဟုမြင်သည်။ UNWTO အတွက်မူ ယင်းသည်အကြွင်းမဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ခံအားပေးသည့်အရာဖြစ်သည်။[၉၀] သို့သော်အခြားသော သုတေသီများက ကမ္ဘာတစ်ဝှမ်း ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်ကို ပိုမိုရှုပ်ထွေးသည်ဟု ဆိုသည်။ သုတေသီတို့က ကမ္ဘာတစ်ဝှမ်းရှိနေရာဒေသများ အချင်းချင်းချိတ်ဆက်မှုများ ပိုမိုပွားများခိုင်မြဲစေသည့် လမ်းကြောင်းကဲ့သို့ဖြစ်နေသောသဘာဝဖြစ်စဉ်ဖြစ်ဖြစ်သည့် ကမ္ဘာတစ်ဝှမ်းဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်သည် ယင်း၏ကမ္ဘာကို စံညွှန်းသတ်မှတ်နိုင်စွမ်းကြောင့်

---

၈၈ Cazes, ibid.

၈၉ Simard (1999), p. 34

၉၀ Canfin (2008)

အလွယ်တကူရှုံ့ချခံရသည်။ ခရီးသွားလုပ်ငန်းကို ဤဖြစ်စဉ်နောက်ကွယ်မှ အင်အား အကြီးဆုံးအင်အားစုများထဲကတစ်ခုအဖြစ် မကြာခဏထင်ရသည်ဟု အသိအမှတ်ပြုပြီး [၉၁] နောက်ဆုံးတွင် ယင်းတို့က လူတို့သည်အခြေအနေပေါ်မူတည်၍ အကြောင်းအမျိုးမျိုး ကြောင့် ခရီးသွားလာမှုပုံစံအမျိုးမျိုးပြုလုပ်ကြရာယဉ်ကျေးမှုများကိုပေါင်းစပ်ရောမွှေမည့် အစားခရီးသွားလုပ်ငန်းသည် သိမ်မွေ့သောကွဲပြားမှုများတိုးတက်များပြားလာသည်ဟု နိဂုံးချုပ်ခဲ့သည်။ [၉၂]

ထိုသို့အချင်းချင်းဆက်နွယ်နေသည့် သင်ယူမှုရလဒ် ၄ ခုသည် သတင်းအတတ်ပညာ ကျောင်းသားများအား သတင်းအတွေးအခေါ်နှင့် သတင်းတည်ဆောက်နိုင်စွမ်းများ ရှိလာ စေကာခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော လူမှုရေး၊ နိုင်ငံရေးနှင့်စီးပွားရေး စိန်ခေါ်မှုများ များစွာရှိကြောင်း သိမှတ်နိုင်စွမ်းရှိစေလိမ့်မည်။ ယင်းစိန်ခေါ်မှုများသည် ကျယ်ပြန့်သော အခြေအနေအမျိုးမျိုးကိုရှင်းလင်းပြပြီး မကြာခဏပင် ခရီးသွားလုပ်ငန်းနယ်ပယ်မှလွန်စွာ ဝေးကွာသော နယ်ပယ်ရှိသဘောတရားများနှင့်နှီးနွယ်သည်။ Schéoကထောက်ပြသကဲ့ သို့ပင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် အဆိုးကြီး သို့မဟုတ် အဆိုးကလေး ဆက်လက်ဖြစ်ပေါ်နေခြင်းအဖြစ်သတ်မှတ်နိုင်သည်။ [၉၃] အဆိုးကြီးဟုဆိုရာတွင် ခရီးသွား လုပ်ငန်းကုမ္ပဏီကြီးများသည် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာကျင့်ထုံးများနှင့် ပဋိညာဉ် များအားလုံးရှိသော်လည်း ယင်းတို့၏နည်းလမ်းများကို သိသိသာသာပြောင်းလဲခဲ့သည်ကို မမြင်တွေ့ရ။ ထိုအဆင့်များကို လူမှုရေးအရလက်ခံနိုင်ဖွယ်ရှိရုံသာလုပ်ဆောင်ကြသည်။ ယင်းတို့၏ ပုံရိပ်ကောင်းရုံ၊ ဈေးကွက်ရရုံ၊ လူထုဆက်ဆံရေးအဆင်ပြေရုံသာ လုပ်ဆောင်ခဲ့ ကြသည်။ ရှေ့လာမည့်ပြောင်းလဲမှုများအတွက် ကြေညာချက်များထုတ်ပြန်သည်။သို့သော် ယခုအချိန်အထိတော့ ယင်းတို့သည်ထိုကတိများကို အနာဂတ်တွင် ဖော်ဆောင်ရမည့် အချိန်တွင် မေ့ပျောက်ပြီးဖြစ်နေလိမ့်မည်။ [၉၄] အဓိကအချက်မှာ ခရီးသွားလုပ်ငန်းသည် ထိုလုပ်ငန်းလုပ်ကိုင်နေသည့်ကုမ္ပဏီများ ကျေနပ်နှစ်သက်မှုရရှိအောင် ဆက်လက်ဖွံ့ဖြိုး တိုးတက်သင့်သည်။ အဆိုးလေးဟုဆိုရာတွင် အစိုးရ၏ဆုံးဖြတ်ချက်ကြောင့်မဟုတ်ဘဲ ရေရှည်တွင် ယဉ်ကျေးမှုပြောင်းလဲခြင်းများဖြစ်ပေါ်လာမည်ဟု ယူဆရသည်။ ကမ္ဘာလှည့် ခရီးသွားများ အခြားနိုင်ငံများသို့ သွားရောက်လည်ပတ်သည်ဖြစ်စေ မိမိနိုင်ငံတွင်းသို့ လက်ခံသည်ဖြစ်စေ သဘောထားများပြောင်းလဲရန်မှာ အချိန်ကြာသည်။ မသိမသာ ပြောင်းလဲရေးဝါဒီ၏မူဝါဒသည် မူဝါဒလုံးဝမရှိခြင်း သို့မဟုတ် အခြေအမြစ်မရှိသည့် အဖြစ်မှန်ကို ငြင်းပယ်မှုတို့ထက်သာ၍ ကောင်းမွန်သည်ဟု ထင်မြင်ကြသည်။ ဖောက်သည်

---

၉၁ Coëfféetal.(2007),p.83.

၉၂ Ibid. p. 84

၉၃ Schéou (2009), p. 296.

၉၄ One example is promises by aircraft manufacturers to reduce C02 emissions. in 2007 the Airbus CEO, Louis Gallois, promised to reduce them by 50%, http://www.airbus.com/presscentre/pressreleases/press-release-detail/detail/airbus-commits-to-ambitious-environmental-targets-and-calls-for-sector-to-become-eco-efficient/,accessed 10/7/2014.

များအား ပို၍ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သောခရီးသွားဝန်ဆောင်မှုကို ဝယ်ခွင့်ပေးခြင်း သို့မဟုတ် ကမ္ဘာလှည့်ခရီးသွားများအား ပူပြင်းခြောက်သွေ့သောနိုင်ငံများတွင် ယင်းတို့၏ ရေသုံးစွဲခြင်းအကြောင်း တွေးတောဆင်ခြင်ခိုင်းခြင်းဖြင့် ယင်းတို့၏နေရင်းတိုင်းပြည်တွင် အမူအကျင့်ပြောင်းရန် အသုံးဝင်ကောင်းဝင်နိုင်လိမ့်မည်။

ဤအကျပ်ရိုက်မှုမှ မည်သို့လွတ်မြောက်နိုင်မည်နည်း။ လူထုဆက်သွယ်ရေး၏ အဓိက အခြေခံလုပ်ငန်းများဖြစ်သည့် ပြန်ကြားပေးခြင်းနှင့် ပညာပေးခြင်းဖြင့် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယေဘုယျအားဖြင့် ပတ်ဝန်းကျင်နှင့်လည်းကောင်း အထူးသဖြင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းနှင့်လည်းကောင်း ပတ်သက်သောပြဿနာများ သည် ရှုပ်ထွေးကာ စနစ်ကျသောချဉ်းကပ်ပုံနည်းလမ်း လိုအပ်သည်။ ထိုကဲ့သို့သော ခရီး သွားခြင်းနှင့် တည်းခိုနေထိုင်ခြင်းတို့၏ အကျိုးဆက်များကို အကဲဖြတ်ရာတွင်လိုအပ် သည်။ ပြည်သူလူထုသည် အိမ်ရှင်များဖြစ်စေ၊ ကမ္ဘာလှည့်ခရီးသွားများဖြစ်စေ ဗဟုသုတ ပြည့်ဝသောရွေးချယ်မှုပြုလုပ်နိုင်ရန်အတွက် ယင်းတို့အား လိုအပ်သည့်သတင်းအချက် အလက်များပေးသင့်သည်။ လားမစ် (Lamic) ၏အဆိုအရ သက်ဆိုင်ရာခရီးသွား ၈၀% ကျော်သည် လက်ရှိအချိန်တွင် ရရှိရန်ခက်ခဲသည့် အသေးစိတ်၍ ဓမ္မဓိဌာန်ကျသော သတင်းအချက်အလက်များကိုလိုလားသည်။ [၉၅] ထောက်ခံချက် သို့မဟုတ် စားသောက်ကုန် စာရင်းကဲ့သို့ပင် ပါဝင်သောအမယ်များသည် လူတိုင်းကို ယင်းတို့အလိုရှိသောအရာကို ဘေးကင်းစွာရွေးချယ်နိုင်စေသည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ရည်ရွယ် သည့်ထုတ်ကုန်များသည် ဝယ်ယူသူအား လမ်းညွှန်ပေးနိုင်ရန် လိုအပ်သောအချက်အလက် များ ပေးထားသင့်သည်။ အားလပ်ရက်များအတွက် သည်းထိတ်ရင်ဖိုစွန့်စားခရီးစဉ်များကို အထူးစီစဉ်ပေးသည့် ပြင်သစ်ခရီးသွားလုပ်ငန်းငယ်တစ်ခုဖြစ်သည့် အက်တ်လန်တီ (Atlante) က ဖော်ပြထားသကဲ့သို့ပင် ဆိုးသောကမ္ဘာလှည့်ခရီးသည်များ မရှိ၊ သတင်းအချက်အလက် လုံလောက်စွာမသိရသောသူများသာရှိသည်။ [၉၆] နိုင်ငံအများအပြားတွင် ထုတ်ကုန်တစ်ခု တွင် ပါဝင်သောကယ်လိုရီပမာဏကိုအထုပ်ပေါ်တွင် ဖော်ပြထားကဲ့သို့ပင် မည်သည့် ခရီးသွားလုပ်ငန်းမျိုးမဆို ယင်း၏ကာဗွန်ခြေရာကို ဖော်ပြသင့်သည်။ ယင်းက ရေရှည် တည်တံ့သည်ဟု ဈေးကွက်တွင်ထိုးဖောက်ထားသည့်ထုတ်ကုန်အချို့၏ရယ်ဖွယ်ကောင်း မှုကို မီးမောင်းထိုးပြလိမ့်မည်။ [၉၇] ဤနည်းလမ်းအတွက် ပညာရေးသည်ကျောထောက် နောက်ခံအဖြစ် လိုအပ်သည်။ ကမ္ဘာလှည့်ခရီးသွားတစ်ဦးအနေနှင့် မည်သို့ပြုမူရမည် ကိုသိခြင်း၊ ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား မည်သို့လက်ခံရမည်ကိုသိခြင်းသည် မွေးရာပါ စွမ်းရည်များမဟုတ်။ လူတိုင်းသည် ခရီးသွားရော၊ အိမ်ရှင်ပါဖြစ်နိုင်သည်။ ခရီးသွား

---

၉၅ Lamic (2009), P. 130.

၉၆ Atalante, Traveller's Ethical Charter.

၉၇ For a European it would be ridiculous to undertake ecotourism in Costa Rica: the carbon footprint for the flight would be far too heavy.

လုပ်ငန်းသည် မြောက်-တောင်ဆက်ဆံရေးသို့ များစွာမကြာခဏလျော့ကျသွားတတ်သည်။ အမှန်တကယ်မူယင်းသည်မြောက်-မြောက်နှင့်မြင့်တက်လာသောတောင်-တောင်ဆက်ဆံရေးလည်းဖြစ်သည်။ ကျောင်းများတွင် မှန်ကန်သောအမှတ်တမဲ့ တုံ့ပြန်မှုများနှင့်လျောက်ပတ်သောအမူအကျင့်များကို သင်ကြားပေးသင့်သည်။ ယင်းသို့ သင်ကြားခြင်းဖြင့် အကျိုးကျေးဇူးကနှစ်ဆရှိနိုင်သည်။ တစ်ဘက်က ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင်ကျင့်သုံးနေသည့်နည်းလမ်းကို တိုးတက်စေမည်ဖြစ်ပြီး အခြားတစ်ဘက်ကလည်း လူထု၏ ကမ္ဘာလှည့်ခရီးသွားမဟုတ်သည့်တာဝ၏ အခြားသောနယ်ပယ်များအပေါ် သက်ရောက်မှုရှိနိုင်သည်။ ခရီးသွားလုပ်ငန်း၏ ရှိရင်းစွဲဆက်ဆံရေးသည် ကျွန်ုပ်တို့လူ့ဘောင်တွင် တစ်ချိန်လုံးဖြစ်ပျက်နေသည့် အခြားသူများ [98] နှင့် ဆက်ဆံရေးမျှသာ ဖြစ်သောကြောင့်ဖြစ်သည်။ ထိုနေ့စဉ်ဘဝနှင့်ဆက်စပ်မှုများကို ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းကို အသိအမှတ်ပြုသောသူများသည် လူမှုရေးတာဝန်သိသောစားသုံးသူများလည်း ဖြစ်ကြသည်ဟု ဖော်ပြခဲ့ပြီးဖြစ်သည်။ [99] Sacareau အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမရှိသော်လည်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် အုပ်စုလိုက်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိသည်။ ယင်းတွင် လူထုပညာပေးခြင်း၏အကျိုးကျေးဇူးများစွာရှိသည်။ ခရီးသွားလုပ်ငန်းတွင်ပါဝင်သည့်ဒေသခံရပ်ရွာလူထု၏လစာနှင့် လုပ်ငန်းခွင်အခြေအနေတို့ကို ပိုမိုကောင်းမွန်စေသည့်နည်းလမ်းကောင်းနှင့် မည်သို့မိတ်ဆက်ရမည်ကို နမူနာတစ်ရပ်ဖြစ်သည်ဟုဆိုလျှင် မှန်ကန်သည်။ [100] ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့ရမည်ဟု ပြောနေရုံနှင့် ထိုသို့ ဖြစ်လာမည်မဟုတ်။ ခရီးသွားလုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုက အုပ်စုလိုက်ခရီးသွားခြင်းကိုကန့်သတ်မည့် အပြိုင်စျေးကွက်များဖွံ့ဖြိုးရန် အထောက်အကူဖြစ်သည်။ ထို့အပြင် လူထုပုံရိပ်သည် ခရီးသွားလုပ်ငန်းတွင်ရော၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင်ပါ အရေးပါသည့်ကိစ္စသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းတည်ရှိနေမှုက ခရီးသွားကုမ္ပဏီကြီးများကို လူမှုရေးလိုအပ်ချက်အသစ်များကို ထည့်သွင်း စဉ်းစားရန်လှုံ့ဆော်လိမ့်မည်။ [101]

## သင်ကြားမှုချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း

သင်ကြားမှုနည်းလမ်းတွင် ဆရာများ၏စာတွေ့သင်ကြားမှုသုတေသနစာတမ်းများနှင့် ပြည်တွင်း၊ ပြည်ပသတင်းဆောင်းပါးများကို ဖတ်ရှုဆွေးနွေးခြင်း၊ ကျောင်းသားများ (တစ်ဦးချင်း သို့မဟုတ် အခြားသူများနှင့်အတူ)၏အတန်းတစ်ခုစီတွင် သင်ကြားသည့် ခေါင်းစဉ်၊ အမှုလေ့လာခြင်းနှင့်ကွင်းဆင်းအတွေ့အကြုံနှင့်ပတ်သက်ပြီး ကိုယ်တိုင်ရွေးချယ်ထားသောဘာသာရပ်များကို တင်ဆက်ခြင်းတို့ ပေါင်းစပ်ပါဝင်သည်။

---

၉၈ Coëffé et al.(2007)

၉၉ Francois-Lecompte and prim-Allaz (2009)

၁၀၀ Sacareau (2007, P.14

၁၀၁ Viallon (2013), Coulomb (2011)

### သင်ရိုးပြီးဆုံးမှုအမှတ်

သင်ရိုးပေါက်မြောက်အောင်မြင်ကြောင်းအမှတ် (credit) ကို အောက်ပါအတိုင်း သတ်မှတ်ပေးသည်။ သင်ခန်းစာနှင့် လက်တွေ့လုပ်ဆောင်မှုများတွင် ပါဝင်မှု - ၃၀%၊ အဖွဲ့လိုက် တင်ဆက်မှုများတွင်ပါဝင်ခြင်း - ၃၀%၊ ကျောင်းသား၏တစ်ဦးတည်းလုပ်ဆောင်ခြင်း (သတင်းအတတ်ပညာအလုပ်နှင့်အရေးအသားကိုအကဲဖြတ်ခြင်း) - ၄၀%.

### တစ်ပတ် စာသင်ကြားချိန် နာရီပေါင်း

တစ်ပတ်လျှင် ၄-နာရီနှုန်းနှင့် ၁၀-ပတ်အတွင်း (နာရီ-၄၀) နှင့် နောက်ဆက်တွဲ အကဲဖြတ်ခြင်းနှင့် အတူလက်တွေ့ကွင်းဆင်းခြင်း (၈နာရီ)၊ စုစုပေါင်း ၄၈-နာရီ။ စာသင်ချိန်တစ်ခုစီတွင် (လက်တွေ့ကွင်းဆင်းခြင်းမှလွဲ၍) အောက်ပါအချက်များ ပါဝင်မည်။

- ၁း၃၀နာရီ၊ ဆရာက စာတွေ့၊ အယူအဆပိုင်းနှင့် နည်းလမ်းပိုင်းသင်ကြားခြင်း။
- ၃၀-မိနစ်၊ ကျောင်းသားများက ကြိုတင်လေ့လာထားသော သင်ကြားမည့်သင်ရိုးကို ဆွေးနွေးခြင်း။
- ၃၀-မိနစ်၊ သင်ရိုးခေါင်းစဉ်မှ ကျောင်းသားများက ရွေးချယ်ထားသည့်ဘာသာရပ်များ တင်ဆက်ခြင်းနှင့် ဆွေးနွေးခြင်း။
- ၁း၃၀နာရီ၊ သတင်းအတတ်ပညာဆိုင်ရာအမှုလေ့လာခြင်းများ (သတင်းဆောင်းပါးများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားထုတ်လွှင့်မှုများ၊ ပသာဒစုံ (သင်ကြားမှု၊ တင်ဆက်မှု) ဝက်ဘ်ဆိုဒ်စာမျက်နှာများ၊ စသည်။

### ပစ္စည်းကိရိယာများ

ဤသင်ရိုးအတွက် နည်းပညာပစ္စည်း ကျယ်ကျယ်ပြန့်ပြန့် မလိုအပ်ပါ။ ဗွီဒီယိုပရိုဂျက်တာ၊ မိတ္တူကူးစက်စသည့် ရှိနှင့်ပြီးသောပစ္စည်းကိရိယာများကို အသုံးပြုနိုင်သည်။
ပါဝင်ဆွေးနွေးခဲ့ဖူးသူများ၊ လက်ရှိပါဝင်ဆွေးနွေးနေသူများနှင့် အခြားစိတ်ဝင်စားသူများပါဝင်ဆွေးနွေးနိုင်ရန်အတွက် ဝက်ဘ်ဆိုဒ်တစ်ခုတွင် ဖိုရမ်တစ်ခု ထူထောင်ပါ။

# သင်ခန်းစာအနှစ်ချုပ်

## ပထမပတ်

**ခေါင်းစဉ်** - ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏အယူအဆများနှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ (ပတ်ဝန်းကျင်၊ အပြောင်းအလဲ၊ ညှိယူခြင်း၊ ပျော့ကွက်)

**ရည်ရွယ်ချက်** - ပြည်တွင်းရော၊ နိုင်ငံတကာတွင်ပါ အယူအဆများ၏ အမျိုးမျိုးအထွေထွေရှိမှုနှင့် ဝိဝါဒကွဲပြားမှုများကို ပြသရန်။

**ရည်ညွှန်းစာအုပ်** - Bernard Schéou (2009), Du tourisme durable au tourisme equitable, Brussels: De Boeck တို့မှစာပိုဒ်များ

**အမှုလေ့လာခြင်း** - ကုမ္ပဏီအမျိုးမျိုးတို့၏ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအကြောင်းငြင်းခုံဆွေးနွေးမှုများကို နှိုင်းယှဉ်ခြင်း။

## ဒုတိယပတ်

**ခေါင်းစဉ်** - သမားရိုးကျခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းယဉ်ကျေးမှုတို့၏သမိုင်းကြောင်း (ရုပ်ပုံ၊ ဓာတ်ပုံ၊ အထိမ်းအမှတ်ဖြစ်သောအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုကျင့်ဝတ်စည်းကမ်းများ စသည်)။

**ရည်ရွယ်ချက်** - ရေရှည်တည်တံ့သည်ဖြစ်စေ၊ မတည်တံ့သည်ဖြစ်စေ၊ အတုယူခြင်းသည် ခရီးသွားလုပ်ငန်း၏မောင်းနှင်အားဖြစ်ကြောင်း ပြသရန်။

**ရည်ညွှန်းစာအုပ်** - Marc Boyer and Philippe Viallon (1994), La communication touristique, Paris: PUF, Que sais-je? No. 2885 တို့မှ စာပိုဒ်များ

**အမှုလေ့လာခြင်း** - ကမ္ဘာလှည့်ခရီးသွားများနှင့်ခရီးသွားလုပ်ငန်းတို့၏ အရေးကြီးမှုနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏အရေးကြီးမှုတို့အကြား ဘုံပါဝင်သောအချက်များကို နှိုင်းယှဉ်ခြင်း။

## တတိယပတ်

**ခေါင်းစဉ်** - သမားရိုးကျနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတို့၏စီးပွားရေးများ၊ ပတ်ဝန်းကျင်နှင့်သဘာဝဇာတဖြစ်သောဝန်ဆောင်မှုများ၏ငွေကြေးထိန်းချုပ်ခြင်းနှင့် ဘဏ္ဍာရေးဆောင်ရွက်ခြင်း

**ရည်ရွယ်ချက်** - ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍကို သရုပ်ပြရန်။

**ရည်ညွှန်းစာအုပ်** - Isabelle Sacareau. 2007. 'Au pays des bons sentiments: quelques réflexions critiques à propos du tourisme solidaire', Téoros, Vol.26, No.3, pp.6-14

**အမှုလေ့လာခြင်း** - ဟိုတယ်အခွဲတစ်ခုနှင့် ခရီးသွားလုပ်ငန်းငယ်တစ်ခုတို့၏ စီးပွားရေးမဟာဗျူဟာများကို နှိုင်းယှဉ်ခြင်း။

## စတုတ္ထပတ်

**ခေါင်းစဉ်** - သမားရိုးကျနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတို့၏ လူမှုဗေဒ

**ရည်ရွယ်ချက်** - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအတတ်ပညာကို လက်တွေ့ကျင့်သုံးသူများ၏တင်ပြတောင်းဆိုချက်များကို ရှင်းပြရန်။

**ရည်ညွှန်းစာအုပ်** - Emil Juvan and Sara Dolnicar. 2014. 'The attitude-behaviour gap in sustainable tourism', Annals of Tourism Research, Vol.48, September 2014, pp. 76-95

**အမှုလေ့လာခြင်း** - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင် လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများ၏စိတ်ပါဝင်စားမှုအကြောင်း တွေ့ဆုံဆွေးနွေးခန်းများအား လေ့လာခြင်း။

## ပဉ္စမပတ်

**ခေါင်းစဉ်** - ဈေးရိုးနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတို့၏ ကျင့်ဝတ်များ

**ရည်ရွယ်ချက်** - အမျိုးမျိုးသောရှုထောင့်အမြင်များကိုအာရုံစိုက်ခြင်း

**ရည်ညွှန်းစာအုပ်** - Passage from UNWTO. 1999. Global Code of Ethics for Tourism

**အမှုလေ့လာခြင်း** - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းပဋိညာဉ်သုံးခုကို နှိုင်းယှဉ်ခြင်း။

## ဆဋ္ဌမပတ်

**ခေါင်းစဉ်** - ဈေးရိုးနှင့်ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတို့၏ မဟာဗျူဟာ

**ရည်ရွယ်ချက်** - ယေဘုယျခရီးသွားလုပ်ငန်းတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၏ အခန်း ကဏ္ဍကို အကဲဖြတ်ခြင်း

**ရည်ညွှန်းစာအုပ်** - Marianna Sigala. 2008.' A supply chain management approach for investigating the role of tour operators on sustainable tourism: the case of TUI', Journal of Cleaner Production, Vol.16, No.15,pp.1589-1599

**အမှုလေ့လာခြင်း** - Atlante ခရီးသွားလုပ်ငန်း

## သတ္တမပတ်

**ခေါင်းစဉ်** - ဈေးရိုးနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းတွင် လူထုဆက်သွယ်ရေး

**ရည်ရွယ်ချက်** - ခရီးသွားလုပ်ငန်းအစား လူထုဆက်သွယ်ရေး၏လုပ်ဆောင်ပုံကို ရှင်းပြခြင်း

**ရည်ညွှန်းစာအုပ်** - Philippe Viallon. 2013. 'La communication touristique: une triple invention',Mondes du tourisme, No.7, pp. 1-10

**အမှုလေ့လာခြင်း** - အထွေထွေခရီးသွားလုပ်ငန်းအစား လူထုဆက်သွယ်ရေးတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအစား လူထုဆက်သွယ်ရေး၏အခန်းကဏ္ဍ

## အဋ္ဌမပတ်

**ခေါင်းစဉ်** - စီးပွားရေးလုပ်ငန်းတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း

**ရည်ရွယ်ချက်** - အမျိုးမျိုးသော စီးပွားရေးမဟာဗျူဟာများကို ပြသခြင်း

**ရည်ညွှန်းစာအုပ်** - Passage from UNEP/UNW TO. 2005. Making Tourism More Sustainable: A Guide for Policy Makers, Paris

**အမှုလေ့လာခြင်း** - ဝက်ဘ်ဆိုက်နှိုင်းယှဉ်ခြင်း

## နဝမပတ်

**ခေါင်းစဉ်** - လူမှုသတင်းမီဒီယာများတွင်ဖော်ပြသည့်ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း

**ရည်ရွယ်ချက်** - အနည်းစုတို့ပါဝင်ခွင့်ရရန် အခွင့်အလမ်းများပြသခြင်း

**ရည်ညွှန်းစာအုပ်**-Office du tourisme du vin de Nantes. 2013. ‘Facebook, quelle utilisation pourle  tourisme’, slideshare-atelier-3-reseaux-sociaux-facebook-le-vignoble-de-nantes-tourisme-140409025725-phpapp01.pdf

**အမှုလေ့လာခြင်း** - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအုပ်စုများအကြောင်း နှိုင်းယှဉ်ခြင်း

## ဒသမပတ်

**ခေါင်းစဉ်** - ခြုံငုံသုံးသပ်ခြင်း - ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏အနာဂတ်

**ရည်ရွယ်ချက်** - ပြောင်းလဲမှုနှုန်းနှင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းပုံစံသစ်များကို ဖန်တီးခြင်း၏အရေးပါမှုများအကြောင်း ပညာပေးခြင်းများတိုးမြှင့်ဆောင်ရွက်ရန်

**ရည်ညွှန်းစာအုပ်** -Bill Bram well and Bernard Lane. 2012. ‘Towards innovation in sustainable tourism research? ’Journal of Sustainable Tourism, Vol.20, No.1, pp.1-7

**အမှုလေ့လာခြင်း** - နည်းပညာသစ်များနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအကြောင်း ဆွေးနွေးခြင်း

**ကွင်းဆင်းခြင်း**- ဒေသ၏ရွေးချယ်စရာအနေအထားပေါ် မူတည်၍ တစ်ရက်တာခရီးသွားရောက်ခြင်း ကမ္ဘာလှည့်ခရီးသွားများနှင့်အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများနှင့်ဆွေးနွေးခြင်း၊ ယင်းတို့၏အမူအကျင့်များအကြောင်း စဉ်းစားခြင်းနှင့် စီမံကိန်းများနှင့် ဝန်ဆောင်မှုပုတ်ပြတ်နှုန်းဖြင့်ပို့ဆောင်၊ စားသောက်၊ တည်းခိုမှုကို တာဝန်ယူသော အပျော်ခရီးများအကြောင်း အကဲဖြတ်ခြင်း

## ပြဌာန်းထားသည့်အကိုးအကားများ


Atalante.Traveller's Ethical Charter.

https://indabanetwork.files.wordpress.com/2012/01/travelers_ethical_charter.pdf, accessed 20/7/2014.

Bellia,R. and Richez-Battisti, N.2004. 'Tourisme solidaire: innovation et réseau, analyse comparée France-

Italie'. 'Les enjeux du management responsible' symposium, Catholic Unversity of Lyon,18-19 June 2004.

Blangy, S. and Laurent, A.2007. 'Le tourisme autochtone: un lieu d'expression privilégié pour des formes innovantes de solidarité'. Téoros, Vol.26, No.3, pp.38-45.

Boyer,M. and Viallon P.1994. La communication touristique. Paris: PUF.

Bramwell, B. and Lane, B.2012.' Towards innovationin sustainable tourism research?' Journal of Sustainable Tourism,Vol.20, No.1, pp. 1-7.

Buckley, R.2012. 'Sustainable tourism: Research and reality'. Annals of Tourism Research,Vol.39, No.2, pp. 528-546.

Butler, R.1999. 'Sustainable tourism: Astate-of-the-artreview'. Tourism Geographies,Vol.1, No.1, pp.7-25.

Camus,S.,Hikkerova, L. and Sahut J. -M.2012.' Systemic Analysis and Model of Sustainable Tourism'. International Journal of Business, Vol.17, No.4, pp. 366-378.

Canfin, P.2008. 'Des voyagistes toujours en retard sur le plan social et écologique'. Alternatives Economiques Poche, No.033, pp. 57-66.

Cazes, G.2006. 'Le tourisme équitable : un concept à interroger'. Espaces, No.235, pp. 13-16.

Coëffé, V., Pébarthe, H. and Violier, P.2007. 'Mondialisations et mondes touristiques'. L'Information géographique, Vol.71, No.2, pp. 83-96.

Coulomb, J.2011. 'Petit tour d' horizon des politiques de tourisme durable en France'. Cahier Espaces, No.110.

Duhamel, P. and Kadri, B.(eds.)2011.' Tourisme etmondialisation'. Mondes du Tourisme, special issue.

Fennell, D. and Malloy D.1999. 'Measuring the ethical nature of tourism operators'. Annals of Tourism Research, Vol.26, No.4, pp. 928-943.

François-Lecompte, A. and Prim-Allaz, I. 2009. 'Les Français et le tourisme durable:  proposition d'une typologie'.Management & Avenir, No.29, pp. 308-326.

Gössling, S., Hall, C.M., Ekström, F., Engeset A. and AallC. 2012. 'Transition management : a tool for implementing sustainable tourism scenarios? 'Journal of SustainableTourism,Vol.20,No.6,pp. 899-916.

Guillon, B.2004. 'Àpropos de l'intégration de l'écologie dans la stratégie marketing d'une enseigne spécialisée dans le tourisme: le cas du groupe Accor'. Revue française du marketing, No.200, pp. 91-100.

Juvan, E. and Dolnicar, S.2014. 'The attitude-behaviour gap in sustainable tourism'. Annals of  Tourism Research, Vol.48, September 2014, pp. 76-95.

Lamic, J.-P. 2009. Tourisme durable: utopie ou réalité? Comment identifier les voyageurs et voyagistes éco- responsables? Paris: L'Harmattan.

Lanfant, M.-F. 2004. 'L'appel à l'éthique et la référence universaliste dans la doctrine officielle du tourisme international'. Revue Tiers Monde, Vol.45, No.178, pp. 365-386. Paper downloaded from www.cairn.info24.37. 193.181, accessed 5/5/2014.

Liu, Z. 2003. 'Sustainable tourism development: acritique'. Journal of Sustainable Tourism, Vol.11, No.6, pp. 459-475.

MillerG., RathouseK., ScarlesC.,HolmesK. and Tribe J. 2010. 'Public understanding of sustainable tourism'. Annals of Tourism Research, Vol.37, No.3, pp. 627-645.

Office du tourisme du vin de Nantes 2014. 'Facebook, quelle utilisation pour le tourisme'.slideshare-atelier- 3-reseaux-sociaux-facebook-le-vignoble-de-nantes-tourisme-140409025725-phpapp01.pdf, accessed12/10/2014.

Sacareau, I.2007. 'Au pays des bons sentiments: quelques réflexions critiques à propos du tourisme solidaire'.Téoros, Vol.26, No.3, pp. 6-14.

Sacareau, I.2009. 'Changes in environmental policy and mountain tourism in Nepal'. Journal of Alpine Research-Revue de géographie alpine, Vol.97, No.3, http://rga.revues.org/1031,accessed 15/7/2014.

Schéou, B.2009. Du tourisme durable au tourisme équitable. Brussels: De Boeck.

Scott,D.2011.' Why sustainable tourism must address climate change'. Journal of Sustainable Tourism,Vol.19,No.1,pp.17-34.

Sigala, M.2008.'A supply chain management approach for investigating the role of tour operators on sustainable tourism: thecase of TUI'. Journal of Cleaner Production, Vol.16, No.15, pp. 1589-1599.

Simard,M.1999.' Communauté, identité et développement: pour un nouveau cadre d'analyse'. D.Lafontaine and N. Thivierge (eds), Les régions fragiles face à la mondialisation: Stratégies communautaires, technologiques et culturelles d'innovation et devalorisation. Quebec: GRIDEC (Université du Québec à Rimouski), pp. 23-38.

Sofield, T.2003. Empowerment for Sustainable Tourism Development. Oxford: Elsevier.

UNEP and UNWTO (2005). Making Tourism More Sustainable: A Guide for Policy Makers. United Nations Environment Programme/ World Tourism Organization: Paris.

UNWTO. 1999. Global Code of Ethics for Tourism. http://ethics.unwto.org/en/content/full-text-global-code-ethics-tourism, accessed 21/7/2014.

UNWTO. 2014. UNTWO Tourism Highlights, 2014 Edition.http://mkt. unwto.org/publication/unwto-tourism-highlights-2014-edition, accessed 12/7/2014.

Urbain, J.-D.2000. 'De la conscientisation du touriste'. Revue Espaces, No.171, pp.22-23.

Viallon, P. and Henneke-Lange, S.2011. 'L'approcheinter culturelle comme critère de l'excellence des sites Web des métropoles touristiques'.

Téoros, Vol.30, No.1,pp.64-72.

ViallonP. 2013. 'La communication touristique: une triple invention'. Mondesdutourisme, No.7, pp.1-10. Violier, P.2003. 'Tourisme et mondialisation: enjeux et problématiques'.Géoéconomie, No.25, pp.45-62. Weaver, D.2011. 'Cansustainable tourism survive climate change? 'Journal of Sustainable Tourism, Vol.19, No.1,pp.5-15.

UNEP and UNWTO(2005). Making Tourism More Sustainable: A Guide for Policy Makers. United Nations Environment Programme / World Tourism Organization: Paris.

UNWTO.1999. Global Code of Ethics for Tourism.http://ethics.unwto.org/en/content/full-text-global-code-ethics-tourism,accessed21/7/2014.

UNWTO. 2014. UNTWO Tourism Highlights, 2014 Edition. http://mkt. unwto.org/ publication/unwto-tourism-highlights-2014-edition, accessed 12/7/2014.

Urbain, J.-D.2000. 'De la conscientisation du touriste'. Revue Espaces, No.171, pp.22-23.

Viallon, P. and Henneke-Lange, S.2011. 'L'approche inter culturelle comme critère de l'excellencedessites Web des métropoles touristiques'. Téoros, Vol.30, No.1, pp. 64-72.

ViallonP.2013. 'La communication touristique: une triple invention'. Mondes du tourisme, No.7, pp. 1-10.

Violi-er,P.2003. 'Tourisme et mondialisation: enjeuxet problématiques'. Géoéconomie, No.25,pp.45-62.

Weaver, D.2011. 'Can sustainable tourism survive climate change? 'Journal of Sustainable Tourism, Vol.19, No.1, pp. 5-15.

# ဒုက္ခသည်များကို အဓိကထား၍ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ သတင်း ရေးသားပေးပို့ခြင်း

ဂျူလီပိုဆက်တီ (Julie Posetti)

ဤသင်ရိုးသည် မူလကဒုက္ခသည်များနှင့်စပ်လျဉ်း၍သတင်းရေးသားတင်ပြခြင်းဟူသော အများပြည်သူ့ သတင်းအတတ်ပညာစီမံချက် (project) (cf. Rosen, Gillmor et al) အတွက် ဂျူလီပိုဆက်တီ (Julie Posetti) နှင့် သြစတြေးလျသတင်းဌာန (Australian Broadcasting Corporation - ABC) တို့မှ ပူးပေါင်းရေးဆွဲထားခြင်းဖြစ်သည်။ မီဒီယာများနှင့် ဒုက္ခသည်ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြကာ မီဒီယာလုပ်ငန်းလုပ်ကိုင်သူများနှင့်ကျောင်းသားများက မိမိတို့ကွန်ယက် များဖြင့် ပညာရှင်အဆင့်ရုပ်သံမီဒီယာများကို ပူးပေါင်းထုတ်လုပ်ခြင်းများ ပါဝင်သည်။ စီမံချက်သည် ကျောင်းသားများတည်ဆောက်ထားသော လူမှုမီဒီယာဆက်သွယ်မှုများအပေါ် တစ်စိတ်တစ်ဒေသ မှီခိုနေရသည်။

ပွင့်လင်းသော သတင်းအတတ်ပညာသီအိုရီကိုစူးစမ်းလေ့လာရာတွင် ရပ်ရွာလူထုသည် သတင်း ဇာတ်ကြောင်း ပြောသူများအဖြစ် တက်ကြွစွာပါဝင်လာကြသောကြောင့် ဖြစ်သည်။

ယင်းသို့ ပရိတ်သတ်နှင့် ချိတ်ဆက်ပါဝင်မှုကို ထည့်သွင်းထားသောကြောင့် ရှင်းလင်းတင်ပြသည့် သတင်းပညာ၊ လူ့အသိုက်အဝန်းအား ပညာပေးခြင်း၊ စိတ်ဒဏ်ရာရစေသောဖြစ်စဉ်တွင်ပါဝင်သူများကို တွေ့ဆုံမေးမြန်းသည့် အရည်အသွေး၊ စိတ်ရှည်သည်းခံမှု၊ လူမှုရေးအရပူးပေါင်းမှု၊ လူ့အခွင့်အရေးများကို အထောက်အကူပြုသည့်အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်များကိုလေးစားခြင်း အစရှိသည့် သင်ယူ မှုရလဒ်များ ပိုမိုတိုးတက်ကျယ်ပြန့်စေနိုင်သည်။

**ဘာသာရပ်အဆင့်** - ကက်ပ်စတန် (Capstone) သင်ရိုးသည်စာနယ်ဇင်း သို့မဟုတ် မီဒီယာ ဘာသာရပ်များဆိုင်ရာ တက္ကသိုလ်သတင်းအတတ်ပညာဘွဲ့ ၃ နှစ် သို့မဟုတ် ၄ နှစ် တက်ရောက်နေသည့် တတိယနှစ် (သို့မဟုတ်) စတုတ္ထနှစ်ကျောင်းသားများအတွက် ရည်ရွယ်ပါသည်။

**ဘာသာရပ်အကြောင်းဖော်ပြခြင်း** - ဤသင်ရိုးမာတိကာသည်လုပ်ငန်းတစ်ခုနှင့် အရပ်ဖက်အဖွဲ့အစည်းတို့မိတ်ဖက်ပူးပေါင်းထားသည့်စီမံချက်ဖြစ်ပြီး သတင်းစာပညာကျောင်းသားများ (နှင့် ယင်းတို့၏သောတရှင်များ) အတွက် နိုင်ငံရေးခိုလှုံခွင့်တောင်းသူနှင့် နိုင်ငံရေးခိုလှုံမှုပေါ်လစီဆိုင်ရာ အကြောင်းအရာများကိုပညာပေးရန်နှင့် အသိပေးရန်အတွက်သော်လည်းကောင်း၊ ယင်းအကြောင်းအရာပါသတင်းအစီရင်ခံခြင်းကို ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း စီမံထားခြင်းဖြစ်သည်။ ဤသင်ရိုးကို ရှေးရိုးစဉ်လာမျက်နှာချင်းဆိုင်သင်ကြားမှုပုံစံဖြင့် စီစဉ်ထားသည်။

ဤသင်ရိုးကို ၂၀၁၁ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာ (Canberra) တက္ကသိုလ်ရှိ သင်ရိုးမာတိကာရေးသားသူမှ ရှေ့ပြေးစီမံချက်အဖြစ် ပြုစုခဲ့ခြင်းဖြစ်သည်။ ယင်းရှေ့ပြေးသင်ရိုးတွင် ထိပ်သီးလူထုဒုက္ခသည်အေဂျင်စီဖြစ်သည့် Canberra Refugee Support (CRS) (http://www.crs.org.au) နှင့်မိတ်ဖက်ပူးပေါင်းမှုပါဝင်ပြီး ကန်ဘာရာရှိ Australian Broadcasting Corporation (ABC) ဖြင့်လည်း ပူးပေါင်းမှုပြုထားပါသည်။ http://www.abc. net.au/local/stories/2011/10/19/3343665.htm ဤမိတ်ဖက်ပူးပေါင်းမှုများကို အဖွဲ့နှစ်ရပ်အကြားနားလည်မှုစာချွန်လွှာ (MOU) ဖြင့် လက်မှတ်ရေးထိုးကာ တရားဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းတွင် ဩစတြေးလျအမျိုးသားတက္ကသိုလ်၏တေးဂီတကျောင်းဖြင့်လည်း ဒုတိယမိတ်ဖက်ပူးပေါင်းမှုပြုလုပ်ထားရာ စာနယ်ဇင်းကျောင်းသားများ၏သတင်းအကြောင်းအရာအချို့၏ရမှတ်များအတွက် မူရင်းတေးဂီတထုတ်လုပ်မှုကိုပံ့ပိုးပေးသည်။ ထပ်မံ၍ မိတ်ဖက်ပူးပေါင်းသည့်အဖွဲ့မှာ အသုံးပြုသူမှဖန်တီးထုတ်လုပ်သည့်အကြောင်းအရာ (User Generated Content - UGC) ပံ့ပိုးသူများဖြစ်သည့် ကျွန်ုပ်တို့၏ပြောရေးဆိုခွင့် (Our Say) (http://oursay.org/reporting-refugees) ဖြစ်သည်။ ယင်းတို့သည် ဒုက္ခသည်များ/နိုင်ငံရေးခိုလှုံခွင့်တောင်းသူများဆိုင်ရာ သတင်းစိတ်ကူးများနှင့် အဓိကမေးခွန်းများထွက်ပေါ်လာစေရန်နှင့် ထိုသူတို့အပေါ်အကျိုးသက်ရောက်သည့်ကိစ္စရပ်များနှင့် မူဝါဒများကိုဖော်ဆောင်ရန် ကူညီပေးသည်။ စီမံချက်နှင့်သက်ဆိုင်သည့် ABC ရေဒီယိုတွင် ၂ နာရီကြာ တိုက်ရိုက်ထုတ်လွှင့်သည့် အထူးအစီအစဉ်အတွင်း လူထုကိုပညာရှင်များအဖွဲ့တွင် ပါဝင်စေခြင်းဖြင့် လေ့လာဖော်ထုတ်မှုများပြုလုပ်စေပါသည်။

## သင်ရိုး၏ရည်ရွယ်ချက်များ (Course objectives)

- ရပ်ရွာဒေသလူထုများအကြားနေထိုင်ကြသည့်ဒုက္ခသည်များ/နိုင်ငံရေး ခိုလှုံခွင့် တောင်းသူများတို့ကို ထိတွေ့ကူညီပံ့ပိုးပေးသည့် အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြင့် တရားဝင်မိတ်ဖက်ပူးပေါင်းမှုပြုလျက် ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းသူများအပေါ်

အကျိုးသက်ရောက်နေသည့်ကိစ္စရပ်များဆိုင်ရာ စာနယ်ဇင်းကျောင်းသားများ၏ အသိပညာ တိုးပွားလာစေရန်

- ဒုက္ခသည်များ/နိုင်ငံရေးခိုလှုံခွင့်တောင်းသူများနှင့် ယင်းတို့အပေါ် အကျိုးသက်ရောက်နေသည့် မူဝါဒများကို ယင်းလူအုပ်စုများမှ 'သတင်းဇာတ်ကောင်များ' (story subjects) နှင့် စံချိန်မီသတင်းထုတ်လွှင့်နိုင်စေမည့် အခြေခံများတည်ဆောက်ပေးရန်
- ဒုက္ခသည်များ/နိုင်ငံရေးခိုလှုံခွင့်တောင်းသူများကို ရုပ်လုံးပေါ်စေသည့်သတင်းများကို ရှင်းလင်းစေပြီး ဆက်စပ်မှုရှိသည့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာအသံ/ရုပ်ပြ/မာလ်တီမီဒီယာ (multimedia) အရည်အသွေးပြည့်ဝသည့် ကျောင်းသားများ၏ထုတ်လုပ်မှုကို ပံ့ပိုးရန်
- နယ်မြေဒေသဆိုင်ရာ မီဒီယာ (ဥပမာ၊ လူထုမီဒီယာ) မှ တစ်ဆင့် အဆိုပါ သတင်းများကို ကျောင်းသား/ပညာရပ်ဆိုင်ရာဝန်ထမ်း အသင်းဝင်များ၏ဘလော့ဂ် (blogs) နှင့် လူမှုဆိုင်ရာမီဒီယာများမှသော်လည်းကောင်း၊ မီဒီယာလုပ်ငန်းလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့တို့၏အစီအစဉ်များ/အင်တာနက်ဝက်ဘ်ဆိုက်များမှသော်လည်းကောင်း နားထောင်/ကြည့်ရှုနေသူများကို အသိပညာပေးရန်
- အဆိုပါကိစ္စရပ်များကို လူထုချိတ်ဆက်မှုဖြင့်ဆောင်ရွက်သည့်ကြိုတင် အသိပေးဆွေးနွေးမှုဖြစ်သည့် အများပြည်သူဝေဖန်ဆွေးနွေးမှု (Debate)အဆင့်အတန်းမြှင့်တင်ပေးရန်
- လုပ်ငန်းဆိုင်ရာပညာရှင်များထံမှ အတွေ့အကြုံအခြေခံသည့်သင်ယူမှုဖြင့် ပညာရှင်အဆင့်ရှိသည့် သတင်းထုတ်လုပ်ရေးကို ကျောင်းသားများနှင့်ချိတ်ဆက်ပေးရန်
- ကျောင်းသားများ၏ ထုတ်လုပ်မှုယူနစ်များအတွင်း အဖွဲ့လိုက်လုပ်ဆောင်တတ်မှုနှင့် အဖွဲ့လိုက်ဖြစ်ရပ်အကြောင်းအရာပြောခြင်း (storytelling) ပြောဆိုမှု စွမ်းဆောင်ရည်များကို ပံ့ပိုးရန်
- ထိရှလွယ်သောကိစ္စရပ်များ သတင်းအစီရင်ခံသည့်အခြေအနေမျိုးတွင် ဆိုရှယ်မီဒီယာ အသိပညာ ကျယ်ပြန့်စေရန်နှင့် ပရိသတ် (audience) များနှင့် ချိတ်ဆက်မှုကို ပံ့ပိုးပေးရန်
- စည်းရုံးလှုံ့ဆော်ခြင်း စာနယ်ဇင်းပညာ၊ ငြိမ်းချမ်းရေးဆိုင်ရာ စာနယ်ဇင်းပညာ၊ ပွင့်လင်းမှု စာနယ်ဇင်းပညာ၊ အများပြည်သူဆိုင်ရာစာနယ်ဇင်းပညာစသည်တို့ပါဝင်သည့် စာနယ်ဇင်းပညာဆိုင်ရာသီအိုရီများနှင့် လက်တွေ့ဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်ရန်
- ဒုက္ခသည်များ/ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများနှင့် ယင်းတို့၏ကိုယ်တိုင်ကျ ကိုယ်စားပြုခြင်းကို တိုးတက်စေရန်စီစဉ်ထားသည့် မီဒီယာဆိုင်ရာကျွမ်းကျင်မှုဖွံ့ဖြိုးရေးတွင် ကူညီပံ့ပိုးပေးနေသူများကို ကူညီပေးရန်

နိဂုံးချုပ်ဆိုရသော်ဤသင်ရိုးကိုဒုက္ခသည်များနှင့်နိုင်ငံရေးခိုလှုံခွင့်တောင်းသူများနှင့် ပတ်သက်သည့် ပြဿနာများသောသတင်းအစီရင်ခံမှုကိုကိုင်တွယ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ သတင်းအစီရင်ခံမှုကိုအခြေတည်လျက် ဤသင်ရိုး

သည့်သတင်းအတတ်ပညာကျောင်းသားများအတွက်ကိစ္စရပ်များကို အများပြည်သူများအကြား ကောလာဟလ ပိုမိုဖောင်းပွစေရန်မဟုတ်ဘဲ ပို၍သတင်းအချက်အလက်ပြည့်စုံသော စာနယ်ဇင်း ထုတ်လုပ်နိုင်သည့်အရည်အချင်းများ တတ်မြောက်စေရန် ရည်ရွယ်သည်။ ယင်းနည်းတူ ဤသင်ရိုး သည်ကျောင်းသားများအတွက် ကိုယ်၊ စိတ် ဒဏ်ရာရနေသောသူများနှင့် အင်တာဗျူးရာတွင် ထိရှလွယ်ခြင်းကိုဂရုပြုရန်နှင့် ကျင့်ဝတ်စောင့်ထိန်းခြင်းရှိရန် ပံ့ပိုးပေးပြီး ပြန်လှန်သုံးသပ်သော လက်တွေ့လုပ်ဆောင်ချက်ဖြင့်ဖြစ်ရပ်အကြောင်းအရာပြောခြင်း (storytelling) ၏ လူမှုရေးရာနှင့် လူသားတို့အပေါ် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားတတ်ရန် လှုံ့ဆော်ပေးပါသည်။ သို့သော် ယင်းသည်လည်း လူမှုရေးရာစာနယ်ဇင်းအတွက်ကျွမ်းကျင်မှုအသစ်များ လိုအပ်လာ သည်။ တစ်ချိန်တည်းတွင် ရှေးရိုးစဉ်လာစာနယ်ဇင်းကျွမ်းကျင်မှုများဖွံ့ဖြိုးရေးအတွက် ယာဉ်တစ်ခု ဖြစ်သည်။ ထို့ပြင် လုပ်ငန်းခွင်အတွေ့အကြုံများကို မီဒီယာမိတ်ဖက်ပူးပေါင်းမှုဖြင့် သင်ကြား ပေးရန်ဖြစ်သည်။

---

## သင်ကြားမှုပုံစံ

ဤသင်ရိုးအား စာသင်ကျောင်းတွင် စာပို့ချခြင်းပုံစံနှင့်မျက်နှာချင်းဆိုင်သင်ကြားမှုဖြစ်သည့် ရှေးရိုးစဉ်လာသင်ကြားမှုပုံစံဖြင့် ဖော်ဆောင်ထားသည်။ သို့သော်လည်း ယင်းကို Facebook သို့မဟုတ် Moodle ပေါ်ရှိ အွန်လိုင်းပေါ်မှသင်ကြားမှုရှိပြီး နည်းပြဆရာများမှ ပါဝင်ပံ့ပိုးပေးပါ သည်။ Moodle ကို သင်ရိုးအကြောင်းအရာများထားရှိခြင်း၊ စံနမူနာဖြစ်သည့် စာနယ်ဇင်းများ ဝေမျှခြင်း၊ ကျောင်းသားများနှင့် စနစ်တကျဆက်သွယ်မှုပြုခြင်းနှင့် ကျောင်းသားများ၏အိမ်စာ လုပ်ဆောင်ချက်များကိုစစ်ဆေးခြင်းတို့အတွက် အသုံးပြုပါသည်။

စာပို့ချချက်များ (အသံ/ရုပ်သံသွင်းယူပြီးဖြစ်နိုင်ချေရှိသလို အွန်လိုင်းပေါ်တင်ပေးရန်) ကို စုပေါင်း ထားသည့် သီအိုရီဆိုင်ရာသင်ယူမှုများ၊ ဧည့်သည်ဆရာများ၏ပို့ချချက်များနှင့် ပူးပေါင်းလုပ်ဆောင် သည့် မီဒီယာဆန်းစစ်ဝေဖန်မှုဆိုင်ရာလေ့ကျင့်ခန်းများစသည့် သင်ယူမှုအခွင့်အရေးများအဖြစ် စီမံထားပါသည်။ နည်းပြတန်းများကိုဆောင်ရွက်ရန်ရည်ရွယ်ရာ သင်ရိုးရှေ့ဆက်သွားလာသည် နှင့်အမျှ သင်ယူမှုအခွင့်အလမ်းများ တိုးတက်လာအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။အကောင်း ဆုံးမှာနည်းပြတန်းများသည် ကျောင်းသား ၁၂ မှ ၁၄ ဦးထက် မပိုသည့်အတန်းငယ်ဖြစ်သင့်သည်။ နည်းပြတန်းများအား သတင်းအစီရင်ခံသည့်အဖွဲ့များမှ ထုတ်လုပ်သည့်သတင်းအကြောင်းအရာ ကို ကျောင်းသားချင်းအဆင့်အဆင့် ပြန်လှန်သုံးသပ်မှုလေ့ကျင့်ခန်းအတွက်လည်း အသုံးချသင့်ပြီး ယင်းတွင် နည်းပြဆရာမှ အမှုဆောင်ပရိုဂျူဆာ သို့မဟုတ် အယ်ဒီတာချုပ်အဖြစ် သရုပ်ဆောင် ပေးပြီး အချိန်နှင့်တစ်ပြေးညီတုံ့ပြန်မှုနှင့်လမ်းညွှန်မှုများကို ပံ့ပိုးပေးသွားရန်ဖြစ်သည်။

ဤသင်ရိုးကို အချိန်ကာလ ၁၂ ပတ်တာအတွင်းသင်ကြားရန်ဖြစ်ပြီး အပတ်စဉ်တစ်ခုတွင် တစ်နာရီ ပို့ချမှုများနှင့် သုံးနာရီကြာနည်းပြတန်း/အလုပ်ရုံဆွေးနွေးမှုများဖြင့် ပေါင်းစည်းထားသည်။

## သင်ရိုးအစီအမံများ (Logistics)

- ဒုက္ခသည်များကိုပံ့ပိုးဝန်ဆောင်မှုများတွင်အထူးပြုသည့်မိတ်ဖက်အဖွဲ့နှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများကိုဖော်ထုတ်ပြီး မိတ်ဖက်ပူးပေါင်းမှုပြုရန် ဆောင်ရွက်ပါ
- အဓိကကျသောမိတ်ဖက်အဖွဲ့အစည်းများအကြား ကျင့်ဝတ်ဆိုင်ရာတာဝန်ဝတ္တရားများနှင့် မျှော်မှန်းချက်များအတွက် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုများ စီမံနိုင်ရန်နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပါ။ (နားလည်မှုစာချွန်လွှာတွင် သင့်လျော်သောစာနယ်ဇင်းကျင့်ဝတ် စည်းကမ်းများ ထပ်မံရေးဆွဲပါ)
- နားလည်မှုစာချွန်လွှာအောက်တွင် အရပ်ဖက်မိတ်ဖက်အဖွဲ့အနေဖြင့် နည်းပြတန်းတစ်ခုလျှင် ဒုက္ခသည် / နိုင်ငံရေးခိုလှုံခွင့်တောင်းသူတစ်ဦး/ ဖြစ်ရပ်မှန်လေ့လာချက် (case study) တစ်ခုစီစဉ်ပေးရန် သဘောတူညီပေးရမည်။
- သတင်းထောက်ကျောင်းသားများသည် အချင်းချင်းပံ့ပိုးမှုပေးနိုင်ရန်အတွက် ပို၍ကြီးသော ထုတ်လုပ်မှုယူနစ်များ (ကျောင်းသား၆ဦး)အတွင်း နှစ်ယောက်တွဲ သို့မဟုတ် သုံးယောက်တွဲ အတူလုပ်ဆောင်ရမည်။ ထုတ်လုပ်မှုယူနစ်တစ်ခုစီတွင် သတင်းထောက်ခေါင်းဆောင်တစ်ဦး ခန့်ရမည်။ သတ်မှတ်ထားသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ဒုက္ခသည်/နိုင်ငံရေးခိုလှုံခွင့် တောင်းသူ၏ ဖြစ်ရပ်အကြောင်းအရာနှင့် ချိတ်ဆက်ပံ့ပိုးပေးမည့် စေတနာ့ဝန်ထမ်းသည် ထုတ်လုပ်မှုယူနစ်များနှင့်လိုက်ဖက်မှုရှိသင့်သည်။ ဆရာ/နည်းပြ/ကျောင်းသားခေါင်းဆောင်သည် ဆက်သွယ်ရေးကိစ္စများကို ပံ့ပိုးပေးရမည်။
- ဒုက္ခသည်ပံ့ပိုးရေးအေဂျင်စီမိတ်ဖက်အဖွဲ့အနေဖြင့် အလုပ်ခန့်အပ်မှုအစီအစဉ်များ၊ ဒုက္ခသည်များအတွက် ပညာသင်ဆုကြေးစီမံချက်များ၊ လူထုအတိုင်အပင်ခံအစီအစဉ်များအစရှိသည့် အခြားသောဆက်စပ်သတင်းအကြောင်းအရာများအတွက် လမ်းညွှန်မှု/အဆက်အသွယ်များ ပံ့ပိုးပေးရမည်။
- သင်ရိုးအစောပိုင်းရှိ စာပို့ချမှုအချိန်ဇယားကာလအတွင်း အခြားသောကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့နှင့်ကထိကများတို့ပါဝင်လျက် သင်ရိုးအဓိကအကြောင်းအရာများ နှင့်စီမံကိန်း project စီမံဖွဲ့စည်းမှုများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ခုအတွက် ဒုက္ခသည် ပံ့ပိုးရေးအေဂျင်စီအနေဖြင့် ပါဝင်ပေးရမည်။
- လုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့နှင့်အတူအယ်ဒီတာဆိုင်ရာလုပ်ငန်းလည်ပတ်ပုံ၊ မျှော်မှန်းရလဒ်များ (ဥပမာ၊ ရေဒီယိုအစီအစဉ်၊ microsite) နှင့် စာသင်ခန်းအစီအစဉ်များ (ဥပမာ၊ ယင်းတို့မှ စီစဉ်ဖော်ဆောင်ထားသည့်သတင်းအကြောင်းအရာများကို အပြုသဘောဆောင်သည့် တုန့်ပြန်ချက်များပေးနိုင်ရန် နည်းပြတန်းများသို့ လစဉ်သွားရောက်ခြင်း) စီစဉ်ပါ။
- ထိရှလွယ်သောကိစ္စရပ်များတွင် မည်သူမည်ဝါဖြစ်ခြင်းနှင့်စပ်လျဉ်းပြီး အသံဖမ်းယူမှု ကန့်သတ်ထားသည့် အချို့သောဖြစ်ရပ်အကြောင်းများအတွက် သတင်းအစီရင်ခံမှုမပြုမီ ဆုံးဖြတ်ချက် ကြိုတင်ထားရှိရမည်။

- ဒုက္ခသည် / နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ၏သတင်းဆောင်းပါးအတွက် တာဝန်ပေးအပ်ခြင်းခံရသော သတင်းအစီရင်ခံရေးသားသည့် ကျောင်းသားအဖွဲ့သည် အင်တာဗျူးခွင့်ပြုချက်ပုံစံကို မူကြမ်းရေးဆွဲရမည်ပြီး အင်တာဗျူးမည့်သူနှင့် အကြိုတွေ့ဆုံမှုများပြုလုပ်ရမည်ဖြစ်သည်။ ဤနည်းဖြင့် အင်တာဗျူးမည့်သူနှင့် အပြန်အလှန်နားလည်မှုတည်ဆောက်နိုင်ကာကျင့်ဝတ်များကို လိုက်နာနိုင်စေသည်။ ထိုတွေ့ဆုံပွဲတွင် ဒုက္ခသည်ပံ့ပိုးရေးအေဂျင်စီကိုယ်စားလှယ်တစ်ဦးလည်း  တက်ရောက်ပါဝင်ရပါမည်။
- ကျောင်းသားများအတွက် ရှုပ်ထွေးသောထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ထိရှလွယ်သောကိစ္စရပ်များကို သတင်းအစီရင်ခံရာတွင်သော်လည်းကောင်းကူညီမှုပေးရန် အသေးစိတ်ကျသော သင်ရိုးလက်စွဲစာအုပ် ဖော်ဆောင်ပေးရပါမည်။

## အပတ်စဉ်ဆောင်ရွက်ချက်အနှစ်ချုပ်။ ။ အကြောင်းအရာနှင့်ဆောင်ရွက်ချက်များ

| အပတ်စဉ်/နေ့စွဲ | ခေါင်းစဉ်နှင့်လုပ်ငန်းတာဝန်များ | လုပ်ငန်းတာဝန်ပြီးမြောက်ရန် |
| --- | --- | --- |
| ပထမပတ် ကျောင်းပရဝုဏ်တွင်း စာပို့ချမှု | စီမံချက် project နှင့်မိတ်ဆက်ခြင်း ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအမံ (logistics) များဆိုင်ရာ အကျဉ်း | |
| ဒုတိယပတ် ကျောင်းပရဝုဏ်တွင်း စာပို့ချမှု(L) နှင့် အလုပ်ရုံဆွေးနွေးမှုများ (W) | L - စီမံချက် မိတ်ဖက်အဖွဲ့များနှင့် မိတ်ဆက်ပေးခြင်းနှင့် အများပြည်သူဆိုင်ရာ စာနယ်ဇင်းသီအိုရီ<br>စီမံချက်အကြောင်းနှင့် နားလည်မှု စာချွန်လွှာ (MOU) ကိစ္စရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် မီဒီယာနှင့် ရပ်ရွာလူထုမိတ်ဖက်အဖွဲ့များပါဝင်ကာ ပို့ချမှုပေးရန် ဖိတ်ကြားခြင်း<br>W - ပဏာမထုတ်လုပ်မှု အလုပ်ရုံဆွေးနွေးပွဲ<br>► ထုတ်လုပ်မှုယူနစ်များနှင့် သတင်းအစီရင်ခံမှုအဖွဲ့များ ဖွဲ့ပါ<br>► စီမံချက် စီမံခန့်ခွဲရေးအတွက် Facebook group များ ဖွဲ့ပါ<br>► စီမံချက်ဆိုင်ရာအတွက် စာသင်ခန်းဆွေးနွေးမှု - ထုတ်လုပ်မှုယူနစ်များနှင့်သတင်းအစီရင်ခံမှု၂ယောက်တွဲ/၃ ယောက်တွဲ ဖွဲ့ခြင်း<br>► စာသင်ခန်းတစ်ခုလုံးသို့ တုံ့ပြန်ချက်များအတွက် တင်ဆက်ရန် ထုတ်လုပ်မှုယူနစ်များအတွင်း အလုပ်ရုံဆွေးနွေးပွဲဖြစ်ရပ် အကြောင်းစိတ်ကူးများ | Facebook တွင် ထုတ်လုပ်မှုအဖွဲ့များဖွဲ့ခြင်း၊ hashtag ရွေးချယ်ခြင်းနှင့် လူမှုဆိုင်ရာ စာနယ်ဇင်းဗျူဟာ တည်ဆောက်မှု စတင်ခြင်း |

| | | |
|---|---|---|
| တတိယပတ်<br>ကျောင်းပရဝုဏ် | L - အများပြည်သူဆိုင်ရာ စာနယ်ဇင်းဟူသည် အဘယ်နည်း၊ ဆိုရှယ်မီဒီယာခေတ်တွင် မည်သို့ လုပ်ဆောင်သနည်း။<br><br>W - ထုတ်လုပ်မှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ နှစ်ယောက်တွဲ ပြုလုပ်သည့်ဖြစ်ရပ်အကြောင်း အထွတ်အထိပ် (story pitch) များကို အဆုံးသတ်ပါ၊ ထုတ်လုပ်မှု ယူနစ်များနှင့် ဆွေးနွေးပါ၊ ပူးပေါင်း တိုးတက်ဆောင်ရွက်ရေးအတွက် အတန်း/နည်းပြထံ တင်ဆက်ပါ | အဆုံးသတ်ထားသည့် ဖြစ်ရပ်အကြောင်း အထွတ်အထိပ်များကို အတန်းသို့တင်ဆက်ခြင်း<br><br>ထုတ်လုပ်မှုအဖွဲ့များနှင့် ဆိုရှယ်မီဒီယာတွင် တက်ကြွစွာ ပါဝင်မှု |
| စတုတ္ထပတ် | ဧည့်သည်ဆရာပို့ချမှု ။ ။ သတင်း ရေးသားမှုနယ်ပယ်မှ ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ အကြောင်း (ဥပမာ၊ Skype အခြေပြု၍ ကထိကများနှင့် အင်တာဗျူးခြင်းကဲ့သို့သော နိုင်ငံခြားနှင့် စာပေးစာယူပြုခြင်း)<br><br>W - ပထမဦးစွာလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့ပရိုဂျူဆာမှ အတန်းသို့ အလည်ပတ်သွားခြင်း ကျင့်ဝတ်များ/ထုတ်လုပ်မှု အဆင့်အတန်းများ/ ဖော်ဆောင်ထားသည့်ဖြစ်ရပ်အကြောင်း များ လုပ်ဆောင်ပုံများနှင့် သုံးသပ်ချက်များကို ဆွေးနွေးခြင်း<br><br>နည်းပြနှင့်လုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့မှ တုံ့ပြန်ချက် | |

| | | |
|---|---|---|
| ပဉ္စမပတ် ကြီးကြပ်ထားမှု မရှိသည့် ပူးပေါင်း ဆောင်ရွက်မှု | L - လူအများမှ သတင်းအရင်းအမြစ် ပြုခြင်း (crowd sourcing) နှင့် သောတရှင်ဖွံ့ဖြိုးရေးတို့အတွက် လူမှုရေးရာ စာနယ်ဇင်းနည်းပညာ<br><br>W - ကိုယ်တိုင်ကိုယ်ကျ ညွှန်ကြား သင်ယူခြင်း။ ထုတ်လုပ်မှုယူနစ်အဖွဲ့များ တွေ့ဆုံကြပြီး ကျောင်းသားများသည် သတင်းနယ်ပယ်မှ သတင်းအစီရင်ခံ မှုပြုခြင်း/ တည်းဖြတ်မှုတာဝန်များ၊ အပတ်စဉ် ၄ မှ ရရှိသည့် ပညာရှင် ပီသသောတုန့်ပြန်ချက်ကို ယင်းတို့၏ လုပ်ငန်းသို့ အကြောင်းပြန်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခြင်း | ပထမဦးစွာ ဒုက္ခသည်များ/ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ နှင့်တွေ့ဆုံမှုများ ဆက်သွယ် လုပ်ဆောင်ခြင်း၊ အခြားသော သတင်းအရင်းအမြစ်များဖြင့် အင်တာဗျူးပြုခြင်း |
| ဆဌမပတ် | ပညာသင်ကာလအလယ် ရပ်နားချိန် (လုပ်ငန်းနယ်ပယ်တွင်ပူးပေါင်းဆောင်ရွက်မှု၊ လုပ်ဖော်ဆောင်ဘက်များနှင့် အွန်လိုင်းတွင် ထုတ်လုပ်မှုဆိုင်ရာ တွေ့ဆုံမှုများ ဆက်လက်ပြုရန်) | အဓိကကျသော အင်တာဗျူးများ ဆက်လက်လည်ပတ် ဆောင်ရွက်မှု ရှိရမည် |
| သတ္တမပတ် ကျောင်းပရဝုဏ် အလုပ်ရုံဆွေးနွေးပွဲ | L - ထိရှလွယ်သော ကိစ္စရပ်များကို သတင်းအစီရင်ခံခြင်း<br><br>W - နည်းပြမှု သတင်းအစီရင်ခံမှု အဖွဲ့၏ တိုးတက်လုပ်ဆောင်မှုကို သုံးသပ်ပေးခြင်း။ ပြဿနာများ/ အခက်အခဲများကိုအဖွဲ့သို့ တင်ဆက်ပြီး အလုပ်ရုံဆွေးနွေးမှုမှ ဖြေရှင်းချက်များချမှတ်ခြင်း | |

| | | |
|---|---|---|
| အဌမပတ်<br>စာပို့ချမှု မပါ | W - တည်းဖြတ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။ ကိုယ်တိုင်ကျညွှန်ကြားမှုပြုလျက် သင်ယူခြင်းတွင်လုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့ကိုယ်စားပြုပါဝင်ခြင်း၊ ထုတ်လုပ်မှုယူနစ်များတွေ့ဆုံကြရန်လိုအပ်ပြီး ကျောင်းသားများသည် လုပ်ငန်းနယ်ပယ်သတင်းအစီရင်ခံခြင်း/ တည်းဖြတ်ခြင်းလုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်ပြီး ရရှိထားသည့် ပညာရှင်ပီသသော တုံ့ပြန်ချက်ကို ယင်းတို့၏ လုပ်ငန်းသို့ အကြောင်းပြန်ခြင်း | လုပ်ငန်းနယ်ပယ်သတင်း အစီရင်ခံမှု (field reporting)ကို အပြီးသတ်ဆောင်ရွက်ရမည် |
| နဝမပတ်<br>အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက်မှု | W - တည်းဖြတ်မှုပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အပိုင်း(ခ) | လေ့ကျင့်ခန်း (၁) ပြီးမြောက်ရန် |
| ဒသမပတ်<br>စာပို့ချမှုမပါ<br>ကျောင်းပရဝုဏ်ရှိ အလုပ်ရုံဆွေးနွေးပွဲ | W - နည်းပြတန်းထံ သတင်းဖြစ်ရပ်အကြောင်းများ တိုက်ရိုက် (live) တင်ဆက်ပြီး ရေဒီယိုအစီအစဉ်အတွက် ရွေးချယ်မှုပြုခြင်း | |
| ဧကာဒသမပတ်<br>စာပို့ချမှုမပါ<br>ကျောင်းပရဝုဏ်ရှိ အလုပ်ရုံဆွေးနွေးပွဲ | W - ကြိုတင်ထုတ်လုပ်မှုအစီအစဉ် (pre-production) စတင်ခြင်း၊ အင်တာနက်ကွန်ယက်ပေါ် အကြောင်းအရာများ upload စတင်ထားရှိခြင်း | အစီအစဉ်တင်ဆက်သူ ရွေးချယ်ထားပြီး |
| ဒွါဒသမပတ်<br>စာပို့ချမှုမပါ | W -သတင်းထုတ်လွှင့်ရန် နောက်ဆုံးပြင်ဆင်မှုများ လုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့ ကိုယ်စားပြုများကို စာသင်ခန်းတွင် ကူညီပေးရန်၊ ဇာတ်တိုက်မှုများပြုရန် | ဒွါဒသမပတ်<br>အဆုံးပိုင်း-ထုတ်လွှင့်မည့်အရာကို အသံသွင်းခြင်း<br>လေ့ကျင့်ခန်း (၂) ကို တေရသမပတ်တွင်ပြီးမြောက်ရန်<br>လေ့ကျင့်ခန်း (၃) ကို တေရသမပတ်တွင်ပြီးမြောက်ရန် |

# လေ့ကျင့်ခန်းများ

## လေ့ကျင့်ခန်း ၁ -

### ရှည်လျားသောအသံပိုင်း/ဗီဒီယို/မာလ်တီမီဒီယာဆိုင်ရာအကြောင်းအရာ (အဓိကကျသော စီမံကိန်း project ၆၀ %)

အကျဉ်း ။ ။ ရှည်လျားသောအသံပိုင်း/ဗီဒီယို/မာလ်တီမီဒီယာဆိုင်ရာဖြစ်ရပ်အကြောင်းအရာ (story) ကို ပိုမိုကျယ်ပြန့်သောနည်းပြတန်း ထုတ်လုပ်မှုယူနစ်များ (၆ခု) အတွင်း ၂ယောက်တွဲ/ ၃ယောက်တွဲဖြင့်ထုတ်လုပ်ခြင်း၊ ဖြစ်ရပ်အကြောင်းအရာ (stories) များသည် လူထုအတွင်းရှိ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများနှင့် ဒုက္ခသည်များအပေါ် အကျိုးသက်ရောက်စေသည့် ကိစ္စရပ်များနှင့် ပေါ်လစီများအကြောင်းကို အဓိကထားဆောင်ရွက်ရန်ဖြစ်သည်။

ဤအကဲဖြတ်မှု၏ကဏ္ဍတစ်ခုအရ ကျောင်းသားများသည် ဆန်းစစ်ဝေဖန်သော ပြန်လည် သုံးသပ်ချက် ဘလော့ဂ်ပို့စ်တစ်ခုရေးရမည်ဖြစ်ပြီး စီမံချက်အပေါ် ယင်းတို့၏အတွေ့အကြုံဆိုင်ရာ အကဲဖြတ်မှုကိုလည်း ထည့်သွင်းပေးရမည်။ ယင်းပို့စ်ကို ပညာရှင်ပီသသောစာပေအမျိုးအစားဖြင့် ပြန်ကြားပေးရမည်။

အကဲဖြတ်စဉ်အသေးစိတ် ။ ။ ထုတ်လုပ်မှုယူနစ်တိုင်းကိုခေါင်းစဉ်ခွဲ (sub-theme) တစ်ခုစီဖြင့် (ဥပမာ၊ ဒုက္ခသည်များနှင့် အလုပ်အကိုင်/ပညာရေး/ကျန်းမာရေး/အားကစား/နိုင်ငံရေး) တာဝန်ပေးအပ်မည်ဖြစ်ပြီး နည်းပြ/ကထိကများနှင့်အတူ နည်းပြတန်းများအတွက် ခန့်အပ်ထားသော ဒုက္ခသည်ပံ့ပိုးရေးအဖွဲ့အစည်း၏ ဆက်ဆံရေးအရာရှိတို့မှ ဖြစ်ရပ်အကြောင်းအရာ၏ သတင်းအရင်းအမြစ်တွင် ကူညီပေးကြမည်ဖြစ်သည်။ ယင်းဖြစ်ရပ်အကြောင်းအရာများကို သတင်း အစီရင်ခံရေးသားမည့်တစ်ဖွဲ့စီအား ရွေးချယ်ထားသောဒုက္ခသည် သို့မဟုတ် နိုင်ငံရေးခိုလှုံခွင့် တောင်းသူတစ်ဦး သို့မဟုတ် မိသားစုတစ်စု၏အတ္ထုပ္ပတ္တိအကျဉ်းမှတ်တမ်းပြုရန် တာဝန်ချမှတ်ပါမည်။

နှစ်ယောက်တွဲ သို့မဟုတ် သုံးယောက်တွဲ သတင်းအစီရင်ခံရေးသားသည့် ကျောင်းသားတိုင်းသည် အသံ၊ ဗီဒီယို သို့မဟုတ် မာလ်တီမီဒီယာအစီအစဉ်တစ်ခု ထုတ်လုပ်ရမည်ဖြစ်ပြီး (၆ - ၈ မိနစ်ကြာ) ရှည်လျားသောအစီအစဉ်တစ်ခုကို တင်သွင်းရမည်ဖြစ်သည်။ နိုင်ငံရေးခိုလှုံခွင့်တောင်းသူ သို့မဟုတ် ဒုက္ခသည်များ၏အတ္ထုပ္ပတ္တိအကျဉ်းမှတ်တမ်းပြုမှုတွင် လုံခြုံရေး/မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားစေခြင်းကိစ္စရပ်များကြောင့် ဗီဒီယိုရိုက်ကူးခြင်းထက် အသံဖမ်းအစီရင်ခံခြင်းက ပို၍ လိုအပ်ပါလိမ့်မည်။

နှစ်ယောက်တွဲ/ သုံးယောက်တွဲ သတင်းအစီရင်ခံမှုအတွင်း ပရိုဂျူဆာ/သတင်းထောက်/ နည်းပညာဆိုင်ရာထုတ်လုပ်မှုလိုင်းများတစ်လျှောက် အခန်းကဏ္ဍများ ခွဲခြားပေးခြင်းက

အကျိုးသက်ရောက်မှုရှိနိုင်သည်။ သို့သော် ယင်းသည်မလုပ်မနေရမဟုတ်ပါ။ တာဝန်ဝတ္တရားခွဲဝေရန် ကျောင်းသားများမှ နည်းပြများကို အကြံပြုနိုင်သည်။

ပြီးမြောက်ထားသောသတင်းအကြောင်းအရာသည် တီထွင်ဖန်တီးမှုရှိသောဖြစ်ရပ်အကြောင်းအရာပြောပြသည့် လုပ်ဆောင်ချက်များကို အသုံးချရမည်၊ အများပြည်သူဆိုင်ရာသတင်း အတတ်ပညာ၏ သီအိုရီပိုင်းကို ထင်ဟပ်စေရမည်၊ လူနည်းစုများနှင့် အန္တရာယ်ကျရောက်နေသော လူထုများအကြောင်း သတင်းအစီရင်ခံခြင်းနှင့် သက်ဆိုင်သည့်ကျင့်ဝတ်စံနှုန်းများ/ပညာရှင်ပီသသော လုပ်ဆောင်ချက်များကို ကျင့်သုံးရမည်။ (ဤခေါင်းစဉ်များကိုစာသင်ခန်းတွင် အကြံပြုထားသောဖတ်စာအုပ်များဖြင့် ဖော်ထုတ်ရမည်။)

သတင်းအကြောင်းအရာသည် အချိန်အတော်ကြာမြင့်သည့် နားထောင်မှု/ရှုစားမှုပါဝင်စေရမည်။ ယင်းတွင်အသံပိုင်း effects များ အသုံးပြုခြင်း၊ ဇာတ်လမ်းပြောခြင်းနှင့် တီထွင်ဖန်တီးမှုများပါဝင်သော တည်းဖြတ်မှုနည်းပညာများကိုအသုံးချခြင်းသော်လည်းကောင်း၊ ဒုက္ခသည်မှအမေးအဖြေပုံစံဖြင့် သဘာဝကျကျဖွင့်ချထားသော အလွန်ခိုင်မာသည့်သတင်းအကြောင်းအရာကိုခွင့်ပြုနိုင်သည့်ရွေးချယ်မှုလည်း ပါဝင်သည်။ ယင်းသည် Capstone ယူနစ်တစ်ခုရှိ နောက်ဆုံးနှစ်ကျောင်းသားများ၏ဆန်းသစ်သောတည်းဖြတ်မှုဆိုင်ရာ ဝေဖန်ပိုင်းခြားနိုင်စွမ်းပြသချိန်ဖြစ်သည်။

ရှည်လျားသောရုပ်သံအကြောင်းအရာပြောကြားမှုနည်းပညာများနှင့်ပုံစံများကို စာပို့ချမှုနှင့် နည်းပြတန်းများတွင် ဆောင်ရွက်မည်ဖြစ်သည်။

အကယ်၍တေးဂီတကျောင်းတစ်ခုဖြင့် မိတ်ဆက်ပူးပေါင်းသည့်ပုံစံတစ်ခုရရှိနိုင်ပါက အစီအစဉ်တစ်ခုစီတိုင်းသည် တေးရေး/တေးဂီတကျောင်းသားတစ်ဦးနှင့်ဟပ်စပ်မှုရှိရန် လိုအပ်ပေလိမ့်မည်။ အတန်းတွင်သင်၏အဖွဲ့နှင့်တေးရေးတစ်ဦးတွေ့ဆုံမှုတစ်ကြိမ်တွင်ပွဲပိုးမှုတစ်ကြိမ်ရှိမည်ဖြစ်သည်။ အခြားသောအပြန်အလှန်တွေ့ဆုံမှုများကို ကျောင်းသားများ စိတ်တိုင်းကျစီမံနိုင်သော်လည်း ထုတ်လုပ်မှုယူနစ်အခြေပြု Facebook group များကိုလည်း ပါဝင်စေနိုင်သည်။

ရွေးချယ်ထားသော အကောင်းဆုံးသတင်းဗီဒီယိုအကြောင်းအရာများကို Youtube နှင့် Sound-cloud Accounts များတွင်သော်လည်းကောင်း၊ မီဒီယာမိတ်ဖက်အဖွဲ့များ၏ website များပေါ်တွင်သော်လည်းကောင်း လွှင့်တင်သွားမည်ဖြစ်သည်။ အသံပိုင်းဆိုင်ရာ အကြောင်းအရာများကို ကျောင်းပရဝုဏ်တွင်းရေဒီယိုတွင်အသံလွှင့်ကာ (တည်းဖြတ်မှုအရည်အသွေးပေါ်မူတည်၍) လုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့များ၏ထုတ်လွှင့်မှုတွင်ထည့်သွင်းရန်ပြိုင်ပွဲပြုလုပ်ပါမည်။ (ဥပမာ တာဝန်ခံကထိကများနှင့်လုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့တို့၏တည်းဖြတ်မှုကြီးကြပ်ခြင်းဖြင့် ရွေးချယ်ထားသော ကျောင်းသားများမှကိုယ်တိုင်ထုတ်လုပ်ပြီး တင်ဆက်ထားသည့် ၂ နာရီကြာ ABC ရေဒီယိုအစီအစဉ်)။ အသံပိုင်းအကြောင်းအရာများကို အသံဖိုင်များဝေမျှဖလှယ်၍ရသည့် Soundcloud (http://soundcloud.com) ပေါ်တွင် upload တင်ရပါမည်။ ယင်းအားဖြင့် သတင်းအကြောင်းအရာများကို အသံထုတ်လွှင့်ခြင်း/ပညာရှင်ပီသသော ထုတ်ဝေမှုပြုခြင်း

အတွက် သုံးသပ်ရွေးချယ်မှုပြုနိုင်ရန် လိုအပ်ပါလိမ့်မည်။

သတင်းအကြောင်းအရာတစ်ခုလျှင် အင်တာဗျူးသုံးခုအနည်းဆုံးပါဝင်ရမည်။ ဒုက္ခသည် ကိုယ်ရေးအကြောင်းအရာများကိုမူ ဤစည်းကမ်းချက်များမှ ကင်းလွတ်ခွင့်ထားရှိနိုင်ရမည် (သင်၏နည်းပြဖြင့်တိုင်ပင်မှုပြုခြင်းဖြင့်)။

A 3-6 (စာတစ်ကြောင်း) စာပိုဒ်ဖြစ်သည့် တင်ဆက်သူ၏နိဒါန်းကိုလည်း သတင်းအပ်နှံချိန်တွင် ဖိုင်တွဲ၌ ပေါင်းထည့်ပေးရမည်။ ယင်းနိဒါန်းစာသားကို အသံ/ဗီဒီယို/မာလ်တီမီဒီယာဖိုင်တွဲအတွက် သင့်လျော်သောအရှပ်စီစဉ်ပေးရမည်။ ယင်းသည် အဓိကကျသောသတင်းအချက်များကို အသိအမှတ်ပြုပြီး သင့်လျော်ပါကသတင်းဖိုင်တွဲအတွင်းရှိ ရုပ်ထွေးသောကိစ္စရပ်များနှင့် မူဝါဒများအတွက် လုံလောက်သောရှင်းလင်းချက်များပေးရမည်။ ယင်းနိဒါန်းအတွက် ရှေးရိုးစဉ်လာရေဒီယို သို့မဟုတ် တီဗီဇာတ်ညွှန်းနိဒါန်းပုံစံကို အသုံးပြုသင့်သည်။

အကဲဖြတ်စဉ်ဆောင်ရွက်မှုအတွက် အသံ/ဗီဒီယိုဖိုင်တွဲမှတ်တမ်းစာသားကို Moodle တွင် သီးခြားစီဖိုင်တွဲ ထည့်သိမ်းထားရမည်။

ထို့အပြင်သင်သည် တွဲဖက်ပရိုဂျူဆာကျောင်းသားတစ်ဦးကို အမည်မဖော်ပြသည့်သုံးသပ်မှုတစ်ခုဆောင်ရွက်ရမည်။ ယင်းမှ အမှတ်ပေါင်း ၁၀ % ကို သတ်မှတ်ပေးမည်ဖြစ်သည်။

ဤအခန်းရှိ အသံ/ဗီဒီယိုအိမ်စာလုပ်ဆောင်ချက်များကို အောက်ပါစံညွှန်းများဖြင့် အကဲဖြတ်သွားမည်ဖြစ်သည်။

- သတင်းအစီအစဉ်/မျက်မှောက်ရေးရာသတင်း၏ ခိုင်မာမှု
- ကောင်းမွန်စွာသုတေသနပြုပြီး သတင်းအချက်အလက်ပေးသော အသံထုတ်လွှင့်မှုသတင်းအစီအစဉ်/မျက်မှောက်ရေးရာသတင်းအကြောင်းအရာများကို ထုတ်လုပ်နိုင်စွမ်း
- တောင်းဆိုထားသည့်ပုံစံကျကျရေးသားနိုင်စွမ်း၊ ဥပမာ။ တီဗီ သို့မဟုတ် ရေဒီယိုပုံစံကျခြင်း
- အင်တာဗျူးခြင်း
- တင်ဆက်မှုစွမ်းရည်
- နည်းပညာဆိုင်ရာစွမ်းရည် - အသံနှင့်ရုပ်ပိုင်းဆိုင်ရာ အသုံးပြုပုံ၊ မှတ်တမ်းသွင်းယူပုံနှင့် တည်းဖြတ်ပုံ
- တီဗီ/ဗီဒီယိုအကြောင်းအရာတွင် ရုပ်ပုံများရေးသားနိုင်စွမ်း
- အသံပိုင်းကို ဆန်းသစ်တီထွင်အသုံးပြုနိုင်စွမ်း
- အယ်ဒီတာ/ထုတ်လုပ်မှုဆိုင်ရာစွမ်းရည်များ - ဥပမာ၊ အကြောင်းအရာ ပြောပြခြင်းကို ဆန်းသစ်တီထွင်သောနည်းဖြင့် ချဉ်းကပ်နိုင်စွမ်း
- အသင်းအဖွဲ့ဖြင့် လုပ်ဆောင်နိုင်စွမ်း (သင့်လျော်မှုရှိက)
- ကျင့်ဝတ်နှင့်ပညာရှင်ပီသမှုဆိုင်ရာ သင့်တော်သောစံနှုန်းများကို လိုက်နာခြင်း

## လေ့ကျင့်ခန်း ၂ -

### လက်တွေ့ပညာသင်ကြားမှုဆိုင်ရာ ပြန်လည်သုံးသပ်မှု ဘလော့ဂ် (၃၀%)

စာလုံး ၁၂၅၀ ပါဝင်သည့်ပညာသင်ကြားမှုဆိုင်ရာ (ရှေးရိုးစဉ်လာ အက်ဆေးပုံစံတစ်ခုကို ရေးသားပြီး ယင်းကို ထုတ်ဝေမှု၊ အများတကာကြည့်ရှုတုံ့ပြန်နိုင်သည့်) ဘလော့ဂ်တစ်ခုကို သင်ထုတ်ဝေရမည်ဖြစ်သည်။ ယင်းက သင့်တွင် ဒုက္ခသည်များအကြောင်း စီစဉ်တင်ဆက်သည့် အတွေ့အကြုံကို သေချာစွာပြမည်။ လေ့ကျင့်ခန်းတစ်ခုလုံးနှင့်အတူ သင်၏တစ်ဦးတည်းပါဝင်မှုနှင့် အတွေ့အကြုံများကို သေချာစွာစိစစ်ရပါမည်။ ဤတွင် အခက်အခဲများ၊ အောင်မြင်မှုများ၊ ကျရှုံးမှုများနှင့် သင်ယူမှုရလဒ်များတို့ကို အာရုံစိုက်ပေးပါ။ လူနည်းစုများအကြောင်း၊ လူမျိုးပေါင်းစုံ အကြောင်းနှင့် အများပြည်သူဆိုင်ရာစာနယ်ဇင်းအကြောင်းစသည်တို့ကို သတင်းအစီရင်ခံသည့် ကဏ္ဍများတွင် ပြန်လှန်သုံးသပ်ချက်များကို ပညာသင်ကြားမှုဆိုင်ရာသုတေသနဖြင့် ထောက်ခံမှုရှိရ ပါမည်။ သင်သည် သက်ဆိုင်ရာပညာသင်ကြားမှုနှင့်ဆိုင်သော အနည်းဆုံးစာအုပ် ၅ အုပ်ကို သတ်မှတ်ပေးရမည်ဖြစ်ပြီး Harvard ကိုးကားချက်ကို အသုံးပြုလျက် သင်၏ဘလော့ဂ်တွင် ပညာရှင်ဆန်သော သတင်းအချက်အလက်အရင်းအမြစ်အနည်းဆုံး ၅ ခုကို ကိုးကားရပါမည်။ အကယ်၍အွန်လိုင်းတွင် ထုတ်ဝေမှုပြုပါက ပို့စ်အတွင်းတွင် hyperlink လုပ်ပေးရပါမည်။ ထို့အပြင် သင်၏သတင်းတွင် ဖော်ပြခံထားရသည့် ဒုက္ခသည်များ/နိုင်ငံရေးခိုလှုံခွင့်တောင်း သူများနှင့် ယင်းတို့အား ပံ့ပိုးပေးသောလူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများတို့နှင့် သင်၏ချိတ်ဆက်မှုကို ပြန်လည်သုံးသပ်ရပါမည်။

အရေးကြီးသော ဤအကဲဖြတ်မှုလုပ်ငန်းစဉ်ကိုကူညီပေးရန် သင့်ကိုယ်သင် မေးခွန်းများမေးပြီး စီမံချက် project တိုးတက်လာသည်နှင့်အမျှ ကိုယ်ပိုင်တုံ့ပြန်မှုများကို ရေးမှတ်ထားပေးပါ။ မေးခွန်းများမှာ - ၁) ဤစီမံချက် အစမပြုမီ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ/ဒုက္ခသည်များနှင့် သင်မည်သို့သော ဆက်သွယ်မှုများရှိခဲ့သနည်း။ ၂) ဤစီမံချက် project အစမပြုမီ နိုင်ငံရေးခိုလှုံ ခွင့်တောင်းသူများ/ ဒုက္ခသည်များအပေါ် သော်လည်းကောင်း။ ယင်းတို့အပေါ်ထားရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာပေါ်လစီများအပေါ်တွင်သော်လည်းကောင်း သင်မည်သို့သော သဘောထား ရှိခဲ့သနည်း။ ၃) စီမံချက်ကာလအတွင်း နိုင်ငံရေး ခိုလှုံခွင့်တောင်းသူများ/ ဒုက္ခသည်များ အကြောင်း မည်သည်တို့ကို သင်ယူခဲ့သနည်း။ ၄) နိုင်ငံရေး ခိုလှုံခွင့်တောင်းသူများ/ ဒုက္ခသည် များနှင့် သက်ဆိုင်ရာပေါ်လစီအရေးကိစ္စများအပေါ် ထားရှိသည့် သင်၏အမြင်ကို ဤစီမံချက် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။ ၅) နိုင်ငံရေး ခိုလှုံခွင့် တောင်းသူများ/ဒုက္ခသည်များ အကြောင်း သတင်းအစီရင်ခံမှုနှင့်ပတ်သက်ပြီး ဤစီမံချက်မှ သင့်အားမည်သည်တို့ကို သင်ကြား ပေးသနည်း။ ၆) ဤကဲ့သို့သောအကြောင်းအရာကို ထပ်မံသတင်းအစီရင်ခံရမည်ဆိုပါက ဤသင်ခန်းစာများကို သင်မည်သို့လက်တွေ့အသုံးချမည်နည်း။

Wordpress ၊ blogger.com သို့မဟုတ် Tumblr ကဲ့သို့သော ဘလော့ဂ်စာမျက်နှာများကို သင်အသုံးပြုနိုင်ပါသည်။ ယင်းပို့စ်ကိုလည်း လက်ရှိဘလော့ဂ်စာမျက်နှာတွင် လွှင့်တင်နိုင်ပါသည်။

**အရေးကြီးမှတ်သားရန်**။ ။ သာမန်ထုတ်ဝေမှုဥပဒေများနှင့် ပညာရှင်ပီသသောစံနှုန်းများ (ဥပမာကျင့်ဝတ်စည်းကမ်းများ) သည် ဘလော့ဂ်များနှင့် ဆိုရှယ်မီဒီယာအသုံးပြုချက်များအပေါ် အကျိုးသက်ရောက်မှုရှိလေသည်။ ဆိုလိုသည်မှာ သင်၏ပို့စ်များသည် သက်ဆိုင်ရာ အသရေဖျက်ခြင်း၊ မထီလေးစားပြုခြင်းစသည့် တားမြစ်ထားသည့်ဥပဒေများကို လေးစားလိုက်နာရပါမည်။ ဤယူနစ်နှင့်ပတ်သက်ပြီး သင်၏ကိုယ်ပိုင်လွတ်လပ်စွာထုတ်ဝေမှုပြုသော အကြောင်းအရာပါဝင်မှုများအတွက် (ဥပဒေအရနှင့်ပညာရှင်ပီသမှုအရ) သင်၌တာဝန်ရှိပြီး ဤတောင်းဆိုချက်များအား လိုက်နာမှုပြုခြင်းကို အကဲဖြတ်စဉ်တွင် ထည့်သွင်းသွားမည်ဖြစ်သည်။

**ဘလော့ဂ်များကို အောက်ပါစံညွှန်းများဖြင့် အကဲဖြတ်သွားမည်ဖြစ်သည်။**

- ဆက်ဆံရေးဆိုင်ရာအရေးအသားစွမ်းရည်
- အယ်ဒီတာ/ထုတ်လုပ်မှု/ကျွမ်းကျင်မှုများဆိုင်ရာ အတားအဆီးများနှင့် အောင်မြင်မှုများကို ဆက်စပ်နေသည့် သင်ယူမှုရလဒ်များနှင့်အတူ ဖော်ထုတ်ခြင်း၊ စိစစ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာအစွမ်းအစများ
- သောတရှင်များနှင့်ချိတ်ဆက်မှု (ဝေဖန်အကြံပြုသူများနှင့် အကြောင်းအရာထုတ်လုပ်သူများနှင့် အပြန်အလှန်ဆက်သွယ်မှု)
- ညံ့ဖျင်းသောအရေးအသား၊ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ၊ သဒ္ဒါ၊ စားလုံးပေါင်း၊ စာစီစာရိုက်ခြင်း စသည်တို့အတွက် အမှတ်လျှော့ချခံရမည်
- ဘာသာစကားနှင့်သင့်လျော်သောဖြစ်ရပ်အကြောင်းအရာပြောပြမှုအတွက် ပင်ကိုစွမ်းရည်
- ပညာသင်ယူမှုဆိုင်ရာသုတေသနပြုခြင်းနှင့် ကိုးကားချက်ရယူပုံ (Harvard ပုံစံ)
- ပညာရှင်ပီသခြင်းနှင့် ဥပဒေဆိုင်ရာပုံနှိပ်ထုတ်ဝေမှုစံနှုန်းများကို လိုက်နာခြင်း

---

## လေ့ကျင့်ခန်း ၃ -

**အစီအစဉ်ထုတ်လုပ်ခြင်း/သောတရှင်များနှင့်ချိတ်ဆက်ခြင်း (၁၀%)**

သင်နှင့်အဖွဲ့သားများ ဤအခန်းတွင် ထုတ်လုပ်သောရေဒီယိုနှင့် တီဗီအစီအစဉ်များတွင်ထုတ်လုပ်မှုယူနစ်များကိုပံ့ပိုးပေးရန်တည်ထောင်ထားသည့် Facebook group (ကျောင်းသားများဦးဆောင်သည့် သတင်းထောက်များမှဖန်တီးပေးရန်) များနှင့်အတူ သင်၏ပါဝင်မှုများကို နည်းပြများမှ စောင့်ကြည့်အကဲဖြတ်မည်ဖြစ်သည်။

ထို့အပြင် သောတရှင်များနှင့်ဆက်သွယ်ရေးနည်းလမ်းအဖြစ် Twitter feed တစ်ခုထိန်းသိမ်းထားရန် လိုအပ်ပါမည်။ သင်၏ Twitter feeds များကို နည်းပြများမှစောင့်ကြည့်သွားမည်

ဖြစ်ပြီး သင်ကြားမှု နှစ်ဝက်ကာလ (Semester) အတွင်း ပို့စ်လုပ်ထားသည့် Tweets ၅ ခု၏ URL များအား သောတရှင်များနှင့် သင်၏ချိတ်ဆက်မှုစွမ်းရည်ကို ဖော်ပြရန် တင်ပြရပါမည် (ဤတွင် သင်၏ထုတ်လုပ်မှုအဖွဲ့မှအဖွဲ့ဝင်များနှင့် လဲလှယ်ခြင်းများ မပါဝင်ရပါ)။

အခြားသော ဆိုရှယ်မီဒီယာ channel များနှင့်အတူ ဤ Twitter feed သည် (က) အကြောင်းအရာ စိတ်ကူးများပေါ်ပေါက်စေခြင်းနှင့် သုတေသနပြုခြင်းကို ကူညီပေးသည်၊ (ခ) ဒုက္ခသည်နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းသူများတို့၏ အရေးကိစ္စများဆိုင်ရာ လူမှုအသိုင်းဝိုင်းအတွင်းရှိ အဓိက ကျသောစိတ်ကူးများနှင့်မေးခွန်းများကိုဖော်ထုတ်ပေးရန်ကူညီပေးသည်၊ (ဂ) သင်ရေးသားသော အကြောင်းအရာကို လူထုစိတ်ပါဝင်စားမှု ဖြစ်စေသည်။

**အကဲဖြတ်မှုစံညွှန်း။** ။အသင်းအဖွဲ့ဖြင့် လုပ်ဆောင်မှု၊ စိတ်ကူးများပါဝင်မှု၊ ခေါင်းဆောင်မှု နှင့်ပံ့ပိုးမှု၊ ဆက်သွယ်ရေးစွမ်းရည်များ၊ မဆိုင်းမတွတုံ့ပြန်တတ်မှု၊ ရေဒီယို/တီဗီထုတ်လုပ်မှုများတွင် ပေးအပ်သောအခန်းကဏ္ဍကို ကျေနပ်ဖွယ်ရာဆောင်ရွက်မှု၊ သောတရှင်များနှင့် ချိတ်ဆက်မှု နှင့်ဆိုရှယ်မီဒီယာမှအကြောင်းအရာများကို ဆွေးနွေးမှုဖြစ်စေရန် နိုးကြွစေမှုအစွမ်းအစ။

## ဖတ်ရှုရန်လိုအပ်သောစာအုပ်များစာရင်း

ABC. 2011. Reporting Refugees in the Capital, Australian Broadcasting Corporation http://www.abc.net.au/local/stories/2011/10/19/3343665.htm Accessed May 30 2013.

Broersma, M. & Graham, T., 2013, Twitter As A News Source, Journalism Practice, 7(4), pp. 446-64.

Bradshaw, P. 2009. The Guardian's tool to crowdsource MPs' expenses data: time to play, Online Journalism

Blog, June 19 2009 http://onlinejournalismblog. com/2009/06/19/theguardian-build-a-platform-to-crowdsource-mpsexpenses-data. Accessed 4 June 2013.

Gillmor, D. 2004. We the Media: Grassroots Journalism By the People, For the People. Sebastapol, CA, United States of America, O'Reilly Media Inc.

Hammond, P. 2002. Moral Combat: Advocacy Journalists and the New

Humanitarianism in Chandler, D. (ed.), Rethinking Human Rights: Critical Approaches to International Politics, pp.176-195.

Hermida, A., 2012, Tweets And Truth: Journalism as a discipline of collaborative verification, Journalism Practice, 6(5-6), pp. 659-68.

Hermida, A., Lewis, S.C. & Zamith, R., 2014, Sourcing the Arab Spring: A Case Study of Andy Carvin's Sources on Twitter During the Tunisian and Egyptian Revolutions, Journal of Computer- Mediated Communication, 19(3), pp. 479-99.

Herrington, T. and Herrington, J. 2006. Authentic Learning Environments in Higher Education. Information Science Publishing, 2006.

Lave, J. 1991. Situating learning in communities of practice in Resnick, L., Levine, J. and Teasley, S. (eds.) Perspectives on socially shared cognition 63, p. 82.

McKay, T. and Warwick Blood, R. 2011. 'Any one of these boat people could be a terrorist for all we know!'

Media representations and public perceptions of 'boat people' arrivals in Aus tralia. Journalism, July 2011, Vol. 12 No. 5607-62

Ogan, C.L.1980. Development Journalism/Communication: The Status of the Concept. Paper presented at the annual meeting of the Association for Education in Journalism (63rd, Boston, August 9-13, 1980)

Phillips, G. 2009. Ethnic Minorities in Australia's Television News: A Second Snapshot. Australian Journalism Review, Vol. 31, No. 1, pp. 19-32.

Phillips, G. 2011. Reporting diversity: The representation of ethnic minorities in Australia's television current affairs programs. Media International Australia, 139, pp. 23-31.

Phillips, G. and Tapsall, S.M. 2007. Ethnic Diversity in Television News: an Australian Case Study, Australian Journalism Review, Vol. 29, No. 2, pp. 15-33.

Posetti, J. 2007. Unveiling News Coverage of Muslim Women: Reporting in the Age of Terror. The International Journal of Diversity in Organisations, Communities and Nations, Vol 7, Issue 5, pp. 69-80.

Posetti, J. 2008. Breaking the Fast and Challenging Media Myths About Muslims. Jscribe: http://www.j-scribe. com/2008/09/breaking-fast-and-challengingmedia.html (Accessed May 30th, 2013).

Posetti, J. 2009. Unveiling Radio Coverage of Muslim Women. The Radio Journal: International Studies in Broadcast and Audio Media, Volume 6, Issue 2/3, pp. 161-177.

Posetti, J. 2010. "Jihad Sheilas or Media Martyrs: Muslim Women and the Media" in Rane, H., Ewart, J. and Abdalla, M. (eds.), Islam and the

Australian News Media, Melbourne University Press, pp. 69-103.

Posetti, J. 2012. How Social Media, Collaboration Fuelled Reports on Australia's Refugees. PBS Mediashift URL: http://www.pbs.org/mediashift/2012/01/how-social-media-collaborationfueled-reports-onaustralias-refugees019. (Accessed May 30th, 2013).

Posetti, J. 2013. "The 'twitterisation' of investigative journalism" in Tanner, S.J. and Richardson, N. (eds.), Journalism Research and Investigation in a Digital World, Oxford University Press, pp. 88-100.

Rosen, J. "The action of the idea: Public journalism in Built Form" in Glasser, T. The idea of public journalism. 1999, Guildford Press, pp. 21-48.

Savage, J. and Challis, M. 2002. A Digital Arts Curriculum? Practical ways forward. Music Education Research, Volume 4, Issue 1, pp. 7-23.

SBS. 2011. IQ: Cultural Intelligence Forum, Part 1. SBS TV, Australia. http://www.sbs.com.au/ondemand/ vid-eo/2176425721/cultural-intelligenceforum-pt-1 (Accessed May 30th, 2013).

Shaw, I., Lynch, J. and Hacket, R.A. (eds.).2012. Expanding Peace Journalism: Comparative and critical approaches. Sydney University Press.

Wall, M. 2003. "Social Movements and the Net: Activist Journalism Goes Digital" in Kawamoto, K. (ed.) Views from the horizon: perspectives on digital journalism. Rowman & Littlefield, pp. 113-122.

White, A. 2014. An Italian case study on how to tell the migrant story, published online in Ethical Journalism Network, 9 June 2014. http://ethicaljournalismnetwork.org/en/contents/humanity-in-the-news-anitalian-case-study-on-how-to-tell-the-migrant-story

# ကျင့်ဝတ်နှင့်ကိုက်ညီသော စုံစမ်းဖော်ထုတ်ရေးသားသည့် သတင်းအတတ်ပညာ

အက်စတယ်လာမာဂရီတာတောရက်စ်အယ်မန်ဇာနှင့် မန်နူဝယ်အလီယန်ဒရိုဂါရဲရို
(Estela Margarita Torres Almanza and Manuel Alejandro Guerrero)

ဤသင်ရိုးသည် စုံစမ်းဖော်ထုတ်သတင်းလုပ်ငန်းများဆောင်ရွက်ရန် အခြေခံသဘောတရားများကို ခင်းကျင်းပေးပါသည်။ သင်ရိုးကို ယနေ့လူ့ဘောင်အဖွဲ့အစည်းရှိ စုံစမ်းဖော်ထုတ်မှုဆိုင်ရာ စာနယ်ဇင်းပညာ၏ ကနဦးသုံးသပ်ချက်ဖြင့် အစပြုထားပြီး ကျောင်းသားများအတွက် အမှီအခိုကင်းသော စုံစမ်းဖော်ထုတ်တတ်မှုဆိုင်ရာစီမံချက်များကို ဆောင်ရွက်နိုင်စေမည့်နည်းလမ်းများ သင်ကြားပို့ရန် ရေးဆွဲထားသည်။

## ဘာသာရပ်အဆင့်

တက္ကသိုလ်တတိယနှစ်ကျောင်းသားများအတွက် ရည်ရွယ်ပါသည်။

## ရည်ရွယ်ချက်

ဤသင်ရိုးသည် စုံစမ်းဖော်ထုတ်သတင်းလုပ်ငန်းများ ဆောင်ရွက်ရန် အခြေခံသဘောတရားများကို ခင်းကျင်းပေးပါသည်။ သင်ရိုးကို ယနေ့လူ့ဘောင်အဖွဲ့အစည်းရှိ စုံစမ်းဖော်ထုတ်မှုဆိုင်ရာ စာနယ်ဇင်းပညာ ၏ကနဦးသုံးသပ်ချက်ဖြင့်အစပြုထားပြီး ကျောင်းသားများအတွက်အမှီအခိုကင်းသောစုံစမ်းဖော်ထုတ်မှုဆိုင်ရာစီမံချက်များကို ဆောင်ရွက်နိုင်စေမည့်နည်းလမ်းများအတွက် သင်ကြားပို့ချမှုများပါဝင်ပါသည်။
ပညာသင်ကာလများအတွင်း ကျောင်းသားများသည် ကမ္ဘာတစ်ဝှမ်းရှိစုံစမ်းဖော်ထုတ်မှုစာနယ်ဇင်းပညာဆိုင်ရာဥပမာများကို စိစစ်မှုပြုကာ စီမံချက်ရေးဆွဲမှုအဆင့်များ၊ သတင်းအကြောင်းအရာတိုးတက်မှု၊ သတင်းအရင်းအမြစ်ပြုစုပျိုးထောင်ခြင်းနှင့် စီမံခန့်ခွဲမှု၊ ထုတ်ဝေမှုနှင့် လူမှုရေးရာအကျိုးသက်ရောက်မှုများတို့ကို ဆွေးနွေးခြင်းပြုလုပ်ရမည်ဖြစ်သည်။

## ဘာသာရပ်အကြောင်းဖော်ပြခြင်း

လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ အတွင်း အရေးပါသောလူမှုရေးပြဿနာများအနက်မှ အဂတိလိုက်စားမှု၊ အများပြည်သူပိုင်ရံပုံငွေများကို မှားယွင်းစွာစီမံခန့်ခွဲမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဂေဟဗေဒဆိုင်ရာ ဘေးအန္တရာယ်များတွင် စုံစမ်းဖော်ထုတ်သတင်းလုပ်ငန်းကို အသုံးပြုခဲ့ပါသည်။ ယင်းကို အာဏာအလွဲသုံးစားသောအရာရှိများနှင့် အစိုးရအဖွဲ့များကိုစွဲချက်တင်ရန်နှင့် ရာထူးမှပင်နှုတ်ထွက်စေရန်အထိ လက်နက်သဖွယ်အသုံးပြုခဲ့ကြရုံမက အများပြည်သူ၏အကျိုးစီးပွားအပေါ်သက်ရောက်မှုရှိသည့် ပုဂ္ဂလိကနှင့်ကော်ပိုရေးရှင်းဆိုင်ရာကျင့်ထုံးများကို စုံစမ်းဖော်ထုတ်ရာတွင် အသုံးပြုကြသည်။ စုံစမ်းဖော်ထုတ်မှု သတင်းအတတ်ပညာ၏ရည်ရွယ်ချက်မှာ မှန်ကန်တိကျသောသတင်းအချက်အလက်ဖြင့်လူတစ်ဦး၊အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်အစိုးရများမှ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍများရှိနိုင်ငံသားများနှင့် အများပြည်သူအကျိုးစီးပွားနှင့်လဲ၍ မမှန်ကန်သောအကျိုးအမြတ်ရယူမှုကို မီးမောင်းထိုးဖော်ထုတ်ရန်ဖြစ်သည်။

စာနယ်ဇင်းလောက၏အနာဂတ်နှင့်စပ်လျဉ်းပြီး မေးခွန်းထုတ်စရာများစွာရှိသည်မှာ မှန်ပါသည်။ ငယ်ရွယ်ပြီး အတွေ့အကြုံရှိသော သတင်းစာဆရာများသည် ရှေးရိုးစဉ်လာနှင့် ခေတ်သစ်နည်းပညာများ နှစ်မျိုးလုံးကိုလုပ်ဆောင်အသုံးချကြရာ ယင်းသည် သတင်းအကြောင်းအရာများကို ကျွမ်းကျင်မှုအတွက် အချိန်ယူရသော်လည်း ထုတ်ဝေမှုပြုသည့်အခါ တာဝန်ခံမှုအတွက် တွန်းအားဖြစ်စေပါသည်။ ထိုနည်းပညာအသစ်များနှင့် အရင်းအမြစ်များအကြောင်းကိုသင်ယူခြင်းသည် စုံစမ်းဖော်ထုတ်မှုသတင်းအတတ်ပညာ၊ ကျင့်ဝတ်နှင့် နိုင်ငံသားဖြစ်ခြင်းတို့ဆိုင်ရာ ဤသင်ရိုး၏

ဗဟိုချက်ဖြစ်ပါသည်။
ဤသင်ရိုးသည် ပထမအချက်အနေနှင့် ကျောင်းသားများအတွက် အယူအဆအပေါ် အခြေတည်သော ဆွေးနွေးမှု စီစဉ်ပေးရန်ဖြစ်ပြီး ရည်ရွယ်ချက်မှာ စုံစမ်းဖော်ထုတ်မှုသတင်းအတတ်ပညာနှင့် ယနေ့ ခေတ်တက်ကြွသောနိုင်ငံသားများ၏ပိုမိုပြည့်ဝသောစွမ်းဆောင်မှုအကြားဆက်စပ်မှုများကို ပိုမိုနားလည် နိုင်စေရန်ဖြစ်သည်။ ယင်းသည် စာနယ်ဇင်းလုပ်ငန်းစဉ်တစ်ခုလုံးကို မည်သည့်အချိန်၊ မည်သည့်အခြေ အနေတွင်မဆို လမ်းညွှန်ပေးနိုင်သည့်ပညာရှင်ပီသသောကျင့်ဝတ်ကို ဖော်ပြပေးပါသည်။ ဤနေရာတွင် ကျင့်ဝတ်များကို စုံစမ်းဖော်ထုတ်မှုဆိုင်ရာ သတင်းအစီရင်ခံမှုကို ပြန်လည်သုံးသပ်ချက်အဖြစ် မှတ်ယူရပါမည်။ ထို့ကြောင့် ဤသင်ရိုး၏ရည်မှန်းချက်မှာ ပညာရှင်ပီသသောကျင့်ဝတ်အပေါ် အခြေပြုသည့် စုံစမ်းဖော်ထုတ်သည့် သတင်းအတတ်ပညာသည် နိုင်ငံသားများအတွက် အသုံးဝင်ပြီး သင့်လျော်သောသတင်းအချက်အလက်များ ပေးခြင်းဖြင့် သင့်တင့်ကောင်းမွန်သောဒီမိုကရေစီထိန်းသိမ်းရန် လွန်စွာအရေးကြီးကြောင်းကို ကျောင်းသားများ တွေ့မြင်လာစေရန်ဖြစ်သည်။

ရက်သတ္တပတ် ၁၅ ပတ်ကြာကာလအတွင်း ဦးတည်ချက်သုံးရပ်ကိုဖော်ဆောင်ထားရာ ယင်းသည် လက်တွေ့ကျသောစွမ်းရည်များ၊နည်းပညာများနှင့်အတူ အယူအဆဆိုင်ရာ သုံးသပ်ချက်ကို ပေါင်းစပ်ပေးပါသည်။ အယူအဆအခြေပြုသောဆွေးနွေးမှုများသည် စုံစမ်းဖော်ထုတ်မှု သတင်းအတတ်ပညာစီမံချက်တွင် လက်တွေ့ကျသောလုပ်ငန်းများနှင့် ခိုင်မာစွာချိတ်ဆက်ထားပါသည်။ ယင်းချိတ်ဆက်မှုများအရ အချို့သောအကြောင်းအရာများမှာလွဲရှောင်၍မရဘဲ သုံးသပ်မှုပြုရမည့်အရာများဖြစ်သည်။ ယင်းအကြောင်းအရာများမှာ ဒီမိုကရေစီသို့ဦးတည်နေသော လူ့ဘောင်အဖွဲ့အစည်းနှင့် စာနယ်ဇင်းပညာဆက်စပ်မှု၊ နိုင်ငံသားဖြစ်ခြင်းနှင့် တာဝန်ခံမှုအတွက် စာနယ်ဇင်းအခန်းကဏ္ဍများ၊ စာနယ်ဇင်းအလေ့အကျင့်များတို့အပြင် အယ်ဒီတာလုပ်ရိုးလုပ်စဉ်များ၊ မီဒီယာအဖွဲ့အစည်းများ၊ တရားဥပဒေမူဘောင်များနှင့် စာနယ်ဇင်းအပေါ် ယင်းတို့၏အကျိုးသက်ရောက်မှုများ၊ အတွေးအမြင်စနစ်များမှရရှိသည့် ဖိအားများ စသည့်ခေါင်းစဉ်များဖြစ်သည်။ သင်ရိုး၏အဆုံးပိုင်းတွင် စုံစမ်းဖော်ထုတ်မှုသတင်းအကြောင်းအရာတစ်ပုဒ်လုပ်ဆောင်ရပါမည်။

စုံစမ်းဖော်ထုတ်မှုဆိုင်ရာ သတင်းစာဆရာများအတွက် အရင်းအမြစ်များကို လျင်မြန်စွာရရှိနိုင်သည်။ ဤသင်ရိုးမှ အကြံပြုသည့်အရင်းအမြစ်များမှာ ကျောင်းသားများနှင့် ဆရာများ၏ အသိပညာဆိုင်ရာ စူးစမ်းလိုစိတ်မြင့်မားလာစေရန်နှင့် ယင်းတို့၏သတင်းအချက်အလက်များကို သုတေသနပြုစုဆောင်းစေမည့် စိတ်ဆန္ဒဖြစ်လာစေရန်ရည်ရွယ်သည့် ပိုမိုကျယ်ပြန့်သော အတွေ့အကြုံဗဟုသုတဆိုင်ရာ ခြုံငုံသုံးသပ်ချက်ဖြစ်ပါသည်။ ထို့အပြင် ဤသင်ရိုးသည် နိုင်ငံသားအခွင့်အရေးများ တိုးတက်ရရှိလာရေး၊ လွတ်လပ်စွာလုပ်နိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကိုကာကွယ်ရေး၊ အများပြည်သူအကျိုးစီးပွားအတွက် အာဏာသုံးစွဲမှုကိုစောင့်ကြည့်ရေးအစရှိသည့် အရေးကိစ္စတို့အတွက် ကြိုးပမ်းလုပ်ဆောင်နေသည့် နိုင်ငံတကာစုံစမ်းဖော်ထုတ်မှုသတင်းအတတ်ပညာအသိုင်းအဝိုင်း ကျယ်ပြန့်လာစေရေးအတွက်လည်း ရည်ရွယ်ပါသည်။

## သင်ကြားမှုပုံစံ

ဤသင်ရိုးကို စာသင်ခန်းတွင် သင်ကြားသည်မှာ အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ ဆရာ/နည်းပြဆရာ၏ပို့ချမှုကို ကျောင်းသားများ အုပ်စုလိုက်ဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်ပူးပေါင်းထားရာ ကျောင်းသားများ၏ သုတေသနအတွက် အားကောင်းလာစေပါသည်။ သင်ရိုးတွင် ဆရာ/နည်းပြတို့မှ စာနယ်ဇင်းသုတေသနဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် အနီးကပ်ကြီးကြပ်မှုဆောင်ရွက်ပေးပါမည်။

## သင်ကြားမှုချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း

ဤသင်ရိုး (ဘာသာရပ်မူရင်းအမည် "စုံစမ်းဖော်ထုတ်မှု သတင်းအတတ်ပညာ၊ ကျင့်ဝတ်နှင့်နိုင်ငံသားဖြစ်ခြင်း")ကို စာနယ်ဇင်းနှင့် ဆက်သွယ်ရေးဒီဂရီပညာရပ် နောက်ဆုံးနှစ် သင်ယူနေကြသော ကျောင်းသားများအတွက် စီစဉ်ထားပါသည်။ ယင်းကျောင်းသားများသည် အခြေခံသတင်းအတတ်ပညာဆိုင်ရာနည်းလမ်းနှင့် သီအိုရီများ သင်ယူပြီးထားသူဖြစ်ရမည်။ သင်တန်းကာလအတွင်း ထိုခေါင်းစဉ်များကို ထပ်မံအားဖြည့်သင်ကြားမည်ဖြစ်သည်။ သင်ရိုးတွင် နည်းပညာများကို လက်တွေ့ကျင့်သုံးမှုနှင့် ကျောင်းသားများ၏စွမ်းရည်တိုးတက်မှုကို မှတ်တမ်းတင်ထားမည်ဖြစ်ရာ သတ်မှတ်ထားသည့် လေ့ကျင့်ခန်းများသည် နောက်ဆုံးသောစုံစမ်းဖော်ထုတ်မှုသတင်း အတတ်ပညာအတွက် မူကြမ်းများဖြစ်လာပါမည်။

ဤသင်ရိုးရှိ စုံစမ်းဖော်ထုတ်မှု သတင်းအစီရင်ခံခြင်းတွင် အယူအဆအခြေပြုသော ဆွေးနွေးမှုများသည် သတင်းအချက်အလက်စုဆောင်းခြင်း၊ သတင်းအကြောင်းအရာ တည်ဆောက်ခြင်းနှင့်တင်ဆက်ခြင်း စသည့် လုပ်ငန်းစဉ်တစ်လျှောက်ကျင့်ဝတ်ဆိုင်ရာလိုက်နာမှုများကို ဦးစားပေးသွားမည်ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့် ကျင့်ထုံးများအကြောင်းကို ဦးစားပေးဆွေးနွေးသည့် အပတ်စဉ် ၂ ခု သီးသန့်ရှိသော်လည်း စင်စစ်အားဖြင့် ဤသင်ရိုးကို စုံစမ်းဖော်ထုတ်မှုဖြစ်စဉ်တစ်ခုလုံးအောက်တွင် ထည့်သွင်းထားပါသည်။

လေ့ကျင့်ခန်းများကို စာသင်ခန်း၏အထဲ၊ အပြင်နှစ်ခုလုံးတွင်ဆောင်ရွက်နိုင်သော်လည်း ဆရာ/နည်းပြများ၏ အနီးကပ်ကြီးကြပ်မှု လိုအပ်ပါမည်။ ဆရာ/ နည်းပြနှင့် ကျောင်းသားများအကြားစဉ်ဆက်ဖြစ်သော ဆွေးနွေးမှုထားရှိရန် အကြံပြုပါသည်။ ယင်းတွင် နောက်ဆုံးဖြစ်သော စုံစမ်းဖော်ထုတ်မှု သတင်းအကြောင်းအရာနှင့်တိုက်ရိုက်ပတ်သက်မှုမရှိသော လေ့ကျင့်ခန်းများဆိုင်ရာအဖွဲ့လိုက်ဆွေးနွေးမှုများပါဝင်ပြီး ယင်းကို စာသင်ခန်းအတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေဆောင်ရွက်နိုင်သည်။

ဤသင်ရိုးကိုသင်ကြားပေးသည့်ဆရာ/နည်းပြဖြစ်သူသည် စုံစမ်းဖော်ထုတ်မှု သတင်းအတတ်ပညာနှင့်ဒေတာဘေ့စ်စာနယ်ဇင်းပညာတို့တွင် အသုံးပြုသည့်ကွဲပြားသောနည်းပညာများနှင့် ရင်းနှီးပြီးသူများဖြစ်နိုင်သည်။ အရေးကြီးသည်မှာ ဆရာ/နည်းပြဖြစ်သူသည် ကျောင်းသားများအား

ပူးပေါင်း လုပ်ဆောင်တတ်စေရန်၊ အုပ်စုလိုက်ဆွေးနွေးသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန်၊ တကယ့်သတင်းခန်းပုံစံအတိုင်း လုပ်ဆောင်နိုင်ရန်နှင့် စာနယ်ဇင်းသုတေသနစီမံချက်များတွင် အသင်းအဖွဲ့ဖြင့်လုပ်ဆောင်တတ်ရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့်အကြံပြုသည်မှာ စုံစမ်းဖော်ထုတ်မှုသတင်းအတတ်ပညာစီမံချက်ကို ကိုယ်တိုင်ဆောင်ရွက်ခဲ့သည့် ဧည့်ဆရာအနည်းဆုံးတစ်ဦးကို ဖိတ်ကြားသင်ကြားစေရန် ဖြစ်သည်။

---

**အမှတ်ပေးခြင်း**

၃၀%သည် အတန်းတက်မှုနှင့် နောက်ဆုံးပြုလုပ်သည့်သင်ခန်းစာအတွက် ဖြစ်သည်။ ၇၀%သည် စုံစမ်းဖော်ထုတ်သည့် သတင်းအတတ်ပညာဆိုင်ရာ နောက်ဆုံးစီမံချက်အတွက် ဖြစ်သည်။ ထိုနောက်ဆုံးသတင်းတင်ပြမှုသည် အကြောင်းအရာဆက်စပ်မှု ရှိရမည်၊ သုတေသနကို အခြေပြုရမည်၊ မြင့်မားသောအရည်အသွေးရှိသည့်လုပ်ငန်းကို ထုတ်လုပ်ရန် လိုအပ်သောကျွမ်းကျင်မှုများကို ပေါင်းစပ်ရမည်ဖြစ်သည်။ စီမံချက်လုပ်ငန်းစဉ်သည် ကျောင်းသားများအား နောက်ဆုံးစီမံချက်ဆောင်ရွက်ရာတွင် အဆိုကြမ်းဖော်ထုတ်ခြင်းအဆင့်မှ စုံစမ်းဖော်ထုတ်မှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်သည်အထိတိုင် အထောက်အကူဖြစ်ပါလိမ့်မည်။

**မှတ်ရန်** ။ ။ စီမံချက်အားတစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်လုပ်ဆောင်ရမည်ဟူသည်ကို ဆရာ/နည်းပြဖြစ်သူမှ ဆုံးဖြတ်ပေးနိုင်သည်။

---

**တစ်ပတ်လျှင်နာရီပေါင်း**

သင်ရိုးကာလသည် စုစုပေါင်း ၄၅ နာရီဖြစ်ပြီး တစ်ပတ်လျှင် ၃ နာရီဖြင့် ၁၅ ပတ် ခွဲခြားသတ်မှတ်ထားသည်။ နည်းပြဖြစ်သူသည် စာဖတ်လေ့လာခြင်းနှင့် လေ့ကျင့်ခန်းများအတွက် တစ်ပတ်လျှင် အနည်းဆုံး နှစ်နာရီခန့်အချိန်ပေးရမည်ဖြစ်ပြီး စုံစမ်းဖော်ထုတ်မှုဆိုင်ရာ စီမံချက်အတွက်လည်း လိုအပ်သလိုအချိန်ပေးရမည်။

---

**စက်ပစ္စည်းကိရိယာများ**

သင်ကြားမှု/လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများအတွက် သင့်လျော်သောကွန်ပြူတာ အသုံးအဆောင်များနှင့်စက်ပစ္စည်းများရရှိနိုင်ရန် အကြံပြုအပ်ပါသည်။ သတင်းဆိုင်ရာစာသားများ၊ အသံ၊ ဗီဒီယို၊ ရုပ်ပုံနှင့်ကိန်းဂဏန်းအချက်အလက်များဖန်တီးရန်၊ စီမံရန်နှင့် တည်းဖြတ်ရန် စံချိန်မီသော software များလိုအပ်ပြီး အင်တာနက်၊ အီးမေးလ်နှင့် ဝက်ဆိုဒ်အရင်းအမြစ်များရရှိနိုင်ရန်လည်း လိုအပ်ပါသည်။

---

**ဖတ်ရှုရန် လိုအပ်သောစာအုပ်များစာရင်း**

Hunter, M. L. 2014. Story Based Inquiry. A manual for investigative journalists. 1st Edition. Paris, UNESCO Publishing. Available in http://www. storybased inquiry.com/

## အကြံပြုသည့် ဖတ်ရှုရမည့်စာအုပ်များ


Berry, S. 2008. Watchdog journalism. 1st Edition. USA, Oxford University Press.

De Bourg, H. 2008. Investigative Journalism. 2nd Edition. USA, Routledge.

Gray, J, Chambers, L, and Bounegru, L. 2012. The Data Journalism Hand book. How journalists can use data to improve the news. 1st Edition. O'Reilly Media. http://datajournalismhandbook.org/

Houston, B., Weinberg, S. and IRE. 2008. The Investigative Reporter's Hand book: A Guide to Documents, Databases, and Techniques. 5th Edition. USA, Investigative Reporters and Editors.

Huerta, C.E., Salamanca, N. y Sierra, J.L. 2014. El periodista de investigación latinoamericano en la era digital. 1a Edición. Iniciativa Connectas e International Center for Journalists. http://connectas.org/images/ Lab/ manual_de_periodismo_ICFJ-CONNECTAS.pdf

Paz, M. and Perry, F. (eds.). 2014. Manual de Periodismo de Datos Iberoamericano. 1a Edición. Chile, Fundación Poderomedia y Universidad Alberto Hurtado. http://manual.periodismodedatos.org/

Radu, P. Follow the money. A digital guide for tracking corruption. International Center for Journalists. https:// reportingproject.net/occrp/pdf/ Follow_The_Money_WEB.pdf

Rodríguez, P. 1994. El periodismo de investigación. Técnicas y estrategias. España, Paidós Iberoamérica.

Rogers, S. 2013. Facts are sacred. 1st Edition. UK, Guardian Books.

Santoro, D. 2008. Técnicas de investigación. Métodos desarrollados en diarios y revistas de América Latina. 1a Reimpresión. México, Fondo de Cultura Económica y Fundación para el Nuevo Periodismo Iberoamericano.

Waisbord, S. 2000. Watchdog journalism in South America. 1st Edition. USA, Columbia University Press.


## စုံစမ်းဖော်ထုတ်မှုဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်းများ

(အောက်ဖော်ပြပါ စာရင်းပြုစုထားသည့်ဆိုဒ်များသို့ဝင်ရောက်ရန် အကြံပြုအပ်ပါသည်။ ယင်းတို့ အသီးသီးသည် စုံစမ်းဖော်ထုတ်မှုဆိုင်ရာစာနယ်ဇင်းပညာရပ်အတွက်ကွဲပြားသော အရင်းအမြစ်များ ပံ့ပိုးပေးထားသည်။)

African Network of Centers for Investigative Reporting - http://investigative-centers.org/

Center for Investigative Reporting - http://cironline.org/

Center for Public Integrity - http://www.publicintegrity.org

CIPER. Centro de Investigación Periodística - http://ciperchile.cl/

CONNECTAS - http://connectas.org/es/

Consejo de Redacción - http://consejoderedaccion.org/

Global Investigative Journalism Network - http://gijn.org/

International Consortium for Investigative Journalism - http://www.icij.org/

International Center for Journalists - http://www.icfj.org/

Investigative Journalism Education Consortium - http://ijec.org

Investigative News Network - http://investigativenewsnetwork.org

Investigative Reporters and Editors - http://ire.org/

Organized Crime and Corruption Project - https://reportingproject.net/occrp/index.php

Propublica - http://www.propublica.org

**စုံစမ်းဖော်ထုတ်မှုဆိုင်ရာ စာနယ်ဇင်းအရင်းအမြစ်များ**

(အောက်ဖော်ပြပါ စာရင်းပြုစုထားသည့်ဆိုဒ်များသို့ဝင်ရောက်ရန် အကြံပြုအပ်ပါသည်။ ယင်းတို့ အသီးသီးသည် စုံစမ်းဖော်ထုတ်မှုဆိုင်ရာ သတင်းအတတ်ပညာရပ်အတွက် ကွဲပြားသော အရင်းအမြစ်များ ပံ့ပိုးပေးထားသည်။)

Dart Center for Journalism & Trauma - http://dartcenter.org

FOIA Machine - https://www.foiamachine.org/

Investigative Dashboard - https://investigativedashboard.org/

Medium "75+ tools for investigative journalists" -

https://medium.com/@Journalism2ls/75-tools-for-investigative-journalists-7df8b151db35

Muckrock - https://www.muckrock.com/

Nieman Story Board - http://niemanstoryboard.org

Offshore Leaks - https://offshoreleaks.icij.org/

Premio IPYS - Investigaciones Premiadas - http://premio.ipys.org/investigaciones-premiadas.html

Source. Open News - https://source.opennews.org/en-US/

# အတန်းအချိန်ဇယားနှင့် အကြံပြုခေါင်းစဉ်များ

## ပထမပတ် - စုံစမ်းဖော်ထုတ်မှုသတင်း အစီရင်ခံခြင်းနှင့် အများပြည်သူ အကျိုးစီးပွား

သင်ရိုး၏တင်ဆက်မှုများ၊ ရည်မှန်းချက်များနှင့် နိဒါန်း။ လူ့ဘောင်အဖွဲ့အစည်းအတွင်း စုံစမ်းဖော်ထုတ်မှု စာနယ်ဇင်း၏အခန်းကဏ္ဍအကြောင်းဆွေးနွေးခြင်း။ အသက်ဝင်သောဒီမိုကရေစီအတွက် သတင်းအချက်အလက်နှင့် နိုင်ငံသားဖြစ်ခြင်းအကြားဆက်နွယ်မှု။စုံစမ်းဖော်ထုတ်မှုဆိုင်ရာ သတင်းအစီရင်ခံမှုအတွက် လိုအပ်သောစာနယ်ဇင်းသဘောတရားများ။

**လေ့ကျင့်ခန်း** - စုံစမ်းဖော်ထုတ်မှုဆိုင်ရာသတင်းတစ်ပုဒ်ကို ဥပမာအဖြစ် ရွေးချယ်တင်ဆက်ပါ။ ယင်းသည် အဘယ်ကြောင့် ဆက်စပ်မှုရှိသည်၊ အကျိုးသက်ရောက်မှုရှိသည်ကို ဖော်ပြပါ။

## ဒုတိယပတ် - ခေါင်းစဉ်ရှာတွေ့သည်မှသည် လုပ်ငန်းဆောင်ရွက်မှု ဘောင်သတ်မှတ်ခြင်း

တင်ဆက်မှုနှင့်ဆွေးနွေးမှု။ "မည်သည့်အချက်ကသတင်းတစ်ပုဒ်အား လူအများ စိတ်ပါဝင်စားစေသနည်း။" အယူအဆတစ်ခုကို တွေးတောခြင်း၊ မေးခွန်းမေးခြင်းနှင့် မှန်ကန်သောနည်းစနစ်ဖြင့် အစီအစဉ်ချမှတ်ခြင်းစသည်တို့ အရေးကြီးပုံ။

**လေ့ကျင့်ခန်း** - သင်၏စုံစမ်းဖော်ထုတ်မှုနှင့် အဆိုကြမ်းအယူအဆကို ခေါင်းစဉ်သတ်မှတ်ပါ၊ ယင်း၏လူမှုဆိုင်ရာထူးခြားချက်ကို အဖွဲ့ထံရှင်းပြပေးပါ။

## တတိယပတ် - သတင်းအချက်အလက်အရင်းအမြစ်များ (က) - အများပြည်သူဆိုင်ရာမှတ်တမ်းများ ရှာဖွေခြင်း

အများပြည်သူဆိုင်ရာမှတ်တမ်းများ အရေးကြီးပုံအကြောင်းကို တင်ဆက်ဆွေးနွေးခြင်း။ မည်သည့်နေရာတွင် မည်သို့ရှာတွေ့မည်နည်း။ ကွဲပြားသောအခြေအနေများရှိ သတင်းအချက်အလက်သိရှိပိုင်ခွင့်ဥပဒေများ၊ ကမ္ဘာပေါ်ရှိပွင့်လင်းသော အစိုးရခေတ်ရေစီးကြောင်းနှင့် မှတ်တမ်းများရရှိနိုင်မည့်ဗျူဟာများ။ အများပြည်သူဆိုင်ရာမှတ်တမ်းများနှင့်အရင်းအမြစ်များဆိုင်ရာ အချက်အလက်စစ်ဆေးခြင်း။

**လေ့ကျင့်ခန်း** - သင်၏ စုံစမ်းဖော်ထုတ်မှုလုပ်ငန်းအတွက် လိုအပ်သောမှတ်တမ်းများကို ဖော်ထုတ်ပါ။ ယင်းမှတ်တမ်းများကို ရှာဖွေပါ။ စုံစမ်းဖော်ထုတ်မှုအတွက် အတားအဆီးများကို စိစစ်ပါ။ ယင်းအတွက် မည်သည်တို့ကိုလိုအပ်မည်ကို ရှင်းပြပါ။

## စတုတ္ထပတ် - သတင်းအချက်အလက်အရင်းအမြစ်များ (ခ) - ပြည်သူများနှင့် အင်တာဗျူးခြင်းများ

လူသားအရင်းအမြစ်များအကြောင်း တင်ဆက်ဆွေးနွေးခြင်း။ အရင်းအမြစ်ဆိုင်ရာမြေပုံ ရေးဆွဲပါ၊ ရင်းနှီးမှုမည်သို့ တည်ဆောက်မည်နည်း၊ စေ့ဆော်မှုနှင့် ပန်းတိုင်များ မည်သို့ဖော်ထုတ်မည်နည်း။ အင်တာဗျူးပညာရပ် လေ့လာသင်ယူပါ။ အင်တာဗျူးပြုလုပ်စဉ် ရရှိသည့်အရင်းအမြစ်များကို အချက်အလက်စစ်ဆေးခြင်း။

**လေ့ကျင့်ခန်း**-အရင်းအမြစ်ဆိုင်ရာ သင်၏မြေပုံကိုဆွဲပြီး ကနဦး သတင်းအစီရင်ခံမှုအစီအစဉ် ချမှတ်ပါ။

## ပဉ္စမပတ် - သတင်းအရင်းအမြစ်များ (ဂ) - အခြားသောအချက်အလက်အရင်းအမြစ်များကို မမေ့ပါနှင့်။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ရရှိနိုင်ခြင်းအပြင် သတင်းအချက်အလက်အရင်းအမြစ်များအကြောင်းဆွေးနွေးခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း။ နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအားဖြင့် ဖော်ဆောင်ထားသည့်အများအတွက် ထုတ်ဝေသောအချက်အလက်များကို ရှာဖွေခြင်း။ သတင်းအစီရင်ခံချက်ဆိုင်ရာ အရင်းအမြစ်များနှင့် ဇစ်မြစ်များကို လူမှုမီဒီယာအဖြစ် သတ်မှတ်ခြင်း၊ လူမှုမီဒီယာ၏ခေတ်ရေစီးကြောင်းကိုစိစစ်ခြင်း။ မှတ်တမ်းများနှင့် အရင်းအမြစ်များကို အချက်အလက်စစ်ဆေးခြင်း။

**လေ့ကျင့်ခန်း** - သင်၏စုံစမ်းဖော်ထုတ်မှုအတွက် အသုံးဝင်မည်ဟုယူဆရသော အချက်အလက်ကို ဖော်ထုတ်ပါ။

## ဆဋ္ဌမပတ် - သင်၏သတင်းအချက်အလက်များကိုစုစည်းပါ။

သတင်းအချက်အလက်များကိုစုစည်းရန် နည်းပညာများ ပြန်လည်သုံးသပ်မှုနှင့် လက်တွေ့လုပ်ဆောင်မှု - မှတ်တမ်းများ၊ ဖိုင်များ၊ အချက်အလက်များ၊ အင်တာဗျူးများ၊ သတင်းအချက်အလက်များ ဖောင်းပွလာခြင်းမှ မည်သို့ရှောင်ရှားမည်နည်း။

**လေ့ကျင့်ခန်း** - သင်၌ရှိနှင့်ပြီးသောသတင်း အချက်အလက်များကို စုစည်းပြီးစုစည်းမှုဆိုင်ရာ အကြံပြုချက်ကိုတင်ဆက်ခြင်း။ အချက်အလက်အားလုံးကို အကောင်းဆုံး မည်သို့စီစဉ်ထားရှိနိုင်မည်နည်း။

## သတ္တမပတ် - စီမံချက်ပြန်လည်သုံးသပ်ချက်

ဤကဏ္ဍတွင် ပါမောက္ခသည် ကျောင်းသားများနှင့်အတူ လုပ်ဆောင်မည်ဖြစ်ပြီး ယင်းတို့ရရှိထားသည့် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း၊ ကျန်ရစ်နေသည့်အပိုင်းများကို ဖော်ထုတ်ခြင်း၊ သုတေသနကာလအတွင်း စုဆောင်းထားသည့်သတင်းအချက်အလက်များကို စုစည်းခြင်းနှင့် စိစစ်ခြင်းဆိုင်ရာဗျူဟာတစ်ခု သတ်မှတ်ပေးခြင်းတို့အတွက် ကူညီပေးသွားပါမည်။

## အဋ္ဌမပတ် - စုံစမ်းဖော်ထုတ်မှုဆိုင်ရာ သတင်းအစီရင်ခံခြင်းအတွက် နှုတ်ပြောအကူပစ္စည်းများ

ဖြစ်ရပ်အကြောင်းအရာ မည်သို့ပြောပြရမည်ဟူသည်ကို တင်ဆက်ဆွေးနွေးခြင်း။ အများပြည်သူ၏ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်မည့်အကြောင်းအရာများ။ ရှုပ်ထွေးသောအကြောင်းအရာတစ်ခုနှင့် ယင်း၏ဖော်ထုတ်ချက်များကို တင်ဆက်ရန်ဖြစ်ရပ်များ၊ အခန်းများနှင့် အခြားသောသဘောတရားများ။

**လေ့ကျင့်ခန်း** - ပထမဦးစွာဇာတ်လမ်းကျော‌ရိုးအကြမ်းတစ်ခု ရေးပါ။

## နဝမပတ် - ကျင့်ဝတ်လိုက်နာကြပါစို့ (က) - တိကျမှန်ကန်မှုနှင့် မှန်ကန်သောစကားလုံးများ

တိကျမှန်ကန်သော သတင်းအချက်အလက်များ၏ ထူးခြားချက်အကြောင်း တင်ဆက်ဆွေးနွေးခြင်း။ အများပြည်သူများရှေ့တွင် တာဝန်ယူမှုရှိခြင်း။ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်၊ လူ့အခွင့်အရေး၊ ကွဲပြားသောနယ်နိမိတ်များစသည်တို့ကို အသိအမှတ်ပြုလျက်သတင်းအကြောင်းအရာကိုပြောပြရာတွင် ဘာသာစကားကို အကောင်းဆုံး မည်သို့အသုံးချမည်နည်း။ စာနယ်ဇင်းတွင် အများယုံကြည်လက်ခံနိုင်မှုကဏ္ဍအကြောင်း ဆွေးနွေးခြင်း။ ယင်းသည် မည်သို့ဖြင့်တိုးတက်နိုင်မည်၊ ပျက်စီးသွားနိုင်သည် သို့မဟုတ် မည်သို့ပြုပြင်နိုင်မည်စသည်များ။

**လေ့ကျင့်ခန်း** - ကျောင်းသားများယင်းတို့၏ သုတေသနများကို ဆက်လက်ဆောင်ရွက်ပါ။ သင်၏စုံစမ်းဖော်ထုတ်မှု ဆောင်ရွက်ချက်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဥပဒေများရှိက

ဖော်ထုတ်ပါ။ဖြစ်လာနိုင်သောစိန်ခေါ်မှုများအတွက်မည်သို့ပြင်ဆင်ထားနိုင်သနည်း။

## ဒသမပတ် - ကျင့်ဝတ်လိုက်နာကြပါစို့ (ခ) - မိမိတို့၏ဂျာနယ်လစ်အခန်းကဏ္ဍကို သတိရှိခြင်းနှင့် မိမိ၏လုပ်ငန်းအတွက် တာဝန်ယူမှုရှိခြင်း။

စုံစမ်းဖော်ထုတ်မှု စာနယ်ဇင်းနှင့်ဆိုင်သော ကျင့်ဝတ်ရှုထောင့်များအကြောင်း တင်ဆက်ဆွေးနွေးခြင်း။ မတူညီသော စုံစမ်းဖော်ထုတ်မှုများနှင့်ရှုပ်ထွေးသောအခြေအနေများကို တိတိကျကျမည်သို့ ကိုင်တွယ်ခဲ့သည်ဟူသည့်ဥပမာများ။

**လေ့ကျင့်ခန်း** - သင်၏စုံစမ်းဖော်ထုတ်မှုမှအနည်းဆုံးကိစ္စရပ်တစ်ခုကို အတန်းတွင်ဆွေးနွေးရန် ဖော်ထုတ်ပါ။ နောက်ဆုံးရေးသားရမည့်စုံစမ်းဖော်ထုတ်မှုစီမံချက် ပထမမူကြမ်းကို စတင်ကိုင်တွယ်ပါ။

## ဧကာဒသမပတ် - တင်ဆက်မှု (၁)

ဤအပိုင်းတွင် ကျောင်းသားများသည် မိမိတို့၏စီမံချက်များဖွံ့ဖြိုးလာမှုကိုဆွေးနွေးမှုနှင့် တိုးတက်မှုများဖြစ်လာစေရန် အတန်းရှေ့တွင် တင်ဆက်ရမည်။

**လေ့ကျင့်ခန်း** - ကျောင်းသားများ မိမိတို့၏သုတေသနကို ဆက်လက်လုပ်ဆောင်ရမည်။

## ဒွါဒသမပတ် - စာသင်ခန်းအတွင်း/ ပြင်ပလုပ်ဆောင်မှု (၁) - မေ့ကျန်ခဲ့သည်များကို ဖော်ထုတ်ဖြည့်ဆည်းပါ။ တစ်စုံတစ်ရာ မေ့နေပါသလား။

သတင်းအချက်အလက်အရင်းအမြစ်များနှင့်တင်ဆက်မှုအစီအစဉ်ကို အသေးစိတ်ပြန်လည်သုံးသပ်ခြင်း။ တစ်စုံတစ်ရာကိုမေ့ခဲ့ပါက ပြန်လည်ဖြည့်ဆည်းပေးရန် ဗျူဟာတစ်ခုအစီအစဉ်ချမှတ်ရန် အကောင်းဆုံးအချိန် ဖြစ်သည်။

**လေ့ကျင့်ခန်း** - ပူးပေါင်းဆောင်ရွက်သည့်လုပ်ဆောင်ချက် - ဤတွင် ကျောင်းသားများသည် အချင်းချင်းတစ်ဦး၏လုပ်ဆောင်ချက်ကို စစ်ဆေးဝေဖန်သုံးသပ်ချက်များပေးရန်ဖြစ်သည်။နောက်ဆုံးစီမံချက်၏ အရည်အသွေးမြင့်မားစေရန် အဖွဲ့လိုက်ဆွေးနွေးမှုများကို ဆောင်ရွက်ပေးပါ။

## တေရသသမပတ် - စာသင်ခန်းအတွင်း/ ပြင်ပလုပ်ဆောင်မှု (၂) - တိကျမှန်ကန်မှုအတွက် စစ်ဆေးခြင်း

သတင်းအချက်အလက်များအားလုံးနှင့် ဘာသာစကားတို့ကို အသေးစိတ်ပြန်လည်သုံးသပ်ခြင်း။ အတန်းဖော်များနှင့်ဆရာ/နည်းပြတို့ထံမှ တုံ့ပြန်ချက်များကို ရယူပါ။

**လေ့ကျင့်ခန်း** - အဖွဲ့လိုက်ဆွေးနွေးမှုနှင့် ပြန်လည်သုံးသပ်ချက်

## စတုဒ္ဒသသပတ် - ထုတ်ဝေမှုအတွက်အဆင်သင့်ပြင်ဆင်ခြင်း

ထုတ်ဝေမှုအစီအစဉ်အတွက်တင်ဆက်မှုနှင့်ဆွေးနွေးမှုများ - မည်သည်တို့ကို ဂရုစိုက်ရမည်နည်း၊ မည်သို့သောဖြစ်လာနိုင်ဖွယ်တုံ့ပြန်မှုများကို မျှော်လင့်ရမည်နည်း၊ မည်သို့တုံ့ပြန်ရမည်နည်း၊ မီဒီယာဌာနမျိုးစုံ၊ ဘာသာစကားမျိုးစုံနှင့်နည်းလမ်းမျိုးစုံတွင် ထုတ်ဝေမှုပြုခြင်း။

**လေ့ကျင့်ခန်း** - ဖြစ်လာနိုင်သည့်အခြေအနေနှင့်အန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး လူသိများစေမည့်ဗျူဟာမူကြမ်းတစ်ခု သတ်မှတ်ပေးပါ။

## အပတ်၁၅ - တင်ဆက်မှု (၂)

စုံစမ်းဖော်ထုတ်မှုသတင်းအစီရင်ခံခြင်းစီမံချက်များကိုနောက်ဆုံးတင်ဆက်မှုများပြုခြင်း

# ဒစ်ဂျစ်တယ်မီဒီယာ၊ လူမှုကွန်ယက်များနှင့် ပြောင်းလဲနေသော သတင်းအတတ်ပညာ၏ မျက်နှာစာ

လီဒါဆင်း (Lida Tsene)

ဤသင်ရိုးသည် ကျောင်းသားများအတွက် စက်ကိရိယာအသစ်များ၊ နည်းပညာပလက်ဖောင်းများနှင့် ရင်းနှီးစေရုံမျှမက ဆိုရှယ်မီဒီယာဆိုင်ရာ ခေတ်ရေစီးကြောင်းနှင့် တန်ဖိုးများကိုသော်လည်းကောင်း၊ စာနယ်ဇင်းလုပ်ငန်းများအပေါ် ယင်းတို့၏ အကျိုးသက်ရောက်မှုများကိုသော်လည်းကောင်း သေချာစွာ နားလည်သဘောပေါက်စစ်ဆေးမှုပြုတတ်စေရန် ကူညီပေးပါသည်။ ထို့အပြင် ဤသင်ရိုးသည် ငယ်ရွယ်သောဂျာနယ်လစ်များ မီဒီယာဈေးကွက်အသစ်နှင့် လိုက်လျောညီထွေမှုရှိလာစေရေးအတွက် ယင်းတို့၏ ကိုယ်ပိုင်စွန့်ဦးတီထွင်မှုဆိုင်ရာအစီအစဉ်များ ဖော်ဆောင်လာတတ်စေရန် ပြင်ဆင်ပေးပါသည်။

**ဘာသာရပ်အဆင့်** - နှစ်ကြီးတန်း သို့မဟုတ် ပထမနှစ် ကျောင်းသားများအတွက် မဟာဘွဲ့ (Master) အစီအစဉ်

## ဘာသာရပ်အကြောင်း ရှင်းလင်းချက်အတိုချုံး

နည်းပညာသည် ကွန်ပ်တို့ထုတ်လုပ်ပုံ၊ အသုံးပြုပုံ၊ ပူးပေါင်းလုပ်ဆောင်ပုံနှင့် ဆန်းသစ်တီထွင်ပုံနည်းလမ်းကို ပြောင်းလဲစေခဲ့ပါသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်ကာလအတွင်း မီဒီယာလောကတွင်လူမှုကွန်ယက်များနှင့်ဒစ်ဂျစ်တယ်စနစ်များက သတင်းအတတ်ပညာ၏ အသွင်သဏ္ဌာန်ကို တစ်ခေတ်ဆန်းစေသည့်ပြောင်းလဲမှု ဖြစ်လာစေခဲ့ပါသည်။ သောတရှင်ပြည်သူများသည် သတင်းထုတ်လုပ်မှုနှင့် သတင်းဖြန့်ဖြူးမှုများတွင် ပိုမိုပါဝင်လာကြပြီး သတင်းအတတ်ပညာရှင်များအနေဖြင့်လည်းအချက်အလက်များစုဆောင်းခြင်းနှင့် ဖြန့်ဖြူးခြင်းနည်းလမ်းအသစ်များကို ရှာဖွေတွေ့ရှိလာကြပါသည်။ တစ်ဘက်၌လည်း မီဒီယာသည်ငွေကြေးဆိုင်ရာနှင့် အများယုံကြည်မှုပိုင်းဆိုင်ရာ အကျပ်အတည်းများကို ရင်ဆိုင်နေကြရသည်။ မီဒီယာအဖွဲ့အစည်းများနှင့် သတင်းအတတ်ပညာရှင်များသည် လက်ရှိမီဒီယာဆိုင်ရာ စီးပွားရေးစနစ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တီထွင်ကြံဆသည့်ဖြေရှင်းချက်များကို ရှာတွေ့ရန်ကြိုးပမ်းလျက်ရှိပါသည်။ သို့ဖြစ်၍ ဤသင်ရိုးသည် ကျောင်းသားများအတွက် စက်ကိရိယာအသစ်များ၊နည်းပညာစနစ်များနှင့်ရင်းနှီးစေရုံမျှမက ဆိုရှယ်မီဒီယာ၏ ခေတ်ရေစီးကြောင်းနှင့် တန်ဖိုးများကိုသော်လည်းကောင်း၊ သတင်းအတတ်ပညာလုပ်ငန်းအပေါ် ယင်းတို့၏အကျိုးသက်ရောက်မှုများကိုသော်လည်းကောင်း သေချာစွာနားလည်သဘောပေါက်စစ်ဆေးမှုပြုတတ်စေရန် ကူညီပေးပါသည်။ ထို့အပြင် ဤသင်ရိုးသည် ငယ်ရွယ်သောသတင်းအတတ်ပညာရှင်များမီဒီယာဈေးကွက်အသစ်နှင့် လိုက်လျောညီထွေမှုရှိလာစေရေးအတွက် ယင်းတို့၏ ကိုယ်ပိုင်စွန့်ဦးတီထွင်မှုဆိုင်ရာ အစီအစဉ်များ ဖော်ဆောင်လာတတ်စေရန် ပြင်ဆင်ပေးပါသည်။

## သင်ရိုးအကြောင်းအရာများနှင့် ဖွဲ့စည်းတည်ဆောက်ပုံ

ဤသင်ရိုး၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်

*ပထမပတ်* - မီဒီယာလုပ်ငန်းအခြေအနေ

*ဒုတိယပတ်* - ဆိုရှယ်မီဒီယာ၏ခေတ်ရေစီးကြောင်း

*တတိယပတ်* - သောတရှင်များကိုနားလည်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် တိုင်းတာခြင်း

*စတုတ္ထပတ်* - လူထုမှသတင်းအရင်းအမြစ်ရရှိခြင်း၊နိုင်ငံသားသတင်းအတတ်ပညာ (Citizen Journalism) နှင့် သတင်းကျင့်သုံးပုံများ ပြောင်းလဲခြင်း

*ပဉ္စမပတ်* - စွန့်ဦးတီထွင်မှုဆိုင်ရာ သတင်းအတတ်ပညာ ပေါ်ထွက်လာခြင်း

ဆဋ္ဌမပတ် - သတင်းအကြောင်းအရာထုတ်လုပ်ခြင်းနှင့် လွှင့်တင်ခြင်း

သတ္တမပတ် - မိုဘိုင်းလ်ဖုန်း သတင်းဖြန့်ဖြူးခြင်း

အဋ္ဌမပတ် - ဒစ်ဂျစ်တယ်ခေတ်သတင်းအတတ်ပညာ ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများနှင့် ထည့်သွင်းစဉ်းစားရန်အချက်များ

---

## သင်ယူမှုရလဒ်များ

သင်ရိုးပြီးဆုံးချိန်တွင် ကျောင်းသားများသည်

- ► သတင်းအတတ်ပညာ အခန်းကဏ္ဍနှင့် ယင်းအနေအထားအပေါ် လူမှုမီဒီယာမှ မည်သို့အကျိုးသက်ရောက်ပုံကို နားလည်လာမည်
- ► ဆိုရှယ်မီဒီယာမှ သတင်းထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းစဉ်ကိုသော်လည်းကောင်း၊ သတင်းအတတ်ပညာရှင်များနှင့်သောတရှင်များအကြား အဆက်အသွယ်ကိုသော်လည်းကောင်း မည်သို့ပြောင်းလဲသွားစေပုံကို နားလည်လာမည်
- ► အချက်အလက်များကိုဖော်ထုတ်ခြင်း၊ သတင်းအကြောင်းအရာများကို ထုတ်လုပ်ဖြန့်ဝေခြင်းတို့ဆောင်ရွက်နိုင်ရန် ကွဲပြားသောကိရိယာများနှင့် နည်းပညာများကို စမ်းသပ်လုပ်ဆောင်ခြင်း
- ► ဤအသစ်သော မီဒီယာဂေဟစနစ်အတွင်းရှိကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် အတွေးအခေါ်များကို ဆွေးနွေးခြင်း

---

## သင်ကြားမှုပုံစံ/ သင်ကြားမှုဆိုင်ရာ ချဉ်းကပ်ပုံ

သင်ကြားမှုနည်းစနစ်မှာ သဘောတရား (Theory) ဆိုင်ရာ စာပို့ချမှုများနှင့် လက်တွေ့ပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှစ်မျိုးလုံးကိုပေါင်းစည်းပြီး ကျောင်းသားအချင်းချင်းလမ်းညွှန်မှုပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံနှင့်ဗဟုသုတများကို ဖလှယ်မှုပြုခြင်း စသည်တို့အပေါ် အခြေပြုထားသည်။ ကျောင်းသားများသည်သတင်းအကြောင်းအရာများကို ဖန်တီးသူများ၊ သတင်းဖြန့်ချိသူများအဖြစ် ကွဲပြားသောကိရိယာများနှင့် နည်းစနစ်များကိုတစ်ဦးခြင်းဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ စမ်းသပ်အသုံးပြုဆောင်ရွက်ရမည်။ စာပို့ချမှု၊ အဖွဲ့လိုက်တင်ပြမှုများနှင့် ဖြစ်ရပ်မှန်လေ့လာချက်များကိုဆွေးနွေးခြင်းစသည်တို့ပါဝင်သည့် သင်ကြားမှုနည်းစနစ်မျိုးစုံကို အသုံးပြုပါမည်။ နည်းပြဆရာနှင့်ကျောင်းသားများအကြား ဆက်သွယ်ရေးအတွက် လူမှုကွန်ယက်များ (Facebook , Twitter) များကို အသုံးပြုသွားမည်ဖြစ်ပြီး သင်ရိုးပါအကြောင်းအရာများကို ပါဝင်သူများမှ ထုတ်လုပ်ထားသည့်အကြောင်းအရာများနှင့်အတူ ဘလော့ဂ်တွင် တင်သွားမည်ဖြစ်သည်။

## တစ်ပတ်လျှင် နာရီပေါင်း

သင်ကြားမှုကာလမှ တစ်ပတ်လျှင် စာသင်ချိန် ၃ နာရီဖြင့် ရက်သတ္တပတ် ၈ ပတ် ကြာမြင့်ပါမည်။ ကျောင်းသားများသည် စာသင်ခန်းအပြင်ဘက် လေ့ကျင့်ခန်းများနှင့် သတင်းအကြောင်းအရာ ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ လုပ်ဆောင်မှုများအတွက်သော်လည်းကောင်း၊ နောက်ဆုံးစီမံချက် ပြင်ဆင်မှုအတွက်သော်လည်းကောင်း အချိန်လိုအပ်မည်ဖြစ်သည်။

## အမှတ်ပေးခြင်း

- သင်ခန်းစာ (၃၀%) - သတ်မှတ်ထားသောအပတ်စဉ်သင်ခန်းစာ
- စာတမ်း (Term paper) ရေးတင်ခြင်း (၃၀%)
- မီဒီယာစနစ်ထုတ်လုပ်မှု (၃၀%) - မီဒီယာဆိုင်ရာစနစ်၊ ဈေးကွက်နှင့် စီးပွားရေးစီမံချက်၊ ချိတ်ဆက်ဆောင်ရွက်ခြင်း (pitching) များ စသည်တို့ဖန်တီးမှုအတွက် အဆိုပြုချက်။ အချိန်လုံလောက်ပါက စနစ်ရှေ့ပြေးပုံစံကို တည်ဆောက်ပါ။
- အတန်းတွင် ပါဝင်မှု (၁၀%)

## လိုအပ်သောအရင်းအမြစ်များ

အင်တာနက်ချိတ်ဆက်ထားသော ကွန်ပြူတာများ၊ စမတ်ဖုန်းများ သို့မဟုတ် ကင်မရာ (သီးသန့်သတ်မှတ်ထားသော software မရှိပါ) အသုံးပြုရန် အဆိုပြုထားသည့် software (ဥပမာ၊ wordpress) ကို အားလုံးအတွက် ဖွင့်ထားပေးသည်။

# သင်ရိုးအနှစ်ချုပ်

## ပထမပတ် - မီဒီယာလုပ်ငန်းအခြေအနေ

နိဒါန်းအပိုင်းအတွင်း လက်ရှိမီဒီယာကို ဆွေးနွေးမည်။ ဒေသအဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်အနေဖြင့် ယနေ့မီဒီယာအဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များအတွက် မည်သို့လုပ်ငန်းလည်ပတ်နေကြသနည်း။

စီးပွားရေးပုံစံများ (Business models)

- ► မီဒီယာထုတ်လုပ်မှုများ
- ► သတင်းပညာဆိုင်ရာလုပ်ငန်းစဉ်များ (သတင်းခန်း၊ သတင်းစုဆောင်းခြင်း၊ အရင်းအမြစ်အစရှိသည်-)
- ► ကျင့်ဝတ်/တာဝန်ဝတ္တရား
- ► သောတရှင်များနှင့်ချိတ်ဆက်မှု
- ► နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ
- ► သတင်းပညာရှင်များ၏အခြေအနေ

ရည်ရွယ်ချက်မှာ ဤအကြောင်းအရာများကိုစစ်ဆေးခြင်းအားဖြင့် ကျွန်ုပ်တို့ ယနေ့ မည်သည့်နေရာတွင် ရပ်တည်နေသည်ကို တွေ့ရှိနားလည်စေရန်နှင့် မီဒီယာစီးပွားရေးစနစ်၏ သွင်ပြင်လက္ခဏာများကို ခြေရာကောက်ရန်ဖြစ်သည်။ ထို့အပြင် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်မှ သမားရိုးကျမီဒီယာနှင့် မီဒီယာအသစ် (new media) တို့လုပ်ဆောင်ပုံနှင့် ပူးပေါင်းပုံနည်းလမ်းများကို မည်သို့ပြောင်းလဲသွားစေသည်ကိုစစ်ဆေးရန် ကြိုးစားသွားမည်ဖြစ်သည်။

**လေ့ကျင့်ခန်း** - ရှေးရိုးစဉ်လာကျသော မီဒီယာအဖွဲ့အစည်းတစ်ခုနှင့် ဒစ်ဂျစ်တယ်မီဒီယာသို့မဟုတ် မီဒီယာလုပ်ငန်းအစပြုသည့်လုပ်ငန်းတစ်ခုတို့ကို ရွေးချယ်ပါ။ ယင်းတို့တစ်ခုစီ၏ လုပ်ငန်းလည်ပတ်ပုံစနစ်များကိုဖော်ထုတ်ပြီး ယင်းတို့၏ထုတ်လုပ်မှု၊ စီးပွားရေးပုံစံ၊ သောတရှင်များနှင့်ချိတ်ဆက်မှုနှင့် ထိုသူတို့၏သဘောထား၊ သတင်းစုဆောင်းမှုနှင့် ဖြန့်ဝေမှုလုပ်ငန်းစဉ်အစရှိသည်တို့ကို နှိုင်းယှဉ်ပါ။ အထက်ပါအချက်များမှ ဖြစ်နိုင်ချေရှိသော ကွဲပြားမှုများကိုဖော်ထုတ်ရန်ကြိုးစားပြီးမီဒီယာလုပ်ငန်းအတွက် ပိုမိုခေတ်မီကာလုပ်ငန်းလည်ပတ်နိုင်မည့်ပုံစံတစ်ခုကို အဆိုပြုလျက် ယင်းတို့ မည်သို့အတူတကွလုပ်ဆောင်နိုင်မည်ကိုဖော်ထုတ်ပါ။ ကိုးကားချက်အနေဖြင့် NY Times Space (http://www.nytimes.com/timespace/ ) နှင့် BBC Labs (http://www.bbcwlabs.com/) တို့ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဖတ်ရှုရမည့်စာအုပ်များ**


Anderson, C.W., Bell, E., Shirky, C. 2012. Post-Industrial Journalism. Adapting to the Present. Tow Center for Digital Journalism http://towcenter.org/tow-center-reports-and-briefs/.

Gynnild, A. 2014. Journalism innovation leads to innovation journalism: The impact of computational exploration on changing mindsets. Journalism. August 2014 vol. 15 no. 6: 713-730, Los Angeles, London, New Delhi, Singapore, Washington DC and 111

Boston. Sage. International Press Institute 2010. Brave New Worlds: Navigating the New Media Landscape. http://www.freemedia.at/fileadmin/resources/application/Brave_News_World_IPI_Poynter.pdf.

Peters, C., Broersma, M. 2013. Introduction: Rethinking journalism: the structural transformation of a public good. in Peters, C., Broersma, M. (2013) Rethinking Journalism. Trust and Participation in a Transformed News Landscape. pp. 1-12, Abingdon, United Kingdom. Routledge.


## ဒုတိယပတ် - ဆိုရှယ်မီဒီယာ၏ခေတ်ရေစီးကြောင်း

ဤအခန်းတွင် ဆိုရှယ်မီဒီယာ၏သမိုင်းကြောင်းအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ ပညာသင်ကြားမှုဆိုင်ရာစာတမ်းများ၊ အရေးပါသောစာအုပ်များ၊ အစီရင်ခံစာများ၊ အစရှိသည်တို့ကို တင်ဆက်သည့် အခြေခံသဘောတရား (Theory) ဆိုင်ရာချဉ်းကပ်မှုများကိုသော်လည်းကောင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံသားဖြစ်ခြင်းတို့အပေါ် မည်သို့အကျိုးသက်ရောက်သည်ကိုဖော်ထုတ်ရန် အဓိကကျသောသွင်ပြင်လက္ခဏာများကို ဆွေးနွေးသွားမည်ဖြစ်သည်။ စစ်ဆေးဖော်ထုတ်မှု၏ ဦးစားပေးချက်မှာ နည်းပညာအသစ်များဖြစ်သည့် ကွန်ယက်များနှင့် နည်းစနစ် အစရှိသည်များကိုသာမက ဆိုရှယ်မီဒီယာမှ မြှင့်တင်ပေးသောတန်ဖိုးများ (ဥပမာ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ မျှဝေဖလှယ်ခြင်း၊ အစရှိသည်-) တို့ကိုလည်း ပါဝင်ပါမည်။

**လေ့ကျင့်ခန်း** - ကဏ္ဍတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုအပေါ် ဆိုရှယ်မီဒီယာမှမည်သို့အကျိုးသက်ရောက်မှုပေးသည့် ဥပမာတစ်ခုကို ရှာဖွေကာတင်ဆက်ပေးပါ။ (ဥပမာ၊ မီဒီယာလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အားကစား၊ ဖက်ရှင်၊ ပညာရေး၊ ယဉ်ကျေးမှု၊ NGO၊ နိုင်ငံရေးပါတီများ အစရှိသဖြင့်)

### ဖတ်ရှုရမည့်စာအုပ်များ

Fenton, N. 2012 The Internet and Social Networking in Curran, J., Fenton, N., Freedman, D. (eds.). Misunderstanding the Internet. pp. 123-148, Abingdon, United Kingdom. Routledge.

Fuchs, C. 2014. What is a Critical Introduction to Social Media? in Fuchs, C. Social Media: A Critical Introduction. pp. 1-25, Sage http://fuchs.uti.at/wp-content/introductionSocMedia.pdf

Leadbeater, C. 2008. We-Think: Mass Innovation, not Mass Production. Chapter 1: You are What you Share, pp. 1-26. London, United Kingdom. Profile Books..

### ဗီဒီယိုနှင့် Links များ

Shirky, C. 2009. How Social Media Can Make History. http://www.ted.com/talks/clay_shirky_how_cellphones_twitter_facebook_can_make_ history? language=en

Galarneau, L. 2012. 10 Ways Social Media is Transforming Our World. http://www.jeffbullas.com/2012/02/06/10-ways-social-media-is-transforming-our-world/

---

## တတိယပတ် - သောတရှင်များကို နားလည်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် တိုင်းတာခြင်း

မျက်မှောက်ခေတ်တွင် ကျွမ်းကျင်သောသတင်းပညာရှင်တစ်ဦးသည် သောတရှင်များကို နားလည်ပြီး သူတို့နှင့်ချိတ်ဆက်နိုင်သူအဖြစ် မျှော်လင့်ထားကြပါသည်။ အသစ်သော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်များက သတင်းပညာရှင်များအတွက် ဦးတည်ထားသည့်သောတရှင်များ၏သွင်ပြင်လက္ခဏာ၊လိုအပ်ချက်များနှင့် ခေတ်ရေစီးကြောင်းများကို နေ့စဉ်နေ့တိုင်းစောင့်ကြည့်ပုံဖော်ရန် အခွင့်အလမ်းများ ပေးထားပါသည်။ ထို့အပြင် ယင်းတို့၏သတင်းပညာဆိုင်ရာလုပ်ဆောင်ချက်၏ အကျိုးသက်ရောက်မှုများကို shares များ၊ Like များ၊ ပြန်လည် tweets လုပ်ခြင်းစသည့်တို့ဖြင့် တိုင်းတာမှုပြုလုပ်နိုင်ပါသည်။ သောတရှင်များ၏ profile များအား နားလည်သဘောပေါက်ခြင်း အရေးကြီးပုံ (Gen Y ၊ mobile youth အစရှိသဖြင့်) ကို သော်လည်းကောင်း၊ ဆက်စပ်ဖြစ်ထွန်းမှုရှိသောသတင်းအကြောင်းအရာကို ပိုမိုထုတ်လုပ်နိုင်ရန်အချက်အလက်များကို စောင့်ကြည့်ခြင်း၊ တိုင်းတာခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များကိုသော်လည်းကောင်း ဤအခန်းမှ မီးမောင်းထိုးပြထားပါသည်။

**လေ့ကျင့်ခန်း** - သင်သည် သတင်းခန်းတစ်ခုမှ ငှားရမ်းထားသည့် အတိုင်ပင်ခံတစ်ဦးဖြစ်သည်။

သောတရှင်များနှင့် ချိတ်ဆက်နိုင်မည့်နည်းလမ်းများကို အဆိုပြုသည့် အစီရင်ခံစာတစ်ပုဒ် (စာလုံးပေါင်း ၁၅၀၀ ခန့်) ရေးသားပါ။ သင်၏ဦးတည်သောတရှင်များကိုဖော်ပြပြီး သင်၏ပန်းတိုင်များနှင့်ဗျူဟာများကို ဖော်ပြပါ (အွန်လိုင်းလူထုကိုဖန်တီးပြီး သတင်းဖြန့်ဖြူးခြင်း၊ စကားစမြည် ပြောဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသည်တို့ ပါဝင်သည်။) နောက်ဆုံး၌သောတရှင်များအပေါ်သင့်အားဖြင့် အကျိုးသက်ရောက်မှုကို စောင့်ကြည့်တိုင်းတာမှုပြုရန် အဘယ်ကြောင့် အရေးကြီးကြောင်းဆွေးနွေးပြီး ယင်းကိုရရှိရန် ကိရိယာများနှင့် နည်းပညာများကို အဆိုပြုပါ။

### ဖတ်ရှုရမည့်စာအုပ်များ


Batsell, J. 2015. Engaged Journalism: Connecting with Digitally Empowered News Audiences. Columbia Journalism Review Books. Chapters 1-2, pp. 17-78.

Graves, L., Kelly, J. 2010. Faulty Metrics and the Future of Digital Journalism. http://www.journalism.columbia.edu/system/documents/345/original/online_metrics_report.pdf.

Meier, K. 2008. The Changing Relationship Between Journalists and their Audiences: Drifting Together or drifting apart?. http://klaus-meier.net/blog1/wp-content/uploads/2008/10/meier_iapa_madrid_oct_08.pdf.

Tapscott, D. 2008. Grown Up Digital: How the Net Generation Is Changing Your World. McGraw-Hill. Chapter 3, pp. 73-96. New York, United States of America. McGraw-Hill.


### Links များ


Breiner, J. 2013. Measuring the Analytics that Really Matter for Journalists. http://ijnet.org/en/blog/measuring-analytics-really-matter-journalists.

INN. Whitepaper: Audience Development and Distribution Strategies. http://newstraining.org/guides/whitepaper-audience-development-and-distribution-strategies/finding-and-engaging-your-audience/.

Mayer, J., Stern, R. 2011. A resource for Newsrooms: Measuring the Success of Audience Engagement Efforts. http://www.rjionline.org/news/resource-newsrooms-measuring-success-audience-engagement-efforts-0.

Rosen, J. 2006. The people formerly known as the audience. http://archive.pressthink.org/2006/06/27/ppl_frmr.html.

Stray, J. 2012. Metrics, Metrics Everywhere: How do we Measure the Impact of Journalism? http://www.niemanlab.org/2012/08/metrics-metrics-ev-

erywhere-how-do-we-measure-the-impact-of-journalism/.

Tenore, M.J. 2011. 5 Small Steps Journalists Can Take to Build a Bigger, More Engaged Audience. http://www.poynter.org/news/media-innovation/133987/5-small-steps-journalists-can-take-to-build-a-bigger-more-engaged-audience/.

Thiruvengdam, M .2 14.Ho w Jou nalistsCan M asu eEngage ent.http:// www. poynter. org/news/media-innovation/209695/how-

journalists-can-measure-engagement/.

## စတုတ္ထပတ် - လူထုမှသတင်းအရင်းအမြစ်ရရှိခြင်း၊ နိုင်ငံသားသတင်း အတတ်ပညာနှင့် သတင်းကျင့်သုံးပုံများ ပြောင်းလဲခြင်း

လူထုမှသတင်းအရင်းအမြစ်ရရှိခြင်းက သတင်းအကြောင်းအရာများ ထုတ်လုပ်ပုံ၊ လွှင့်တင်ပုံနှင့် ဖြန့်ဖြူးပုံနည်းလမ်းများ ပြောင်းလဲစေပါသည်။ နိုင်ငံသားသတင်းအတတ်ပညာလူမှုကွန်ယက်များနှင့် storify ကဲ့သို့သော Application များမှသတင်းထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းများကို စုပေါင်းလုပ်ဆောင်သည့်ဖြစ်စဉ်တစ်ခုအဖြစ် ဖန်တီးပေးနေပါသည်။ ဤအပိုင်းတွင် နိုင်ငံသားသတင်းအတတ်ပညာကို လူထုမှသတင်းအရင်းအမြစ်ရရှိခြင်းအကြောင်းတွင် ရှေ့ဆုံးမှထားဆွေးနွေးရန်နှင့် ပညာရှင်အဆင့် သတင်းအတတ်ပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုများတွင် ထည့်သွင်းအသုံးချရန် သင်ကြားပေးမည်။ အသုံးပြုသူက ထုတ်လုပ်သည့်သတင်းကြောင်းအရာ (User Generated Content - UGC) ကို ဂျာနယ်လစ်များနှင့် မီဒီယာအဖွဲ့အစည်းများမှ အသုံးပြုပုံနည်းလမ်းများနှင့် ပညာရှင်ပီသသောပါဝင်ပတ်သတ်မှုများကို သေချာစွာဆွေးနွေးသွားမည်ဖြစ်သည်။

**လေ့ကျင့်ခန်း** - Facebook သို့မဟုတ် Twitter တွင် ခေတ်စားနေသည့်အကြောင်းအရာများကို အသုံးပြုထားသည့် သတင်းအကြောင်းအရာတစ်ပုဒ် ရှာဖွေပါ။ သင်၏သတင်းအကြောင်းအရာကိုစုံစမ်းဖော်ထုတ်မှု ပိုမိုပြုလုပ်နိုင်ရာလူမှုမီဒီယာမှတဆင့် စစ်တမ်းအချို့ကောက်ယူပါ။ သင်၏လုပ်ဆောင်ချက်ကို ပိုမိုပြည့်စုံမှုရှိစေရန် အခြားသောလူထုထံမှသတင်းရရှိမှု အရင်းအမြစ်များကို အသုံးပြုပါ။ သင်၏သတင်းအကြောင်းအရာကို ထုတ်ဝေဖြန့်ဖြူးပါ။

### ဖတ်ရှုရမည့်စာအုပ်များ

Boyer, D. 2013. The life informatic: Newsmaking in the digital era. Ithaca: Cornell University Press. pp. 13-46.

Brabham, D.C. 2013. Crowdsourcing. MIT Press Essential Knowledge. Cam-

bridge, M.A., United States of America: The MIT Press. , pp.1-41.

Surowiecki, J. 2005. The Wisdom of the Crowds. New York, United States of America: Anchor Books pp. 3-23.

Van Leuven, S., Heinrich, A., and Deprez, A. 2015. Foreign reporting and sourcing practices in the network sphere: A quantitative content analysis of the Arab Spring in Belgian news media. New Media & Society, April 2015, Vol. 17, No. 4, pp. 573-591.

**ဗီဒီယိုနှင့် Links များ**

Akagi, K & Linning, S. 2013. Crowdsourcing Done Right. http://www.cjr.org/data_points/crowdsourcing_done_right.php?page=all.

Andersen, M. 2009. Four Crowdsourcing Lessons From the Guardian's (spectacular) expenses-scandal experiment. http://www.niemanlab.org/2009/06/four-crowdsourcing-lessons-from-the-guardians-spectacular-expenses-scandal-experiment/.

Lewis, P. 2011. Crowdsourcing the News. http://www.ted.com/talks/paul_lewis_crowdsourcing_the_news.

Rai, D. 2014. Crowdsourcing in Journalism. http://blog.hbs.edu/dighbs/crowdsourcing-in-journalism/.

## ပဉ္စမပတ် - စွန့်ဦးတီထွင်မှုဆိုင်ရာသတင်းအတတ်ပညာထွက်ပေါ်လာခြင်း

ယနေ့သတင်းအတတ်ပညာရှင်များသည် လုပ်နေကျလုပ်ငန်းကိုပြောင်းလဲပြီး မီဒီယာအတွက် ရေရှည်တည်တံ့ကာ တီထွင်ဆန်းသစ်သောစီးပွားရေးပုံစံကို ဖန်တီးရန် ကြိုးစားလာကြသည်။ ဤအခန်းတွင် ကျောင်းသားများကို စွန့်ဦးတီထွင်တတ်သောတွေးခေါ်ပုံ (mindset) နှင့် နည်းလမ်းများကို၊ သဘောတရား (theory) နှင့် လက်တွေ့ကျင့်သုံးမှုများနှင့် ရင်းနှီးစေရန် ဆောင်ရွက်ပါသည်။

**လေ့ကျင့်ခန်း** - မီဒီယာလုပ်ငန်းစတင်ထူထောင်မှု (startup) အတွက် စိတ်ကူးတစ်ခုနှင့်စီးပွားရေးစီမံချက်တစ်ခု ဖော်ထုတ်ပါ။ သင်၏ထုတ်လုပ်မှုအတည်ပြုပေးရန်နှင့် အလားအလာရှိသောစိတ်ကူးများကို ထုတ်လုပ်နိုင်စေရန် Lean Metholology နည်းလမ်း နှင့် Bunisess Model Canvas ပုံစံဇယားကို အသုံးပြုပါ။ ဤလေ့ကျင့်ခန်းကို ဆောင်ရွက်စဉ်အတွင်း သင်ရင်ဆိုင်ခဲ့ရသောဖြစ်စဉ်နှင့် စိန်ခေါ်မှုများကို ဖော်ပြသည့်ဆွေးနွေးမှု အတိုတစ်ခုရေးသားပါ။

## ဖတ်ရှုရန် လိုအပ်သောစာအုပ်များစာရင်း


Briggs, M. 2011. Entrepreneurial Journalism: How to Build What's Next for News. CQ Press College, Thousand Oaks, California, United States of America, pp. 67-85.

Coddington, M. 2015. The Wall Becomes a Curtain: Revisiting Journalism's new-business boundary in Carlson, M., Lewis S.C. Boundaries of Journalism: Professionalism, Practices and Participation, Abingdon, United Kingdom: Routledge. pp. 67-82.

Claussen, Dane S. 2011. CUNY's Entrepreneurial Journalism: Partially Old Wine in a New Bottle, and Not Quite Thirst-Quenching, but Still a Good Drink. Journalism & Mass Communication Educator, Vol. 66, No. 1, Spring 2011.

Gillmor, D. 2010. Mediactive. San Francisco, United States, Creative Commons Attribution, pp. 109-124.

Nedeljkovic, M. et al. 2014. Entrepreneurial Journalism Handbook. Konrad-Adenauer-Stiftung http://www.kas.de/wf/doc/kas_38746-1522-2-30.pdf?140912081809

Nieman Reports, 2012. Be The Disruptor. http://www.nieman.harvard.edu/wp-content/uploads/pod-assets/ebook/niemanreports/fall2012/NiemanReports-Fall2012CoverStory.pdf.


## Links များနှင့်ဗီဒီယို


DVorkin, L. 2014 Inside Forbes: The Rise of the Entrepreneurial Journalist in a World Seeking Credible Voices. http://www.forbes.com/sites/lewisdvorkin/2013/01/29/inside-forbes-the-rise-of-the-entrepreneurial-journalist-in-a-world-seeking-credible-voices/.

Glaser, M. 2008. In Digital Age, Journalism Students Need Business, Entrepreneurial Skills http://www.pbs.org/mediashift/2008/01/in-digital-age-journalism-students-need-business-entrepreneurial-skills030/.

Tow-Knight Center., New Business Models for News project. http://www.towknight.org/research/models/.

Steven Blank's video series on Entrepreneurship: http://steveblank.com/slides.


## အသုံးဝင်သောကိရိယာများ

Business Model Canvas: http://www.businessmodelgeneration.com/canvas bmc.

## ဆဋ္ဌမပတ် - သတင်းအကြောင်းအရာထုတ်လုပ်ခြင်းနှင့်လွှင့်တင်ခြင်း

သတင်းအကြောင်းအရာ (content) သည် ကွန်ရက်ပ်တို့ ဒစ်ဂျစ်တယ်ခေတ်တွင် အသစ်သောရေစီးကြောင်းဖြစ်သည်။ ဤအပိုင်းတွင် အကြောင်းအရာ (stories) များ၏စွမ်းအားကို အသုံးပြုလျက် cross platform များနှင့် multimedia content များကို ကွန်ရက်ပ်တို့မည်သို့ ထုတ်လုပ်နိုင်မည်ကို လေ့လာစေရုံမျှမက ယင်းအကြောင်းအရာကို search engine optimization နှင့် hacking နည်းပညာများကိုအသုံးပြုလျက် ရှာတွေ့စေနိုင်ရန်မည်သို့ဆောင်ရွက်နိုင်မည်တို့ကို လေ့လာသွားမည်ဖြစ်သည်။ အချက်အလက်အခြေပြု သတင်းအတတ်ပညာကျင့်သုံးမှုကိုလည်း လေ့လာသွားမည်ဖြစ်သည်။

**လေ့ကျင့်ခန်း** - လတ်တလောသတင်းအကြောင်းအရာတစ်ပုဒ်ကို မူတည်၍ ဘလော့ဂ်တစ်ခု၊ Facebook series တစ်ခု၊ Twitter ပို့စ်များနှင့် YouTube ဗီဒီယိုတစ်ခုစသည်တို့ကို ထုတ်လုပ်ပါ။ သင်၏သတင်းကိုစနစ်အားလုံး (Platform) နှင့်ချိတ်ဆက်မှု၊ ဆက်စပ်မှုရှိစေရန် ကြိုးစားပါ။ လူမှုမီဒီယာမှ သင်၏သတင်းကိုဖြန့်ဖြူးကာ ယင်းကို အလွယ်တကူရှာတွေ့စေရန် Search Engine Optimization (SEO) နည်းလမ်းကို အသုံးပြုပါ။ သင်၏သတင်းကို ခြေရာကောက်ပြီး search enginesတွင် မည်မျှရှာဖွေထားကြောင်းကြည့်ရှုပါ။ ထို့နောက် သင်၏လုပ်ဖော်ကိုင်ဖက်များအတွက် ချိတ်ဆက်မှုနှင့် ထိရောက်မှုနှစ်မျိုးလုံးဖြစ်စေနိုင်သည့်သတင်းအကြောင်းအရာ (content) မျိုးကို မည်သို့ထုတ်လုပ်နိုင်သည်ကို အကြံပြုဆွေးနွေးချက်ကို ရေးသားပါ။

### ဖတ်ရှုရမည့်စာအုပ်များ


Gottschall J. 2013. The Storytelling Animal: How Stories Make Us Human. New York, United States of America: Mariner, pp. 87-117.

Google Search Engine Optimization Starter Guide http://www.google.com/webmasters/docs/search-engine-optimization-starter-guide.pdf.

Gray, J., Bounegru, L., and Chambers, L. (eds.). 2012. The Data Journalism Handbook http://datajournalismhandbook.org.

Guerrini, F. 2013. Newsroom Curators and Independent Storytellers: Content Curation as a new form of journalism. Reuters Institute. https://reutersinstitute.politics.ox.ac.uk/sites/default/files/Newsroom%20Curators%20%26%20Independent%20Storytellers%20-Content%20 Curation%20as%20a%20New%20Form%20Of%20Journalism.pdf


### Links များ -


Gibbons, K. 2009. A Journalist's Guide to SEO. https://econsultancy.com/blog/5034-a-journalists-guide-to-seo/.

Online Journalism Blog. Journalism is Curation: Tips on Curation Tools and Techniques. http://onlinejournalismblog.com/2013/09/30/curation-tools-tips-advice-journalism/.

Reid, A. 2013. Five Types of Content Curation Tools for Journalists. https://www.journalism.co.uk/news/five-types-of-content-curation-tools-for-journalists/s2/a552589/.

Stanford University: Journalism in the Age of Data http://datajournalism.stanford.edu/.

Sternberg, J. 2011. Why Curation is Important to the Future of Journalism. http://mashable.com/2011/03/10/curation-journalism/.

Usher, N. 2010. What Impact is SEO having on Journalists? Reports from the field. http://www.niemanlab.org/2010/09/what-impact-is-seo-having-on-journalists-reports-from-the-field/.

## သတ္တမပတ် - မိုဘိုင်းလ်ဖုန်းဖြင့် သတင်းဖြန့်ဖြူးခြင်း

မိုဘိုင်းလ်မီဒီယာများက သတင်းစာဆရာများအတွက် ယင်းတို့၏သတင်းအကြောင်းအရာများ ရယူပြောကြားနိုင်ရန် အခွင့်အလမ်းအသစ်များဖြစ်ပေါ်စေသည်။ ဤအပိုင်းတွင် သတင်းစာဆရာတစ်ဦးအနေဖြင့် ယင်း၏မိုဘိုင်းလ်စက်ကိရိယာများကိုသာအသုံးချပြီး မည်မျှခရီးတွင်နိုင်သည်ကို ရှာဖွေစမ်းသပ်မှုဆောင်ရွက်ပါမည်။

**လေ့ကျင့်ခန်း** - လတ်တလော လူမှုရေး/ နိုင်ငံရေး/ စီးပွားရေး အဖြစ်အပျက်တစ်ခုကို ၅ မိနစ်စာ မိုဘိုင်းလ်သတင်းမှတ်တမ်းပြုစုမှု ဖန်တီးပါ။ ယင်းသတင်းမှတ်တမ်းကို YouTube ပေါ်တွင် လွှင့်တင်ပြီး လူမှုမီဒီယာမှတဆင့် ဖြန့်ဖြူးပါ။ သင်၏သတင်းမှတ်တမ်းကို ပိုမိုတုံ့ပြန်မှုကောင်းသော ဗီဒီယိုတစ်ခုဖြစ်လာစေမည့် applications များကို စမ်းသပ်အသုံးပြုပါ။

### ဖတ်ရှုရမည့်စာအုပ်များ

Amani Channel 2013. Storytellers' Mobile Video Production Guide. http:/participatiemedia.wikispaces.com/file/view/Mobile_Storytellers_guide.pdf.

Goggin, G. 2010. The Intimate Turn of Mobile News. In News Online: Transformations and Continuities, edited by Graham Meikle and Guy Redden, pp.99-114. London, United Kingdom: Palgrave Macmillan.

Martin, J. A. 2015, Mobile news use and participation in elections: A bridge for the democratic divide? Mobile Media & Communication, May 2015

3: 230-249, Norwich, United Kingdom: Sage.

Westlund, O. 2013 Mobile News, Digital Journalism, 1:1, pp. 6-26. http:/www.tandfonline.com/doi/pdf/10.1080/21670811.2012.740273

**Links များ -**

Buttry, S. 2009, News Organization need mobile-first strategy. http://stevebuttry.wordpress.com/2009/11/20/news-organizations-need-mobile-first-strategy/

Jackson, J. 2014, The digital divide : 5 things we know about how younger generations consume media. http://www.themediabriefing.com/article/media-s-big-divide-what-we-know-about-digital-first-audiences?utm_content= buffer74c63&utm_medium=social&utm_source= twitter.com & utm_campaign=buffer

Journalist's Toolbox http://www.journaliststoolbox.org/archive/mobile-journalism/

**မိုဘိုင်းလ်ဆိုင်ရာ သတင်းအစီရင်ခံမှုဆိုင်ရာ လမ်းညွှန်ချက် -**

http://multimedia.journalism.berkeley.edu/tutorials/mobile-reporting-field guide/

Twitter News Consumers: Young, Mobile and Educated. http://www.journalism.org/2013/11/04/twitter-news-consumers-young-mobile-and-educated/

## အဌမပတ် - ဒစ်ဂျစ်တယ်ခေတ် သတင်းအတတ်ပညာ - ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ထည့်သွင်းစဉ်းစားရန်အချက်များ

ဤအပိုင်းတွင် ဒစ်ဂျစ်တယ်မီဒီယာကျယ်ပြန့်မှုနှင့် အသုံးပြုမှုဆိုင်ရာတို့နှင့်စပ်လျဉ်းပြီး သတင်းမီဒီယာနှင့် သတင်းပညာကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကို စစ်ဆေးသွားမည်ဖြစ်သည်။ ကိစ္စရပ်များဖြစ်သည့် ဒစ်ဂျစ်တယ်သတင်းအကြောင်းအရာများကို ကြိုးကိုင်ခြယ်လှယ်ခြင်း၊ ပုဂ္ဂလိကလွတ်လပ်ခွင့်၊ မူပိုင်ခွင့်၊ ပညာရှင်ပီသသောဆုံးဖြတ်ချက်များအပေါ် သောတရှင်တိုင်းတာမှု၏ ကျင့်ဝတ်ဆိုင်ရာအကျိုးသက်ရောက်မှုနှင့် မြန်နှုန်းပုံ့နှံ့ခြင်းနှင့် တိကျမှန်ကန်မှုတို့အကြား အပေးအယူလုပ်ခြင်း (trade-off) အစရှိသည်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

**လေ့ကျင့်ခန်း** - အနာဂတ်တွင် နည်းပညာဆိုင်ရာအဓိကဖွံ့ဖြိုးမှုများက သတင်းအတတ်ပညာအတွက် မည်သို့အဓိပ္ပါယ်သက်ရောက်သည်ကို စာလုံးပေါင်း ၁၀၀၀ ခန့်ဖြင့် စာတမ်းတိုတစ်ပုဒ်ရေးပါ။ ထိုသို့ရေးသားရာ၌ယင်း၏နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရှင်ပီသသော တန်ဖိုးများနှင့် စပ်လျဉ်းပြီး ရေးရမည်။ ယင်းနောက် ထိုစာတမ်းတိုကို သင်ရိုး၏ဘလော့ဂ်တွင် တင်ပါ။

**ဖတ်ရှုရမည့်စာအုပ်များ-**


BBC. 2015. Future of the News http://newsimg.bbc.co.uk/1/shared/bsp/hi/pdfs/29_01_15future_of_news.pdf.

Berkman, R.I., and Shumway, C.A. 2003. Digital Dilemmas: Ethical Issues for Online Media Professionals. Iowa, United States of America; Wiley, pp. 93-134, 173-218.

Lesage, F., and Hackett, R. A. 2014. Between Objectivity and Openness: The Mediality of Data for Journalism. Media and Communication, 2(2), pp. 42-54. http://www.cogitatiopress.com/ojs/index.php/mediaandcommunication/article/view/128

Whitehouse, G. 2010. Newsgathering and Privacy: Expanding Ethics Codes to Reflect Change in the Digital Media Age. Journal of Mass Media Ethics, Vol. 25, pp. 310-327. Routledge http://jclass.umd.edu/classes/jour698m/privacy_files/ContentServer.pdf.


**လေ့ကျင့်ခန်းများအပေါ် ဝေဖန်သုံးသပ်မှု** - လေ့ကျင့်ခန်းလုပ်ဆောင်ချက်အားလုံးကို သင်ရိုးဆိုင်ရာဘလော့ဂ်တွင်သော်လည်းကောင်း၊ slideshare တင်ဆက်မှုအားဖြင့်သော်လည်းကောင်း တင်ပြရမည်။ကျောင်းသားများသည် ယင်းတို့ထုတ်ဝေသည့်အကြောင်းအရာများ ဝင်ရောက်ကြည့်ရှုသူများပြားစေရန်သော်လည်းကောင်း၊ ယင်းတို့၏အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်စေရန်သော်လည်းကောင်း နည်းပညာများကို အသုံးချရမည်ဖြစ်သည်။

**စာတမ်း (Term Paper) အဆိုပြုချက်များ** - စာတမ်းအတွက် ခေါင်းစဉ်များမှာ သဘောတရား (Theory) ဆိုင်ရာ စာတမ်းများ (ဥပမာ၊ လူမှုကွန်ယက်များက သတင်းတင်သူများနှင့် ဖတ်ရှုသူများအကြား အဆက်အသွယ်ကို မည်သို့ပြောင်းလဲစေသနည်း) မှသည် လက်တွေ့ပိုင်းဆိုင်ရာ အစီရင်ခံချက်များ (ဥပမာ၊ မီဒီယာအဖွဲ့အစည်းများ မည်သည့်အတွက်ကြောင့် လူမှုမီဒီယာဗျူဟာကို လိုက်လျောညီထွေအသုံးပြုသင့်ခြင်းဆိုင်ရာ အစီရင်ခံစာ/ အဆိုတင်သွင်းမှု)တို့ဖြစ်သည်။

**မီဒီယာစနစ်ထုတ်လုပ်မှုအပေါ် ဝေဖန်ချက်များ** - တစ်ရက်တာအစီအစဉ် (Startup ၏ စနေ၊ တနင်္ဂနွေ ဥပမာ [http://startupweekend.org/] အတိုင်း) စီစဉ်ဆောင်ရွက်မှုပြုရမည်။ ၎င်းတွင်အဖွဲ့များသည် တစ်နေကုန် ယင်းတို့၏စိတ်ကူးများပုံဖော်ခြင်း၊ ဈေးကွက်ဆိုင်ရာစီမံချက်နှင့် ယင်းတို့၏စနစ်ရွေ့ပြေးပုံစံအစရှိသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတစ်နေ့လုံးတွင်

သက်ဆိုင်ရာနယ်ပယ်အတွက် ကျွမ်းကျင်ပညာရှင်များ လာရောက်ပြီး အဖွဲ့များအတွက် အတိုင်ပင်ခံအဖြစ် ကူညီပေးနိုင်ပါသည်။ တစ်နေ့တာကုန်ဆုံးချိန်တွင် အဖွဲ့များသည် ဆရာများ၊ အခြားအဖွဲ့များနှင့် အဓိကပါဝင်ပတ်သက်သူများရှေ့တွင် မိမိတို့၏စိတ်ကူးများကို ပြိုင်ပွဲဝင် တင်ဆက်မှုပေးရန်ဖြစ်ပြီး အမှတ်ပေးကော်မတီမှ သုံးသပ်ပေးသွားမည်ဖြစ်သည်။

**ဘလော့ဂ်များဖော်ဆောင်ခြင်း** - သင်ရိုးကာလအတွင်း ကျောင်းသားများအားလုံးသည် သင်ရိုးဆိုင်ရာ ဘလော့ဂ်ဖွံ့ဖြိုးဖော်ဆောင်မှုတွင်ပါဝင်ကာ တစ်ပတ်လျှင်အကြောင်းအရာတစ်ခုခုကို ပို့စ်တင်ပေးရမည်ဖြစ်သည်။

### ရည်ညွှန်းစာအုပ်များနှင့် ဖတ်ရှုရမည့်စာအုပ်များ


Akagi, K., Linning, S. 2013. Crowdsourcing Done Right. http://www.cjr.org/data_points/crowdsourcing_done_right.php?page=all

Amani Channel, 2013. Storytellers' Mobile Video. Production Guide. http://participatiemedia.wikispaces.com/file/view/Mobile_Storytellers_guide. pdf

Andersen, M. 2009. Four Crowdsourcing Lessons From the Guardian's (spectacular) expenses-scandal experiment. http://www.niemanlab.org 2009/06/four-crowdsourcing-lessons-from-the-guardians-spectacular-expenses-scandal-experiment/.

Anderson, C.W., Bell, E., and Shirky, C. 2012. Post-Industrial Journalism. Adapting to the Present. Tow Center for Digital Journalism http://towcenter.org/tow-center-reports-and-briefs/

Anderson, M., Caumont, A. 2014. How Social Media is Reshaping News.http://www.pewresearch.org/fact-tank/2014/09/24/how-social-media-is-reshaping-news/.

Batsell, J. 2015. Engaged Journalism: Connecting with Digitally Empowered News Audiences. Columbia Journalism Review Books.

BBC. 2015. Future of the News http://newsimg.bbc.co.uk/1/shared/bsp/hi/pdfs/29_01_15future_of_news.pdf.

Berkman, R.I., Shumway, C.A. 2003. Digital Dilemmas: Ethical Issues for Online Media Professionals. Iowa, United States of America: Wiley, pp. 93-134, 173-218.

Benkler, Y. 2007. The Wealth of Networks: How Social Production Transforms Markets and Freedom. New Haven, CT, United States of America: Yale University Press.

Blank, S., Dorf, B. 2012. The Startup Owner's Manual: The Step-By-Step Guide for Building a Great Company. Pescadero, California, United States of America: K&S Ranch.

Botsman, R., and Rogers, R. 2010. What's Mine Is Yours: The Rise of Collaborative Consumption. New York, United States of America: Harper Collins.

Brabham, D.C. 2013. Crowdsourcing. MIT Press Essential Knowledge. Cambridge, M.A., United States of America: The MIT Press.

Breiner, J. 2013. Measuring the Analytics that really Matter for Journalists. http://ijnet.org/en/blog/measuring-analytics-really-matter-journalists.

Briggs, M., 2011. Entrepreneurial Journalism: How to Build What's Next for News. Thousand Oaks, California, United States of America: CQ Press College.

Briggs, M. 2007. Journalism 2.0. How to Survive and Thrive. http://www.kcnn.org/images/uploads/Journalism_20.pdf.

Boyer, D. 2013. The life informatic: Newsmaking in the digital era. Ithaca, United States of America: Cornell University Press. pp. 13-46.

Buttry, S. 2009, News Organization need mobile-first strategy. http://stevebuttry.wordpress.com/2009/11/20/news-organizations-need-mobile-first-strategy/.

Clark, J. 2010. 5 Needs and 5 Tools for Measuring Media Impact. http://www.pbs.org/ mediashift/2010/05/5-needs-and-5-tools-for-measuring-media-impact131.

Claussen, Dane S. 2011. CUNY's Entrepreneurial Journalism: Partially Old Wine in a New Bottle, and Not Quite Thirst-Quenching, but Still a Good Drink. Journalism & Mass Communication Educator, Vol. 66, No. 1, Spring 2011.119

Coddington, M. 2015. The Wall Becomes a Curtain: Revisiting Journalism's new-business boundary in Carlson, M., Lewis S.C. Boundaries of Journalism: Professionalism, Practices and Participation, Abingdon, United Kingdom: Routledge. pp. 67-82.

Fenton, N. 2012. The Internet and Social Networking in Curran, J., Fenton, N., Freedman, D. (eds.). Misunderstanding the Internet. pp.123-148, Abingdon, United Kingdom: Routledge.

Fuchs, C. 2014. What is a Critical Introduction to Social Media? in Fuchs, C.

Social Media : A Critical Introduction. pp. 1-25, Sage http://fuchs.uti.at/wp-content/introductionSocMedia.pdf

Galarneau, L. 2012. 10 Ways Social Media is Transforming Our World. http://www.jeffbullas.com/2012/02/06/10-ways-social-media-is-transforming-our-world/.

Glaser, M. 2008. In Digital Age, Journalism Students Need Business, Entre preneurial Skills http://www.pbs.org/mediashift/2008/01/in-digital-age-journalism-students-need-business-entrepreneurial-skills030/.

Gibbons, K. 2009. A Journalist's Guide to SEO. https://econsultancy.com/blog/5034-a-journalists-guide-to-seo/.

Gillmor, D. 2004. We the Media : Grassroots Journalism By the People, For the People. Sebastapol, CA, United States of America: O'Reilly Media Inc.

Gillmor, D. 2010. Mediactive. San Francisco, United States of America: Dan Gillmor.

Goggin, G. 2010. The Intimate Turn of Mobile News. In News Online: Trans formations and Continuities, edited by Graham Meikle and Guy Redden, pp. 99-114. London: Macmillan.

Google Search Engine Optimization Starter Guide http://www.google.com/webmasters/docs/search-engine-optimization-starter-guide.pdf.

Gottschall J. 2013. The Storytelling Animal: How Stories Make Us Human. New York, United States of America: Mariner.

Graves, L., and Kelly, J. 2010. Faulty Metrics and the Future of Digital Journalism. http://www.journalism.columbia.edu/system/documents/345/original/online_metrics_report.pdf.

Gray, J., Bounegru, L., and Chambers, L. (eds.). 2012. The Data Journalism Handbook http://datajournalismhandbook.org.

Grueskin, B., Seave, A., and Graves, L. 2011. The Story so Far: What We Know About the Business of Digital Journalism. Tow Center for Digital Journalism http://www.cjr.org/the_business_of_digital_journalism/the_story_so_far_what_we_know.php.

Guerrini, F. 2013. Newsroom Curators and Independent Storytellers: Content Curation as a new form of journalism. Reuters Institute. https://reuters-institute.politics.ox.ac.uk/sites/default/files/Newsroom% 20Curators%20%26%20Independent%20Storytellers%20-Content% 20Curation%20as%20a%20New%20Form%20Of%20Journalism.pdf.

Gynnild, A. 2014. Journalism innovation leads to innovation journalism: The impact of computational exploration on changing mindsets. Journalism, August 2014, Vol. 15, No. 6, pp. 713-730, Los Angeles, London, New Delhi, Singapore, Washington DC and Boston: Sage.

INN. Whitepaper: Audience Development and Distribution Strategies. http://newstraining.org/guides/whitepaper-audiene-development-and-distribution-strategies/finding-and-engaging-your-audience/.

International Press Institute. 2010. Brave New Worlds: Navigating the New Media Landscape. http://www.freemedia.at/fileadmin/resources/application/Brave_News_World_IPI_Poynter.pdf.120

Jackson, J. 2014. The digital divide: 5 things we know about how younger generations consume media. http://www.themediabriefing.com/article/media-s-big-divide-what-we-know-about-digital-first-audiences? utm_content=buffer74c63&utm_medium=so cial&utm_source= twitter.com &utm_campaign=buffer.

Jenkins, H. 2008. Convergence Culture: Where Old and New Media Collide. New York, United States of America: NYU Press.

Journalist's Toolbox http://www.journaliststoolbox.org/archive/mobile-journalism/.

Kaushic, A. 2009. Web Analytics 2.0: The Art of Online Accountability and Science of Costumer Centricity, Indianapolis, Indiana, United States of America: Wiley Publishing Inc.

Kovach, B.,Rosenstiel, T. 2007.The Elements of Journalism: What News people Should Know and the Public Should Expect. New York, United States of America: Three Rivers Press.

Leadbeater, C. 2008. We-Think: Mass Innovation, not Mass Production. London, United Kingdom: Profile Books.

Lesage, F., and Hackett, R. A. 2014. Between Objectivity and Openness: The Mediality of Data for Journalism. Media and Communication, 2(2): pp. 42-54.http://www.cogitatiopress.com/ojs/index.php/mediaandcommunication/article/view/128.

Lewis, P. 2011. Crowdsourcing the News. http://www.ted.com/talks/paul_lewis_crowdsourcing_the_news.

Lowitt, E. 2013. The Collaboration Economy: How to Meet Business, Social and Environmental Needs and Gain Competitive Advantage. Jossey-Bass.

Manafy M., Gautschi H. (eds.).2011. Dancing With Digital Natives. Medford,

New Jersey, United States of America: Information Today.

Martin, J. A. 2015. Mobile news use and participation in elections: A bridge for the democratic divide? Mobile Media & Communication, May 2015 3: 230-249, Norwich, United Kingdom: Sage.

Martyn, P. H. 2009. The Mojo in the Third Millennium. Journalism Practice 3 (2): 196-215.

Mathews R.D., Wacker, W. 2007. What's  Your Story? Storytelling to Move Markets, Audiences, People, and Brands, New Jersey, United States of America: FT Press.

Mayer, J.,  and Stern,  R. 2011.  A resource for Newsrooms: Measuring the Success of Audience Engagement Efforts. http://www.rjionline.org/news/resource-newsrooms-measuring-success-audience-engagement-efforts-0.

Meier,  K. 2008.  The Changing Relationship Between Journalists and their Audiences: Drifting Together or drifting apart? http://klaus-meier.net/blog1/wp-content/uploads/2008/10/meier_iapa_madrid_oct_08.pdf.

Miller, C. 2009. The Future of Journalism. BBC College of Journalism. http://www.bbc.co.uk/blogs/legacy/theeditors/future_of_journalism.pdf.

Mobile Reporting Field Guide. http://multimedia.journalism.berkeley.edu/tutorials/mobile-reporting-field-guide/

Montgomery, R. 2004. A Field Guide for Mobile Journalism, available in iTunes

Nedeljkovic, M. et al. 2014. Entrepreneurial Journalism Handbook. Konrad-Adenauer-Stiftung http://www.kas.de/wf/doc/kas_38746-1522-2-30.pdf?140912081809.

Newton, E. 2013. Searchlights and Sunglasses: Field Notes from the Digital Age of Journalism http://searchlightsandsunglasses.org/.121

Nieman Reports.2012. Be The Disruptor. http://nieman.niemanfoundation.netdna- cdn.com/wp-content/uploads/2014/03/Fall2012.pdf.

Online Journalism Blog. Journalism is Curation: Tips on Curation Tools and Techniques. http://onlinejournalismblog.com/2013/09/30/curation-tools-tips-advice-journalism/.

Peters, C., and Broersma, M. 2013. Introduction: Rethinking journalism: the structural transformation of a public good. in Peters, C., and Broersma, M. 2013. Rethinking Journalism. Trust and Participation in a Transformed News Landscape. pp. 1-12, Abington, United Kingdom: Routledge.

Pew Research Journalism Project. 2014. State of the News Media 2014.http://www.journalism.org/packages/state-of-the-news-media-2014/.

Poynter, R. 2010. The Handbook of Online and Social Media Research. Chichester, United Kingdom: John Wiley & Sons.

Rai, D. 2014. Crowdsourcing in Journalism. http://blog.hbs.edu/dighbs/crowdsourcing-in-journalism/.

Reid, A. 2013. Five Types of Content Curation Tools for Journalists. https://www.journalism.co.uk/news/five-types-of-content-curation-tools-for-journalists/s2/a552589/.

Rosen, J. 2005. Bloggers vs Journalists is Over. http://archive.pressthink.org/2005/01/21/berk_essy.html.

Rosen, J. 2006. The people formerly known as the audience. http://archive.pressthink.org/2006/06/27/ppl_frmr.html.

Shirky, C. 2008. Here comes everybody. The power of organizing without organizations. London, Allen Lane.

Shirky, C. 2009. How Social Media Can Make History. http://www.ted.com/talks/clay_shirky_how_cellphones_twitter_facebook_can_make_ history? language=en.

Steme, J. 2010. Social Media Metrics: How to Measure and Optimize Your Marketing Investment. Hoboken, New Jersey, United States of America: Wiley.

Stephens, M. 2014. Beyond News. The Future of Journalism. New York, United States of America: Columbia Journalism Review Books.

Sternberg, J. 2011. Why Curation is Important to the Future of Journalism. http://mashable.com/2011/03/10/curation-journalism/.

Stray, J. 2012. Metrics, Metrics Everywhere: How do we Measure the Impact of Journalism? http://www.niemanlab.org/2012/08/metrics-metrics-everywhere-how-do-we-measure-the-impact-of-journalism/.

Surowiecki, J. 2005. The Wisdom of the Crowds. New York, United States of America : Anchor Books.

Tapscott, D. 2008. Grown Up Digital: How the Net Generation Is Changing Your World. New York, United States of America: McGraw-Hill.

Tenore, M.J. 2011. 5 Small Steps Journalists Can Take to Build a Bigger, More Engaged Audience. http://www.poynter.org/news/media-innovation/

133987/5-small-steps-journalists-can-take-to-build-a-bigger-more-engaged- audience/.

The Cluetrain Manifesto: e-book http://www.cluetrain.com/book/index.html.

Thiruvengdam, M. 2014. How Journalists Can Measure Engagement. http://www.poynter.org/news/media-innovation/209695/how-journalists-can-measure-engagement/.

Tow-Kinight Center., New Business Models for News project. http://www. tow-knight.org/research/models/.122

Tu, D.L. 2014. Video Now: The Form, Cost and Effect of Video Journalism. Tow Center for Digital Journalism. http://towcenter.org/video-now-the-form-cost-and-effect-of-video-journalism/.

Twitter News Consumers: Young Mobile and Educated. http://www.journalism.org/2013/11/04/twitter-news-consumers-young-mobile-and-educated/.

Usher, N. 2010. What Impact is SEO having on Journalists? Reports from the field. http://www.niemanlab.org/2010/09/what-impact-is-seo-having-on-journalists-reports-from-the-field/.

Van Dijck, J. 2013. The Culture of Connectivity: A Critical History of Social Media.Oxford, United Kingdom: Oxford University Press.

Van Leuven, S., Heinrich, A. and Deprez, A. 2015. Foreign reporting and sourcing practices in the network sphere: A quantitative content analysis of the Arab Spring in Belgian news media. New Media & Society, April 2015, Vol. 17, No.4, pp. 573-591.

Westlund, O. 2013 Mobile News, Digital Journalism, 1:1, 6-26. http://www.tand-fonline.com/doi/pdf/10.1080/21670811.2012.740273.

Whitehouse, G. 2010. Newsgathering and Privacy: Expanding Ethics Codes to Reflect Change in the Digital Media Age. Journal of Mass Media Ethics, 25: pp. 310-327, 2010, Routledge http://jclass.umd.edu/classes/jour698m/privacy_files/ContentServer.pdf.

Zafarani, R., Abbasi, M. A. 2014, Social Media Mining: An Introduction. New York,United States of America: Cambridge University Press.

http://www.bbc.co.uk/academy/journalism
http://buzzmachine.com/
http://pressthink.org/
http://towcenter.org
www.niemanlab.org
http://www.knightfoundation.org/

# စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာ - ပါဝင်ခြင်း၊ ကိုယ်စားပြုခြင်းနှင့် အသိုက်အဝန်း

မာကပ်စ်အိုဒေါ်နယ် (Marcus O’Donnell)

ဤဘာသာရပ်သည်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာကို ဒီမိုကရေစီလူ့အသိုက်အဝန်းများ တည်ထောင်ရေး ဦးစားပေးဆောင်ရွက်သည့် သတင်းအတတ်ပညာ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် စူးစမ်းလေ့လာခြင်းဖြစ်သည်။ အထူးသဖြင့် အင်္ဂလိပ်-အမေရိကန်ဓလေ့ထုံးတမ်းတွင် မျက်မှောက်သတင်းအတတ်ပညာကို ဓမ္မဓိဌာန်ကျပြီး ဘက်မလိုက်ဟု အစဉ်အလာအားဖြင့် သတ်မှတ်ထားသော်လည်း စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာအပါအဝင် ခေတ်ပြိုင်အလေ့အကျင့်များသည် အဆိုပါ စံသတ်မှတ်ချက်များကို စိန်ခေါ်လျက်ရှိသည်။

**ဘာသာရပ်အဆင့်**

ဤသင်ရိုးသည် (နောက်ဆုံးနှစ်) သတင်းအတတ်ပညာကျောင်းသားများအတွက် အဆင့် ၃၀၀/၄၀၀ တွင်ရှိသော စိတ်ကြိုက်ဘာသာအဖြစ် သတ်မှတ်သည်။

**ဘာသာရပ်အကြောင်းရှင်းလင်းချက်**

ဤသင်ရိုးတွင် နိုင်ငံသားနှင့်ဆိုင်သော၊ အားလုံးပါဝင်ခွင့်ရှိသော၊ အပြန်အလှန်ဖြစ်သော သတင်းအတတ်ပညာ (civic, participatory and reciprocal journalism) စသည်တို့နှင့် ပတ်သက်သည့် လက်တွေ့အကြောင်းအရာများကို လေ့လာသုတေသနပြုမှုများ ပါဝင်သည်။ ကျောင်းသားများအား စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ၏အခြေခံသဘောတရားများကို သတ်မှတ်ပေးနိုင်သည့်အကြောင်းအရာများကို ဖော်ပြထားသည်။ သတင်းများကို သတင်းရှုထောင့်မှနေ၍ မည်သို့သုတေသနပြုပုံ၊ အရင်းအမြစ်ရှာပုံ၊ စစ်ဆေးအတည်ပြုပုံနှင့် ပြီးပြည့်စုံသော သတင်းတစ်ပုဒ်ရေးသားပုံဆိုင်ရာ လမ်းညွှန်ချက်များလည်း ပါရှိသည်။ လူမျိုး၊ ဘာသာ၊ ကျား/မ၊ ဖိုမလက္ခဏာရှိခြင်းနှင့် မသန်စွမ်းဖြစ်မှုဆိုင်ရာ အနှိမ်ခံလူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို လေ့လာရမည်။ ထိုသို့လေ့လာရာတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအတတ်ပညာများကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် တစ်ကမ္ဘာလုံးဆက်နွယ်မှုရှိသော သတင်းအတတ်ပညာကို လေ့လာရမည်ဖြစ်သည်။ ဤသင်တန်းတွင် ဒေသလူ့အဖွဲ့အစည်းကို အခြေပြုထားသော စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာအတွက် ထိရောက်သော လက်နက်ကိရိယာအဖြစ် အသုံးပြုသည့် ဒစ်ဂျစ်တယ်နည်းပညာများ၊ လူမှုကွန်ယက်၊ သတင်းဓာတ်ပုံပညာ၊ ဗီဒီယိုသတင်းပညာနှင့် ရပ်ရွာလူထုအခြေပြုရေဒီယိုများအား ခွဲခြမ်းစိတ်ဖြာပေးမည်ဖြစ်သည်။

**သင်ရိုး၏ရည်ရွယ်ချက်များ**

သင်ရိုးအပြီးတွင် ကျောင်းသားများသည်-

- အဆင့်မြင့်သောစာပေနှင့် လတ်တလောအလေ့အကျင့်များတွင် ဖော်ပြထားသကဲ့သို့ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းစာပညာနှင့်လူမှုမီဒီယာအကြား ဆက်စပ်မှုကို စိစစ်အကဲဖြတ်နိုင်လာမည်။
- ယနေ့ခေတ်မီဒီယာတွင် အပြည့်အဝဖော်ပြထားခြင်းမရှိသော လူမျိုး၊ ကျား /မ၊ ဖိုမလက္ခဏာရှိခြင်း၊ မသန်စွမ်းမှုနှင့် ဘာသာရေးဆိုင်ရာနှင့်အခြားပြဿနာများကို ခွဲခြမ်းစိတ်ဖြာတတ်မည်ဖြစ်သည်။
- စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ၏ကျင့်ဝတ်၊ ဥပဒေနှင့်ညီညွတ်သော အကန့်အသတ်များကို ရှင်းလင်းစွာ ပြောဆိုနိုင်လာသည်။
- သမားရိုးကျသတင်းပညာနည်းလမ်းများ၊ လူမှုမီဒီယာနှင့် အဖွဲ့အစည်းချိတ်ဆက်မှုများကို

အသုံးပြုကာဒစ်ဂျစ်တယ်စနစ်ဖြင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာကို ထုတ်လုပ်နိုင်လာသည်။

## သင်ကြားမှုပုံစံ

၁၃ ပတ်ကြာမြင့်မည့် နှစ်ဝက်စာသင်ကာလတွင် ဤဘာသာရပ်ကို ၁ နာရီကြာ သင်ရိုးပို့ချပြီး အလုပ်ရုံဆွေးနွေးပွဲ /ကျောင်းသာများ အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ၂ နာရီကြာ ပြုလုပ်မည် ဖြစ်သည်။

သို့သော်လည်း သင်ရိုးပို့ချခြင်းအစား စာဖတ်စေပြီး အတွေ့အကြုံရှင်းလင်းဆွေးနွေးခြင်းပုံစံနှင့် ဘလော့ဂ်ပေါ်မှ တိုက်ရိုက်ထုတ်လွှင့်သည့်နည်းဖြင့်လည်း ပို့ချနိုင်ပါသည်။

## သင်ကြားမှုချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း

သီတင်းပတ်တစ်ပတ်ချင်းစီတွင် အကြောင်းအရာခေါင်းစဉ်နှင့် လက်တွေ့လုပ်ဆောင်ရမည့်အပိုင်းကို ၂ ပိုင်း ခွဲခြားထားသည်။

သင်ရိုးပို့ချချက်/စာအုပ်များနှင့် အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းတို့ကို အပတ်စဉ်အလိုက်သတ်မှတ်ထားသောခေါင်းစဉ်အကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ ဆွေးနွေးခြင်းများလုပ်ရန် သတ်မှတ်ထားပါသည်။ ဤနည်းလမ်းအားဖြင့် ကျောင်းသားများအား ပညာရှင်ဆန်သော စာပေများနှင့် နိုင်ငံတကာမှ အမှုလေ့လာခြင်းအားဖြင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာဆိုင်ရာအလေ့အကျင့်များအတွက် မူဘောင်တစ်ခုကို တည်ဆောက်နိုင်စေမည်ဖြစ်ပါသည်။

သင်ရိုးတွင် အဓိကအားဖြင့် နိုင်ငံတကာမှအကြောင်းအရာမျိုးစုံကို ပြသနိုင်စေရန်စာအုပ်များကို ရွေးချယ်ထားသည်။ သို့သော် သင်ရိုးကိုဒေသနှင့် လိုက်လျောညီထွေမှုရှိစေရန် ဒေသအကြောင်းအရာများထဲမှ သင့်လျော်သောလေ့လာမှုများကို ထပ်မံပေါင်းထည့်ခြင်းအားဖြင့် ဤသင်တန်းအား ပြည်တွင်းမှလက်ခံလာမှုကို မြှင့်တင်ပေးနိုင်သည်။ သီတင်းပတ်တိုင်းတွင် အင်တာနက်ပေါ်မှ စာအုပ် ၃ အုပ်မှ ၅ အုပ်အထိ ပါဝင်သလို ဝက်ဘ်ဆိုက်နမူနာများလည်းပါဝင်သည်ဖြစ်ရာများသောအားဖြင့် ၎င်းအား မလိုအပ်ဘဲ အတင်းအကျပ်ပြုလုပ်ခိုင်းသည့် အစီအစဉ်အဖြစ် ရှုမြင်လာကြသည်။ စာသင်ခန်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများကိုမြှင့်တင်ပေးရန်အတွက် စာသင်ခန်းအတွင်းမှ မတူညီသောအုပ်စုများအတွက် သင်ရိုးကိုကိုက်ညီအောင်ပြင်ဆင်ရာတွင် အဓိကသင်ခန်းစာများကို ခရေပွင့်အမှတ်အသားပြထားခြင်း သို့မဟုတ်စာသင်ခန်းအတွင်း အုပ်စုခွဲများအား သင်ခန်းစာအမျိုးမျိုးခွဲဝေပြုလုပ်စေခြင်းတို့ ပြုလုပ်နိုင်သည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းတွင် စည်းရုံးလှုံ့ဆော်ခြင်းခြင်းဆိုင်ရာကိစ္စရပ်များ မြှင့်တင်ပေးရေး မဟာဗျူဟာမြောက်နည်းလမ်းတစ်ရပ်ကို တည်ဆောက်ရန်နှင့် သင်တန်းသားများအနေဖြင့် ယင်းတို့၏ရင်းမြစ်ရှာဖွေခြင်းနည်းလမ်းများကိုချဲ့ထွင်နိုင်ရန် ကျောင်းသားများကို စိန်ခေါ်သည့်လက်တွေ့

ကျသော သတင်းအတတ်ပညာလေ့ကျင့်ခန်းများကို အသားပေးပြုလုပ်မည်ဖြစ်သည်။ အဆိုပါလေ့ကျင့်ခန်းများကို အလုပ်ရုံဆွေးနွေးပွဲချိန်အတွင်းတွင်စတင်ရန်သတ်မှတ်ထားပြီး တစ်ဦးချင်းလုပ်ရသည်လည်းရှိသလို အုပ်စုလိုက်လုပ်ရသည်လည်း ရှိနိုင်ပါသည်။ ထို့နောက် ကျောင်းသားများသည် ၎င်းတို့ကိုယ်ပိုင်ချိန်တွင် အပြီးလုပ်ဆောင်ရန် အဆိုပါသင်ခန်းစာများကို ရွေးချယ်ရမည်ဖြစ်ပြီး အဆင့် ၂ အကဲဖြတ်မှုအတွက် လုပ်ဆောင်ချက်အဖြစ် တင်ပြရပေမည်။

## အဆင့်သတ်မှတ်ပေးခြင်း

ဤသင်တန်းတွင် စံပြနမူနာ အိမ်စာ ၃ မျိုး ပါဝင်ပါသည်။ (ကဏ္ဍများကို အောက်ပါအပတ်စဉ်ဆောင်ရွက်ချက် အနှစ်ချုပ်အပိုင်းကို ကြည့်ရှုနိုင်ပါသည်။)

- စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာသီအိုရီပိုင်းဆိုင်ရာအကြောင်းအရာများပါဝင်သောပညာရပ်ဆိုင်ရာစာတမ်းတို (နောက်ဆုံးပေးမှတ်၏ ၃၀%)
- ဤနယ်ပယ်တွင် ကျောင်းသားများအား ကျွမ်းကျင်မှုများတိုးတက်လာစေမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း (နောက်ဆုံးပေးမှတ်၏ ၃၀%)
- သင်တန်းသားမှနောက်ဆုံးစီမံချက်အဖြစ် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာဆိုင်ရာ ပေါင်းစပ်အသုံးပြုထားသည့် မျက်မှောက်လူမှုရေးရာပြဿနာတစ်ရပ်အားဖြေရှင်းသည့် သတင်းထုတ်ပြန်ရမည်။ (နောက်ဆုံးစီမံချက်သည် နောက်ဆုံးပေးမှတ်၏ ၄၀% ဖြစ်သည်)

## တစ်ပတ်လျှင် နာရီပေါင်း

ရက်သတ္တပတ် ၁၃ ပတ်တွင် တစ်ပတ်လျှင် ၈ နာရီသင်ကြားရမည်။ ကျောင်းသားများသည် တစ်ပတ်လျှင်အတန်းချိန် ၃ နာရီတက်ရောက်ရန်လိုအပ်ပြီး စာဖတ်သင်ခန်းစာနှင့် ပြင်ဆင်ခြင်းများအတွက် တစ်ပတ်လျှင် ၂ နာရီ၊ စာသင်နှစ်ဝက်တစ်ခုလုံးတွင် အိမ်စာများပြုလုပ်ရန် တစ်ပတ်လျှင် ၃ နာရီအချိန်ပေးရမည်ဖြစ်သည်။

## အပတ်စဉ်ဆောင်ရွက်ချက်အနှစ်ချုပ် - အကြောင်းအရာနှင့် လုပ်ဆောင်ချက်များ

သင်ကြားရမည့်အကြောင်းအရာများကို သင်ရိုး ၄ ခုဖြင့် ပိုင်းခြားထားပါသည်။

## သင်ရိုး (၁) စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာသတင်းအတတ်ပညာအတွက် သီအိုရီပိုင်းဆိုင်ရာ မူဘောင်များ

ဆေလ်ဗီယိုဝေ့ဘော့ (Silvio Waisboard, 2010) က စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာကို သတင်းထောက်အား ဦးစားပေးသောပုံစံနှင့် ပြည်သူအား ဦးစားပေးသောပုံစံ စသည်ဖြင့် ၂ မျိုးသတ်မှတ်ထားသည်။ သတင်းထောက်ကို ဦးစားပေးသောပုံစံတွင် သတင်းထောက်သည် နိုင်ငံသားအခွင့်အရေးရုပ်သိမ်းခံရသောအုပ်စုဘက်မှရပ်တည်ပြီး ပြည်သူကို ဦးစားပေးသောပုံစံတွင်မူ ပြည်သူများအားမီဒီယာမှတဆင့် စွမ်းရည်မြှင့်တင်ပေးသောနည်းဖြစ်သည်။

ဆူးတိတ် (Sue Tait, 2011) က အဆိုပြုသည်မှာသတင်းထောက်များသည် ရက်စက်ကြမ်းကြုတ်သည့်ဖြစ်ရပ်များကို တွေ့မြင်လိုက်ရသည့်အခါ ယင်းရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်ကို တွေ့မြင်မှတ်သားပြီး ပြည်သူအား ပြန်လည်ပြသရုံသာမကပဲ ခံစားချက်ပေးနိုင်ရန် လိုအပ်သည်။ သို့မှသာ ပရိသတ်ထံမှတုံ့ပြန်မှုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။
ဗွန်အော့ပင် (Von Oppen, 2009) ကလည်း အခြားသူများနှင့် အသိအာရုံဆက်စပ်မှုရှိသည်ကို ပြသည့် သတင်းအတတ်ပညာ၏ အကျိုးနှင့်အကြောင်းအပြန်အလှန်ဆက်စပ်မှုရှိသည့်နည်းလမ်းကို ရှင်းလင်းစွာဖော်ပြထားသည်။ ဤနည်းလမ်းတွင်သတင်းထောက်သည် သတင်းဖြစ်ပွားရာနေရာတွင်ရောက်ရှိနေသည့်အတွက် မျက်မြင်သက်သေဖြစ်ရုံသာမဟုတ်ဘဲ ယင်းတို့နှင့်ဆက်သွယ်ပြောဆိုနေသည့်သူများနှင့် ဆက်စပ်မှုအားဖြင့် သတင်းတွင်ပါဝင်ပတ်သက်နေသူများဖြစ်လာမည်ဖြစ်သည်။

ဤဆောင်းပါးသုံးခုသည်အဖွဲ့အစည်းများ၊ ပရိသတ်များ၊ ထုတ်ပြန်ချက်များအကြား ဆက်စပ်မှုတည်ဆောက်ခြင်းဖြစ်စဉ်အနေနှင့်သာမက ပစ်ပယ်ခံဘဝတွင်ရောက်နေသူများအတွက်ပါ ကိုယ်စားအနေဖြင့်မျက်မြင်သက်သေဖြစ်သောတစ်ဦးတည်းသော သတင်းထောက်အဖြစ် ပါဝင်ပတ်သက်သည့်ဖြစ်စဉ်အဖြစ် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာအကြောင်း စဉ်းစားတွေးခေါ်နိုင်ရန် စတင်သည့်အမှတ်ကို ချမှတ်ပေးထားပါသည်။

ဝေ့စ်ဘော့ (Waisboard, 2010) က သတင်းစာပညာသမိုင်းတွင် ဓမ္မဓိဌာန်ကျမှုအား စံအဖြစ်မသတ်မှတ်မီ သတင်းအတတ်ပညာအားလုံးသည် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာဖြစ်သောကြောင့် သတင်းအတတ်ပညာကိုနိုင်ငံရေးဖြစ်စဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ်ရှုထောင့်တစ်ခုထဲမှကြည့်ကာ အသုံးပြုခဲ့ကြသည်။ ဝေ့စ်ဘော့က ဥရောပပုံစံ၊ အင်္ဂလိပ်-အမေရိကန်ပုံစံနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများမှ သတင်းအတတ်ပညာပုံစံတို့အကြား ခြားနားချက်

များကိုလည်း မီးမောင်းထိုးပြထားသည်။ အဆိုပါအချက်က သတင်းစာသမိုင်းအမျိုးမျိုးသည် ဓမ္မဝိဥာဉ်ကျမှုတစ်ခုတည်း သို့မဟုတ် ကြားနေသတင်းပညာအောက်တွင် မကြာခဏ ဆိုသလို ပျက်စီးခဲ့သော်လည်း၊ ဆက်စပ်မှုရှိနေသေးသည့်စံနမူနာတစ်ခုအဖြစ် ညွှန်ပြနေသည်။ ဤပုံစံသည် ကွဲပြားခြားနားသောလူ့အဖွဲ့အစည်းများ၏လိုအပ်ချက်များကိုတုံ့ပြန်ပြီး မတူညီသော ဒေသအနှံ့အပြားတွင် ကျင့်သုံးသည့်သတင်းအတတ်ပညာအမျိုးမျိုး ဆွေးနွေးမှုများအတွက် လမ်းပွင့်စေခဲ့သည်။

ထိုမတူညီမှုများအားပိုင်းခြားစိတ်ဖြာကြည့်ရန် နည်းလမ်းတစ်ခုမှာတစ်ဖက်၌ ခေတ်ရေစီးကြောင်းအလိုက် လက်တွေ့ကျင့်သုံးမှုများနှင့် အခြားတစ်ဖက်တွင်မူ သမားရိုးကျမဟုတ်သောနည်းလမ်းကျင့်သုံးရန်ဟူ၍ အုပ်စုနှစ်စုခွဲခြားထားသည်။ အဆိုပါခြားနားချက်သည် သတင်းအတတ်ပညာနှင့်ပတ်သက်၍ သီးသန့်တွေးခေါ်ပုံနည်းလမ်းများကို သတ်မှတ်နိုင်ပေလိမ့်မည်။ သို့ရာတွင် ဟာကပ် (Harcup, 2005) က ထိုအုပ်စုနှစ်စုလုံးတွင် တစ်ချိန်နှင့်တစ်ချိန် သိသာခြားနားမှုမရှိသော်လည်း ကာလကြာလာသည့်အခါ သိသာခြားနားသောဖြစ်စဉ်ကြီးနှင့်ထိုဖြစ်စဉ်နှင့်အတူရွှေ့လျားနေသော လူများ၊ အတွေးအခေါ် အယူအဆများနှင့်အလေ့အကျင့်များအကြား ဆက်နွယ်မှုအကြောင်း စဉ်းစားတွေးခေါ် ရန် တိုက်တွန်းထားသည်။ ဒေသတွင်းမီဒီယာ သို့မဟုတ် အခြားမီဒီယာက တက်ကြွလှုပ်ရှားသည့် အုပ်စုတစ်စုကိုဖွဲ့စည်း၍ စွမ်းရည်မြှင့်တင်ပေးရန် အသားပေးသလို သာမန်မီဒီယာအနေဖြင့် ရှုထောင့်အမျိုးမျိုးမှဦးတည်ချက်ကိုထိန်းညှိထားသော ဓမ္မဝိဥာဉ်ကျပြီး၊ မျှတသောသတင်းပို့ မှုများကို အသားပေးသည်။ ဤမီဒီယာနှစ်မျိုးစလုံးသည် သတင်းအတတ်ပညာဆိုသည်မှာ ဗဟုသုတနှင့်ပြည့်စုံသည့် ဒီမိုကရေစီဝါဒကိုမြှင့်တင်ရန် ဦးတည်ချက်ထားသောပညာတစ်ရပ်ဖြစ်သည်ဟု ယူဆထားသောသတင်းအတတ်ပညာမှဖြစ်ပေါ် လာခြင်းဖြစ်သည်။

ရောဘတ်ဟက်ကက် (Robert Hackett, 2013) က ဒီမိုကရေစီစနစ်အတွက် မည်သို့သော သတင်းအတတ်ပညာပုံစံလိုအပ်သနည်းဟူသောမေးခွန်းဖြင့် ယင်းအဓိကအချက်ကို အလေးပေး စဉ်းစားသုံးသပ်ထားသည်။

သတင်းထောက်များနှင့် ပညာရှင်များက ဤမေးခွန်းကို ဖြေဆိုရန် ကြိုးပမ်းအားထုတ်ကြ သလိုမြို့တော်ဆိုင်ရာ၊ နိုင်ငံသားဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ သတင်းအတတ်ပညာကဲ့သို့ သောပုံစံအမျိုးမျိုးကို အဆိုပြုကြပါသည်။ ယင်းပုံစံတစ်ခုစီ၏ မရှိမဖြစ်လိုအပ်သောအရာများ အနက်တစ်ခုမှာ အဖွဲ့အစည်းများကိုသတင်းပေးနေခြင်းထက် ပါဝင်ဆောင်ရွက်မှုဖော်ဆောင်ခြင်း အပေါ် အလေးထားခြင်းဖြစ်သည်။ (Hass, 2004) နှင့်ပတ်သက်၍ မကြာသေးမီက ဆက်လူးဝစ်စ် (Seth Lewis, 2014) နှင့်အဖွဲ့သားများက “အပြန်အလှန်ရှိသောသတင်းအတတ်ပညာ”ဟု ယူဆထားကြသည်။

> အပြန်အလှန်ရှိသောသတင်းအတတ်ပညာသည် အပြန်အလှန်ဖလှယ်မှုပုံစံများ တည်ဆောက်ခြင်းဖြင့် အဖွဲ့အစည်းများနှင့် သို့မဟုတ် အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တည်ထောင်သူများအဖြစ် ရှုထောင့်အသစ်ဖြင့်သတင်းထောက်များအား ရှုမြင်

> သုံးသပ်ရန် အကြံပြုထားပါသည်။ ပရိသတ်များပါဝင်မှုကို လိုလိုလားလားကျေးဇူးတင်တုံ့ပြန်ခြင်းဖြင့်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးတုံ့ပြန်နိုင်စေရန် ပရိသတ်များအတွက် နေရာပေးခြင်းဖြင့်လည်းကောင်းသတင်းထောက်များသည် ၎င်းတို့ဝန်ဆောင်ပေးနေသည့် လူ့အဖွဲ့အစည်းများ၏ကြီးကြပ်အုပ်ချုပ်သူများအဖြစ်စံ သတ်မှတ်ထားသောရည်ရွယ်ချက်များကို စတင်ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။ (၂၃၆-၇)

၎င်းသတင်းအတတ်ပညာနည်းလမ်းအရသတင်းတန်ဖိုးများနှင့်သတင်းတစ်ပုဒ်အား မည်ကဲ့သို့ ပါဝင်ဖွဲ့စည်းထားသည်ဆိုသည်နှင့်ပတ်သက်၍ ကွဲပြားစွာတွေးခေါ်ရန်လိုအပ်လာသည့်အပြင် သတင်းအကြောင်းအရာများတွင် လူတို့ပိုမိုပါဝင်လာကြစေရန်အတွက် လူမှုမီဒီယာကဲ့သို့သော အရာများကိုလည်း အသုံးချရန်လိုအပ်လာကြောင်း မီဒီယာပညာရှင်ဟာမီဒါ (Hermida, 2012) က အကြံပြုထားသည်။

ရက်သတ္တပတ် ၃ ပတ်ကြာ သင်ကြားရသည့် သင်ရိုးအပြီးတွင် ကျောင်းသားများသည် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာသတင်းအတတ်ပညာဟုခေါ်ဆိုနိုင်သည့် သိသာထင်ရှားသည့်အလေ့အထနှင့် နည်းလမ်းများအကြောင်း ရှင်းလင်းစွာပြောဆိုနိုင်မည်ဖြစ်သည်။ ယင်းတွင် ပရိသတ်နှင့် လူ့အဖွဲ့အစည်းများကို ဆက်စပ်ညီညွတ်အောင်ပြုလုပ်ခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းတို့ပါဝင်မည်ဖြစ်သည်။ ၎င်းမှာ စိတ်ပါဝင်စားလာစေမှုနှင့် စွမ်းရည်မြှင့်တင်ပေးမှုတို့အပေါ် အလေးထားခြင်းဖြစ်ပြီး သတင်းထောက်တစ်ဦးအတွက် ပွင့်လင်း၍ မိမိဘာသာစဉ်းစားတွေးခေါ်စေသောကဏ္ဍများ ပါဝင်သည်။ အဆိုပါအလေ့အကျင့်များသည် ဥပမာအားဖြင့် အချက်အလက်နှင့်အသေးစိတ်လေ့လာထားချက်များကဲ့သို့သော အခြားသော သတင်းအတတ်ပညာဆိုင်ရာအလေ့အကျင့်နည်းလမ်းများမှ သီးသန့်ကွဲထွက်လာခြင်းမဟုတ်ပါ။ အရေးကြီးသည်မှာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာသည် အခြားသောသတင်းအတတ်ပညာများကဲ့သို့ပင် ဒီမိုကရေစီကျကျ ပါဝင်ဆောင်ရွက်ရန် ဖန်တီးပေးလေ့ရှိသည်။

## သင်ရိုး (၁) စာအုပ်များနှင့် အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်များ

### ပထမပတ် - စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာဆိုသည်မှာ အဘယ်နည်း။

Waisbord, S., 2010, "Advocacy journalism in a Global Context," in Wahl-Jorgensen, K. & Hanitzsch, T. (eds.), The handbook of journalism studies, Routledge, NY.

Tait, Sue, 2011, "Bearing witness, journalism and moral responsibility," Media, Culture & Society, 33(8) 1220-1235.

von Oppen, Karoline, 2009, "Reporting from Bosnia: Reconceptualising the Notion of a 'Journalism of Attachment'", Journal of Contemporary European Studies, 17:1, 21-33.

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်** - သင်ရိုးမိတ်ဆက်ခြင်း

### ဒုတိယပတ် - သတင်းအတတ်ပညာသမိုင်းများ၏စကားသံများ - သတင်းအတတ်ပညာတွင် ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပုဂ္ဂလဓိဋ္ဌာန်ကျမှု

Hackett, R.A., 2013, "Press freedom and communication rights: What kind of journalism does democracy need?" Pacific Journalism Review, 19(1), 13-40.

Tony Harcup. 2005 "I'm Doing this to Change the World": journalism in alternative and mainstream media,"Journalism Studies, 6:3, 361-374.

Servaes, Jan, and Patchanee Malikhao., 2012, "Advocacy Communication for Peacebuilding." Development in Practice 22:2, 229-243.

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်**

ပုံမှန်ဖြန့်ချိလျက်ရှိသောစာပေများထဲမှာ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာမှလူ့အဖွဲ့အစည်းအကြောင်း သတင်းတစ်ပုဒ် သို့မဟုတ် တရားမျှတမှုဆိုင်ရာအကြောင်းအရာတစ်ရပ်ရပ်ကို ရှာ၍ ၎င်းသတင်းကို ချဲ့ထွင်အသုံးပြုခဲ့သော သမာရိုးကျမဟုတ်သောအရင်းမြစ်များကို ရနိုင်သလောက် စဉ်းစားပါ။ ပြီးနောက် မတူညီသောရင်းအမြစ်များ ရရှိရေးနည်းလမ်းများက ရှုထောင့်အား မည်သို့ပြောင်းလဲနိုင်မည်ကို အဖြေရှာပါ။ ထို့နောက် ဒေသတွင်းမီဒီယာ သို့မဟုတ် အခြားသောအစိုးရ

မဟုတ်သည့် သတင်းအေဂျင်စီတစ်ခုခုမှ အလားတူအကြောင်းအရာဆိုင်ရာဆောင်းပါးကိုရှာ၍ ရှုထောင့်စုံမှ ကွဲပြားခြားနားချက်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

## တတိယပတ် - ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းအတတ်ပညာ - လူ့အဖွဲ့အစည်းအား ပို၍စိတ်ပါဝင်စားလာစေခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်း


Atton, C., 2010, "Alternative and Citizen Journalism," in Wahl-Jorgensen, K. & Hanitzsch, T. (eds.), The handbook of journalism studies, Routledge, NY.

Lewis, Seth C, Avery E Holton, and Mark Coddington, 2014, "Reciprocal Journalism." Journalism Practice, 8:2, 229-241.

Haas, Tanni, 2004, "Research note: Alternative Media, Public Journalism and the Pursuit of Democratization," Journalism Studies, 5:1, 115-121.

Hermida, Alfred, 2012, "Social Journalism: Exploring How Social Media is Shaping Journalism" in Eugenia Siapera and Andreas Veglis (eds.) The Handbook of Global Online Journalism, John Wiley & Sons, 309-328.


### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

သတင်းအကြောင်းအရာများကို ပင်မမီဒီယာက မကြာခဏထုတ်ပြန်သည့်အခါ ၎င်းတို့အား တစ်ကြိမ်တစ်ခါသာ ရေးသားထုတ်ပြန်လိုက်ခြင်းရှိသလို ပုံမှန်မဟုတ်သောနည်းလမ်းများဖြင့် နောက်ဆက်တွဲရေးသားသည်များလည်း ရှိသည်။ စိတ်ဝင်စားစရာကောင်းသည့် ပြည်တွင်း သတင်းအကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ သတင်းတင်ဆက်ပုံကို အတည်ပြုသတ်မှတ်ပြီး အဖွဲ့အစည်းများပါဝင်လာမှုကို အချိန်ပေး၍တည်ဆောက်ပါ။ စာဖတ်သူများအတွက် ဆက်စပ်မှု ရှိစေရန် ယင်းတို့ မည်သို့ပါဝင်လာအောင်လုပ်မည်နည်း။

## သင်ရိုး (၂) အပစ်ပယ်ခံလူများနှင့်အလုပ်လုပ်ခြင်း

သမားရိုးကျစည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ၏အခန်းကဏ္ဍတစ်စိတ်တစ်ပိုင်းသည် ပင်မမီဒီယာတွင် ၎င်းတို့၏အကြောင်းအရာများကို သတင်းအဖြစ်ဖော်ပြမခံရသော သို့မဟုတ် မှားယွင်းစွာသတင်းဖော်ပြခံရတတ်သောအပစ်ပယ်ခံလူတို့နှင့် အလုပ်လုပ်ရခြင်း ပါဝင်သည်။ ယင်းတွင် နည်းလမ်းနှစ်သွယ်ရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသမီး သို့မဟုတ် တိုင်းရင်းသား

လူနည်းစုတို့၏အခက်အခဲများကို ပင်မမီဒီယာများမှဖော်ပြပေးနိုင်ရန်ကြိုးပမ်းခဲ့ကြသလို အချို့တို့မှာမူ မိမိတို့ ကိုယ်ပိုင်မီဒီယာမှဖော်ပြလေ့ရှိသည်။ ၎င်းနှင့်ပတ်သက်၍ ရှွန်ဘန်း (Shawn Burns, 2014) က မသန်စွမ်းသူများနှင့်ပတ်သက်သော ဤနည်းလမ်း ၂ မျိုးလုံးနှင့်ပတ်သက်၍ စာပေများရေးသားခဲ့သည်။

မာ့ဒုစ် (Mark Deuze, 2006) က ၎င်းနှင့်ပတ်သက်၍ဒေသတွင်း မီဒီယာသို့ဦးတည်ရာတွင် လူနည်းစုတိုင်းရင်းသားမီဒီယာများပေါ် ထွန်းလာစေရေးကို ရေးသောဖော်ပြလေ့ရှိသည်။ ၎င်းနှင့် ပတ်သက်၍ အလေ့အကျင့်နှင့် နှစ်မျိုးစပ်ပါဝင်သည့်နည်းလမ်းတို့အဆက်အစပ်ကို တွေ့ရကြောင်း ဟာ့ကပ် (Harcup, 2005) က ဖော်ပြထားပြန်သည်။
သို့ရာတွင် အပစ်ပယ်ခံလူ့အဖွဲ့အစည်းများအတွက် တစ်ဦးချင်းအမြင်များအပေါ် ရပ်တည်မှုရှိသော သတင်းအတတ်ပညာကို ဖော်ဆောင်ရန်အသုံးပြုသည့် သီးခြားပုံစံများလည်းရှိသည်။ သင်ရိုး၏ယခုအပိုင်းတွင် ဥပမာ သမိုင်းအကြောင်းအရာဆိုင်ရာနှင့် ခေတ်ပြိုင်စသည့်အကြောင်း အရာမျိုးစုံနှင့် လေ့လာမှုများကို ပါဝင်သည်။

၁၉၇၀ ပြည့်လွန်နှစ်များက အမျိုးသမီးလှုပ်ရှားမှုတွင် လူသိများသည့် Ms Magazine သည် သမားရိုးကျသတင်းစာပညာနှင့် အခြားသောသတင်းအတတ်ပညာတို့၏ ယင်းသို့ နှစ်မျိုးကွဲပြား သည့် သဘောသဘာဝအကြောင်း နောက်ထပ်ဥပမာပြထားပေသည်။ ယင်းမှာ အမျိုးသမီးများ လှုပ်ရှားမှုနှင့် စီးပွားရေးဆန်သောစာပေထုတ်လုပ်မှုများကို ပေါင်းကူးပေးသည့် မဂ္ဂဇင်းတစ်စောင် ဖန်တီးပေးခြင်းအားဖြင့် စီးပွားဖြစ်စာပေထုတ်လုပ်မှုများကို ထိန်းချုပ်ပေးရာရောက်ကြောင်း ဖာရယ် (Farrel, 1994:708) က ပြောထားသည်။

HIV/AIDS ကူးစက်သည့်ပြဿနာအတွက် ကျား - မ စစ်စစ်မဟုတ်သူများကို ထောက်ခံသည့် မီဒီယာက ခိုင်မာသည့်ရပ်ရွာအခြေပြုမီဒီယာသည် အရေးအခင်းကာလတွင် မည်မျှအထိ အရေးပါသည်ကို ပြသခဲ့ကြောင်း ရော့ဘင်ဆင် ၂၀၁၁ (Robinson, 2011) က ပြောပါသည်။ အမျိုးသမီးနိုင်ငံရေးသမားများနှင့် ခေါင်းဆောင်များသည်ကွင်းဆက်များကို ဖျက်ဆီးနေကြသည် (destroying the joint) ဟူသော ရေဒီယို DJ က စောဒကတက်မှုအတွက် သြစတြေးလျ အမျိုးသမီးအုပ်စုတစ်စုက လူမှုမီဒီယာနှင့် facebook မှတစ်ဆင့် သွက်လက်ချက်ချာစွာတုံ့ ပြန်ခြင်းကိုကြည့်ခြင်းအားဖြင့် လူမှုမီဒီယာ၏ဘက်စုံအသုံးပြုနိုင်မှုနှင့်အားအင်ကို ဖော်ပြနေ ကြောင်း စာရေးဆရာများဖြစ်သော မက်ကလင်းနှင့် မာလ်ဆင် (McLean & Maalsen, 2003) တို့ကပြောထားသည်။ အဆိုပါကိစ္စရပ်တိုင်းတွင် အမှီအခိုကင်းသော မီဒီယာသည် ပြည်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုခြင်းနှင့် လူ့အဖွဲ့အစည်းကို စွမ်းရည်မြှင့်တင်ပေးလျက် မျက်မှောက် မီဒီယာကို ဆန့်ကျင်၍သော်လည်းကောင်း အတိုင်အဖောက်ညီညီဖြင့်သော်လည်းကောင်း ပုံစံ နှစ်မျိုးဖြင့် အလုပ်လုပ်သည်။

ဤသင်ရိုးပါကိစ္စရပ်များနှင့် အကြောင်းအရာအလိုက်လေ့လာမှုများကို စိစစ်ပိုင်းခြားပြီးသည့်

အဆုံးတွင် ကျောင်းသားများသည် ရပ်ရွာလူထုကိုအခြေပြုသည့်မီဒီယာစီမံကိန်းများက လူ့အဖွဲ့အစည်းများ၊ အုပ်စုများကိုစွမ်းရည်မြှင့်တင်ပေးရန် လုပ်ဆောင်သည့်နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်နိုင်မည်ဖြစ်သည်။ ၎င်းလူ့အဖွဲ့အစည်းစီမံကိန်းသည် ပုံမှန်သမားရိုးကျ သတင်းတင်ဆက်မှုကို စုံစမ်းဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့အပြင်အလားတူကိစ္စရပ်များကို တင်ဆက်သည့် ပုံမှန်မီဒီယာကို စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် မူဘောင်တစ်ခုကိုချမှတ်ပေးပြီး ရပ်ရွာအခြေပြုစည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းပညာကို ထောက်ခံအားပေးမှုနည်းလမ်းသည် အဘယ့်ကြောင့်လိုအပ်သည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်အတွက်လည်း လမ်းဖွင့်ပေးပါသည်။

## သင်ရိုး (၂) စာဖတ်သင်ခန်းစာနှင့် ဆွေးနွေးပွဲဆိုင်ရာလှုပ်ရှားမှုများ

### စတုတ္ထပတ် - လူမျိုးနှင့်ဘာသာရေးအကြောင်း သတင်းအစီရင်ခံခြင်း- တိုင်းရင်းသားလူနည်းစုမီဒီယာနှင့် ရပ်ရွာများ


Deuze, M., 2006, "Ethnic Media, Community Media and Participatory Culture." Journalism 7:3, 262-280

Advocacy journalism: participation, representation and community 133

Echchaibi, N., 2013, "Muslimah Media Watch: Media activism and Muslim choreographies of social change,"Journalism, 14:7, 852-67.

Cover, Rob, 2013, "Community print media: perceiving minority community in multicultural South Australia,"

Continuum: Journal of Media & Cultural Studies, 27:1, 110-123.


### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

နေ့စဉ်သတင်းတင်ဆက်ရာတွင် များသောအားဖြင့် မျက်မှောက်ပြဿနာများ ဖွံ့စည်းဖြစ်ပေါ်လာပုံနှင့်ဖြစ်ပေါ်စေသည့်အကြောင်းရင်းကို ပိုမိုနက်နဲစွာနားလည်ရန်အတွက်မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်နောက်ခံအကြောင်းအရာကိုအလေးထားရမည်။ နောက်ခံအကြောင်းအရာများနှင့် လူ့အဖွဲ့အစည်းကပံ့ပိုးခြင်းကိုရယူရန်အတွက် နောက်ခံအကြောင်းအရာနှင့်ရှင်းပြမှုများသည် အရေးကြီးလှပေသည်။ ယင်းသည်ရှုပ်ထွေးသောသတင်းထုတ်ပြန်ချက်များကို နားလည်နိုင်သည်။ မျက်မှောက်ဇာတ်လမ်းတစ်ပုဒ်ကိုရွေးချယ်ပြီး နောက်ခံအကြောင်းအရာကို အတိုချုပ်ချရေးပါ။

## ပဥ္စမပတ် - ကျား/မနှင့်ဖိုမလကွဲဏာ- လူမှုဆိုင်ရာအပြောင်းအလဲနှင့် ရပ်ရွာများ


Farrell, Amy. 1994, "A Social Experiment in Publishing: Ms Magazine, 1972-1980." Human Relations 47:6,707-730.

Jessica McLean, Jessica & Maalsen, Sophia, 2013, "Destroying the Joint and Dying of Shame? A Geograph of Revitalised Feminism in Social Media and Beyond," Geographical Research, 51:3, 243-256.

Destroy the joint, Facebook Page, https://www.facebook.com/notes/434813209899762/

Gatua, Mary Wairimu, Patton, Tracey Owens & Brown, Michael R., 2010, "Giving Voice to Invisible Women:

"FIRE" as Model of a Successful Women's Community Radio in Africa," Howard Journal of Communications, 21:2, 164-181.

Robinson, Shirleene, 2011, "HIV/AIDS and Gay Community Print News Media in 1980s Australia." In Yorick Smaal, Graham Willett, (eds.) Out Here: Gay and Lesbian Perspectives VI, Monash University Publishing. Available online: http://books.publishing.monash.edu/apps/bookworm/view/Out+Here%3A+Gay+and+Lesbian+Perspectives+VI/126/oh110006.xhtml.

O'Donnell, Marcus, 2004, "Star wars: patterns of change in community journalism at the Sydney Star Observer" Australian Journalism Studies, 13, 139-163.


### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

ပရိသတ်များအား ဆွဲဆောင်ခြင်း၊ ပါဝင်စေခြင်း - မျက်မှောက်သတင်းအကြောင်းအရာတစ်ပုဒ်အားရွေးချယ်၍ ယင်းအကြောင်းအရာပေါ်တွင် သတင်းအချက်အလက်များထပ်ဖြည့်ပါ။လူမှုမီဒီယာတွင်သတင်းမျှဝေရန်အတွက် hastag ကိုမည်သို့ထည့်မည်နည်း။ သို့မဟုတ် ဖေ့စ်ဘုတ်တွင် သတင်းမျှဝေရန်အတွက် ဥပမာများဖြင့် မည်သို့ဖော်ပြမည်နည်း။

## ဆဌမပတ် - မသန်စွမ်းဖြစ်မှုနှင့်စိတ်ရောဂါ


Burns, Shawn, 2014, "'Advocacy' Is Not a Dirty Word in Journalism," PBS Mediashift, available online: http://www.pbs.org/mediashift/2014/10/advocacy-is-not-a-dirty-word-in-journalism/Advocacy journalism: participation, representation and community 134

Ellis, K., 2009, "Beyond the Aww Factor: Human interest Profiles of Paralympians and the media navigation of physical difference and social stigma," Asia Pacific Media Educator, 19, 23-36. Available online: http://ro.uow.edu. au/apme/vol1/iss19/4

Jones, Chelsea Temple, 2014, 'Why this story over a hundred others of the day?' Five journalists' backstories about writing disability in Toronto, Disability & Society, 29:8, 1206-1220.

Subramanian, Roma, 2014, "Covering Mental Illness," Journalism Practice, 8:6, 809-825.

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်**

စည်းရုံးလှုံ့ဆော်မှုဆိုင်ရာပြဿနာအကြောင်းအရာများအပေါ် သတင်းဦးရယူနိုင်ရန်အတွက် မဟာဗျူဟာအစီအစဉ်ဆွဲပါ။ သတင်းအရင်းအမြစ် အင်တာနက်စာမျက်နှာများ၊ အဓိကဆက်သွယ်ရမည့်သူများ၊ လူမှုမီဒီယာစာမျက်နှာများ၊ ပညာရှင်များ၊ မျက်မှောက် အကြောင်းအရာများနှင့် နမူနာသတင်းအကြောင်းအရာများကို ရွေးချယ်သတ်မှတ်ပါ။

## သင်ရိုး (၃) ကမ္ဘာလုံးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာ

ဖွံ့ဖြိုးတိုးတက်မှုသတင်းအတတ်ပညာဆိုင်ရာ ဘန်ဒါ (Banda, 2007) ၏အယူအဆ၊ ရှော (Shaw, 2012) ၏ လူ့အခွင့်အရေးဆိုင်ရာ သတင်းအတတ်ပညာအယူအဆနှင့် အာဆလမ် (Aslam, 2011) ၏ ငြိမ်းချမ်းရေးဆိုင်ရာသတင်းအတတ်ပညာဆိုင်ရာ သီအိုရီများသည် ကမ္ဘာလုံးဆိုင်ရာအကြောင်းအရာများတွင် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းပညာအကြောင်းကို စတင်တွေးခေါ်ရန် ကျောင်းသားများအား စိန်ခေါ်လျှက်ရှိသည်။ တစ်စုံတစ်ခုသောအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို အာရုံထားနေခြင်းထက် သတင်းအတတ်ပညာကဏ္ဍကို ထည့်သွင်းစဉ်းစားသည့် ဤနည်းလမ်းများသည်အဖွဲ့အစည်းဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှုများကိုထည့်သွင်းစဉ်းစားလာသည်။

ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများ၏စီးပွားရေးနှင့်ပြည်သူများကို လွတ်မြောက်အောင်လုပ်ဆောင်ပေးမည့် တော်လှန်ပြောင်းလဲရေးမှတစ်ဆင့် အစိုးရကထိန်းချုပ်သည့်သတင်းပညာပုံစံအမျိုးမျိုးကိုလည်း အဆိုပြုလာကြသည်။ ရပ်ရွာလူထုပါဝင်မှုကို အရေးပေးသော အမှန်တကယ်လွတ်မြောက်မှုနှင့် ဆက်စပ်သောပုံစံများအတွက် နယ်ချဲ့ဝါဒီများ၏အကူအညီအထောက်အပံ့ဆိုင်ရာအတွေးအခေါ် အယူအဆများ ပေါ်ပေါက်လာခြင်းကို ဘန်ဒါက ဖော်ပြထားသည်။

အလားတူပင် ရှောက လူ့အခွင့်အရေးဆိုင်ရာသတင်းအတတ်ပညာကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် ကျွန်ုပ်တို့အား လူ့အခွင့်အရေးကိုအလွဲသုံးစားလုပ်သည့် သတင်းအတတ်ပညာမှသည် ပထမ

မျိုးဆက်၏ လူ့အခွင့်အရေးများဖြစ်သည့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး၊ ဒုတိယမျိုးဆက် အခွင့်အရေးများဖြစ်သည့် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုဆိုင်ရာအခွင့်အရေးများစသည်တို့ကို ထိန်းသိမ်းထားသည့်သတင်းအတတ်ပညာအဖြစ်သို့ ပြောင်းကြရန်ပြောခဲ့သည်။ ဤအချက်သည် လူမှုဆိုင်ရာစိစစ်ပိုင်းခြားမှုနှင့် ဇာတ်လမ်းအကြောင်းအရာများထုတ်လုပ်ခြင်းအတွက် ဖွဲ့စည်းပုံဆိုင်ရာနည်းလမ်းလိုအပ်သည်။ ၎င်းနှင့်ပတ်သက်၍ ရှောက အောက်ပါအတိုင်းရေးသားခဲ့ပါသည်။

> လူ့အခွင့်အရေးသတင်းအတတ်ပညာသည် အကြမ်းဖက်မှုများမြင့်တက်လာခြင်းကို တားမြစ်ရန် ကြိုးစားခြင်းထက် ကြိုတင်ကာကွယ်ခြင်းကပိုကောင်းသည်ဟူသော တည်တံ့သော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးမူဝါဒအကြောင်းအရာများအပေါ် အခြေခံကြောင်းကြိုတင်ခန့်မှန်းထားပါသည်။ အဘယ်ကြောင့်ဆိုသော် တားမြစ်ရန်ကြိုးစားခြင်းသည် အကြမ်းဖက်မှုသံသရာကိုဦးတည်နိုင်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ပို၍ပေါ်ပေါက်နိုင်ပေသည်။ လွတ်လပ်ပွင့်လင်းသောမီဒီယာဖြင့် ပြုလုပ်ထားသော လူ့အခွင့်အရေးအခြေခံသတင်းအတတ်ပညာသည် ပဋိပက္ခများနှင့် အခြားသော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ကြိုတင်သတိပေးသည်။ (Shaw, 2012:43)

ငြိမ်းချမ်းရေးသတင်းအတတ်ပညာသည် အလားတူနည်းလမ်းကို ကျင့်သုံးသည်။ သမားရိုးကျသတင်းအတတ်ပညာ၏အဓိကသတင်းတန်ဖိုးများအနက်တစ်ခုသည် ပဋိပက္ခဖြစ်သည်ဆိုပါက ဖောဆက် (Fawcett, 2002) ငြိမ်းချမ်းရေးသတင်းအတတ်ပညာနယ်ပယ်သည် ငြိမ်းချမ်းရေးကို အရေးပေးသောသတင်းအတတ်ပညာလိုအပ်သည်။ ဟက်ကက် (Hackett) သည် ကောင်းမွန်သောသတင်းစာပညာနှင့်ငြိမ်းချမ်းရေး၏မရှိမဖြစ်လိုအပ်ချက်များအကြားချိတ်ဆက်မှုပြုလိုက်ပြီး "ငြိမ်းချမ်းရေးနှင့် တရားမျှတမှုအတွက် ရှန်းကန်လှုပ်ရှားမှုများသည်လည်း ဒီမိုကရေစီရေးအတွက် ရုန်းကန်လှုပ်ရှားမှုပင်ဖြစ်သည်"ဟု ရေးသားခဲ့သည်။ (2010:179)

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျောင်းသားများနှင့် သတင်းထောက်များသည် လူ့အခွင့်အရေးသတင်းအတတ်ပညာနှင့် ဖွံ့ဖြိုးမှုသတင်းအတတ်ပညာ၏အခြေခံသဘောတရားများကို အထူးသဖြင့် အသုံးချကြသည်။ ဖွံ့ဖြိုးပြီး အနောက်နိုင်ငံများတွင်လည်း ဤစည်းမျဉ်းများသည် အရေးပါသော အယူအဆများဖြစ်သည်။ Voices and the Guardian Development ဝက်ဘ်ဆိုဒ်တွင်လည်း လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာသတင်းတင်ဆက်ခြင်းများကို ကမ္ဘာလုံးဆိုင်ရာအယူအဆတူညီမှုများတည်ဆောက်ရာတွင် မည်သို့အသုံးချနိုင်သည်ကို ပြသထားသည်။

တတိယသင်ရိုးအဆုံးတွင် ကျောင်းသားများ အနေဖြင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာကို ကမ္ဘာတစ်လွှားအသုံးချနေပုံနှင့် စီးပွားရေးဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကဲ့သို့သောအကြောင်းအရာများသည်သတင်းတင်ဆက်ရန်အတွက်သာ မဟုတ်ဘဲ သတင်းတင်ဆက်ခြင်း အယူအဆများအတွက် အခြေခံစိန်ခေါ်မှုများကိုပါ ပြသသည်ဆိုသည့် အချက်ကို အတည်ပြုသတ်မှတ်နိုင်သင့်သည်။

## သင်ရိုး (၃) စာအုပ်များနှင့်ဆွေးနွေးပွဲလုပ်ဆောင်ချက်များ

### သတ္တမပတ် - ဖွံ့ဖြိုးမှုသတင်းအတတ်ပညာ


Xiaoge, X., 2010, "Development Journalism," in Wahl-Jorgensen, K. & Hanitzsch, T. (eds), The handbook of journalism studies, Routledge, NY., 357-70.

Banda, Fackson, 2007, "An Appraisal of the Applicability of Development Journalism in the Context of Public Service Broadcasting" Communicatio, 33:2, 154-70.

Powell, Libby, 2012, "Taking a closer look at development journalism," Journalism.co.uk, https://www. journalism.co.uk/news-features/-development-journalism/s5/a547436/

Guardian Development website http://www.theguardian.com/global-development Global Voices http://globalvoicesonline.org


**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်**

လူထုအဖွဲ့အစည်းတစ်ခုကိုရွေးချယ်ပြီး ၎င်း၏ အင်တာနက်စာမျက်နှာတွင် တင်ပြချက်များနှင့် မီဒီယာကို ခွဲခြမ်းစိတ်ဖြာပါ။ မည်သို့တိုးတက်လာနိုင်သနည်း။ ယင်းတို့တွင် စုစည်းထားသော ဝက်ဘ်ဆိုက်နှင့် လူမှုမီဒီယာစာမျက်နှာများ ရှိပါသလား။ သတင်းများသည်စိတ်ဝင်စားဖွယ်ကောင်းပါသလား။ ပြည်သူများပါဝင်နိုင်မည့်နည်းလမ်းများ ပေးထားပါသလား။ အခြားမှတ်သားစရာများရော ရှိပါသလား။

---

### အဋ္ဌမပတ် - လူ့အခွင့်အရေးဆိုင်ရာသတင်းအတတ်ပညာ


Shaw, Ibrahim., 2012, "Human Rights Journalism: A Critical Conceptual Framework" in Shaw, Ibrahim, Human Rights Journalism: Advances in Reporting Distant Humanitarian Interventions. Palgrave Macmillan, 25-43.

Rose, Thomas, 2013, "A Human Rights-Based Approach to Journalism: Ghana," The Journal of International Communication, 19:1, 85-106.

Allan, Stuart, Prasun Sonwalkar, and Cynthia Carter, 2007, "Bearing Witness: Citizen Journalism and Human Rights Issues," Globalisation, Societies and Education, 5: 3, 373-89.

### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

သတင်းအဖြစ်ရယူတင်ဆက်ခြင်းမပြုခဲ့သည့် နေရာများကို ရှာဖွေဖော်ထုတ်ပါ။ စိတ်ဝင်စားစရာကောင်းသော လူမှုသတင်းအကြောင်းအရာများကို ရွေးချယ်ပါ။ ထို့နောက် အဖွဲ့အစည်းထောက်ခံသောအုပ်စုများမှတစ်ဆင့် မျက်မှောက်မီဒီယာမှ ဖော်ပြလေ့မရှိသည့်သတင်းအကြောင်းအရာများကို ရှာဖွေဖော်ထုတ်၍ ၎င်းသတင်းများကို မည်သို့တင်ပြနိုင်မည်ကို နည်းလမ်းရှာပါ။

---

## နဝမပတ် - ငြိမ်းချမ်းရေးဆိုင်ရာသတင်းအတတ်ပညာ

Aslam, Rukhsana, 2011, Peace Journalism: A Paradigm Shift in Traditional Media Approach Pacific Journalism Review, 17:1, 119-139.

Fawcett, Liz, 2002, "Why Peace Journalism Isn't News" Journalism Studies, 3:2, 213-23

Hackett, Robert A., 2010, "Journalism for Peace and Justice: Towards a Comparative Analysis of Media

Paradigms." Studies in Social Justice 4:2, 179-198.

### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

နောက်ဆုံးစီမံချက်အတွက် (လေ့ကျင့်ခန်း ၃) ကို လုပ်ဆောင်ရန် ဖြစ်သည်။ စာသင်ခန်းအတွင်း ရှင်းလင်းတင်ပြခြင်းများနှင့် စီမံချက်နှင့်ပတ်သက်သည်များကို ဆွေးနွေးကြခြင်း။

## သင်ရိုး(၄) စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာဆိုင်ရာ နည်းလမ်းများနှင့် အလေ့အကျင့်များ

ဤသင်ရိုး၏ နောက်ဆုံးကဏ္ဍသည် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းပညာအတွက် နည်းလမ်းများ၊ အသုံးချရမည့်အရာများနှင့်အကြောင်းအရာများကို ဖော်ပြထားသည်။ စူးစမ်းလေ့လာပြီးသောကွဲပြားသောသီအိုရီပိုင်းဆိုင်ရာ စံနမူနာများက သမားရိုးကျမီဒီယာနှင့် ရပ်ရွာလူထု အခြေပြုမီဒီယာအကြောင်းအရာများတွင် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာရွေးချယ်အသုံးချနိုင်မည့်နည်းလမ်းများကို ဖော်ပြထားသည်။ နောက်ဆုံးသီတင်းပတ်တွင် ဓာတ်ပုံသတင်းအတတ်ပညာ၊ မှတ်တမ်း၊ ရပ်ရွာလူထုအခြေပြုရေဒီယိုနှင့် လူမှုမီဒီယာစသည့်အရင်းအမြစ်များအကြောင်း လက်တွေ့သင်ခန်းစာများနှင့် အတွေးအခေါ် အယူအဆကိုထောက်ခံသော သတင်းအတတ်ပညာကို လက်ကိုင်ထားသည့် သတင်းထောက်အတွက် အရင်းအမြစ်များတိုးပွားစေရန် မည်ကဲ့သို့ အထောက်အကူပြုသွားမည်ကိုဖော်ပြထားသည်။

ဤသင်ရိုးတွင် အလွတ်သတင်းသမားများ၏ကဏ္ဍကို ပို့ချရုံသာမက မီဒီယာကိုအသုံးမချနိုင်သည့် အခါ စီမံကိန်းများလုပ်ဆောင်ရန်အတွက် နည်းဗျူဟာအသစ်များကိုလည်း သင်ကြားပို့ချ မည်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် သမားရိုးကျသတင်းအတတ်ပညာအတွက် စီးပွားရေး ပုံစံများသည် ဖိအားပေးမှုများ ရင်ဆိုင်နေရချိန်တွင် ယင်းနည်းလမ်းများသည် အရေးပါလှသည်။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းပညာသည် သမားရိုးကျမီဒီယာအဖွဲ့အစည်းများ၏ တာဝန် ဝတ္တရားသာမကဘဲ လူ့အခွင့်အရေးအုပ်စုကဲ့သို့သော လူ့အဖွဲ့အစည်းများမှတစ်ဆင့် သတင်း ထောက်များကို အလုပ်ခန့်အပ်နေသည်ဟု ဂရေဆန် (Grayson, 2014) က ဖော်ပြထားသည်။ အလွတ်မှတ်တမ်းရိုက်ကူးသူများအနေဖြင့် လူမှုရေးရာကိစ္စရပ်များကို မီးမောင်းထိုးပြရာတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည်ဟု ချားလ်စ် (Charles) က ဖော်ပြထားပြန်သည်။

ဤသင်ရိုး၏အဓိကအကြောင်းအရာဖြစ်သည့် တစ်ဦးချင်းအမြင်များကို ထောက်ခံအားပေး သော သတင်းအတတ်ပညာသည် တစ်ဦးချင်းပြုလုပ်၍ရသည့်လုပ်ငန်းမဟုတ်သဖြင့် သတင်းထောက် တစ်ဦးချင်းစီထံမှ သီးသန့်သဘောထားများကိုလည်းရယူရန် လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် ယင်း သတင်းအတတ်ပညာသည် အစဉ်အမြဲလူတို့နှင့်ဆိုင်သောအကြောင်းအရာများအတွက် လုပ်ငန်းစဉ်တခုဟု ဆိုရမည်ဖြစ်သည်။ ဒေးဗစ်ဝှိုက်မန်း (David whiteman, 2004) က ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးလုပ်ငန်းစဉ် ၂ ခုစလုံး၏အစိတ်အပိုင်းအဖြစ် ထုတ်လုပ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် ဆုံးဖြတ်ချက်ချသူများအကြား ဆက်စပ်မှုတည်ဆောက်ခြင်းကို အလေး ပေးထားသည့် ညွှန့်ပေါင်းပုံစံမှတ်တမ်းရုပ်ရှင်ကို စိစစ်ပိုင်းခြားရာတွင် ဤအချက်ကို ထည့်သွင်း ဆွေးနွေးထားသည်။

နောက်ဆုံးတွင် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းပညာသည် အထူးအကြောင်းအရာများကို တင်ဆက်သည့် သို့မဟုတ် သတင်းဦးများကိုတင်ဆက်သည့်နည်းလမ်းများကို ထည့်သွင်းစဉ်းစား ခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းတင်ဆက်ခြင်းများအကြောင်းကို ပို့ချကြသည်။ ပတ်ဝန်းကျင် ဆိုင်ရာ သတင်းတင်ဆက်ခြင်းသည် အထူးလေ့လာတင်ဆက်မှုတစ်ရပ်ဖြစ်ပြီး သိပ္ပံနည်းကျ သက်သေအထောက်အထားများဖြင့် သတင်းတင်ဆက်မှုများသည်မျှတမှုရှိသောနည်းလမ်းအ တွက် အဟန့်အတားဖြစ်နေသည်။ ၎င်းသည် ယနေ့ခေတ်အတွက် အရေးကြီးသောအကြောင်း အရာတခုဖြစ်ရာ သင်တန်းတလျှောက်လုံးတွင်ပို့ချခဲ့သောအတွေးအခေါ်များကိုစုစည်းနိုင်ရန် အတွက် သင်တန်းပြီးဆုံးသည်အထိ သင်ယူရန်သင့်တော်သော အကြောင်းအရာခေါင်းစဉ်တစ်ခု ဖြစ်သည်။

ယခုနောက်ဆုံးသင်ရိုး၏အဆုံးတွင် ကျောင်းသားများသည်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်း အတတ်ပညာ စီမံကိန်းများကို စတင်လုပ်ဆောင်နိုင်စေရေးအတွက် နည်းဗျူဟာပေါင်းများစွာကို ဖော်ဆောင်ရန် အသုံးပြုနိုင်မည့်အရာများ၊ မီဒီယာ၊ နည်းလမ်းမျိုးစုံနှင့် အဆိုပါ သတင်းအတတ် ပညာအတွက် အခွင့်အလမ်းများနှင့်အကြောင်းအရာများကို ဖော်ထုတ်သတ်မှတ်နိုင်မည်ဖြစ်သည်။

## ဒသမပတ် - သတင်းစည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာအဖြစ် အသုံးပြုသော မှတ်တမ်းရုပ်ရှင်နှင့် ဓာတ်ပုံပညာ

Charles, M., 2013. News, Documentary and Advocacy Journalism. In: Fowler-Watt, K. and Allan, S., eds. Journalism: New Challenges. Poole, England: CJCR: Centre for Journalism & Communication Research, Bournemouth University, 384-392.

Grayson, Louise, 2014, The Role of Non-Government Organisations (NGOS) In Practising Editorial Photography in A Globalised Media Environment, Journalism Practice, 8:5, 632-645,

Whiteman, David, 2004, Out of the Theaters and Into the Streets: A Coalition Model of the Political Impact of Documentary Film and Video, Political Communication, 21:1, 51-69

Hedley, David, 2013, Social Moments in Solo Videojournalism, Digital Journalism, Vol. 1, No. 1, 2013, 64-81

### အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်

နောက်ဆုံး စီမံချက် (လေ့ကျင့်ခန်း၃) ကို လုပ်ဆောင်ကြရန်ဖြစ်သည်။ စာသင်ခန်းအတွင်း တင်ပြခြင်းများနှင့် စီမံချက်အကြောင်းအရာများကို ဆွေးနွေးကြရန်ဖြစ်သည်။

## ဧကာဒသမပတ် - ရပ်ရွာလူထုအခြေပြုရေဒီယိုနှင့်လူမှုမီဒီယာ

Manyozo, Linje , 2009, Mobilizing Rural and Community Radio in Africa, Ecquid Novi: African Journalism Studies, 30:1, 1-23

Meadows, Michael, 2013, Putting the citizen back into journalism, Journalism, 14:1 43-60

Flew, Terry & Wilson, Jason, 2010, "Journalism as social networking: The Australian youdecide project and the 2007 federal election," Journalism, 11:2, 131-147.

Renee Barnes, 2014, The "ecology of participation", Digital Journalism, 2:4, 542-557.

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်** - နောက်ဆုံးစီမံချက်အတွက် လုပ်ဆောင်ခြင်း

## ဒွါဒသမပတ် - ပတ်ဝန်းကျင်ဆိုင်ရာသတင်းတင်ဆက်ခြင်း

Howart, Anita, 2012, Participatory Politics, Environmental Journalism And Newspaper Campaigns, Journalism Studies, 13:2, 210-225,

Krøvel, Roy, 2012, Setting The Agenda On Environmental News In Norway, Journalism Studies, 13:2, 259-276

Jones, Nicola, 2012, 'Sexing up' environmental issues: Exploring media eco-ethics, advocacy and journalism in a South African context, Ecquid Novi: African Journalism Studies, 33:1, 26-43

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်** - နောက်ဆုံးစီမံချက်အတွက်လုပ်ဆောင်ခြင်း

## တေရသမပတ် - စီးပွားရေးစွမ်းဆောင်ရှင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ

Hunter, Andrea, 2014, Crowdfunding independent and freelance journalism: Negotiating journalistic norms of autonomy and objectivity, New Media & Society, published online before print.

Carvajal, Miguel García-Avilés, José A. & González, José L., 2012, Crowd-funding And Non-Profit Media, Journalism Practice, 6:5-6, 638-647.

Junnarkar, Sandeep, 2005, Redefining freelancing with entrepreneurial Web journalism, Online Journalism Review, http://www.ojr.org/051215 jun-narkar/#sthash.wcsE19yh.dpuf

Lives in focus Project. https://www.journalism.co.uk/news-features/journalism-co-uk-blogging-mini-series-the-journalist--s-weblog/s5/a51915/

Sandeep Junnarkar: Bringing Real Lives in Focushttp://www.abcdlady.com/2006-01/art1.php

BBC Interview about grassroots journalism. http://aids.livesinfocus.org/2005/05/30/bbc-interview-about-grassroots-journalism/

Two voices committed to journalism's calling. http://www.ojr.org/two-voices-committed-to-journalisms-calling/

**အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ချက်** - နောက်ဆုံးစီမံချက်အတွက် လုပ်ဆောင်ခြင်း

# လေ့ကျင့်ခန်းများ

## လေ့ကျင့်ခန်း ၁ - ပညာရပ်ဆိုင်ရာ စာတမ်းတိုရေးခြင်း

**ခေါင်းစဉ်** - စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ သတင်းအတတ်ပညာသည် အခြားနည်းဖြင့် အစားထိုးအသုံးချသည့် သတင်းအတတ်ပညာမဟုတ်ပါ။ သမားရိုးကျသတင်းအတတ်ပညာတန်ဖိုးများကို ဆန်းသစ်ပြောင်းလဲထားသောအလေ့အထများနှင့်ပေါင်းစပ်ဆောင်ရွက်ကာခေတ်ပြိုင်စံညွှန်းများအဖြစ် တဖြည်းဖြည်းပြောင်းလဲလာသည့်ပုံစံဖြစ်သည်။ ပညာရှင်များရေးသားထားသည့် စာပေများ ကိုးကားခြင်းနှင့် သတင်းအတတ်ပညာအလေ့အကျင့်များ၏ နမူနာများကို ထည့်သွင်းဆွေးနွေးခြင်းဖြစ်သည်။

နယ်ပယ်တူမှ ပညာရှင်များသုံးသပ်ထားသည့်ဆောင်းပါးများနှင့် ခေတ်ပေါ်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းပညာ၏နမူနာများကိုလေ့လာပြီး စာလုံးရေ ၂၀၀၀ ရှိ ပညာရပ်ဆိုင်ရာစာတမ်းတိုကို ရေးရမည်။ ကိုးကားစာရင်းကို Harvard in-text ပုံစံနှင့် ပြုစုရမည်။

နောက်ဆုံးရမှတ် ၁၀၀ တွင် ၃၀% ရမည်ဖြစ်သည်။

### အကဲဖြတ်စံညွှန်း

စာတမ်းတိုတွင်အောက်ပါစွမ်းရည်များကိုထုတ်ဖော်ပြသရမည်။

- သတင်းအတတ်ပညာသမိုင်းနှင့် သတင်းအတတ်ပညာအမျိုးအစားများကို ဆွေးနွေးရာ၌ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ၏နေရာကို အကဲဖြတ်ရမည်။
- ဆီလျော်သည့်ပညာရပ်ဆိုင်ရာ လုပ်ရိုးလုပ်စဉ်များကိုအသုံးပြုကာ ရှင်းလင်းသော ချေပချက်များ ထည့်သွင်းရေးသားရမည်
- ပညာရပ်ပိုင်းဆိုင်ရာစာရွက်စာတမ်းများနှင့်ခေတ်ပေါ်သတင်းပည ာဆိုင်ရာကျမ်းကိုးများ၊ နှစ်မျိုးလုံးအသုံးပြုကာ သုတေသနသတင်းအတတ်ပညာစနစ်ကိုကျင့်သုံးရမည်

**လုပ်ငန်းတာဝန်ပြီးမြောက်ရန်** - ၆ပတ်အကုန်

## လေ့ကျင့်ခန်း ၂ - အတန်းတွင်းပြုလုပ်ရန်လေ့ကျင့်ခန်းများ

ရက်သတ္တပတ် ၂ ပတ်မှ ၈ ပတ်အတွင်း ပြုလုပ်သောအလုပ်ရုံဆွေးနွေးပွဲတိုင်းတွင် သတင်းအတတ်ပညာလေ့ကျင့်ခန်းတိုများ သတ်မှတ်ပြုလုပ်ရမည်။ ကျောင်းသားများသည် လေ့ကျင့်ခန်းများမှ ၃ ခုရွေးကာ အကဲဖြတ်စစ်ဆေးမှုအတွက် လေ့ကျင့်ခန်းတာဝန်များအဖြစ် ပြီးအောင်လုပ်ရမည်။

အဆိုပါလေ့ကျင့်ခန်းများသည် သုတေသနပြုလုပ်ခြင်း၊ စဉ်းစားတွေးခေါ်ခြင်းနှင့် စာလုံးရေ ၃၀၀၀-၅၀၀၀ အတွင်း အရေးလေ့ကျင့်ခန်းများဖြစ်ကြသည်။ လေ့ကျင့်ခန်းများကို ပုံစံမျိုးစုံဖြင့် ကျေနပ်ဖွယ်ရာ တင်ပြရမည်။ ကျောင်းသားများသည် အထောက်အထားစုံလင်စွာ ကိုးကားရေးပြီး ၎င်းကိုးကားစာရင်းများကိုလည်း စနစ်တကျဖော်ပြရမည်။ သို့သော် လေ့ကျင့်ခန်းပြီးမြောက်စေရန် တွေ့ဆုံမေးမြန်းဆောင်ရွက်ရမည်မဟုတ်ပါ။

ပညာရှင်အဆင့် ရေးသားသည့်ပုံစံမျိုးနှင့် ပြုစုရမည်ဖြစ်သော်လည်း အချို့သော အပိုင်းများတွင် သင့်လျော်သည့်ခေါင်းစဉ်၊ အဓိကအချက်များကို ထင်ရှားစေရန်ပြုခြင်း၊ မိတ်ဆက်တင်ပြခြင်းများ ပြုလုပ်နိုင်သည်။ အခြားသောနေရာများတွင်မူ သမားရိုးကျသတင်းအတတ်ပညာပုံစံကို သုံးနိုင်သည်။

မိမိတို့အကြောင်းများကို ထည့်သွင်းရေးသားရာတွင် ကျောင်းသားများသည် အောက်ဖော်ပြပါ အကဲဖြတ်သည့်စံညွှန်းများပါဝင်သည့်လုပ်ဆောင်ချက်များ ဆောင်ရွက်ထားပြီးဖြစ်ရမည်။

နောက်ဆုံးရမှတ် ၁၀၀ တွင် ၃၀% ရမည်ဖြစ်သည်။

**အကဲဖြတ်စံညွှန်း -**

လေ့ကျင့်ခန်းများသည် ကျောင်းသား၏စွမ်းရည်ကို အောက်ပါအတိုင်းဖော်ပြနိုင်ရမည်။

- ပြဿနာများကို ရှုထောင့်စုံမှ သုတေသနပြုထားရမည်
- သတင်းပညာဆိုင်ရာ စီမံချက်များအတွက် မဟာဗျူဟာတည်ဆောက်ပြီး ဖြစ်ရမည်။ ပရိတ်သတ်နှင့် အပြန်အလှန်ချိတ်ဆက်နိုင်ရန် ထိရောက်သောမဟာဗျူဟာ တည်ဆောက်ရမည်

**လုပ်ငန်းတာဝန်ပြီးမြောက်ရန်** - ၉ ပတ်အကုန်

## လေ့ကျင့်ခန်း ၃ - စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသတင်းအတတ်ပညာ

စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာသည် လက်ရှိဖြစ်ပေါ်နေသည့်လူမှုပြဿနာများကို လေ့လာကာ တိကျသည့်အချက်များ တင်ပြသည့်ပညာရပ်ဖြစ်သည်။ ဤသတင်းအတတ်ပညာသည် သုတေသနပြုလုပ်ပြီး ပြန်လည်သုံးသပ်မှတ်ချက်ပေးသည့်စနစ်ဖြစ်သဖြင့် သတင်းအတတ်ပညာကို မည်မျှအထိ လိုက်နာနိုင်သနည်းဟူသောပြဿနာကို ဖြေရှင်းရာရောက်သည်။ ပြန်လည်သုံးသပ်မှတ်ချက်ပေးသည့်အခါ မိမိရည်ရွယ်သည့်ပရိတ်သတ်အတွက် ဦးတည်ရမည်ဖြစ်ပြီး မည်သည့်မီဒီယာကို ဆိုလိုသည်ကို ဖော်ပြရန်လိုသည်။

ဤစီမံချက်သည် သတင်းတစ်ပုဒ်တည်း သို့မဟုတ် သက်ဆိုင်ရာသတင်းများကိုအတွဲလိုက် ဖော်ပြရမည်ဖြစ်သည်။ မီဒီယာများ တွဲဖက်အသုံးပြုရမည့်သတင်း သို့မဟုတ် ဆောင်းပါးဖြစ်နိုင်သည်။

စာသားချည်းဖြစ်ပါက စာလုံးရေ ၁၅၀၀ ရှိရမည်။ မာလ်တီမီဒီယာအပိုင်းများသည် ၅ မိနစ်စာကြာမြင့်ရမည်။ ကျောင်းသားများသည် စာသားနှင့် မာလ်တီမီဒီယာပေါင်းစပ် တင်ပြနိုင်သည်။ ကြာမြင့်သည့်အချိန်နှင့်ပေါင်းစပ်အသုံးပြုမှုပုံစံကို မိမိလက်ထောက်ဆရာနှင့်ဆွေးနွေးနိုင်သည်။

ရေးသားသည့်အကြောင်းအရာများသည် လူမှုပြဿနာများကိုဖြေရှင်းနိုင်ပြီး လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိရမည်။

သတင်းအတတ်ပညာစီမံချက်အရ စာလုံးရေ ၅၀၀ ပါသော ပြန်လည်သုံးသပ်ချက်ကို တင်ပြရမည်ဖြစ်ပြီးဤ စီမံချက်တွင်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ သတင်းအတတ်ပညာ၏ထုံးတမ်းကို လိုက်နာရန်လိုအပ်သည်။ ထုတ်လုပ်သည့်အပိုင်းတွင် မည်သို့ဆုံးဖြတ်ချက်ဆောင်ရွက်သည်ကိုပါ ရေးသားချက်တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

သတင်းအတတ်ပညာတွင် တိုက်ရိုက်ထိခိုက်ခံစားရသည့် လူ့အဖွဲ့အစည်းများမှ မူရင်းတွေ့ဆုံဆွေးနွေးမှုအနည်းဆုံး ၃ ခု ပါဝင်ရမည်။

နောက်ဆုံးရမှတ် ၁၀၀ တွင် ၄၀% ရမည်ဖြစ်သည်။

### အကဲဖြတ်စံညွှန်း-

သတင်းအတတ်ပညာစီမံချက်တွင် ကျောင်းသားမှ အောက်ပါအရည်အသွေးများကို ထုတ်ဖော်ပြရမည်။

> သင့်လျော်သည့်စံနှုန်းများကိုလိုက်နာကာ ပညာရှင်အဆင့်ရေးသားထုတ်လုပ်နိုင်သည့် သတင်းအတတ်ပညာစွမ်းရည်ကို ဖော်ထုတ်ပြသခြင်း

- ► တိကျသည့်အချက်များ ထုတ်ဖော်ရေးသားသည့် သတင်းအတတ်ပညာ၏ သဘောတူ စာချုပ်ပါအချက်များကို လိုက်နာကာ ကိုယ်တိုင်ဝေဖန်အကဲဖြတ်သုံးသပ်ခြင်း
- ► ပရိတ်သတ်နှင့်အချိတ်အဆက်ရှိသော ပြောင်မြောက်သည့်သတင်းတစ်ပုဒ်ရေးသားနိုင်စွမ်း ရှိခြင်း
- ► တွေ့ဆုံမေးမြန်းခန်းမှရရှိသော မူရင်းအချက်များနှင့် အခြားစာအုပ်စာတမ်းများမှ ရရှိသည့် တစ်ဆင့်ခံအချက်များကိုထိရောက်စွာပေါင်းစပ်ပြီးမိမိရေးသား သည့်သတင်းတွင် ဖော်ပြရေးသားခြင်း

**လုပ်ငန်းတာဝန်ပြီးမြောက်ရန်** - တေရသမပတ်အကုန်

**လိုအပ်သည့်ပစ္စည်းကိရိယာများ နှင့် ရင်းမြစ်များ**

ကျောင်းသားများ အွန်လိုင်းပေါ်ရှိ အကြောင်းအရာများကို ရှာဖွေဖတ်ရှုရန်နှင့် သုတေသနလုပ်ရန် လိုင်းကောင်းသော အင်တာနက်ချိတ်ဆက်ထားရန် လိုအပ်သည်။ သင်ခန်းစာ ၃ ကို မာလ်တီမီဒီယာ အနေဖြင့် တင်ပြလိုသူများသည် ဆီလျော်သည့် ရုပ်သံဆိုင်ရာပစ္စည်းများနှင့် ဆော့ဖ်ဝဲလ် လိုသည်။

**နောက်ဆက်တွဲရည်ညွှန်းစာအုပ်များနှင့် ဖတ်ရန်စာအုပ်များစာရင်း**

Atton, C. 2009. Why alternative journalism matters, Journalism, 10(3), pp. 283-5.

Bartzen Culver, K. 2014. Advocacy and Infrastructure, Journalism Practice, 8(2), pp. 137-48.

Borden, L. 2014. Communitarian journalism and the common good: Lessons from the Catholic Worker, Journalism, 15(3), pp. 273-88.

Bosch, T. 2014. Social Media and Community Radio Journalism in South Africa, Digital Journalism, 2(1), pp. 29-43.

Boyle, M.P. and Schmierbach, M. 2009. Media Use and Protest: The Role of Mainstream and Alternative Media Use in Predicting Traditional and Protest Participation, Communication Quarterly, 57(1), pp. 1-17.

Campbell, V. 2014. Theorizing Citizenship in Citizen Journalism, Digital Journalism, pp. 1-16.

Clark, L.S. 2013. Cultivating the media activist: How critical media literacy and critical service learning can reform journalism education, Journalism, 14(7), pp. 885-903.

Downing, J.D. Social Movement Media in the Process of Constructive Social Change, in Karin Gwinn Wilkins, Thomas Tufte, and Rafael Obregon (eds.), The Handbook of Development Communication and Social Change, John Wiley, NY, pp. 329-50.

Ekdale, B. 2014. "I Wish They Knew that We are Doing This for Them", Journalism Practice, 8(2), pp. 181-96.

Figueroa, M.E., Kincaid, D.L., Rani, M. and Lewis, G. 2002. Communication for social change: an integrated model for measuring the process and its outcomes, Communication for Social Change Working Paper Series, Rockefeller Foundation.

Hanitzsch, T.. 2007. Deconstructing Journalism Culture: Toward a Universal Theory, Communication Theory, 17(4), pp. 367-85.

Hanitzsch, T., Hanusch, F. and Lauerer, C. 2014. Setting the Agenda, Influencing Public Opinion, and Advocating for Social Change, Journalism Studies, pp. 1-20.

Hanusch, F. 2014. A Different Breed Altogether? Journalism Studies, pp. 1-18.

Hatcher, J.and Haavik, E. 2014. "We Write with Our Hearts", Journalism Practice, 8(2), pp. 149-63.

Hayes, A.S., Singer, J.B. and Ceppos, J. 2007, Shifting Roles, Enduring Values: The Credible Journalist in a Digital Age, Journal of Mass Media Ethics, 22(4), pp. 262-79.

Haynes, J. 2007. Documentary as Social Justice Activism: The Textual and Political Strategies of Robert Greenwald and Brave New Films, 49th Parallel, 21, pp. 1-16.

Hess, K. and Waller, L. 2014. Geo-Social Journalism, Journalism Practice, 8(2), pp. 121-36.

Holliman, R. 2011. Advocacy in the tail: Exploring the implications of 'climategate' for science journalism and public debate in the digital age, Journalism, 12(7), pp. 832-46.

Kempf, W. 2007. Peace journalism: A tightrope walk between advocacy journalism and constructive conflict coverage, Conflict & communication online, 6(2), pp. 1-9.

Lewis, S.C., Kaufhold, K. and Lasorsa, D.L. 2010. Thinking About Citizen Journalism, Journalism Practice, 4(2), pp. 163-79.

Lim, M. 2013. Framing Bouazizi: 'White lies', hybrid network, and collective/

connective action in the 2010-11 Tunisian uprising, Journalism, 14(7), pp. 921-41.

Lowrey, W., Brozana, A. and Mackay, J.B. 2008. Toward a Measure of Community Journalism, Mass Communication and Society, 11(3), pp. 275-99.

Lynch, J. and McGoldrick, A. 2013. Responses to peace journalism, Journalism, 14(8), pp. 1041-58.

McNair,B. 2010. Journalism and Democracy, in Wahl-Jorgensen, K. & Hanitzsch, T. (eds.). The handbook of journalism studies, Routledge, NY.

Morton, L. 2014. Evaluating the effects of epistemic location in advocatory literary journalism, Journalism, online pre-print publication.

Napoli, P. 2007. "Public Interest Media Activism and Advocacy as a Social Movement: A Review of the Literature." McGannon Center Working Paper Series. Paper 21. http://fordham.bepress.com/ mcgannon_ working_ papers/21

Obregon, R., 2014. Emerging Issues in Strategic Communication for Development and Social Change, in Karin Gwinn Wilkins, Thomas Tufte, and Rafael Obregon (eds.), The Handbook of Development Communication and Social Change, John Wiley, NY, pp. 321-27.

Russell, A. 2013. Innovation in hybrid spaces: 2011 UN Climate Summit and the expanding journalism landscape, Journalism, 14(7), pp. 904-20.

Russell, A. 2013. Introduction to special issue: Practicing media activism, shaping networked journalism, Journalism, 14(7), pp. 849-51.

Sen, S.2014. Journalism as Resistance: Contextualizing Media Culture in the Gaza Strip, Asian Politics and Policy, 6(3).

Servaes, J. 2007. Communication for development and social change, SAGE Publications India,

Servaes, J. 2009. Communication policies, good governance and development journalism, Communicatio, 35(1), pp. 50-80.

Servaes, J. and Malikhao, P. 2012. Advocacy communication for peacebuilding, Development in Practice, 22(2), pp. 229-43.

Shi, Y. 2005. Identity Construction of the Chinese Diaspora, Ethnic Media Use, Community Formation, and the Possibility of Social Activism, Continuum, 19(1), pp. 55-72.

Singh, S. 2011. Peace journalism. Media objectivity and Western news values in fragile Pacific island states: Reflections from Pacific island jounalists,

Journal of Pacific Studies, 31(2), pp. 259-75.

Skjerdal, T.S. 2011. Development journalism revived: The case of Ethiopia, Ecquid Novi: African Journalism Studies, 32(2), pp. 58-74.

Statham, P. 2007. Journalists as Commentators on European Politics: Educators, Partisans or Ideologues? European Journal of Communication, 22(4), pp. 461-77.

Steiner, L. and Okrusch, C.M. 2006. Care As a Virtue for Journalists, Journal of Mass Media Ethics, 21(2-3), pp. 102-22.

Thomas, P. 2006. The Communication Rights in the Information Society (CRIS) Campaign: Applying Social Movement Theories to an Analysis of Global Media Reform, International Communication Gazette, 68(4), pp. 291-312.

Thomas, P.N. 2014. Development Communication and Social Change in Historical Context, The Handbook of Development Communication and Social Change, pp. 5-19.

Tufte, T. 2014. Emerging Issues in Activism and Social Change Communication, in The Handbook of Development Communication and Social Change, John Wiley.

Usher, N. 2009. Recovery From Disaster, Journalism Practice, 3(2), pp. 216-32.

Waisbord, S. 2005. Five key ideas: coincidences and challenges in development communication, Media and glocal change. Rethinking communication for development, pp. 77-90.

Waisbord, S. 2009. Bridging the Divide between the Press and Civic Society: Civic Media Advocacy as Media Movement in Latin America, Nordicom review: Nordic research on media& communication, 30(30), pp. 105-16.

Waisbord, S. 2011. Can NGOs Change the News? International Journal of Communication, 5, p. 24.

Waisbord, S. 2014. The Strategic Politics of Participatory Communication, The Handbook of Development Communication and Social Change, p. 147.

Waisbord, S. and Peruzzotti, E. 2009. The environmental story that wasn't: advocacy, journalism and the asambleismo movement in Argentina, Media, Culture & Society, 31(5), pp. 691-709.

Wall, M. and el Zahed, S. 2014. Syrian Citizen Journalism, Digital Journalism, pp. 1-17.

Wilkins, K.G. 2012. Advocacy Communication, in Karin Gwinn Wilkins, Thomas Tufte, and Rafael Obregon (eds.), The Handbook of Development

Communication and Social Change, John Wiley, NY, pp. 57-71.

Wilkins, K.G. 2014. Emerging issues in Communicating Development and Social Change, in Karin Gwinn Wilkins, Thomas Tufte, and Rafael Obregon (eds.), The Handbook of Development Communication and Social Change, John Wiley, NY, p. 138.

Xin, X. 2010. The Impact Of "Citizen Journalism" On Chinese Media And Society, Journalism Practice, 4(3), pp. 333-44.

# နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက် သတင်းရေးသားပေးပို့ခြင်း

မာကပ်စ်အိုဒေါ်နယ်၊ ဂျူလီပိုဆက်တီ နှင့် လောရာကမ်ဒန် (Marcus O'Donnell, Julie Posetti and Laura Camden)

ဤသင်ရိုးမာတိကာသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက် သတင်းရေးသားတင်ပြခြင်းနှင့် ပတ်သက်သည့်စီမံချက်များပြုလုပ်ခြင်းကို ကျောင်းသားများအား မိတ်ဆက်ပေးပြီး နိုင်ငံတကာရှိသတင်းအတတ်ပညာ သင်ကြားသောကျောင်းများကို ပူးပေါင်းပါဝင်စေသည့်သင်ကြားနည်းပုံစံကို ရေးဆွဲထားသည်။

## ဘာသာရပ်အဆင့်

မာလ်တီမီဒီယာနှင့် သတင်းရေးအတွေ့အကြုံရှိသည့် သတင်းမီဒီယာဘာသာအထူးပြု နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသားများအတွက် ရည်ရွယ်ပါသည်။

## ဘာသာရပ်အကြောင်းရှင်းလင်းဖော်ပြခြင်း

ဤသင်ရိုးသည် ကျောင်းသားများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသတင်းတင်ပြခြင်းနှင့် ပတ်သက်သည့် စီမံချက်များပြုလုပ်ခြင်းကို မိတ်ဆက်ပေးပြီး နိုင်ငံတကာရှိ သတင်းအတတ်ပညာသင်ကြားသောကျောင်းများကို သင်ကြားရေးတွင်ပူးပေါင်းသည့်ပုံစံ ရေးဆွဲထားသည်။ သင်တန်းသားသည် နိုင်ငံတကာမှအုပ်စုများနှင့်အတူ ကွဲပြားသောလူနေမှုဘဝများ၊ ရင်ဆိုင်နေရသောပြဿနာများနှင့် သက်ဆိုင်ရာမြို့ကြီးများ၏ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာများကို စူးစမ်းလေ့လာကာ မာလ်တီမီဒီယာသုံး သတင်းရေးသားတင်ပြသည့် စီမံချက်တွင် လက်တွဲလုပ်ဆောင်ရမည် ဖြစ်သည်။ ဤသင်ရိုးကြောင့် သင်တန်းသားသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်၍ ထုတ်ဝေသည့်စီမံချက်တွင် အထောက်အကူဖြစ်မည့် အွန်လိုင်းစနစ်အမျိုးမျိုး အသုံးပြုသည့်စွမ်းရည် တိုးတက်လာမည်။

## ဘာသာရပ်သင်ယူရခြင်း၏ ရည်ရွယ်ချက်

သင်တန်းအောင်မြင်စွာပြီးဆုံးပါက ကျောင်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- အွန်လိုင်းစာစောင်များထုတ်ဝေရေး သို့မဟုတ် သတင်းစာထုတ်ဝေရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာမှလုပ်ဖော်ကိုင်ဖက်များနှင့်ပူးပေါင်းကာ ကျွမ်းကျင်ထိရောက်စွာ တည်းဖြတ်ခြင်း၊ ထုတ်ဝေခြင်းများကို ဆောင်ရွက်ခြင်း။
- လက်ရှိလူ့အသိုက်အဝန်းတွင် ဖြစ်ပေါ်နေသော ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာဖြစ်ရပ်များနှင့် ပြဿနာအမျိုးမျိုးကို သိရှိခွင့်ရရှိပြီး ၎င်းတို့ကိုဖော်ထုတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းများ ပြုလုပ်ခွင့်ရခြင်း။
- မတူညီသောယဉ်ကျေးမှုများကို အခြေခံကာ ဇာတ်ကြောင်းဖြစ်ရပ်တင်ပြသောနည်းများကို အသုံးပြု၍ ဇာတ်လမ်းတည်ဆောက်ခြင်း၊ ပိုမိုနက်နဲစွာတင်ပြနိုင်ရေးအတွက် နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- ရွေးချယ်ထားသောဇာတ်ကြောင်းဖြစ်ရပ်ကို ရှုထောင့်ပေါင်းစုံမှတင်ပြရာတွင် တင်ပြပုံအထူးကောင်းမွန်ကာ၊ အများပါဝင်ဖန်တီးထားသော လက်ရာအဖြစ်သင့်လျော်သော မာလ်တီမီဒီယာပုံစံအမျိုးမျိုးကို အသုံးပြု၍ ရှုထောင့်စုံမှဖော်ထုတ်ခြင်း။
- အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ပြီး ပူးတွဲအစီရင်ခံရသော လုပ်ငန်းစဉ်များအတွက် အွန်လိုင်းမှဆွေးနွေးတိုင်ပင်ခြင်းကို ထိရောက်စွာဆောင်ရွက်ပြီး ပြန်လည်သုံးသပ်တင်ပြ

သော စီမံကိန်းစီမံခန့်ခွဲသော လုပ်ငန်းစဉ်များကို ထိရောက်စွာဖော်ထုတ်အသုံးပြုခြင်း တို့ဖြစ်သည်။

---

**သင်ကြားမှုချဉ်းကပ်ပုံ သို့မဟုတ် နည်းလမ်း**

ဤသင်ရိုးညွှန်းတမ်းကို ဩစတြေးလျနိုင်ငံရှိ ဝေါလင်ဂေါင်း (Wollongong) တက္ကသိုလ်၊ ဆွီဒင်နိုင်ငံရှိ အူမဲယ (Umea) တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံရှိ မြောက်အရီဇိုးနား (Northern Arizona) တက္ကသိုလ်တို့မှ အကြိမ်ပေါင်းများစွာ ပူးပေါင်းဆောင်ရွက်ပြီး ရေးဆွဲခဲ့သည်။

ဝေါလင်ဂေါင်း (Wollongong) တက္ကသိုလ်မှ သတင်းအတတ်ပညာကျောင်းသားများနှင့် အူမဲယ (Umea) တက္ကသိုလ်မှ သတင်းမီဒီယာကျောင်းသားများသည် ဖေ့စ်ဘုတ်ကို ထည့်သွင်းအသုံးပြု၍ သင်ကြားခြင်းပုံစံကြောင့် တက္ကသိုလ်များအကြား အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါအတွေ့အကြုံများကို ပိုမိုကောင်းမွန်အောင်ပြုပြင်ပြီး ဤသင်ရိုးညွှန်းတမ်းကို ရေးဆွဲကြခြင်းဖြစ်သည်။ အဆိုပါသင်ကြားသည့်နည်းကို သတင်းအတတ်ပညာအား အဓိကဘာသာအဖြစ်သင်ယူနေသော အတန်းကြီးသမားများမှ စီမံချက်ဖြင့်သင်ယူရသောပုံစံမျိုးရေးဆွဲထားသည်။ ပုံစံမျိုးစုံရောထားသည့်ပတ်ဝန်းကျင်၌ သင်ယူခွင့်ရမည်ဖြစ်သည်။ ကျောင်းသားများက အွန်လိုင်းတွင် နိုင်ငံတကာမှ နှစ်နေရာ၊ သုံးနေရာစုပေါင်း၍ သတင်းရေးသားတင်ဆက်သည့်ပုံစံမျိုး လုပ်နိုင်အောင်စီစဉ်ပေးထားသည်။ တက္ကသိုလ်တစ်ခုချင်းစီမှ မိမိတို့စီမံခန့်ခွဲသည့် အွန်လိုင်းဘာသာရပ်ဝက်ဘ်ဆိုက်တစ်ခုချင်းစီကို ရွေးချယ်နိုင်သော်လည်း၊ အဓိကစုပေါင်းလုပ်ဆောင်သည့်လုပ်ငန်းများကိုဖေ့စ်ဘုတ်အဖွဲ့များနှင့်အခြားသောစုပေါင်းလုပ်ဆောင်ရသည့်ဂူဂယ်ဒေ့ါစ် (Google Docs) သို့မဟုတ် စကိုက်ပ် (Skype) တို့မှတစ်ဆင့် ဆောင်ရွက်ကြရမည်။ အောက်ဖော်ပြပါ အပတ်စဉ်လုပ်ဆောင်ရမည့် အကြမ်းဖျင်းဖော်ပြချက်များသည် အချို့သောရက်သတ္တပတ်များတွင် သတ်မှတ်နေရာဒေသများ၌ ကျောင်းဝင်းအတွင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရခြင်းနှင့် အချို့သော ရက်သတ္တပတ်များသည် နိုင်ငံတကာမှအဖွဲ့များနှင့် အွန်လိုင်းမှပူးပေါင်းဆောင်ရွက်ရသည်များကို တစ်လှည့်စီလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အွန်လိုင်းမှ ပူးပေါင်းလုပ်ဆောင်ရမည့်အပိုင်းများအတွက် အကဲဖြတ်စဉ်တွင်လုပ်ဆောင်ရမည့်တာဝန်များ၌ အသေးစိတ်ဖော်ပြထားသည်။

မိတ်ဆက်အတန်းများသည် စီမံချက်၏ သီအိုရီသဘောတရားပိုင်းဆိုင်ရာကို အခြေကျအောင်ပြုလုပ်ပြီး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့်ကျင့်ဝတ်များကို ချမှတ်စေသည်။ နောက်ဆုံးနှစ်ကျောင်းသားများသည် စီမံချက်များပြီးအောင် ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲရာတွင် ပိုမိုတာဝန်ယူရမည်ဖြစ်သည်။ ဤနည်းဖြင့် မိတ်ဆက်အတန်းများတွင် လိုအပ်ချက်များကို တိတိကျကျဆောင်ရွက်ပြီး ပထမပတ်တွင် သင်ရိုးချောမောစွာလည်ပတ်နိုင်ရေးအတွက် ကြိုးကြပ်ရမည်။

ပထမအပတ်တွင်နေရာ ဒေသအသီးသီးမှ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး၊ ဖေ့စ်ဘုတ်အဖွဲ့ဝင် အဖြစ် ဖိတ်ခိုင်းသည်။

ကျောင်းသားများအတွက် ပထမဆုံးတာဝန်မှာချဉ်းကပ်မည့်နည်းလမ်း၊ ခေါင်းစဉ်နှင့် ပူးပေါင်း ဆောင်ရွက်မည့် လမ်းညွှန်ချက်များကို စတင်ဆွေးနွေးရန်ဖြစ်သည်။ ထို့နောက် ဝက်ဘ်ဆိုက် ဖန်တီးခြင်း၊ ဝက်ဘ်ဆိုက်တွင်တင်မည့်အဖွဲ့ဝင်တိုင်း၏ ကိုယ်ရေးအချက်များကို ထုတ်လုပ်ခြင်း အပါအဝင် အဆိုပြုချက်များအား ပြီးအောင်ရေးရမည်ဖြစ်သည်။

နိုင်ငံတကာမှ အကြောင်းအရာများကိုဆွေးနွေးစဉ် နိုင်ငံတကာ၏ရှုထောင့်အမြင်များကို ကျောင်း သားများအား မိတ်ဆက်ပေးမည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံချက်စီမံခန့်ခွဲခြင်း နည်းပညာများကို ကျောင်းသားများသင်ယူခွင့်ရရန် ခေတ်ပြိုင်သတင်းအတတ်ပညာ၏ အဓိက ရှုထောင့်၃ခုကို သင်ရိုးတွင် အထူးအလေးပေးရေးဆွဲထားသည်။ နေရာဒေသတစ်ခုချင်းစီတွင် အတန်းတွင်း ဆွေးနွေးပွဲများနှင့်အတူ စာဖတ်ခြင်းများပြုလုပ်၍ အဓိကအချက် ၃ ချက်ကို အလေးထား၍သင်ရိုးကို မိတ်ဆက်မည်။

- သတင်းအတတ်ပညာကို ကမ္ဘာအနှံ့ အကျုံးဝင်စေခြင်း
- ပူးပေါင်းဆောင်ရွက်သည့်နည်းကိုသုံး၍ သတင်းရေးသားအစီရင်ခံခြင်း
- လူမှုမီဒီယာ သတင်းအစီရင်ခံရေးသားခြင်းတို့ဖြစ်သည်။

နိုင်ငံတကာပတ်ဝန်းကျင်တွင် ဆောင်ရွက်လုပ်ကိုင်ခြင်းအကြောင်းကို သုံးသပ်ခြင်းအားဖြင့် နိုင်ငံတကာ သတင်းအစီရင်ခံသည့်အခါ ပြည်တွင်းအကြောင်းအရာပုံစံနှင့် ကိုက်ညီအောင် မည်သို့သတင်းရေးသား တင်ဆက်မည်ကို စဉ်းစားရန် နှိုးဆော်ပေးရာရောက်သည်။

နိုင်ငံတကာအမြင်ယူ၍ ကမ္ဘာ့အမြင်အဖြစ် ပြည်တွင်းသတင်း အစီရင်ခံခြင်းတွင် မည်သို့မိတ်ဆက် ပေးမည်နည်း။ နည်းပြတန်းတွင် ပဉ္စမပတ်နှင့် တေရသမပတ်၌ အဆိုပါပြဿနာများကို သုံးသပ်ပြ ရမည်ဖြစ်သည်။

သင်ရိုး၏အနှစ်သာရဖြစ်သော လေ့ကျင့်ခန်းများကို အသေးစိတ်ရှင်းလင်းပြီးနောက် အပတ်စဉ် ဆောင်ရွက်ရမည့်အစီအစဉ်ကို အောက်တွင်အသေးစိတ်ဖော်ပြထားသည်။

## အပတ်စဉ်ဆောင်ရွက်ချက်အနှစ်ချုပ်

| အပတ်စဉ်/နေ့စွဲ | ခေါင်းစဉ်နှင့်လုပ်ငန်းတာဝန်များ | လုပ်ငန်းတာဝန်ပြီးမြောက်ရန် |
|---|---|---|
| ပထမပတ် ကျောင်းပရဝုဏ် အတွင်း အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်း | **မိတ်ဆက်ခြင်းအပိုင်း ၁။ နိုင်ငံတကာနှင့်ပူးပေါင်းသတင်းရေးသားတင်ပြခြင်း**<br>Heinrich, A., 2008, "Network journalism: Moving towards a global journalism culture," RIPE conference, Mainz, October, pp.9-11. Available: http:// ripeat.org/2010/network-journalism-movingtowards-a-global-journalism-culture/<br>Marchionni, D.M., 2013, Journalism-as-a-Conversation: A Concept Explication, Communication Theory, 23(2), pp. 131-47.<br>Bacon, W., 2011, Investigative Journalism in the Academy-Possibilities for Storytelling across Time and Space, Pacific Journalism Review, 17(1), p. 45. | နိုင်ငံတကာမှ အဖွဲ့များ သတ်မှတ်ရေးနှင့်ချဉ်းကပ်မည့် နည်းလမ်းကို စတင်ပူးပေါင်း ဆွေးနွေးခြင်း |
| ဒုတိယပတ် ကျောင်းပရဝုဏ် အတွင်း အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်း | **မိတ်ဆက်ခြင်းအပိုင်း ၂။ ပူးပေါင်းသတင်းရေးသားတင်ပြခြင်းအတွက် လူမှုမီဒီယာ အသုံးပြုခြင်း**<br>Hermida, A., 2012, (Tweets And Truth: Journalism as a discipline of collaborative verification, Journalism Practice), 6(5-6), pp. 659-68.<br>Hermida, A., Lewis, S.C. & Zamith, R., 2014, | |

| | | |
|---|---|---|
| | Sourcing the Arab Spring: A Case Study of Andy<br><br>Carvin's Sources on Twitter During the Tunisian and Egyptian Revolutions, Journal of Computer- Mediated Communication, 19(3), pp. 479-99.<br><br>Broersma, M. & Graham, T., 2013, Twitter As A News Source, Journalism Practice, 7(4), pp. 446-64.<br><br>Posetti, J. 2013. "The 'twitterisation' of investigative journalism" in Tanner, S.J. and Richardson, N. (eds.), Journalism Research and Investigation in a Digital World, Oxford University Press, pp. 88-100. | ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ရေးဆွဲခြင်းအတွက် အတန်းတွင်း ဆွေးနွေးမှု |
| တတိယပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း | နိုင်ငံတကာ ဖေ့စ်ဘုတ်အဖွဲ့များ ဖွဲ့စည်းရန်နှင့် သတင်းတင်ပြမည့်ပုံစံကို စတင်ဆွေးနွေးရန်။ သတ်မှတ်ထားသည့် အွန်လိုင်းအုပ်စုများအလိုက် လုပ်ဆောင်ရန်။ | |
| စတုတ္ထပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း | အဖွဲ့တစ်ဖွဲ့ချင်းစီမှ ပူးပေါင်းလုပ်ဆောင်မည့် အဓိကနည်းလမ်း၊ ပုံမှန်ဆက်သွယ်မည့်ပုံစံသတ်မှတ်ရန်နှင့် အုပ်စုလိုက်ဆောင်ရွက်ရမည့် တာဝန်များကိုခွဲဝေရန်တို့ ပါဝင်သည့် လမ်းညွှန်တစ်စုံကို စတင်ရေးဆွဲရန်။ အုပ်စုလိုက်အဆိုပြုချက်တင်သွင်းခြင်းကို တစ်စိတ်တစ်ပိုင်းအဖြစ် အချောသတ်ရန်။<br>ကျောင်းပရဝုဏ်အတွင်း အတန်းများမရှိပါ။ | အုပ်စုအတွက် ဝက်ဘ်ဆိုက်ရေးခြင်းနှင့်ပါဝင်သူများ၏ ကိုယ်ရေးအကြောင်းများ တင်ပြခြင်း အဆင့် ၁ |

| | | |
|---|---|---|
| ပဉ္စမပတ် ကျောင်းပရဝုဏ် အတွင်း အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း | ကျောင်းပရဝုဏ်တွင်း ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ။ အဖွဲ့လိုက် အဆိုပြုချက်များတင်ပြခြင်း။ ဆွေးနွေးခြင်းနှင့် မိမိအကြံဉာဏ်များ ကို မီဒီယာသို့မိတ်ဆက်ရန် အကြောင်းကြားခြင်း- ၁။ အောက်ဖော်ပြပါ လမ်းညွှန်ချက် များကို ကြည့်ပါ။ | အဆိုပြုချက်ရေးခြင်းနှင့် အချောသပ်တင်ပြခြင်း |
| ဆဋ္ဌမပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက် ခြင်း | အွန်လိုင်းသတင်း ရေးသားတင်ပြခြင်း အတွက် ပံ့ပိုးပေးမည့် အခြားသော နည်းပညာများနှင့် ဖေ့စ်ဘုတ် အုပ်စုမှ တစ်ဆင့် အွန်လိုင်းပေါ်တွင် ပူးပေါင်း ဆောင်ရွက်ခြင်း။ ကျောင်းပရဝုဏ် အတွင်း အတန်းများ မရှိပါ။ | |
| | စာသင်နှစ်ဝက်ခေတ္တနားခြင်း။ အွန်လိုင်းပေါ်တွင် (ပူးပေါင်း ဆောင်ရွက်ခြင်းကို ဆက်လက် ဆောင်ရွက်ရန်) | |
| သတ္တမပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက် ခြင်း | ပူးပေါင်းသတင်းရေးသားခြင်းကို ဆက်လက်ဆောင်ရွက်ရန်နှင့် အွန်လိုင်းထုတ်လုပ်ခြင်း အဆင့် ၂ ကို ဆက်လက်ဆောင်ရွက် ရန်။ ကျောင်းပရဝုဏ်အတွင်း အတန်း များ မရှိပါ။ | |
| အဋ္ဌမပတ် ကျောင်းပရဝုဏ် အတွင်း အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း | ကျောင်းပရဝုဏ်အတွင်း သတင်း ရေးသားထုတ်လုပ်ခြင်းနှင့် တင်ပြခြင်း များ အဆင့် ၂ | အဆင့် ၂ ။ ဝက်ဘ်ဆိုက်မှ တိုက်ရိုက်ထုတ်လွှင့်ရန် |

| | | |
|---|---|---|
| နဝမပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း | ပူးပေါင်းသတင်းရေးသားတင်ပြခြင်းနှင့် အွန်လိုင်းပေါ်တွင် ထုတ်လုပ်ခြင်း အဆင့် ၃ ကို ဆက်လက်ဆောင်ရွက်ရန်။ ကျောင်းပရဝုဏ်အတွင်း အတန်းများ မရှိပါ။ | ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ရေးဆွဲခြင်းအတွက် အတန်းတွင်း ဆွေးနွေးမှု |
| ဒသမပတ် ကျောင်းပရဝုဏ်အတွင်း အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း။ | ကျောင်းပရဝုဏ်အတွင်း ထုတ်လုပ်ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | |
| ဧကာဒသမပတ် အွန်လိုင်းပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း | ပူးပေါင်းသတင်းရေးသားတင်ပြခြင်းနှင့် အွန်လိုင်းပေါ်တွင် ထုတ်လုပ်ခြင်း အဆင့် ၃ ကို ဆက်လက်ဆောင်ရွက်ရန်။ ကျောင်းပရဝုဏ်အတွင်း အတန်းများ မရှိပါ။ | အဆင့် ၃ ဝက်ဘ်ဆိုက်မှ တိုက်ရိုက် ထုတ်လွှင့်ရန် |
| ဒွါဒသမပတ် ကျောင်းပရဝုဏ်အတွင်း အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း။ | ကျောင်းပရဝုဏ်အတွင်း ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ။<br>ဆွေးနွေးခြင်းနှင့် မိမိအကြံဉာဏ်များကို မီဒီယာသို့ မိတ်ဆက်ရန် အကြောင်းကြားခြင်း-၂<br>အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို ကြည့်ပါ။ | ပူးပေါင်း၍ ပြန်လည်သုံးသပ်သည့် လေ့ကျင့်ခန်း |

## ဆွေးနွေးခြင်းနှင့် မိမိအကြံဉာဏ်များကို မီဒီယာသို့ မိတ်ဆက်ရန် အကြောင်းကြားခြင်း (ပဥ္စမပတ်နှင့် တေရသမပတ်)

နိုင်ငံတကာကျောင်းသားများနှင့် ပူးပေါင်းဆောင်ရွက်၍ စီမံချက်များပြုလုပ်ရေးကို အဓိကထားသော်လည်း အဆင့်ပေါင်းစုံ၌ သတင်းအစီရင်ခံရာတွင် ကျောင်းသားများအနေဖြင့် နိုင်ငံတကာအမြင်ကိုထည့်သွင်းစဉ်းစား၍ စိတ်ကူးခြင်း၊ ငြင်းခုံခြင်းများ ပြုလုပ်နိုင်ရန်လည်း ရည်ရွယ်သည်။

ပဥ္စမပတ်မြောက်တွင် မိမိတို့၏အဆိုပြုလွှာများကို စတင်တင်ပြစဉ်မှာပင် ကျောင်းသားများသည်

အောက်ဖော်ပြပါမေးခွန်းများကိုဆွေးနွေးပြီး နိုင်ငံတကာသတင်းအစီရင်ခံရေးသားခြင်းနှင့် ပတ်သက်ပြီး သုံးသပ်ရန် ဖိတ်ခေါ်ခြင်းခံရမည်ဖြစ်သည်။

- ► နိုင်ငံတကာမှကျောင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအကြောင်းအရာများနှင့်ပတ်သက်ပြီး မည်သည့်သင်ခန်းစာရသနည်း။
- ► ကျောင်းသားများသည် အဆိုပါရှုထောင့်အမြင်များကို ပြည်တွင်းရှိဒေသခံများ သိရှိခွင့်ရသဖြင့် မည်သို့သောအကျိုးကျေးဇူးများရမည်နည်း။
- ► ကျောင်းသားများသည် လက်ရှိထုတ်လွှင့်နေသောပြည်တွင်းသတင်းများတွင် နိုင်ငံတကာ၏ အမြင်ပါဝင်မှုကြောင့် အကျိုးကျေးဇူးရရှိနိုင်သည့်သတင်းကို စဉ်းစားထုတ်ဖော်နိုင်ပါသလား။
- ► နိုင်ငံတကာသတင်းအစီရင်ခံရေးသားထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး ပြည်တွင်းသတင်းတည်းဖြတ်သူများကို မည်သို့မိတ်ဆက်ပေးမည်နည်း။

နောက်ဆုံးအပတ်တွင် စီမံချက်မှရရှိသောအဖြေများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောင်းသားများ၏အတွေ့အကြုံနှင့်ပတ်သက်ပြီးသုံးသပ်ရာ၌ ကျောင်းသားများကို မိမိတို့၏နေ့စဉ် သတင်းစာဆရာဘဝတွင် နိုင်ငံတကာ၏အမြင် သို့မဟုတ် ရှုထောင့်ကိုထည့်သွင်းစဉ်းစားနိုင်ရေး အားပေးရန်အတွက် ဤမေးခွန်းများကို ထပ်မံမေးပြီး ပြန်လည်သုံးသပ်ခိုင်းမည်။

## အကဲဖြတ်စဉ်အတွက် လုပ်ဆောင်ရမည့်တာဝန်များ။

---

### အကဲဖြတ်စဉ် ၁ - **အုပ်စုအလိုက် အဆိုပြုချက်တင်သွင်းရန်နှင့် အွန်လိုင်းတွင် မိမိတို့အကြောင်းတင်ရန်**

ကျောင်းသားများသည် ဖေ့စ်ဘုတ်အဖွဲ့ဖွဲ့ပြီး၊ တက္ကသိုလ်နယ်မြေများအားလုံးနှင့်ပူးပေါင်းကာ မိမိတင်ပြလိုသောခေါင်းစဉ်ရှာရမည်။ မာလ်တီမီဒီယာဝက်ဘ်ဆိုက်တင်ရန် သက်ဆိုင်ရာမြို့ကြီးအသီးသီးရှိလူနေမှုဘဝများ၊ ပြဿနာများနှင့်ယဉ်ကျေးမှုများကို လေ့လာပြီး မိမိတင်ပြလိုသောအကြောင်းအရာကို ဖန်တီးထုတ်လုပ်ရမည်။ အုပ်စုတစ်စုစီသည်ယဉ်ကျေးမှုအသီးသီးမှ တူညီချက်များနှင့် ကွဲပြားချက်များကိုလေ့လာပြီးနောက် မိမိတို့အဓိကတင်ပြမည့်အကြောင်းအရာကို ဆုံးဖြတ်ရမည်။ ကျောင်းသားများသည် စကိုက်ပ် (Skype)၊ ဂူဂယ်ဒော့စ် (Google Docs) နှင့် အွန်လိုင်း (online) မှ စာပို့သောစနစ်ကိုထည့်သွင်းအသုံးပြုပြီး၊ မိမိအုပ်စု တိုးတက်စေရန်နှင့် ကိုယ်ပိုင်အဆက်အသွယ်များရရှိရန် ပြုလုပ်သင့်သည်။

အုပ်စုတစ်စုစီသည် မိမိတို့ပြုလုပ်မည့် ခေါင်းစဉ်ကိုဆုံးဖြတ်ပြီးသောအခါ ကျောင်းသားများသည်

ဝက်ဘ်ဆိုက်ကိုဖန်တီးရမည်။ ကျောင်းသားတစ်ယောက်ချင်းစီသည် မိမိအုပ်စုထဲရှိ နိုင်ငံတကာမှ ကျောင်းသားတစ်ယောက်ကိုတွေ့ဆုံမေးမြန်းပြီး သတင်းထောက်တစ်ဦးအကြောင်းကို စာလုံးရေ ၅၀၀ ရေးသားထုတ်ဝေရမည်။ အဆိုပါနေရာရှိ ကျောင်းသားများသည် မိမိတို့တစ်ယောက်ချင်းစီ၏အကြောင်းနှင့်ဆက်စပ်သည့် ဓါတ်ပုံများကိုထည့်ပေးရမည်။ သတင်းထောက်များ၏အကြောင်းကိုတင်ပြရာတွင် အုပ်စုလိုက်စီမံချက် ဖွဲ့စည်းပုံနှင့်သတ်မှတ်ပုံစံတို့ကိုက်ညီပြီး အွန်လိုင်းပေါ်တွင် တင်ထားရမည်။ အုပ်စုအလိုက် မိမိတင်ပြလိုသောရည်ရွယ်ချက်နှင့်အရည်အသွေးများလည်း ပေါ်လွင်စေရမည်။

အုပ်စုတစ်စုစီသည် မိမိတို့စီမံချက်အတွက် Wordpress.com ဝက်ဘ်ဆိုက်ကိုသုံးပြီး အွန်လိုင်းတင်ရမည်။ သို့သော် အခြားပုံစံကို ရွေးလိုကလည်း ရွေးနိုင်သည်။

အုပ်စုတစ်စုစီသည် စီမံချက်အတွက် စာလုံးရေ ၁၅၀၀ ပါသော အဆိုပြုလွှာကို အောက်ပါအချက်များ ပါဝင်အောင် ရေးပြီးတင်ရမည်။

- မိမိတို့တင်ပြရန် ရွေးချယ်ထားသောခေါင်းစဉ်၏ အဓိကအကြောင်းအရာကို ဖော်ပြခြင်း။
- မိမိတို့ရွေးချယ်ထားသောအကြောင်းအရာသည်အရေးပါကြောင်း၊ သက်ဆိုင်မှုရှိကြောင်း ရှင်းလင်းပြခြင်း။
- ဇာတ်ကြောင်းဆိုင်ရာအချက်များကို အတွဲလိုက်ဖော်ပြခြင်း။
- အဆင့်နှစ်ဆင့်ရှိဝက်ဘ်ဆိုက်တွင် ထုတ်လုပ်တင်ပြမှုအတွက် ထုတ်လုပ်မည့်အစီအစဉ်အသေးစိတ်နှင့် ပူးပေါင်းဆောင်ရွက်မည့်လမ်းညွှန်ချက်များအပါအဝင် ပူးပေါင်းဆောင်ရွက်မည့် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်တစ်စုံကို ပြင်ဆင်ခြင်း။
- ဝက်ဘ်ဆိုက်ကို ပိုမိုလူသိများအောင်လုပ်ရန်နှင့် ပရိသတ်နှင့်အချိတ်အဆက်ရှိစေရန် လူမှုမီဒီယာနည်းဗျူဟာကို ထည့်သွင်းတင်ပြခြင်းတို့ ဖြစ်ကြသည်။

ထို့အပြင် ကျောင်းသားတစ်ယောက်ချင်းစီသည် မာလ်တီမီဒီယာဇာတ်ကြောင်း ၃ ခုအတွက် မိမိတစ်ဦးချင်းစီ၏ထုတ်လုပ်မည့်အစီအစဉ်၊ ဇာတ်လမ်းအစီအစဉ်နှင့် တွဲဖက်သုံးမည့်နည်းဗျူဟာကို စာလုံးရေ ၉၀၀ ဖြင့်ရေးသားတင်ပြရမည်။

မိမိတစ်ဦးချင်းစီ၏ လူမှုမီဒီယာမဟာဗျူဟာကို တည်ဆောက်သည့်အနေဖြင့် ကျောင်းသားတစ်ဦးချင်းစီသည် တွစ်တာဖိဒ် (twitter feed) များကို စုဆောင်းရမည်။ ၎င်းတို့ကိုအသုံးပြုပြီး သတင်းအတတ်ပညာ၏ပြဿနာများကိုဆွေးနွေးရန်နှင့်အခြားတွစ်တာသုံးသူများ၏အမြင်နှင့် အကြံဉာဏ်များရယူကာ မိမိတင်ပြလိုသောအကြောင်းအရာများကိုဖြန့်ဝေနိုင်ရန်အတွက် အောက်ပါအချက်များ ပါဝင်ရမည်။

က) သက်ဆိုင်ရာလူပုဂ္ဂိုလ်ကို တွစ်တာတွင် ဆက်သွယ်ရမည်။
ခ) အပြန်အလှန်စကားပြောဆိုဆက်သွယ်ရမည် သို့မဟုတ် ဆက်သွယ်မှုစတင်ရမည်။

ဂ) ဇာတ်ကြောင်းနှင့်ပတ်သက်သောအကြောင်းအရာများနှင့် အကြံဉာဏ်ကို အွန်လိုင်းသုံးစွဲသူများထံမှ တောင်းခံရမည်။

ဃ) Tweet ၄၀ ကို အွန်လိုင်းတင်ပြီး ၂၀ ကို အကဲဖြတ်ရန်အတွက် တင်ပြရမည်။

အမှတ် ၁၀၀ ထဲမှ စုစုပေါင်းရမှတ်၏ ၃၀% အမှတ်ပေးမည်။

ကျောင်းသားများသည် အွန်လိုင်းတွင် မိမိအုပ်စုပါဝင်မှု၊ တင်ပြချက်နှင့် အဆိုပြုချက်တင်သွင်းမှုအတွက် ၇၀% အမှတ်ပေးမည်။ တစ်ဦးချင်းစီ ဇာတ်ကြောင်းအဆိုပြုချက်နှင့် ဆိုရှယ်မီဒီယာ မဟာဗျူဟာ/တွစ်တာမှ ရရှိသောသတင်းအချက်အလက်များအတွက် ၃၀% အမှတ်ပေးမည်။

**အကဲဖြတ်စံညွှန်း-**

ကျောင်းသားများသည် အုပ်စုလိုက်ဆောင်ရွက်မှုများတွင် အောက်ဖော်ပြပါတို့ကို ဖော်ထုတ်ပြနိုင်ရမည်။

- အွန်လိုင်းမာလ်တီမီဒီယာစီမံချက်တစ်ခုအတွက် မိမိတို့ပါဝင်ပတ်သက်သော တိကျသည့် အကြောင်းအရာခေါင်းစဉ်ရှာရမည်။
- စီမံချက်အား မည်သို့ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် ထိရောက်သောစီမံခန့်ခွဲရေး အစီအစဉ်များကို ရေးဆွဲရမည်။
- အွန်လိုင်းစီမံချက်အတွက် အပြန်အလှန်ဆက်သွယ်နိုင်သောဝက်ဘ်ဆိုက်ကို အွန်လိုင်းတွင် ဖန်တီးရမည်။
- ရွေးချယ်ထားသည့်ခေါင်းစဉ် သို့မဟုတ် အကြောင်းအရာကိုလေ့လာပြီး သင့်လျော်သော မာလ်တီမီဒီယာပုံစံများဖြင့်သတင်းဇာတ်ကြောင်းများကို သေချာစွာရွေးချယ်ပြီးမှ ဇာတ်လမ်းတွဲများအဖြစ် တင်ဆက်ရမည်။

**သတ်မှတ်ထားသည့်ရက်** - မိမိအုပ်စုတွင်ပါဝင်သူများကိုနောက်ဆုံးအတည်ပြုပြီး ပဉ္စမပတ်မြောက်တွင် အုပ်စုလိုက်တင်ပြရမည်။ ပဉ္စမပတ်အကုန်တွင် ကိုယ်ပိုင်အဆိုပြုချက်များ တင်ပြရမည်။

---

## အကဲဖြတ်စဉ် ၂ - **အဖွဲ့လိုက်မာလ်တီမီဒီယာဝက်ဘ်ဆိုက်အတွက် ထုတ်လုပ်ခြင်း။**

ဖော်ပြချက် - အုပ်စုတစ်စုချင်းသည် မြို့ကြီးအသီးသီးရှိ လူနေမှုဘဝ၊ ပြဿနာများနှင့် ယဉ်ကျေးမှုများကို စေ့စပ်သေချာစွာဖော်ထုတ်ပြီး မိမိတင်ပြလိုသောအကြောင်းအရာကို တစ်ဆင့်ချင်းတင်ပြရမည်။

ဝက်ဘ်ဆိုက်ကို အဆင့် ၃ ဆင့်ဖြင့် တိုက်ရိုက်ထုတ်လွှင့်မည်။

ပထမအဆင့်တွင် ဝက်ဘ်ဆိုက်အကြောင်းနှင့် ပါဝင်သူများသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြပေးရမည်။

ဒုတိယအဆင့်တွင် ဖြစ်ရပ်ဇာတ်ကြောင်းများကို ပထမအကြိမ် တင်ပြမည်။

တတိယအဆင့်တွင် ဖြစ်ရပ်ဇာတ်ကြောင်းများကို ဒုတိယအကြိမ် တင်ပြရမည်။

ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလကုန်ဆုံးသောအခါ ဝက်ဘ်ဆိုက်တိုင်းတွင် အဓိက မာလ်တီမီဒီယာအကြောင်းအရာများဖြစ်သည့် ဆန်းသစ်ဖန်တီးနိုင်သောစာသားကို အခြေခံပြီး ဝက်ဆိုက်တွင် အသစ်တက်လာသောအကြောင်းအရာများ၊ သတင်းများ၊ ဆိုရှယ်မီဒီယာအကြောင်းရာများ၊ အရုပ်၊ အသံ၊ ဓါတ်ပုံစုစည်းမှုများနှင့် အသံစလိုက်ရှိုး (slide show) ရောနှောတင်ပြမှုများ ပါဝင်သည့် ဆောင်းပါး ၁၅ ပုဒ်မှ ၁၈ ပုဒ် အထိ ပါဝင်နိုင်သည်။ ဖြစ်ရပ်များသည် ဒေသခံနယ်မြေကို အခြေခံရမည်ဖြစ်ပြီး ဒေသခံအဖွဲ့ဝင်များက ထုတ်လုပ်ရမည်ဖြစ်သည်။ အခြားသောဇာတ်ကြောင်းများမှာ နေရာပေါင်းစုံကိုအခြေခံရမည်ဖြစ်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ထုတ်လုပ်မည်ဖြစ်သည်။

ဝက်ဘ်ဆိုက်သည် တွစ်တာနှင့်အခြားသောမီဒီယာလိုင်းများကိုအသုံးပြုသည့် ရှင်းလင်းစွာဖော်ပြထားသော ဆိုရှယ်မီဒီယာများပါရှိရမည်။ အသစ်တက်လာသောအကြောင်းအရာများနှင့် လင့်ခ်များသည် ဝက်ဘ်ဆိုက်၏တစ်စိတ်တစ်ပိုင်းအဖြစ် ထင်ထင်ရှားရှားမြင်နိုင်ရမည်။ ၎င်းသည် စီမံချက်ကို တိုင်းတာနိုင်သောအစိတ်အပိုင်းလည်းဖြစ်ရမည်။ ဝက်ဘ်ဆိုက်ကို ပူးပေါင်းဖန်တီးရမည်ဖြစ်ပြီး အွန်လိုင်းတွင် ပါဝင်သူများသည် သင်တန်းကာလတလျှောက်လုံးတွင် မိမိတို့၏လုပ်ငန်းများကို ပိုမိုတိုးတက်စေရန် တစ်ဦးချင်းစီ၏တွစ်တာမှရသောသတင်းအချက်အလက်များနှင့် ချိတ်ဆက်ထားရမည်ဖြစ်သည်။

အမှတ် ၁၀၀ ထဲမှ စုစုပေါင်းရမှတ်၏ ၅၀% အမှတ်ပေးမည်။

ကျောင်းသားများသည် မိမိတို့၏ဝက်ဘ်ဆိုက်၏ထိရောက်မှုအတွက်၇၀%နှင့် တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုအတွက် ဆိုရှယ်မီဒီယာမှအသစ်လာသည့်အကြောင်းအရာများအတွက် ၃၀% ရရှိမည်။

**အကဲဖြတ်စံညွှန်း -**

ကျောင်းသားများသည် အုပ်စုလိုက်ဆောင်ရွက်မှုများတွင် အောက်ပါတို့ကိုဖော်ထုတ်ပြနိုင်ရမည်။

- ► မိမိလုပ်လိုသော သုတေသနလုပ်ငန်းကို ဖော်ထုတ်ပြီး ကောင်းစွာရွေးထားသောဖြစ်ရပ်များ သင့်လျော်သည့် မာလ်တီမီဒီယာများဖြင့် မိမိရွေးချယ်ထားသောအကြောင်းအရာ သို့မဟုတ် ခေါင်းစဉ်ကို ပေါ်လွင်အောင် ဖော်ထုတ်နိုင်ရမည်။
  မိမိ၏ထုတ်လုပ်မှုကိုသော်လည်းကောင်း အခြားသူများ၏ ထုတ်လုပ်တင်ပြမှုကိုလည်းကောင်း

တည်းဖြတ်ပြီး ပုံစံမျိုးစုံနှင့် ထုတ်ဝေရေးအတွက် သတ်မှတ်ရက်မီအောင် ဆောင်ရွက်နိုင်ရမည်။ ယဉ်ကျေးမှုမျိုးစုံနှင့် နေရာဒေသများကိုလေ့လာရန် အုပ်စုလိုက်သွားရောက်ရမည်။

**သတ်မှတ်ထားသည့်ရက်** - လေ့ကျင့်ခန်း အမှတ် ၁ ပြီးသည့်အနေဖြင့် ပထမအဆင့်ကို တင်ရမည်။

ဒုတိယအဆင့်ကို အဌမပတ်တွင် အတန်းထဲတွင် တင်ပြရမည်။ ထိုအဌမပတ်ကုန်တွင် တိုက်ရိုက် ထုတ်လွှင့်ရမည်။

တတိယအဆင့်ကို ဧကာဒသမပတ်ကုန်တွင် တိုက်ရိုက်ထုတ်လွှင့်ရမည်ဖြစ်သည်။

---

## အကဲဖြတ်စဉ် ၃ - **ပူးပေါင်း၍ပြန်လည်သုံးသပ်ခြင်း**

ကျောင်းသားများသည် မိမိတို့၏နိုင်ငံတကာမှ အတန်းဖော်နှစ်ဦးတို့ရရှိလာသော အတွေ့အကြုံများနှင့် သုတေသနလုပ်ငန်းများ အစီရင်ခံစာရေးခြင်းနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းရမည်။ ထို့နောက်ရရှိ လာသောထိုးထွင်းသိမြင်မှုများကို မိမိတို့၏ကိုယ်ပိုင် အတွေးအခေါ်များနှင့်ပေါင်းစပ်ကာ စာလုံးရေ ၁၂၀၀ ရှိသည့် သုံးသပ်ချက် စာတမ်းတိုရေးရမည်။

အမှတ် ၁၀၀ ထဲမှ - စုစုပေါင်းအမှတ်၏ ၂၀% အမှတ်ပေးမည်။

**အကဲဖြတ်စံညွှန်း -**

ကျောင်းသားသည် အောက်ဖော်ပြပါတို့ကို ဖော်ထုတ်ပြနိုင်ရမည်။

- ကိုယ်တိုင်ရေးသားချက်ကို မိမိကိုယ်တိုင်ဝေဖန်စိစစ်နိုင်ခြင်း။
- အတန်းဖော်များ၏ ပြန်ပြောင်းတွေးတောသည့်ဖြစ်စဉ်တွင် မိမိ၏ပါဝင်ပတ်သက်မှုရှိခြင်းနှင့် ကောက်နှုတ်ချက်များ ထုတ်ယူနိုင်ခြင်း။
- မတူညီသောယဉ်ကျေးမှုအမျိုးမျိုးကို စိစစ်ဝေဖန်သောနည်းဖြင့် ချဉ်းကပ်နိုင်ခြင်းတို့ ဖြစ်သည်။

**သတ်မှတ်ထားသည့်ရက်** - ဒွါဒသမပတ်

**တစ်ပတ်တွင် လေ့လာရမည့်နာရီပေါင်း။**

၁၂-ပတ်ကျော်တွင် တစ်ပတ်ကို ၈ နာရီလေ့လာသင်ယူရမည်။ ကျောင်းပရဝုဏ်အတွင်း ဆွေးနွေးပွဲသည် ၃ နာရီကြာမြင့်မည်။ တစ်ပတ်ခြားတွင် ကျောင်းသားများသည် ၁ မှ ၂

နာရီကြာစုပေါင်းဆောင်ရွက်ရန် ရှိသည်။ ကြိုတင်ပြင်ဆင်မှုနှင့် သုတေသနလုပ်ငန်းအတွက် တစ်ဦးချင်းစီပါဝင်လုပ်ဆောင်ရန် တစ်ပတ်လျှင် နောက်ထပ် ၃ နာရီ လိုအပ်မည်။

### လိုအပ်ချက်သည့်ပစ္စည်းကိရိယာ

ကျောင်းသားများသည် မြန်နှုန်းမြင့်အင်တာနက်ချိတ်ဆက်မှုနှင့် ဆိုရှယ်မီဒီယာပူးတွဲဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို လိုအပ်သည်။

- ဖေ့စ်ဘွတ်ခ် (Facebook)
- ဂူဂယ်အက်ပ်စ် (Google apps)
- အီးမေးလ် (Email)
- စကိုက်ပ် (Skype)
- ဘလော့ဂ်လုပ်ရန် ဆော့ဖ်ဝဲလ် (Wordpress blogging software) နှင့်
- တွစ်တာ (Twitter) တို့ဖြစ်သည်။

မာလ်တီမီဒီယာအစိတ်အပိုင်းများအနေဖြင့် ကင်မရာပါသောစမတ်ဖုန်း၊ အရုပ်နှင့် အသံဖမ်းစက် သို့မဟုတ် အသံနှင့် အရုပ်များအတွက် သီးသန့်ပစ္စည်းကိရိယာများ လိုအပ်သည်။ သုတေသန လုပ်ငန်း သို့မဟုတ် စီမံချက် ပြီးမြောက်ရန် သင့်လျော်သောတည်းဖြတ်သည့် ဆော့ဖ်ဝဲလ်များလည်း လိုအပ်မည်။

## မှီငြမ်းကိုးကားရန် - မာလ်တီမီဒီယာနှင့် လူမှုမီဒီယာ သတင်းရေးသားတင်ပြခြင်း နည်းများ


The New Media ToolKit. This curated collection of online tools, tutorials and resources from Renaissance

Journalism, a project of San Francisco State University's Journalism Department http://newmediatoolkit.org

Journalists' Toolkit: A training site for multimedia and online journalists from Mindy McAdams. http://www.jtoolkit.com/wp/

Social Media Resources for Journalists a series of how-to guides by Mandy Jenkins, Open newsroom editor for Storyful, http://zombiejournalism.com/resources/

Julie Possetti's Rules of Engagement for Journalists on Twitter, PBS MediaShift, http://www.pbs.org/ mediashift/2009/06/rules-of-engagement-for-journalists-on-twitter170/

## ဆက်လက်ဖတ်ရှုရမည့်စာအုပ်များ


Boa-Ventura, A. and Rodrigues, I. 2010. Making news with digital stories: digital storytelling as a forma of citizen journalism--case Studies analysis in the US, UK and Portugal, Revista Prisma (7).

Broersma, M. and Graham, T. 2013. Twitter As A News Source, Journalism Practice, 7(4), pp. 446-64.

Hatcher, J. and Haavik, E. 2014. "We Write with Our Hearts", Journalism Practice, 8(2), pp. 149-63.

Hermida, A. 2012. "Social Journalism: Exploring How Social Media is Shaping Journalism" in Eugenia Siapera and Andreas Veglis (eds) The Handbook of Global Online Journalism, John Wiley & Sons, 309-328. Hess, K. and Waller, L. 2014. Geo-Social Journalism, Journalism Practice, 8(2), pp. 121-36.

Holcomb, J., Gottfried, J., and Mitchell, A., 2014. "News Use Across Social Media Platforms" Pew Research Journalism Project, http://www.journalism.org/2013/11/14/news-use-across-social-mediaplatforms/

Lewis, S.C, Avery E.H., and Coddington, M. 2014. "Reciprocal Journalism." Journalism Practice, 8:2, 229-241.

Rao, S. 2011. Glocal media ethics, The Handbook of Global Communication and Media Ethics, Volume I, Volume II, pp. 154-70.

Rodny-Gumede, Y. 2013. The local in the global: Challenges of teaching global journalism, Ecquid Novi: African Journalism Studies, 34(2), pp. 128-41.

# ၄ နောက်ဆက်တွဲများ

## နောက်ဆက်တွဲ - ၁
## ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အသုံးဝင်သော အခြေခံမှတ်တမ်းမှတ်ရာများ


Zero draft of the outcome document for the UN Summit to adopt the Post2015 Development Agenda: https://sustainabledevelopment.un.org/content/documents/7261Post-2015%20Summit%20-%202%20June%202015.pdf.

- United Nations A/RES/66/288: Resolution adopted by the General Assembly on 27 July 2012 [without reference to a Main Committee (A/66/L.56)]: The future we want: http://www.un.org/ga/search/view_doc.asp?symbol=A/ RES/66/288& Lang=E.
- United Nations Department of Economic and Social Affairs: Sustainable Development Knowledge Platform. Open Working Group proposal for Sustainable Development Goals: https://sustainabledevelopment.un.org/focussdgs.html.
- UN Technical Support Team (TST) ISSUES BRIEFS - A compendium of issues briefs prepared by the United Nations inter-agency technical support team for the United Nations General Assembly Open Working Group on Sustainable Development Goals: https://sustainabledevelopment.un.org/content/ documents/ 1554TST_compendium_issues_briefs_rev1610.pdf.
- The road to dignity by 2030: ending poverty, transforming all lives and protecting the planet: Synthesis report of the Secretary-General on the post-2015 sustainable development agenda: http://www.un.org/ga/search/view_doc. asp?symbol=A/69/700&referer=/english/&Lang=E.
- Technical report by the Bureau of the United Nations Statistical Commission (UNSC) on the process of the development of an indicator framework for the goals and targets of the post-2015 development agenda (Working draft): https://sustainabledevelopment.un.org/content/documents/6754 Technical%20 report% 20of%20the%20UNSC%20Bureau%20(final).pdf.
- Indicators and a Monitoring Framework for the Sustainable Development Goals Launching a data revolution for the SDGs: A report by the Leadership Council of the Sustainable Development Solutions Network: http://unsdsn.org/wp-content/uploads/2015/03/150320-SDSN-Indicator-Report.pdf.

- A New Global Partnership: Eradicate Poverty and Transform Economies through Sustainable Development: The Report of the High-Level Panel of Eminent Persons on the Post-2015 Development Agenda: http://www.un.org/sg/management/pdf/HLP_P2015_Report.pdf.

## နောက်ဆက်တွဲ - ၂

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် မီဒီယာဆိုင်ရာကိစ္စရပ်များကို စည်းရုံးလှုံ့ဆော်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ဆန်ခါတင်စာရင်း

- Global Forum for Media Development (GFMD), with links to its members who have specific post-2015 development agenda campaign activities: http://gfmd.info/.
- CIVICUS: http://civicus.org/index.php/en/
- Sustainable Development Solutions Network: https://www.sdsnedu.org/home
- Advance Family Planning, Bill & Melinda Gates Foundation for Population and Reproductive Health, Johns Hopkins Bloomberg School of Public Health(https://drive.google.com/file/d/0BzocWXSMyEwHMVFvMU9HNFdHak0/view)
- Save the Children (https://drive.google.com/file/d/0B1GAs2aA_AjDLXg1WjhHYjFnZ28/view)
- International Federation of Library Associations and Institutions (http://www.ifla.org/files/assets/hq/topics/libraries-development/documents/librariespost-2015-development-agenda.pdf)
- Center for Economic & Social Rights/Christian Aid (http://cesr.org/downloads/CA_CESR_indicators_UNstats.pdf)
- Plan International (https://drive.google.com/file/ d/0BzjjbGqEnI5yL WxjcWVOd19WdFk/view)
- Global Campaign #Culture2015Goal (http://www.culture2015goal.net/images/yootheme/culture2015/def/Indicators_ENG.pd).
- Saferworld (http://www.saferworld.org.uk/resources/view-resource/891measuring-peace-from-2015-an-indicator-framework-at-work)

# ၅ ပါဝင်ရေးသားသူများ

## သင်ရိုးစာအုပ်ရေးသူများစာရင်း

- **Radhika Mittal** is a media sociologist and public discourse analyst in TERI (The Energy and Resources Institute) University, 10 Institutional Area, Vasant Kunj, New Delhi, Delhi 110070, India. (dr.radhikamittal@gmail.com).
- **Sugath Senarath** is a senior lecturer in Mass Media attached to the department of Mass Media, Sri Palee Campus, University of Colombo, Sri Lanka. He also worked as a lecturer in Mass Communication at the department of Mass Communication, University of Kelaniya, Sri Lanka. He received a PhD from the School of Journalism and Communication, Wuhan University, P.R. China. (sugathsenarath@hotmail.com).
- **Philippe Viallon** is Professeur des universités, Responsable de la chaire Unesco 'Pratiques journalistiques et médiatiques', Chef du Département Information-communication, Universite de Strasbourg, IUT Robert Schuman, EA 2310 LISEC. (viallon@unistra.fr).
- **Julie Posetti** is a journalism lecturer and researcher in the School of The Arts, English and Media at the University of Wollongong, Australia. She is also Research Fellow at the World Editors Forum/World Association of News-papers and News Publishers (WAN-IFRA). (julie.posetti@wan-ifra.org).
- **Estela Margarita Torres Almanza** is Profesora-Investigadora de Tiempo Completo, Universidad Iberoamericana, Mexico. She is also a co-founder of Periodistas de a Pie, a network of journalists based in Mexico City, dedicated to the training of journalists with a human rights perspective. Her work is focused on ethics and journalism, digital journalism and investigative journalism and the right to information. Her approach implies a connection between journalism, academia and civic society, and the combination of access to public information, technology and quality journalism. (estela. torres @ibero. mx).163
- **Guerrero Martínez Manuel Alejandro** is the dean of the Department of Communication at the Universidad Iberoamericana in Mexico City. He is also a member of the National System of Researchers and the Executive Committee of UNESCO Chairs in Communication. In addition, he is Academic Coordinator of the Professional Electoral Service at the National Electoral Institute in Mexico. He holds a Ph.D. in Political and Social Science from the European University Institute in Florence, Italy, and an M.Phil. in Latin American

Studies from the University of Cambridge. His research has been focused on the role that the media plays in new democracies, especially on governmental trans-parency and political accountability, and on the effects of the media on political attitudes. (alejandro.guerrero@ibero.mx).

- **Lida Tsene** is a teaching associate (MA Communication and New Journalism), Open University of Cyprus, Greece. (ltsene@gmail.com).
- **Marcus O'Donnell** is a senior scholar (Curriculum Transformation, Learning, Teaching & Curriculum Unit). He is also a senior lecturer in journalism in the Faculty of Law, Humanities and the Arts, University of Wollongong, Australia. (marcuso@uow.edu.au).
- **Laura Camden** is an associate professor of photojournalism, School of Com munication Arizona University, USA. (laura.camden@nau.edu).

## သင်ရိုးစာအုပ်ကိုသုံးသပ်သူများစာရင်း

- **Teke Jacob Ngomba,** Assistant Professor, Aarhus University, Department of Aesthetics and Communication, Denmark. (imvjnt@dac.au.dk)
- **Emily-May Brown,** Head of Communication Department, Polytechnic University of Namibia, Windhoek, Namibia. (ebrown@polytechnic.edu.na).
- **Rosental Calmon Alves,** Knight Chair in Journalism & UNESCO Chair in Communication; Director, Knight Center for Journalism in the Americas, University of Texas at Austin, Moody College of Communication (School of Journalism) (rosental.alves@austin.utexas.edu).
- **Jeff Kelly Lowenstein,** Fulbright Scholar and Lecturer, Columbia College Chicago. (jkellylowenstein@gmail.com).
- **Ibrahima Sarr,** Directeur, Centre d'Etudes des Sciences et des Techniques de l'Information (CESTI), Université Cheikh Anta Diop, Senegal. (ibrahima. sarr@ ucad.edu.sn).
- **Shelton Gunaratne,** Emeritus Professor, School of Journalism and Communication, Minnesota State University Moorhead. (gunarat@cableone. net).
- **Jan Servaes,** Professor, Department of Media and Communication, City University of Hong Kong. (jservaes@cityu.edu.hk).

## ယူနက်စကို (UNESCO) ဝန်ထမ်းစာရင်း

- Fackson Banda, Programme Specialist, Division of Freedom of Expression and Media Development (FEM) (f.banda@unesco.org)

ဤစာအုပ်သည် ဒီမိုကရေစီနှင့် တိုးတက်ရေးလုပ်ငန်းစဉ်တွင် သတင်းအတတ်ပညာသည် မည်သို့ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပတ်သက်နိုင်ကြောင်း ယူနက်စကို၏ စဉ်ဆက်မပြတ် ရှင်းလင်းတင်ပြချက်များကို ဖော်ညွှန်းပြသထားသည်။ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပန်းတိုင်များ (MDGs)အား ပြန်လည်ညှိနှိုင်းဆွေးနွေးကာ ရေရှည်ဖွံ့ဖြိုးတိုးတက်သောပန်းတိုင်များ (SDGs) အဖြစ် ခေါ်ဆိုမည်ဖြစ်သည်။ ရေရှည်သင်ကြားရေးမဟာဗျူဟာသည် လွတ်လပ်သော၊ အများပိုင်၍ အမှီအခိုကင်းသော သတင်းမီဒီယာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ အချုပ်အနှောင်ကင်းစွာ အပြန်အလှန်ချိတ်ဆက်ပေးရေးအတွက် တိုက်တွန်းနှိုးဆော်ပေးသည်။

အထက်ဖော်ပြပါ နောက်ခံအခြေအနေများနှင့်ကွဲလွဲစွာ ဤစာအုပ်တွင် ပါဝင်သောသင်ရိုးများ အားလုံးသည် ယူနက်စကို၏ လူသားများဖွံ့ဖြိုးတိုးတက်ရေးဟူသောအဓိကအချက်ကို အားပေးထောက်ခံသည်။ ကမ္ဘာလုံးဆိုင်ရာသတင်းအတတ်ပညာ ပညာရေးနှင့်စပ်လျဉ်း၍ အလေ့အကျင့်ကောင်းများနှင့်အစီအစဉ်ချမှတ်ရေးတို့အား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ယူနက်စကို၏ထူးခြားသောစည်းမျဉ်းအဖြစ် သတ်မှတ်ထားသည့် အခန်းကဏ္ဍကိုလည်း ဖော်ပြနေသည်။ အဆိုပါ အခြေအနေနှင့်လျော်ညီစွာ ဤစာအုပ်သည် သတင်းအတတ်ပညာရပ်အား တုံ့ပြန်နိုင်သော၊ အင်တိုက်အားတိုက် တက်တက်ကြွကြွရှိသော အလေ့အကျင့်အဖြစ် သီအိုရီအရ ပိုမိုနားလည်နိုင်မည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့သည့်သင်ရိုးနမူနာထက် ပိုမိုကျော်လွန်၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဤစာအုပ်တွင် သတင်းအတတ်ပညာဘာသာရပ် အထူးကျွမ်းကျင်သူပညာရှင်တို့က ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အတွေးအခေါ်အယူအဆများကို သတင်းအတတ်ပညာသင်ကြားရေးတွင် ထည့်သွင်းသင်ကြားသင့်ကြောင်း တောင်းဆိုလာကြခြင်းဖြစ်သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO)
ဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍ
7, place de Fontenoy
F-75352 Paris 07 SP, France
ပိုမိုသိရှိလိုပါက Fackson Banda (f.banda@unesco.org) သို့ဆက်သွယ်ပါ။

9 789231 001185